
ရက္ခပဏ္ဍိုင်
အမှတ်(၁)
ဦးဘစံ

ဦးဘစံ

ဦးဘစံ

# ရက္ခမဏ္ဍိုင်ဆောင်းပါးများ

# အမှတ်(၁)

ရခိုင်သားကြီးစာပေ

# ထုတ်ဝေမှု မှတ်တမ်း


| | | |
|---|---|---|
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၆၂/၉၅ (၈) |
| စာမူခွင့်ပြုချက် အမှတ် | - | ၃၆၅/၉၅ (၃) |
| စောင်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၇၅ ကျပ် |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | - | ၁၉၉၅-ခု၊ နိုဝင်ဘာလ။ |

## - ပုံနှိပ်သူ -

ဒေါ်ခင်ကြွေ (၀၄၇၈၀)၊ ရတနာမဥ္ဇူ ပုံနှိပ်တိုက်၊
၂၀၇၊ ဝေဇယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊
သယ်န်းကျွန်း။

## - ထုတ်ဝေသူ -

ဦးရဲမြင့် (၀၁၀၄၉)၊ တက်လမ်းစာပေ၊ ၉၆၇၊ ပဒေသာရပ်ကွက်၊
စော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

## - ဖြန့်ချိသူ -

ရခိုင်သားကြီးစာပေ
၅၅ (အေ)၊ ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၉၈၀၇

# ဦးဘစံ (ညေစံ) အတ္ထုပ္ပတ္တိအကျဉ်း

စစ်ကြိုခေတ် ရခိုင်နိုင်ငံရေးခေါင်းဆောင် ရခိုင်ရာဇဝင်နှင့်စာပေသုတေသီ (လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်)ဖြစ်သူ ဦးဘစံသည် စစ်တွေမြို့မှ ကွယ်လွန်သူ စက်ရှင်တရားသူကြီး ဦးသာဇံဦးနှင့် ဒေါ်မပုတို့၏ ဒုတိယသား ဖြစ်သည်။ ၁၉၁၆-ခု၊ ဩဂုတ်လ(၁၅)ရက်နေ့ ဖွားမြင်သည်။ (၁၀)တန်းကို စစ်တွေမြို့ အစိုးရအထက်တန်းကျောင်းမှ ၁၉၃၃-၃၄-ခုနှစ်တွင်အောင်ပြီး၊ ၁၉၃၇-ခုနှစ်တွင် ဝိဇ္ဇာပထမနှစ်ကို ရန်ကုန်တက္ကသိုလ်မှ အောင်မြင်သည်။

ရန်ကုန်မြို့၌ ပညာသင်ကြားနေစဉ် တက္ကသိုလ်ပဲခူးကျောင်းဆောင်၌ အတူနေ ကိုအောင်ဆန်းနှင့်များစွာရင်းနှီးခဲ့သည်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂ၌လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ၌လည်းကောင်း ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။ ၁၉၃၆-ခု ကျောင်းသားသပိတ်တွင် သပိတ်ကောင်စီဝင်တစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး၊ ၁၃၀၀ပြည့် အရေးတော်ပုံ(၁၉၃၉)ခုတွင် ကျောင်းသားသပိတ်ကြီး၏ ခေါင်းဆောင်များအနက် တစ်ဦး အပါအဝင် ဖြစ်သည်။ တက္ကသိုလ်ကျောင်းသားခေါင်းဆောင်ဖြစ်နေစဉ် ရခိုင်ပြည်နယ် အရပ်ရပ်တွင် ကျောင်းသားသမဂ္ဂများကို စတင်ဖွဲ့စည်းပေးခဲ့သည်။ တစ်ပြိုင်တည်းတွင် ရခိုင်လူငယ်များနိုးကြားရေး အစည်းအရုံးဖြစ်မြောက်အောင်လည်း လှုံ့ဆော်ပေးခဲ့သည်။ လူငယ်များ၏ နိုးကြားရေးအစည်းအရုံးနှင့် လူကြီးများ၏ ရခိုင်တိုင်းရင်းသားအစည်းအရုံးတို့

ပူးပေါင်းပြီး 'ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး'ကို ဖွဲ့စည်းကြသောအခါ ဦးဘစံမှာ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁-ခုနှစ်တွင် ဗြိတိသျှဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးကို ဆောင်ရွက်ခဲ့သည်။ ဂျပန်ခေတ် ဒေါက်တာဘမော်အစိုးရလက်ထက်တွင် စစ်တွေခရိုင် ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် လျှို့ဝှက်ရောက်ရှိလာသော သိန်းဖေမြင့်(တက်ဘုန်းကြီး-သိန်းဖေ)၊ သခင်တင်မြ၊ ကိုတင်ရွှေတို့နှင့် လျှို့ဝှက်စွာတွေ့ဆုံပြီး ကူညီခဲ့သည်။ ဂျပန်တော်လှန်ရေးပြီးသောအခါ နိုင်ငံရေးနယ်ပယ်မှထွက်ပြီး အစိုးရဝန်ထမ်းအဖြစ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတွင်လုပ်ကိုင်ခဲ့သည်။ ထိုစဉ် ဝိဇ္ဇာအထက်တန်းကို ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၉၅၁-ခုနှစ်တွင် ဘွဲ့ရခဲ့သည်။ ပထမနှစ် ဥပဒေတန်းကိုလည်း ပြီးဆုံးအောင်သင်ယူခဲ့သည်။

၁၉၅၂-ခုနှစ်တွင် ရာထူးဝန်အဖွဲ့မှတဆင့် အလုပ်သမားအရာရှိအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသည်။ ၁၉၅၂-ခုနှစ်တွင် စစ်တွေမြို့ အလုပ်သမားအရာရှိအဖြစ် ပြောင်းရွှေ့ခြင်းခံရသည်။ ၁၉၅၈-တွင် ရန်ကုန်မြို့ အလုပ်သမားဆက်သွယ်ရေးရုံးသို့ ဒုတိယအုပ်ချုပ်ရေးမှူးအဖြစ်ဖြင့် ပြောင်းရွှေ့ခဲ့သည်။ ၎င်းတာဝန်ကို ထမ်းဆောင်နေစဉ် အလုပ်အကိုင်ရှာဖွေရန် ရန်ကုန်သို့ရောက်ရှိလာသော ရခိုင်အမျိုးသားတို့အား စေတနာအပြည့်ဖြင့် ထိရောက်စွာကူညီခဲ့သည်။ ထိုနောက် အဆင့်ဆင့် ရာထူးတိုးပြီး ရခိုင်ပြည်နယ်အလုပ်သမားဦးစီးဌာနမှူးအဖြစ် စစ်တွေမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၇၅-တွင် အသက်(၆၀)ပြည့်၍ အငြိမ်းစားယူခဲ့သည်။

ဦးဘစံသည် စာပေဝါသနာအလျှောက် အထက်တန်းကျောင်းသားဘဝကပင် စာပေလိုက်စားခြင်း၊ ရခိုင်ရာဇဝင်၊ ကဗျာလင်္ကာများကို စုဆောင်းသုတေသနပြုခြင်း၊ ဆောင်းပါးများ ရေးသားဖော်ထုတ်ခြင်းများကို ပြုခဲ့သည်။ တက္ကသိုလ်ကျောင်းသား ဘဝ၌ အိုးဝေမဂ္ဂဇင်း အင်္ဂလိပ်စာကဏ္ဍ၏ အယ်ဒီတာ၊ စစ်တွေမြို့ထုတ် ရခိုင်ပြည်သတင်းစာနှင့် တခြား စာစောင်များ၏ ဆောင်းပါးရှင်၊ လွတ်လပ်ရေးခေတ်၌ ရန်ကုန် တက္ကသိုလ် ရခိုင်ကျောင်းသူ၊ ကျောင်းသားများထုတ်ဝေသော ရခိုင်တန်ဆောင် မဂ္ဂဇင်း၏ ပင်တိုင်ဆောင်းပါးရှင်နှင့် အတိုင်ပင်ခံစာတည်းစသည်ဖြင့် စာပေတာဝန်များကို ထမ်းခဲ့သည်။ စာရေးသောအခါ မညစ်ကလောင်အမည်အပြင် စစ်တွေမောင် အမည်ခွဲဖြင့်လည်း ရေးခဲ့သည်။ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာလုံး ကျွမ်းကျင်စွာရေးနိုင်သည်။

# ဦးဘစံ

ဦးဘစံသည် စာပေတာဝန်အပြင် ရခိုင်ဂီတနှင့် တူရိယာဖော်ထုတ်ရေး၊ ဟောပြော အသံလွှင့်ရေးတာဝန်ကိုလည်း သုတေသီ ဦးစံထွန်းနှ၊ ရခိုင်မြန်မာပဏ္ဍိတ်ဦးဦးသာထွန်း (ကွယ်လွန်)၊ ဦးအောင်သိန်း (ကွယ်လွန်)တို့နှင့် လက်တွဲပြီး မြန်မာ့အသံ (ရခိုင်အစီအစဉ်)မှ ထုတ်လွှင့်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့၌ ရခိုင်ရာဇဝင်နှင့် စာပေလေ့လာ ဖော်ထုတ်ရေးအသင်း၌ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး ဦးစံထွန်းနှ၏ ရခိုင်ကျေးလက် ကဗျာများကို ပုံနှိပ်ထုတ်ဝေပေးခဲ့သည်။ ဆရာကြီး ဦးအောင်သာဦးရေးသား ထုတ်ဝေခဲ့သော "ရခိုင်ယဉ်ကျေးမှု ဝေသာလီခေတ်စာစောင်"သည် ဦးဘစံ၏ စေတနာထက်သန်စွာ ကူညီမှုကြောင့် အောင်မြင်စွာ ထွက်ပေါ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်း စာစောင်၌ "ရခိုင်ဂီတနှင့် တေးသံကဏ္ဍ"သည် ဦးဘစံ၏ လက်ရာဖြစ်သည်။

ညီဖြစ်သူ အထက်တန်းပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစံသာအောင် (ကွယ်လွန်)က ရခိုင်ရှေးဟောင်းအမွေအနှစ်များကို သုတေသနပြု ဖော်ထုတ်သောအခါ ဦးဘစံသည် မိမိ၏တစ်သက်တာ သုတေသနပြု စုဆောင်းချက်များကို လွှဲအပ်ကူညီခဲ့သည်။

ဦးဘစံကား ရခိုင်ပြည်၊ ရခိုင်လူထုအတွက် လည်းကောင်း၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်အတွက်လည်းကောင်း တာဝန်ကျေပွန်စွာအကျိုးဆောင်ခဲ့သူ နိုင်ငံရေး ခေါင်းဆောင် သုတေသီစာရေးဆရာတစ်ဦး ဖြစ်ပေသည်။

ဦးဘစံသည် ၁၉၉၂-ခု ဩဂုတ်လ (၉)ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းနေအိမ်၌ ကွယ်လွန်သည်။ ဦးဘစံကွယ်လွန်သောအခါ ဇနီးဒေါ်လှမေနှင့် သားဦးမြတ်စံ၊ ဦးအောင်စံတို့ ကျန်ရစ်ခဲ့သည်။

# မာတိကာ


| | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | စိစဉ်ထုတ်ဝေသူ၏အမှာ | ရခိုင် လှမြင့် | ၁ |
| ၁။ | ဦးဘစံ သို့မဟုတ် အပေါင်းအသင်းကောင်းတစ်ဦး | အသျှင်စက္ကိန္ဒ | ၃ |
| ၂။ | ဝေသာလီမှ ဆင်းသက်လာသည့် ဗုဒ္ဓပူဇနိယတေးသံ | ညေစံ | ၁၂ |
| ၃။ | ဝေသာလီခေတ် ရခိုင့်တေးဂီတ<br>(၁၉၆၆-ခု၊ ရခိုင်ယဉ်ကျေးမှု ဝေသာလီခေတ် အမှတ်-၁) | ညေစံ | ၁၄ |
| ၄။ | ရခိုင်ပြည်မှ ရတနာများ<br>(၁၉၅၉-ခု၊ မတ်လထုတ် ရွှေဝမဂ္ဂဇင်း) | ညေစံ | ၂၀ |
| ၅။ | ရခိုင်ရာဇဝင် (၄၈)စောင်<br>(ရခိုင်မဂ္ဂဇင်း၊ အမှတ်-၁၂) | ညေစံ | ၂၈ |
| ၆။ | ရခိုင်စာပေ<br>(ရခိုင့်တန်ဆောင်၊ အတွဲ-၁၊ အမှတ်-၁) | ညေစံ | ၃၂ |
| ၇။ | ရခိုင်ဂီတနှင့် တေးသံ (ဟောပြောချက် စာတမ်း) | ညေစံ | ၃၉ |
| ၈။ | မိတ်ဆက်စကား | ညေစံ | ၆၁ |
| ၉။ | မိုးပန်းဝေ<br>(၁၉၅၂-၅၃ခုထုတ်၊ ညေဝတီမဂ္ဂဇင်း) | ညေစံ | ၆၃ |
| ၁၀။ | ဗျည်း(၃၃)လုံး ရခိုင်လေ့တော်သံ<br>(ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ အတွဲ-၁၊ အမှတ်-၁) | ညေစံ | ၇၀ |

# စီစဉ်ထုတ်ဝေသူ၏ အမှာစာ

ကျွန်တော်သည် အသျှင်စက္ကိန္ဒ၏ ရခိုင်ယဉ်ကျေးမှု အမှတ်(၂)ကို စတင်ထုတ်ဝေပြီးသောအခါ ဆရာကြီး ဦးဦးသာထွန်းရေးသားခဲ့သော ဆောင်းပါးများကို စုစည်းကာ ထုတ်ဝေလိုသောဆန္ဒ ရှိလာခဲ့ပါသည်။ ၎င်းဆန္ဒကို ကျွန်တော်၏ ဆရာ ဦးဗသိန်းအား ပြောပြသောအခါ အလွန်သင့်တော်ကြောင်း ပြောပါသည်။ ထို့ပြင် တခြားသော ရဟန်းပညာရှိ လူပညာရှိတို့၏ စာပေ ဆောင်းပါးများကိုလည်း ထုတ်ဝေသင့်ကြောင်း အကျိုးအကြောင်းများဖြင့် ရှင်းပြပါသည်။ ဆရာ၏ ပြောပြချက်များကို ကျွန်တော် အလွန်စိတ်ဝင်စားသောကြောင့် ဆရာ့အနေဖြင့် စုစည်းပေးပါက ကြိုးစား၍ ထုတ်ဝေပါမည်ဟု ကတိပြုခဲ့ပါသည်။

ဆရာသည် ဆရာကြီးဦးဦးသာထွန်း၊ ဦးဘစံ၊ ဦးအောင်သာဦး၊ ဦးစံသာအောင်၊ ဦးကျော်ရင်၊ ဦးမောင်စံဖော်၊ ဦးမြထွန်းအောင်၊ ဦးစံကျော်ထွန်းတို့၏ စာပေများကို အခက်အခဲများကြားမှ ရှာဖွေစုဆောင်းပေးခဲ့ပါသည်။ ယင်းသို့ စုဆောင်းရာ၌ ဆရာတော် အသျှင်စက္ကိန္ဒ၏ ကြိုးစားကူညီမှုကြောင့် ထင်သလောက် ခက်ခဲမှုမရှိဟု ဆရာကပြောပါသည်။

ဆရာကြီး ဦးဦးသာထွန်း၏ ဆောင်းပါးများကို ရခိုင့်တန်ဆောင်ဆောင်းပါးများဟု အမည်ပေးကာ ထုတ်ဝေခဲ့ပါသည်။ ထိုအခါ စာဖတ်ပရိတ်သတ်များထံမှ အားပေးမှုများစွာ ရရှိသည့်အပြင် အကြံပေးစာ၊ ဝေဖန်စာများလည်း အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာပါသည်။ ထိုအကြံပေးစာများမှာ ဆရာကြီး ဦးဦးသာထွန်း၏ စာပေများအပြင် ဆရာကြီး

| | | | |
|---|---|---|---|
| ၁၁။ | ရခိုင်ပြည်မှ ရှန်းလိုက်ရတုများ<br>(ရခိုင့်တန်ဆောင်မဂ္ဂဇင်း၊ ၁၉၅၇-၅၈) | ဧညစံ | ၇၄ |
| ၁၂။ | သကြဲန်လ ရခိုင်အမျိုးသားတို့၏ လှိုပြိုင်ပွဲသဘင်<br>(ရခိုင်ညွန့်ဖူး၊ ၁၉၆၈) | ဧညစံ | ၈၁ |
| ၁၃။ | ဆရာထွန်း၏ ရခိုင်သာခြင်းဆန်းများ<br>(ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ၁၉၅၉/၆၀) | ဧညစံ | ၈၈ |
| ၁၄။ | ရှေးခေတ် ရခိုင်ပြည် စီးပွားရေးရာ | ဦးဘစံ | ၉၆ |
| ၁၅။ | ကစ္စပနဒီ<br>(ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ၁၉၆၀-၆၁) | ဧညစံ | ၁၁၁ |
| ၁၆။ | မောင်းဆွဲစခန်း<br>(ရခိုင်မဂ္ဂဇင်း၊ အမှတ်-၁၀) | ဦးဘစံ | ၁၂၂ |
| ၁၇။ | ရခိုင်ပြည်(နယ်) တော်လှန်ရေး<br>(အမျိုးသား သတင်းစာ ၁၆-ကြိမ်မြောက်၊<br>၁၉၆၀-မတ်လ၊ ၂၇) | ဧညစံ | ၁၂၆ |
| ၁၈။ | နွယ်ချိုဖိုးခေါင် ရိုးမတောင်<br>(၁၉၅၈-၅၉ ခု ရခိုင့်တန်ဆောင်မဂ္ဂဇင်း၊<br>အတွဲ-၁၊ အမှတ်-၇) | ဧညစံ | ၁၃၀ |
| ၁၉။ | မြို့ဟောင်းခေတ် စီးပွားရေးရာ<br>(ရခိုင့်တန်ဆောင်မဂ္ဂဇင်း၊ အတွဲ-၁၊ အမှတ်၁) | ဦးဘစံ | ၁၃၅ |
| ၂၀။ | ရခိုင်တူရိယာနှင့် ရခိုင်အသံ<br>(၁၉၆၁/၆၂၊ နှစ်လည်မဂ္ဂဇင်း၊<br>ရခိုင်တန်ဆောင် အမှတ်-၁၀ ) | ဧညစံ | ၁၄၀ |
| ၂၁။ | ကျောင်းသားလူငယ်ဘဝ အောင်ဆန်း | ဦးဘစံ | ၁၄၈ |
| ၂၂။ | ရခိုင်မျိုးချစ်များ တော်လှန်ခဲ့စဉ်က | ဧညစံ | ၁၅၅ |

ဦးစံသာအောင်၊ ဦးကျော်ရင်၊ ဦးအောင်သာဦး အစရှိသော ပညာရှိတို့၏ စာပေများကို ကြိုးစားထုတ်ဝေပေးပါဟု ပါရှိပါသည်။ ၎င်းစာများသည် ကျွန်တော်တို့၏ဆန္ဒသဘောထား များနှင့် ထပ်တူဖြစ်၍ ဝမ်းသာအားရ ဖြစ်ခဲ့ရပါသည်။

ကျွန်တော်သည် စာအုပ်များကို ထုတ်ဝေရာတွင် စာရေးသူထံမှလည်းကောင်း၊ စာရေးသူ၏ဇနီး၊ သားသမီးများထံမှလည်းကောင်း ခွင့်ပြုချက်ရပြီးမှ ထုတ်ဝေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဆရာကြီး ဦးဦးသာထွန်း၊ ဦးမြထွန်းအောင်၊ ဦးဘစံ၊ ဦးကျော်ရင်၊ ဦးအောင်သာဦး၊ ဦးမောင်စံဖော်၊ ဦးစံကျော်ထွန်းတို့၏ စာအုပ်များကို ထုတ်ဝေရန် သက်ဆိုင်သူတို့ထံမှ ခွင့်ပြုချက်များ တောင်းခံခဲ့ပါသည်။

ဆရာကြီး ဦးအောင်သာဦး၏ စာအုပ်များကို သားဖြစ်သူ ဆရာဦးမောင်မောင်သိန်းမှ သူကိုယ်တိုင် ထုတ်ဝေရန် စီစဉ်ထားကြောင်း ပြောပြသဖြင့် ဝမ်းသာအားရ ဖြစ်ခဲ့ရပါသည်။ ဆရာကြီး ဦးစံသာအောင်၏သားဖြစ်သူ ဆရာဒေါက်တာစောထွန်းအောင်ကလည်း ဆရာကြီး အနေဖြင့် ဆောင်းပါးများကို အလွတ်သဘော ရေးသားခြင်း မရှိပါ။ တချို့သော ဆောင်းပါး များသည် ပုံနှိပ်ထုတ်ဝေပြီးသော စာအုပ်များတွင် ပါရှိပြီးဖြစ်သည်။ သို့သော်လည်း စုဆောင်း ကြည့်ပါဦးမည်ဟု ပြောပါသည်။

ကျွန်တော့်အနေဖြင့် ရခိုင်ဆိုင်ရာ စာအုပ် စာပေများကိုကြိုးစား၍ ထုတ်ဝေခြင်းသာ ဖြစ်ပါသည်။ ဆရာကြီး ဦးဘစံကို ကျွန်တော် မတွေ့ဖူး၊ မမြင်ဖူးလိုက်ပါ။ ရခိုင်တန်ဆောင် မဂ္ဂဇင်းနှင့် ရခိုင်မဂ္ဂဇင်းတွင် ဆရာ၏ဆောင်းပါးများကို နှစ်သက်စွာ ဖတ်ခဲ့ရပြီး ဆရာကြီး အား အပြောနှင့် အမျိုးချစ်သူမဟုတ်၊ အလုပ်ဖြင့် သက်သေပြခဲ့သူအဖြစ် လေးစားသူတစ်ဦး ဖြစ်ပါသည်။ စုဆောင်းမိသမျှ ဆရာ့ဆောင်းပါးများကို ရက္ခမဏ္ဍိုင်ဟု အမည်ပေးထား ပါသည်။ ရခိုင်တို့၏ အခြေခံဆောင်းပါးများဟု ကျွန်တော်ဆိုလိုခြင်း ဖြစ်ပါသည်။

ယခုအခါ ဆရာကြီး၏ ဆောင်းပါးများကို ကျွန်တော်ကိုယ်တိုင် စုစည်းထုတ်ဝေခွင့်ရ သောကြောင့် ဆုတောင်းပြည့်သူ တစ်ဦးအလား ဝမ်းသာကြည်နူးရပါသည်။ စာဖတ်ပရိတ် သတ်များလည်း ဤစာအုပ်ကို နှစ်သက်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။

(ရခိုင် လှမြင့်)

၉ - ၁၁ - ၉၅

# ဦးဘစံ (သို့မဟုတ်)
# အပေါင်းအသင်းကောင်းတစ်ဦး

## (၁)

ဦးဘစံ (ခေညစံ)နှင့် ငါသည်နယ်မြေချင်းမစပ်သော်လည်း လူမျိုးချင်း၊ နိုင်ငံသားချင်းတော့ ဖြစ်ကြသည်။ သို့သော် သူကမြို့ကြီးဖွား၊ ရာထူးဂုဏ်သိန်ကြီးသားဖြစ်၍ ငါနှင့်ဘဝချင်းတော့ ကွာပေလိမ့်မည်။ ငါကဆိုလျှင် ကျွန်းသား၊ လယ်သမားမျိုးနွယ်ဖြစ်ကား အမှန်တည်း။

ဦးဘစံသည် ရခိုင်မျိုးချစ်တစ်ဦး ဖြစ်သည်။ ဗမာ့တော်လှန်ရေး ရဲဘော်တစ်ဦးတည်း။ နယ်ချဲ့ကို တော်လှန်တိုက်ခိုက်လာသူ တကား။ တက္ကသိုလ်ကျောင်းသားဘဝကပင် အမျိုးသားရေး၊ နိုင်ငံရေးတို့၌ ပါဝင်ခဲ့ရာကား လူငယ်ခေါင်းဆောင်ဘဝကျောင်း သားသမဂ္ဂဝင်အဖြစ်မှ နိုင်ငံအကျိုးကို ဆောင်ရွက်ခဲ့လေ၏။

ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ်ကာလ ၁၉၃၆-ခုနှစ်က ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်ဖြစ်ပေါ်လာသောအခါ ကျောင်းသားသမဂ္ဂဝင်တစ်ဦးအနေဖြင့် သပိတ်တိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့လေ၏။ ရခိုင်ဒေသတွင်လည်း ရခိုင်ပြည်လုံးဆိုင်ရာလူငယ်များနိုးကြားရေး အစည်းအရုံးကို ၁၉၃၆-ခုနှစ်၊ မတ်လ(၂၉)ရက်နေ့က တည်ထောင်ခဲ့ကြရာ၌ အမှုဆောင်အဖြစ် ပါဝင်ခဲ့သည်။ မန္တလေးတွင်ကျင်းပသော ကျောင်းသား သမဂ္ဂညီလာခံသို့ စစ်တွေမှ ကျောင်းသားကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရာတွင် ဦးဘစံပါဝင်ခဲ့လေ၏။

၎င်းသည် ကိုအောင်ကျော် ကျဆုံးခံခဲ့ရသော ၁၉၃၉-ခုနှစ် ကျောင်းသားသပိတ် လက်နက်ကျင့်သုံးခဲ့စဉ်ကလည်း ပါဝင်ခဲ့လေ၏။ ထိုစဉ်က အတွင်းဝန်ရုံးကို ဝိုင်းရာ ဦးဘစံမှာ ဒဏ်ရာရရှိခဲ့ဖူးလေ၏။ ကျောင်းသားဘဝကပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် လက်တွဲလုပ်ဆောင်ခဲ့ရသူလည်း ဖြစ်ချေ၏။ ထို့ကြောင့် တက္ကသိုလ်သပိတ်ကြီးကို ဦးဆောင်သော သပိတ်ကောင်စီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ရခြင်းဖြစ်သည်က ထင်ရှား၏။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအမှုဆောင်အဖြစ် ဆောင်ရွက်လာခဲ့သည်။ သပိတ်ကောင်စီမှတာဝန်ပေးချက်အရ ဦးဘစံသည် စစ်တွေသို့သွား၍ ကျောင်းသားသမဂ္ဂကို ဖွဲ့စည်းပေးခဲ့ကြရချေ၏။ အောင်ဆန်းနှင့် ရင်းနှီးသူဖြစ်သောကြောင့်လည်း ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်တွင်ရှိနေခဲ့သော အောင်ဆန်းကခေါ်ယူ ဆွေးနွေးခြင်းများ ပြုလေ့ရှိတတ်၏။ ဦးဘစံအား ၁၉၃၉-ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်နေ့က နိုင်ငံရေးကိစ္စနှင့် ဆွေးနွေးရန်ဖိတ်ခေါ်သော အောင်ဆန်း၏ပေးစာမှာ အထင်ကရ သက်သေခံရှိနေသေး၏။

ဦးဘစံသည် ရခိုင်တိုင်းရင်းသားအစည်းရုံးတွင် ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည့်အတိုင်း နယ်ချဲ့တိုက်ဖျက်ရေးတွင် ပြည်မနှင့်ပူးပေါင်းလျက် ဆောင်ရွက်လာခဲ့လေ၏။ ထို့ကြောင့် မင်းပြားညီလာခံ၊ ပေါက်တောညီလာခံ၊ ကျောက်တော်ညီလာခံများကို ထိုအစည်းအရုံးက ဦးစီးကျင်းပနိုင်ခဲ့ခြင်းဖြစ်၏။ ပြည်မက သခင်မြ၊ ပါလီမန်အမတ် ဦးဘဝင်း၊ ဒေါ်မြစိန်တို့ တက်ရောက်ခဲ့ကြလေသည်။

ထိုနောက် ညီလာခံတွင် အဖမ်းခံကြရသဖြင့် သတိုးလှတို့နှင့်အပေါင်းပါများ တစ်ယောက်ပြီးတစ်ယောက် အဖမ်းခံကြရသဖြင့် အိန္ဒိယထောင်သို့ အပို့ခံကြရ၏။ ကျန်ရစ်သော ဦးဘစံတို့သည်နောင်တွင် ၁၉၄၂-ခုနှစ်၊ ဧပြီလ ချီလာသောမင်းပြားရောက် ဘီအိုင်အေတပ်တွင်ပါဝင်ကာ လှုပ်ရှားခဲ့ကြလေသည်။ ထို့နောက် ရခိုင်ပြောက်ကျား တပ်တွင်ပါဝင်လျက် ဂျပန်တော်လှန်ရေးကို လျှို့ဝှက်လုပ်ခဲ့ကြလေ၏။ မဟာမိတ်တပ်များ ဝင်ရောက်လာစဉ်ကလည်း ပူးပေါင်းဆောင်ရွက်ခဲ့လေသည်။

ရခိုင်တော်လှန်ရေးခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့ကာ ရန်ကုန်သို့အကြိမ်ကြိမ် ဆက်သွယ်သွားရောက်ခဲ့ရလေသည်၊ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းအတွက် အောင်ဆန်းတို့ နှင့် ဆွေးနွေးခဲ့ကြလေသေးသည်။ အိန္ဒိယသို့ လျှို့ဝှက်သွားရောက်ခဲ့ကြသော ဦးညိုထွန်း၊ သခင်တင်ရွှေတို့ ပြန်ရောက်လာကြစဉ် ထိုကသခင်ထွန်းစိန်၊ သခင်ဖိုးလှတို့ လိုက်ပါလာခဲ့ကြလေသည်၊ ဦးဘစံနှင့် ဦးညိုထွန်းတို့သည် မြောက်ဦးမြို့ မောင်းဆွဲစခန်းတွင် လျှို့ဝှက်ဆွေးနွေးခဲ့ကြလေသည်။

မျိုးချစ်လူငယ်များအား ညိုထွန်းတို့က အိန္ဒိယသို့ တစ်သုတ်ပြီးတစ်သုတ်ခေါ်သွားကြလေသည်။ ၎င်းတို့ကို စစ်ပညာသင်ပေးပြီး လေထီးဖြင့်ချပို့ပေးကာ ရခိုင်မျိုးချစ်တို့နှင့် ပူးပေါင်းလေသည်။ ထို့ကြောင့် ၁၉၄၄-ခု ဒီဇင်ဘာလကုန်လောက်ကပင် ကျောက်တော်မြို့နယ်၊ ဇန်နဝါရီလတွင် မြောက်ဦးမြို့နယ်တို့၌ ဂျပန်တပ်ကို တိုက်ခိုက်နိုင်လာခဲ့လေသည်။ ထိုစဉ် စက်သွားရွာစခန်းတွင်ရှိနေသော ဦးဘစံတပ်နှင့်ပူးပေါင်းပြီးလျှင် ထိုစခန်းရှိ ဂျပန်များကို သုတ်သင်နိုင်ခဲ့လေသည်။

မဟာမိတ်တပ်ကလည်း ၁၉၄၅-ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်နေ့၌ စစ်တွေမြို့ကို သိမ်းပိုက်ခဲ့လေသည်။ မြန်မာပြည်ကို အင်္ဂလိပ်ပြန်လည် အုပ်ချုပ်ပြီးနောက် ၁၉၄၈-ခုနှစ်တွင် လွတ်လပ်ရေးပေးအပ်ခဲ့လေသည်။ ထိုသောအခါ တော်လှန်ရေးသမားတို့သည် အနားယူကြ၊ ရာထူးယူကြ၊ အမှုထမ်းအရာထမ်း ဆောင်ရွက်ကြဖြင့် တိုင်းပြည်ဝန်ကို ဆက်ခံခဲ့ကြသည်သာတည်း။ ဖဆပလအစိုးရ အုပ်ချုပ်စဉ်က ဦးဘစံမှာလည်း အိမ်ထောင်ရေးဘက်ကို ပြောင်း၍ လုပ်ကိုင်ခဲ့ရလေ၏။ ထို့ကြောင့် အလုပ်သမားရှာဖွေရေးရုံးတွင် မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့လေ၏။ အလုပ်လက်မဲ့ရခိုင်များမှာ ဦးဘစံကို အားထားခဲ့ရလေသည်။ သူကလည်း တတ်စွမ်းသမျှ ကူညီပေးခဲ့ရ၊ နှစ်သိမ့်ခဲ့ရသည်သာတည်း။

## (၂)

ဖဆပလ လက်ထက်မှ အိမ်စောင့်အစိုးရလက်ထက်၊ တော်လှန်ရေးအစိုးရ တက်စထိ ငါနှင့်စာပေ၊ ယဉ်ကျေးမှု လုပ်ဖော်အဖြစ် လက်တွဲမိခဲ့ကြသည်။ ၁၉၆၃-ခုနှစ်မှစ၍ ဆိုရှယ်လစ်အစိုးရလက်ထက် တစ်လျှောက်ကား လက်တွဲပြုတ်သွားကြရပြန်လေသည်။ တစ်ခါတော့ စာရေး၍ ရခိုင့်အသံ ဟောပြောချက်တစ်ခုကို တောင်းခံဖူးလေသည်။ ရောက်တော့ မရောက်ချင်။ ငါလည်း ဦးပဉ္ဇယ်ဆရာတော်ပျံလွန်၍ ရခိုင်သို့ကြွလာပြီး နောက်တဖန်မပြန်ဖြစ်တော့ပြီ။ ထိုနောက် ၁၉၆၅ခုနှစ် တစ်ကြိမ် မိခင်နှင့် ရန်ကုန် ရောက်ခဲ့ရစဉ်က ၎င်းကို ခဏတွေ့ဆုံနှုတ်ဆက်ခဲ့ဖူး၏။ ထိုစဉ်က ၎င်းမှာ ငါနှင့်ကာလ ကြာစွာ ဆုံလာခဲ့ရသော ၂၀(ဘီ) ရှမ်းလမ်း၊ စမ်းချောင်းတွင် မဟုတ်တော့ချေ။ ရှမ်းလမ်း မကြီးကို ထွက်၍ လမ်းမကို မျက်နှာမူဆောက်ထားသော အိမ်ကြီးတွင်ရောက်ရှိနေလေပြီဖြစ်၏။

ထို ၁၉၆၃ ခုမှ ၁၉၇၉ ကာလတစ်လျှောက် ရန်ကုန်တွင် ဆောင်ရွက်လေသမျှကိုတော့ အတိအကျ မသိရတော့ပြီ။ သို့သော် ငါနှင့်ရခိုင့်အသံ လုပ်ဆက်လုပ်လက်ရှိခဲ့ကြ၍ ရခိုင့်အသံကိုစွသတင်းပလင်း အခြေအနေကို စုံစမ်းရင်း စနည်းနာရင်းရှိလာခဲ့လေ၏။ သို့သော်

တိုင်းရင်းသားအသံ အစီအစဉ်ဖြင့် အစိုးရကတာဝန်ယူ အသံလွှင့်ဖြစ်သည်ဟူ၍ သိရသော အခါကပင် စိတ်အေးချမ်းသာ နေလာခဲ့လေသည်။ အခါ အားလျော်စွာ ရန်ကုန်မှရခိုင် ယဉ်ကျေးမှုအဖွဲ့၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီတို့၏စာပေ၊ မဂ္ဂဇင်း ထုတ်ဝေမှု၊ ဟောပြောမှု၊ ယဉ်ကျေးမှု ကပွဲကျင်းပခြင်းတို့ကိုတွေ့ရ၍ ဝမ်းသာဖြစ်ခဲ့ရသည်သာ ရှိလေ၏။

ဆိုရှယ်လစ်ခေတ် ၁၉၇၄-ခုနှစ် ကျင်းပခဲ့သော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲတွင် ရခိုင်ပြည်နယ်က ပြည်သူ့ကောင်စီဝင်(၇၃)ဦး ခန့်အပ် ခဲ့လေသည်။ ထိုကောင်စီဝင်အထဲတွင် ဦးဘစံလည်းပါရှိခြင်း ခံလာခဲ့ရလေသည်။ ထိုစဉ် ဦးဘစံမှာ ရခိုင်ပြည်နယ် အလုပ်သမားဦးစီးမှူးအဖြစ် စစ်တွေတွင် ခေတ္တအမှုထမ်းလျက် ရှိနေလေသည်။ ၎င်းရှိနေစဉ် မရည်ရွယ်ဘဲ တစ်နေ့တွင် မောင်တောမြို့နယ်မှ စစ်တွေ အလာ လမ်းမကြီးတွင် ပက်ပင်းဆုံမိကြသည်။ ၁၉၆၃ မှ ၁၉၆၅ တွင် ရန်ကုန်တွင် တစ်ကြိမ်၊ ယခုတစ်ကြိမ်ပါဆိုလျှင် နှစ်ကြိမ်ဆုံကြခြင်းမှာ နောက်ဆုံးတွေ့ဆုံခြင်း အမှတ်လက္ခဏာဆိုက ဆိုလောက်ပေ၏။

ထိုသို့ ဆုံကြစဉ်က ခဏတွေ့ချင်သည်ဟုဆို၍ ကြွခဲ့ရန် ဖိတ်လေသည်။ ၎င်း၏ ဖခင် (စက်ရှင် သာဇံဦးနေအိမ်)နေခဲ့ဖူးရာ အိမ်သို့ညနေတွင်ရောက်ခဲ့လေသည်။ အနည်းငယ် စကားနှုတ်ဆက်ပြောကြပြီး အဆုံးတွင်ဦးစံသာအောင်(၎င်းညီ)၏ မိတ္တူပွားသော ပုရပိုက်မူ ပါဠိဘာသာစာစောင်ကို လက်ဆောင်ပေးလေသည်။ ထိုအခါကပင် ယနေ့ထိ ဆုံခြင်း၊ အကြောင်းစပ်ဆက်သွယ်ခဲ့ခြင်း လုံးဝမရှိတော့ချေပြီ။ ကိုယ့်ဘဝနှင့် ကိုယ်၊ ကိုယ့်ကိစ္စနှင့်ကိုယ် အဖော်သစ် လက်တွဲသစ်ပြုရင်း လျှောက်နေလာခဲ့ကြလေတော့သည်သာဖြစ်၏။

သို့သော် ၁၉၉၅-ခုနှစ်၊ ဇန်နဝါရီလက စစ်တွေရောက်စဉ် ဦးဘစံစာမူများကို ထုတ်ဝေ ရန် စုစည်းနေကြသည်။ စာမူများရှိက လိုချင်သည်။ အမှာလည်း ရေးပေးစေချင်သည်ဟု ဆိုလာသဖြင့် ရှေးဟောင်းနှောင်းဖြစ်ကို အတွေးနယ်ချဲ့လာခဲ့ရတော့၏။

(၃)

ဦးဘစံနှင့်ငါ လက်တွဲလာခဲ့သည်မှာ စာပေ၊ ယဉ်ကျေးမှုကိစ္စကြောင့် ဖြစ်ခဲ့၏။ ၁၉၅၃-ခုနှစ်လောက် ရန်ကုန်ရောက်၍သာ စာပေစိတ်ဝင်စားလာရသည်။ အမျိုးသားစိတ်၊ ဘာသာ၊ သာသနာစိတ်ရှိလာသည်။ ခါချဉ်ကောင်ဘဝသာရှိသေးရာကား ခါးကမသန်သေး ပါ။ သံယာအချင်းချင်း၊ လူနှင့်ပေါင်းသင်းဆက်သွယ်ရင်းမှ ကြီးပွားရေးစာပေများ၊ ရခိုင့်

တန်ဆောင်၊ ဓညဝတီ၊ အရှက်ဦးမဂ္ဂဇင်းဟောင်းတို့ကို ကောက်ယူကြည့်ရှုလာမိသည်။ မာန်အောင်ပီယ၊ စစ်တွေနောင်လတ်၊ ရွှေရ(တောင်ကုတ်)၊ မောင်လှကျော် (မောင်ဝဏ္ဏ) စသော စာရေးဆရာများ၊ စံကျော်ထွန်း၊ စစ်တွေစောနောင်၊ ဦးကျော်ခိုင်၊ ကိုအောင်စိန်သာ စသော တက္ကသိုလ်ကျောင်းသားများနှင့် ဆုံကြ၊ သိကျွမ်းကြရာမှ မဂ္ဂဇင်း၊ ဂျာနယ်လောကသို့ စိတ်ရောက်လာသည်။

အကြောင်းတစ်ခုကဆိုလျှင် ရန်ကုန်ရောက် ရခိုင်သောတုဇနသံဃာတို့က ရခိုင်ယဉ်ကျေးမှုများကို ဖော်ထုတ်လိုချင်ကြသည်။ ထိုကြောင့် လှူပ်ရှားမှုပြုရန်နှိုးဆော်စာ တစ်စောင်နှင့် လုပ်ငန်းစီမံချက်တစ်ခု ရေးဆွဲခဲ့ကြသည်။ ထိုစဉ် ငါလည်းပါ၍ ထိုအစီအစဉ်ကို အကောင်အထည်ဖော်ရန် နည်းလမ်းရှာခဲ့ကြလေသည်။ အစည်းအဝေးခေါ်ခြင်းထက် လူပုဂ္ဂိုလ်ချင်းအလိုက် တွေ့ဆုံတိုက်တွန်းခြင်းကပင် အကြံလည်းရ၊ ဆန္ဒကိုလည်း တင်ပြရာ ရောက်မည်ဟု သဘောရကြသည်။ သို့နှင့် ပါမောက္ခဟောင်း ဦးကျော်ရင် (ထိုစဉ် ကထိက)၊ ဦးဘစံတို့နှင့် တွေ့ဆုံမှုစတင်ခဲ့ရသည်။

တွေ့ဆုံစဉ်က ဦးကျော်ရင်က လုပ်လို့ရမည်လားဟု ဆိုသေးသည်။ ငါတို့က ဆရာတို့ပင် ဦးဆောင်ကြမှ ဖြစ်နိုင်မည်ဟု ပြန်ပြောခဲ့ကြသည်။ ထိုအခါ ကိုယ်တော်တို့လည်း စည်းရုံး၊ တပည့်တော်တို့လည်း စုစည်းကြည့်ကြတာပေါ့ဟု တင်ပြလေသည်။ တက္ကသိုလ်မှာ အစဉ်အလာလုပ်ဆောင်ခဲ့ကြသော ရခိုင်ဆရာ၊ ဆရာမများ၊ အငြိမ်းစား ရခိုင်လူကြီးများ၊ အစိုးရဝန်ထမ်းများနှင့်ပင် လက်တွဲဆောင်ရွက်သွားကြရမည်ဟု အကြံဖြစ်ခဲ့ကြရလေသည်။ နိုင်ငံရေးသမား အတိုက်အခံပါတီဝင်များကို ရှောင်ထားခဲ့ကြလေသည်။ အစိုးရနှင့်တွဲ၍ လုပ်ကြရမည်ဖြစ်၍ လုပ်ငန်းအနှောင့်အယှက်မဖြစ်စေရန် သဘောကြောင့်တည်း။

ရခိုင်သောတုဇနသံဃာများကလည်း ၁၅-၁၁-၅၈ နေ့ အစည်းအဝေးအရ အစိုးရထံ တိုင်းရင်းသားယဉ်ကျေးမှုဖော်ထုတ်ပေးနိုင်ရန် တိုင်းရင်းသားအလိုက် ယဉ်ကျေးမှုဌာနစိတ် ဖွင့်လှစ်ထားပေးသင့်ကြောင်း တောင်းဆိုခဲ့ကြလေသည်။ ထိုစဉ် ယဉ်ကျေးမှု ဌာနစိတ် တစ်ခုသာရှိ၍ နိုင်ပန်းလှကအရာရှိအဖြစ်ဆောင်ရွက်နေလေသည်။ ထိုကြောင့် အစိုးရက ရှေးဟောင်းသုတေသနဌာနနှင့် တွေ့ဆုံခွင့်ပေးခဲ့သည်။ ထိုဌာနကလည်း တစ်ခါ တိုင်းရင်းသား လူမျိုးစုအရာရှိ ဦးမင်းနိုင်နှင့်လွှဲပေးလိုက်သည်။ သံဃာလှုပ်ရှားမှုတွင် ကျွန်ုပ်နှင့် ထွန်းဝင်းလည်း ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ရလေသည်။

မကြာခင် ရခိုင်အမျိုးသားများဘက်က ရခိုင်ရှေးဟောင်း ရာဇဝင်နှင့်စာပေ အသင်း တစ်ခု ရန်ကုန်တွင် မွေးဖွားနိုင်လာခဲ့လေ၏။ ၁၉၅၈-၅၉-ခုနှစ်လောက်က ထိုအသင်း ဖွဲ့စည်းခဲ့မည်ဟု ထင်၏။ ထိုစဉ် မိမိမှာခရီးလွန်နေသည်၊ ၁၉-၁၂-၅၉ နေ့ မြောက်ဦးသို့ လေ့လာရန် ရောက်ရှိနေသည်၊ ဤအသင်းမတိုင်မီ ဆရာဦးအောင်သာဦးက ရာဇဝင်စာပေ အသင်းတစ်ခုကို ၁၉၅၆-ခုနှစ်က ဆော်သြခဲ့ပါသေးသည်၊ ထို့ပြင် ၁၃၁၅-ခုနှစ် ဇန်နဝါရီလတွင် ရခိုင်လူငယ်များစုပေါင်း၍ ရခိုင်ယဉ်ကျေးမှု ပြန်လည်စုဆောင်း ဖော်ထုတ်ရေး(ရ-ယ-ပ-စ)အသင်းကို တည်ထောင်ခဲ့ကြလေသည်၊ လေးဝတီစာစောင် ထုတ်ဝေရန် လည်း ကြိုးစားခဲ့ကြလေသည်၊ သို့သော် ထိုအသင်းအဖွဲ့တို့မှာ မအောင်မြင်ခဲ့ကြချေ။

သကြိန်လွန်၍ ကွန်ုပ်ပြန်ရောက်လာစဉ် ရာဇဝင်နှင့်စာပေအသင်းသည် ရန်ကုန်မြို့ စတော့ကိတ် (ယခု-သိမ်ဖြူလမ်း)လမ်း မင်္ဂလာရာမကျောင်းတိုက်၌ ၂၄-၉-၆၀နေ့ အစည်းအဝေး ကျင်းပခဲ့လေသည်။ ဖိတ်စာတွင် တွဲဖက်အတွင်းရေးမှူး ဦးစံဘော်က လက်မှတ်ရေးထိုးထားသည်၊ ထိုနေ့က ငါ၏ရခိုင်မင်းလက်ထက် အစိုးရအစုအသင်းအဖွဲ့ စာတမ်းကိုပါ ဖတ်ကြားခွင့် ရရှိခဲ့လေသည်၊ ထိုအခါမှစ၍ အသင်း၏နာယက ဖြစ်လာ ခဲ့ရလေသည်။

အသင်းထဲ ရောက်သောခါတွင် ဦးဘစံတို့နှင့် ပုဂ္ဂိုလ်ချင်း ရင်းနှီးလာသည်၊ အသင်း လုပ်ငန်းအတွက် ငါ၏ရခိုင်သဘာဝတေးကဗျာများ (၁၉၆၁)ကို တည်းဖြတ်၍ထုတ်ဝေခဲ့ ကြသည်။ အစည်းအဝေးတွင် မိမိကတင်ချင်သဖြင့် ရခိုင့်အသံလွှင့်ရန် တောင်းဆိုခဲ့ကြရာ ရရှိခဲ့ကြသည်၊ သို့သော် ခွင့်ပြုစာနှင့် မရှေးမနှောင်းမှာပင် အိမ်စောင့်အစိုးရ လက်ထက် ရခိုင်ရေးရာဝန်ကြီးများပေါ်လာသည်၊ တရားရေး၊ ပြန်ကြားရေးဝန်ကြီးများလည်း ရလာသည်၊ အတွင်းရေးအတွင်းဝန် ဦးသန်းဖေ(၄)က ရခိုင်အသံလွှင့်ရန် စီစဉ်ခဲ့လေသဖြင့် အသင်းကရရှိထားသော အချိန်နှင့် ပူးပေါင်း၍ အသံလွှင့်အဖွဲ့တစ်ခု ပြုခဲ့ကြသည်၊ ငါက နာယက၊ ဦးဘစံက အစီအစဉ်မှူး၊ ဦးအောင်သိန်းလည်း အကူအညီပါဝင်ခဲ့လေသည်။

ရခိုင်အသံလွှင့် ဆောင်ရွက်မှုကဏ္ဍတွင် အများဆုံး လက်တွဲလာခဲ့ရ၏။ တော်လှန်ရေး အစိုးရတက်သည်ထိ ကြာခဲ့သည်။ နှစ်ဦးသားပင်လျှင် အလုပ်တူပြုလျက် ဟောပြောချက် စာတမ်း၊ ဇာတ်လမ်းပမာ၊ ရာသီပွဲတော်များ၊ တေးဂီတ၊ ကဗျာစုံစွာ အစီအစဉ်လုပ်လာခဲ့ကြ သည်။ ခေတ်သစ်ကာလပေါ်ဝိုင်းက လုပ်အားရှိကြသည်၊ လက်နှိပ် စက်ရိုက်၊ စာမူကြမ်းရေး၊ နှီးနှောဆွေးနွေးရင်းဖြင့် ၎င်း၏လမ်းမတော် အလုပ်သမားရုံးခန်းနှင့် ၎င်းနေအိမ်သို့ ဝင်ထွက်

အပ်ကြောင်း ထပ်ခဲ့ရသည်။ ထိုစဉ်ဂ၎င်းမှာ အလုပ်သမားရုံးမန်နေဂျာအဖြစ် တာဝန် ထမ်းဆောင်နေတုန်းလည်း ဖြစ်သည်။

ရင်းနှီးလာခြင်းနှင့်အတူ ယုံကြည်ခြင်းလည်း ဖြစ်လာခဲ့ကြသည်။ ထိုကြောင့် ၎င်း၏ ရေးသားရာများကို ဖတ်ခွင့်ပြုလာသည်။ ငါကလည်း ၎င်းကိုတင်ပြနိုးနှောပြုမြဲ ရှိခဲ့သည်သာ တည်း။ အချိန်မှာ မိမိက ၁၉၅၅-ခုနှစ်မှသာ စာပေဝါသနာ ပြင်းပြလာသေးသည်။ မာရယု နှင့် ဗေဒါရှင်းတမ်းကို ဆရာတော်ဦးကေသရက ရေးကူးစေခဲ့သည်။ ၁၉၅၇-ခုနှစ်တွင်မှသာ ရခိုင်အလင်းသတင်းစာတွင် ဝေစည်အကကို စတင်ဖော်ပြနိုင်ခဲ့သည်။ ထိုနောက်မှ ပြည်သူ့ ဂျာနယ်၊ ရခိုင်ဇာနည်၊ ရခိုင့်တန်ဆောင်တို့တွင် ပါဝင်လာခဲ့ရလေသည်။

ဦးဘစံကလောင်မှာကား ၁၉၅၁-ခုနှစ်ထုတ် ရခိုင့်တန်ဆောင်မဂ္ဂဇင်း၊ ဓညဝတီ မဂ္ဂဇင်းတို့၌ တွေ့ရှိနေရပြီဖြစ်၏။ ကောလိပ်ကျောင်းသားဘဝ (၁၉၃၅-၃၆)ကပင် စာရေး ခဲ့သူဖြစ်မည်ဆိုက မိမိထက် ကလောင်သက် အနှစ်နှစ်ဆယ်ကျော်နိုင်ပြီး ဖြစ်ရာ၏။ ထိုသို့ ဆိုက ဦးဘစံနှင့်မိမိမှာ သားအဖနီးနီးကွာလှမ်းပေရာကား သူ၏စာပေ အသက်တမ်းက အတော်ကြီးနေပြီဟု သိမှတ်နိုင်လောက်ပေ၏။

သူ့ကို ငါကဘယ်သို့ ကူညီခဲ့ရလေဖူးသနည်း။ အစာဆာလောင်ရောဂါအတွက် ဓာတ်ဘူးထဲ၌ ဆန်ထည့်စိမ်ထား၍လိုသည့်အခါ ဆန်ပြုတ်ဖြစ်စေနိုင်သောနည်းလမ်း၊ အစာအိမ်ရောဂါနှင့် ဆောင်ရန်ရှောင်ရန် အစားအစာတို့ကို အကြံပြုဖူးသည်များရှိချေ၏။ ဤထက် အထူးအထွေ အကူအညီပေးခဲ့ရသည်ဟူ၍ကား မထင်မှတ်မိ။ သူကသာ ကျွန်ုပ် အား နာယကမြှောက်ခဲ့သည်။ သုတေသီဘွဲ့ကို ပေးဆက်ခဲ့သည်။ ရခိုင်တေး ကဗျာစာအုပ်နှင့် ပွဲထုတ်ပေးခဲ့သည်။ အကျိုးများရှိပေဖူး၏။

မည်သို့ဆိုစေ ဦးဘစံသည် နိုင်ငံရေး၌ ပါဝင်ခဲ့သည် ဖြစ်လင့်ကစား အမျိုးသားစာပေ၊ ယဉ်ကျေးမှုဘက်သို့ ကူးပြောင်းလာခဲ့ခြင်းကိုတော့ ချီးကျူးမိ၏။ အချို့ကအမြင်ကြီးသည်ဟူ သော အထင်ကြီးဖြင့် အမျိုးသားရေးကို ကျဉ်းမြောင်းသယောင် လုပ်ခဲ့ကြသည်။ စာပေသမား လောကတွင် အနုအဖွဲ့တို့ကို ရေးခဲ့သည်ကိုပါ တွေ့ရသဖြင့် တော်လှန်ရေးသမားတစ်ယောက် ဖြစ်ခဲ့သည်ဆိုချက်ကို သံသယဖြစ်စရာ ထင်ယောင်မှားစရာ ရှိတတ်ကောင်းရာ၏။ ရဲဘော် များလည်း နှလုံးသားနှင့်ဟူသော ခေတ်အတွေးအခေါ် အရ ခံစားချက်ကား ရှိခဲ့ကြသည်သာ တည်း။ ထိုကြောင့် သူကအတွေ့အကြုံရှိသူပီပီ ကြမ်းစရာရှိရာတွင် ကြမ်းခဲ့သော်လည်း၊ နုစရာရှိရာတွင် ပူစရာ၊ ဆွေးစရာ၊ လွမ်းစရာ၊ စိုးရိမ်စရာရှိရာတွင် နုနိုင်၊ ပူနိုင်ခဲ့သည်ကိုကား ခံစားတွေ့ရှိရမည်သာ ဖြစ်၏။

# (၅)

လူတစ်ယောက်၏ဘဝကို စာပေလက်ရာဖြင့်လည်းဆုံးဖြတ်၍ အားလုံးရနိုင်စကောင်းမည်ကား မဟုတ်ချေ။ သို့သော် သူ၏စာပေလက်ရာကလည်း သူ၏ဘဝတစေ့တစောင်းကို ထင်ဟပ်နိုင်ခဲ့မည်သာတည်း။ စာပေလောကကို အမှုမထားခဲ့ကြသော နိုင်ငံရေးသမား၊ တော်လှန်ရေးသမားများလည်း အများပင်ရှိကြ၏။ ဦးဘစံသည် အလုပ်တာဝန်တစ်ဖက်ကြားက လူမှုအဖွဲ့အစည်း၊ စာပေအသင်းအပင်းထဲပါဝင်ကာ လုပ်ဆောင်ပေးနိုင်ခဲ့သည်ကို ငါတို့က ဝမ်းသာကြိုဆိုခဲ့ရပေပြီ။ သူ၏ဂျစ်ကားကိုပင်အသုံးချ၍ သူငါအစ လုပ်ငန်းအဖော် ဆက်သွယ်ရေးပြုခဲ့ကြဖူး၏။ မင်္ဂလသုခတိုက်၊ တာမွေ၊ ရန်ကုန်မှ လက်နှိပ်စက်လည်း ဝိုင်းတော်သားဖြစ်ခဲ့သည်ကို မေ့ထား၍မဖြစ်ချေ။

လုပ်ငန်းကိုင်ငန်း၌ တွန့်တိုမှု၊ နှောင့်နှေးမှု၊ မပြတ်သားမှု၊ တွေဝေမှုရှိလင့်ကစား ကျွန်ုပ်ကပင် အားတင်းခဲ့ဖူးသည်။ ထိုးနှက်စေခဲ့ဖူးသည်။ တစ်ခါတစ်ခါ စိတ်လိုက်မာန်ပါ ရှောင်ရှားမှု ပြုခဲ့ဖူးသည့်အဖြစ်လည်း ရှိခဲ့ကြချေ၏။ သို့သော် သူကငါ့ကို ဘယ်စဉ်ခါမှ စိတ်မနာခဲ့၊ ကျွန်ုပ်အလာဝေးနေလျှင် သူကငါ့ကို စိတ်နာသွားသလားဟု တစ်မေးတည်းမေး စုံစမ်းဆဲပြုကာ ပင့်ခေါ်မှာကြားတတ်လေ့ ရှိခဲ့သည်ပင်ဖြစ်၏။ မိဘက သားသမီးကို အမြဲ ခွင့်လွှတ်နိုင်သလို သူကငါ့ကို ကြည်ဖြူစွာ ခွင့်လွှတ်သနားလေ့ရှိသည်များမှာ ထင်ရှားပေ၏။ ထို့ကြောင့် ငါကသူ့ကို မိတ်ဆွေကောင်း တစ်ယောက်၊ ပေါင်းဖော်နိုင်လောက်သော ရောင်းရင်းတစ်ယောက်ဟူ၍ လက်ခံလာခဲ့ဖြင်း ပြုလာခဲ့သည်။ အကျိုးခံအကျိုးဖက်ကား ရှိခဲ့ကြသည်ဟူ၍ အထူးမရှိပါ။

ယခုဦးဘစံ၏စာစုများမှာ မည်မျှလောက်ရှိခဲ့သည်။ သူ၏ရေးသားခဲ့သမျှကား စုံစေ့ပြီးသလားကား မသိနိုင်ချေ။ ငါ့အနေဖြင့်ဆိုလျှင် အနေဝေး၊ အကြောင်းလည်း စပ်ဆိုင်မှုမဲ့သဖြင့် ၎င်း၏ကွယ်လွန်ခဲ့သည့်အဖြစ်ကိုပင် မသိမိလိုက်ရ။ သတင်းစာကလည်း ပြတ်တောင်းပြတ်လပ်ရှိစဉ်နှင့် ကြုံခဲ့ရလေသလောမသိ။ နာရေးကြော်ငြာကိုမှ မျက်စိတန်းမှန်းမှု မရှိခဲ့ချေ။

၎င်းစာစုနှင့် စကားစပ်ပြီးမှပင် ငါနှင့်အပြီးသတ်လက်ဖြုတ်သွားခဲ့လေပြီးကြောင်း သိရတော့၏။ သို့သော် သူသေသော်လည်း သူ၏နာမည်မသေသေးဘဲ ကျန်ရစ်ခဲ့သည်မှာ စာပေသာဖြစ်၏။ သူ၏ဆောင်ရွက်ခဲ့ရာ သမိုင်းဝင်အဖြစ်သာ ထင်မှတ်ရှိမည်ဖြစ်၏။

တသီးတခြား စာတစ်အုပ်အဖြစ် မကြိုးပမ်းခဲ့သည်ကိုကား အားကုန်မိသည်။ သူ၏

တော်လှန်ရေးကာလကိုကား သူ၏လက်ရာက သက်သေခံလိမ့်မည်မှာ ထင်ရှား၏။ ယခု စုမိသမျှ၊ တွေ့ရှိသမျှတို့ကို ဦးဘစံ၏အမျိုးသားစာပေလက်ရာမွန်လက်ဆောင်အဖြစ် တင်ပြနိုင်ပြီးရာကား ဝမ်းသာရမိ၏။ ငါ့ထံမှလည်းရှိသမျှစာစုများကို ကူညီပါဝင်လိုက်ရသဖြင့် သူ့ကို နောက်ဆုံးတွေ့ဆုံနှုတ်ဆက်ခြင်းဟု အမှတ်ရစေ၏။

ကျွန်ုပ်နှင့် ရခိုင့်အသံ ရိုးရာပိုင်းတွင် အသံလွှင့်ဟောပြောချက်တို့ကို ရခိုင်အသံ အမည်ဖြင့် ထုတ်ဝေကြရန် စကားစပ်ရှိခဲ့ကြဖူး၏။ ဟောပြောခဲ့သမျှ ရခိုင့်အသံမှတ်တမ်းမှာ ၎င်းကဦးဆောင်ခဲ့ရ၏။ သူသာအသိ၊ သူ့ထံမှာ အစီစဉ်စာအုပ်ဖိုင်တွဲရှိနေသည်ဖြစ်၏။ ထိုအသံလွှင့်ချက်ကိုလည်း ယခု သိမ်းဆည်းရှိနေဦးမည်လား မသိချေ။ စစ်တွေတွင် သူနှင့် တွေ့စဉ်ကာလက ငါ့မှာရှိသမျှ ဦးစံသာအောင်ကို အပ်လိုက်ပြီဟု ပြောဖူး၏။ ဦးဘစံမှ ဦးစံသာအောင်၊ ဦးစံသာအောင်ထံမှ မည်သူ့ထံပြောင်းခဲ့လေရာသနည်း။ အမွေဆက်ခံနိုင်သူမှာ ခြေရာလိုက်နိုင်သူ သားသမီးကောင်းများသာ ဖြစ်ချေရာ၏။

ရိုးရာပိုင်းတွင် လက်တွဲလုပ်ဆောင်နေစဉ် ကာလပေါ်ဝိုင်းသားတို့ အထင်မြင်သေးတတ်သည်ကို ဖြေဖျောက်နိုင်ရန်အတွက် ရခိုင်ရိုးရာတေးဂီတများကို နှစ်ဦးသားပေါင်း၍ စာတမ်းတစ်ခုအဖြစ် ရေးသားတင်ပြကြရန် အကြံဖြစ်ရှိထားခဲ့ကြသည်။ ထိုအခါမှစ၍ အချက်အလက်များကို ရမိသမျှဖွေရှာအပ်နှံခဲ့လေ၏။ ထိုကို မိမိနှင့်တွဲပြီး ရခိုင်အသံလည်း ပြောင်းလဲပြီးနောက်တွင် သူသည်စာတမ်းအဖြစ်မဟုတ်သော်လည်း ဟော ပြောချက်စာစုသဘောဖြင့် ၂၂-၁-၆၆ နေ့ ရေးသားဟောပြောခဲ့သည်။ ဂီတနှင့်တေးသံဟု အမည်ပေးထားခဲ့သည်။

ငါစုစည်းပေးခဲ့သည့်အတိုင်း အဖော်မပါသော်လည်း သူကတာဝန်ယူဆောင်ရွက်ခဲ့သည်ကိုတော့ ကျေးဇူးတင်ပါ၏။ သူ၏စာပေစုတွင် ကျွန်ုပ်နှင့်စပ်သမျှဆို၍ လက်တွဲခဲ့သမျှ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ရခိုင့်အသံ ဟောပြောမှုဆိုင်ရာ အသင်းနှင့် လုပ်ငန်းဆိုင်ရာတို့သာ ရှိခဲ့ဖူးသည်ကို သူသာအသိဆုံးဖြစ်ပေလိမ့်မည်။ ငါနှင့်သူကား အဖော်အပေါင်း၊ ရောင်းရင်းကောင်း၊ အကြောင်းဆုံစည်း၊ မိတ်သဟာည်း၊ လက်တွဲခဲ့ကြသည့်အဖြစ်ကို ရောက်ရာဌာန၊ ဖြစ်ရာဘဝမှာ သတိရနိုင်ပါစေ။ ဘဝတစ်ကွေ့မှာ ပြန်လည်ဆုံစည်း လက်တွဲနိုင်ကောင်း ပါစေဟု ဆန္ဒပြုအပ်ပါသတည်း။

**အသျှင်စန္ဒိမာ ၊ (မောင်တောမြို့)**

**၂၄-၁-၉၅**

# ဝေသာလီမှ ဆင်းသက်လာသည့် ဗုဒ္ဓပူဇနိယ တေးသံ

**ဗုဒ္ဓံ သရဏံ၊ ဂစ္ဆာမိ**

**ဓမ္မံ သရဏံ၊ ဂစ္ဆာမိ**

**သံဃံ သရဏံ၊ ဂစ္ဆာမိ**

တည်းဟူသော ဗုဒ္ဓတေးသံသည် ဝေသာလီတွင် လွှမ်းမိုးခဲ့သည်ဟု သိရသည်။ ဤတေးသံကို စည်ခြင်းဖော်၍ စည်ဖြင့်တီးရသည်။ ရှေးခေတ်က ပုဂ္ဂိုလ်များသည် ဘုရားများ၌ ဆီမီးပူဇော်သည့်ပွဲလမ်းသဘင်များ၊ အခင်းအကျင်းများကို ပြုလုပ်လေ့ရှိခဲ့ကြသည်။ ပူဇာခွက်များကို ကြေး၊ မြေများဖြင့် ပုံအမျိုးမျိုးသွန်းကာ ပြုလုပ်ခဲ့ကြသည်ကို ရှေးဟောင်းပစ္စည်းများနှင့် ကျောက်ရုပ်ကြီးများက သက်သေခံလျက်ရှိပေသည်။ ထို့ကြောင့် ဗုဒ္ဓပူဇနိယ တေးသံများ၊ အကများ၊ ယိမ်းများပေါ်ထွန်းလာခဲ့လေသည်။

၁၉၆၆-ခု၊ ပြည်ထောင်စုနေ့တွင် ရခိုင်ယဉ်ကျေးမှု ထုတ်ဖော်ရေးအဖွဲ့မှ တင်ဆက်ကပြခဲ့သည်ဟု ဆိုနိုင်ပါသည်။ အသုံးပြုခဲ့သည့်အဓိက တူရိယာမှာ ရခိုင်စည်နှင့် ရခိုင်ပလွေ(ပြွေ)တို့ ဖြစ်ကြသည်။ ဗုဒ္ဓပူဇနိယ ယိမ်း၏သီချင်းကိုလေ့လာနိုင်ရန် ဖော်ပြလိုက်ပါသည်။

ဝိုင်းမှဆို ။ ။ (အိုး----မုနိဘဂဝါ)၃

အားလုံး ။ ။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။

(၁) အဂ္ဂီရသံ ဘွဲ့ထူးခံ ငါးမာန်အောင်ရှ
ကိုးပါးဂုဏ် စုံပြည့်ဝကော၊ မြတ်ဗုဒ္ဓလေ မြတ်ဗုဒ္ဓ၊
ကာယဝစီ မနောချီ အဉ္ဇလီသ၊
ကျွန်ပူဇော် ဂုဏ်တော်မြတ်ကို ဦးညွှတ်ခလေ ဦးညွှတ်ခ။
(ဗုဒ္ဓံ မယံ ပူဇေမိ)၃

(၂) ဒေသနာဉာဏ်နီရောင်လျှံ ခြောက်တန်ဂုဏာ၊
မပျက်မှန် စုံပြည့်ဝကော မြတ်ဓမ္မလေ မြတ်ဓမ္မ၊
ကာယဝစီ မနောချီ အဉ္ဇလီသာ၊
ကျွန်ပူဇော် ဂုဏ်တော်မြတ်ကို ဦးညွတ်ခလေ ဦးညွတ်ခ။
(ဓမ္မံ မယံ ပူဇေမိ)၃

(၃) ဘုရားသားမွန် သံဃာမွန် ရှစ်တန်အရိယ၊
နဝဂုဏ် စုံပြည့်ဝကော မြတ်သံဃလေ မြတ်သံဃ၊
ကာယဝစီ မနောချီ အဉ္ဇလီသာ၊
ကျွန်ပူဇော် ဂုဏ်တော်မြတ်ကို ဦးညွတ်ခလေ ဦးညွတ်ခ။
(သံဃံ မယံ ပူဇေမိ)၃

(၄) ဗုဒ္ဓ ဓမ္မာ မြတ်သံဃာ သုံးဖြာဂုဏာ၊
လက်ဆယ်ဖြာ ပဏ္ဏာသဘိ ဝန္ဒာမိလေ ဝန္ဒာမိ၊
ရှိခိုးကော်ရော် ကျွန်ပူဇော် အပော်ဝတ၊
သုခမှန် နိဗ္ဗာန်နန်းကို မြန်းရစီလေ မြန်းရစီ၊
ဗုဒ္ဓံ မယံ ပူဇေမိ။ ဓမ္မံ မယံ ပူဇေမိ။ သံဃံ မယံ ပူဇေမိ။

(၅) မာတာပီတာ မြတ်ဆရာ ချမ်းသာသုခ၊
စုံပြည့်ဝရန် ဆုပန်သဘိ နမာမိလေ နမာမိ၊
ပုညာဘာဂ် အဘို့မွန် အကျွန်ပြုရ၊
မြတ်ကုသိုလ် ထိုဒါနကို အမျှဝီလေ အမျှဝီ။
(သဗ္ဗေသာနံ ဒဒါမိ)၃

(မညစံ)

မှတ်ချက်။ ။ (အထက်ပါ ဆောင်းပါးကို ရခိုင်ယဉ်ကျေးမှု၊ ဝေသာလီခေတ် အမှတ် ၁၊ ၁၉၆၆ ခု ထုတ်စာအုပ်တွင် ဖော်ပြဖူးပါသည်။)

(စာတည်း)

# ဝေသာလီခေတ်က ရခိုင်တေးဂီတ

ယဉ်ကျေးမှု အထွတ်အထိပ်ကိုရောက်ခဲ့သည့် ဝေသာလီ၌ တေးဂီတအနေဖြင့် မည်မျှ ထွန်းကားခဲ့သည်ကို ခန့်မှန်းရန် ခက်ခဲမည် မဟုတ်ပါပေ။ နှောင်းခေတ်များ၌တွေ့ရသည့် ရခိုင်တေးဂီတတို့သည် ဝေသာလီမှ ဆင်းသက်လာခဲ့သည့်အတွက် ဤလက်လှမ်းမီသော တေးဂီတများကို လေ့လာလိုက်လျှင်ပင် ဝေသာလီကိုခန့်မှန်းနိုင်ပေလိမ့်မည်။ ၎င်းပြင် ကဝိဂန္ထကျမ်း၊ တူရိယာကျမ်းတို့နှင့် ရာဇဝင်မှတ်တမ်းများ၌တွေ့ရသည့် ပဉ္စင်္ဂတူရိယာ တီးမှုတ်ကခုန်ခြင်းများနှင့် ပွဲလမ်းသဘင်ခင်းကျင်းမှုများသည်လည်း ဝေသာလီ၏တေးဂီတကို ပေါ်လွင်စေပါလိမ့်မည်။ သို့သော် သုတေသနလုပ်ရန်ကား များစွာလိုနေပေသေးသည်။

နှောင်းခေတ်၌ သီဆိုကြသည့် ဘွဲ့၊ ရွှဲ့၊ ချေင်း၊ သာချင်း၊ ဇမ်း၊ စကားယင့်၊ ဗျာ၊ ကပျှာ၊ ပင့်ကူ၊ သံချပ်ကြီး၊ စေည်၊ ဒုံး၊ သာစွလေ၊ ဟန်စွလေအစရှိသော ရခိုင်တေးသံတို့သည် လည်းကောင်း၊ ဒုံးအက၊ စေည်အက၊ ပင့်တူအက၊ နဂါးအက၊ ဗိုင်းတောင်းအက၊ တိုးနရားအက၊ ရှေးသူရုပ်ကြီးများအက၊ ဆံတောက်ပိုးအက၊ ရှိန်ဗိုင်းအက၊ ဗုဒ္ဓပူဇနိယအက အစရှိသော အကများသည်လည်းကောင်း၊ "သာကြေညှင်းညှင်း၊ အေးသီချင်းနှင့် ညွံ့နုသာချင်း၊ စောင်းနှင့်ညှင်းလျှင်၊ သံချင်းနှောငြား၊ ပတ္တလားနှင့်၊ မခြားတူထ၊ တယောစသည်၊ ခေါ်ထနာမ၊ သုသိရနှင့်၊ ပဉ္စမည်သာ၊ တူရိယာက၊ ခရာတန်ကောက်၊ နှဲပြွေ မြောက်၍၊ အစောက်ရှည်ငြား၊ ပန်းတလျားနှင့်၊ ပန်းတျားပတ်ဝန်း၊ ပတ်ဆိုင်းထမ်းဖြင့်၊ ကြိုးတန်း

လျှောက်လား၊ ကခြီများနှင့်၊ တီးဗြောအရိုက်မည်၊ စည်ငါးမည်တည့်"ဟု ရာဇဝင်လက်ာ၌ပါရှိသည့် ရခိုင်တူရိယာမျိုးစုံတို့သည်လည်းကောင်း ဝေသာလီတေးဂီတကို ပေါ်လွင်စေမည် ဖြစ်ပါသည်။

ဝေသာလီ၏ ကဝိဂန္ထကျမ်း၌ ဖော်ပြအပ်သော ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတုစသည့် စပ်ဆိုနည်းတို့မှာ---

(၁) အသံကွဲလိုက်နည်း၊ (၂) အစငင်ဆိုနည်း၊ (၃) ပြန်ဂဟတ်စပ်ဆိုနည်း၊ (၄) အစဖြတ်နည်း၊ (၅) ကိုယ်တွင်းပြည့်စပ်ဆိုနည်း၊ (၆) စပွါယ်ချီ၊ စပွါယ်ချဆိုနည်း၊ (၇) မြင်းဇက်ခွဆိုနည်း၊ (၈) ကန့်လန့်ထွေလာဆိုနည်း၊ (၉) ဇော်တခိုင်လုံးချဆိုနည်း၊ (၁၀) မိဿကဆိုနည်း၊ (၁၁) ဓမ္မတာဘွဲ့ဆိုနည်း၊ (၁၂) သဘောထမ်းဆိုနည်း၊ (၁၃) သဝေမပါဆိုနည်း၊ (၁၄) ခိုင်ညွန့်ခက်ဖြာဆိုနည်း၊ (၁၅) တပြန်ညီဆိုနည်း၊ (၁၆)အာသာဝတီဝတ် ဆံချဆိုနည်းများ ဖြစ်ကြသည်။ ဤကဲ့သို့သော စပ်ဆိုနည်းမှ ပေါ်ထွန်းလာသည့် ရခိုင်တေးသံတို့ကို စေ့စုံစွာ သုတေသန လုပ်ရပေဦးမည်။

ရခိုင်ဒေသမှ ရှေးအကျဆုံးသော ရှွှန်းလိုက်ရတု၊ ဘွဲ့၊ သာချင်း၊ စည်ခြင်းတို့၏ စပ်ပုံစပ်နည်းနှင့် သီဆိုပုံ သီဆိုနည်းတို့မှာ တစ်မူထူးခြားလျက်ရှိနေပေသည်။ မုတ်သုံလေရိုက်သံ၊ ရေလှိုင်းသံစသော အသံတို့သည်သဘာဝအလျောက် ရခိုင်တေးသံများကို ဖြစ်ပေါ်လာခဲ့လေသည်ဟူ၍ သိရသည်။ ယင်းတေးသံများကိုလည်း လေ့လာရန်များစွာ လိုပေသည်။

ဝေသာလီခေတ်က တကောင်းသင်းတွဲပြည်သို့ ခရီးထွက်ခဲ့သော ဝေသာလီ စူလစန္ဒြားမင်းအား ကိုယ့်ပြည်ကိုယ့်ဒေသကို ပြန်လွယ်စိမ့်သောငှာ တူရိယာအစုံတီးမှုတ်ပြီး စန္ဒရားဘွဲ့ကို သီဆိုကြသည်ဟု ရာဇဝင်မှတ်တမ်းများ၌ တွေ့ရသည်။ စန္ဒရားဘွဲ့မှာ ဘုန်းတော်ဘွဲ့ဖြစ်၏။ စန္ဒရားမင်းများနှင့် ဝေသာလီကို အမွှမ်းတင်ထားသော အဖွဲ့အနွဲ့ဖြစ်သည်။ ဝေသာလီနှင့် စန္ဒရားမင်းများ အကြောင်းကို ရေးသားပြောဆိုလျှင် ဤစန္ဒရားဘွဲ့ကိုချန်ခဲ့၍ မဖြစ်ပေ။ ထို့ကြောင့် လေ့လာနိုင်ရန် အနည်းငယ် ကောက်နုတ်၍တင်ပြလိုက်ပါသည်။

(၁)　ထွန်းလင်းကြက်သရေ
　　လှူပြည်ကျော်သောင်း၊
　　မင်းကောင်းရာဇာ၊
　　ဝေသာလီမှာ၊ မင်းဖြစ်လာရေး၊　　။

(၂) စကြာအမွှန်၊ လုံပျံလည်းရ၊
ဘုန်းတော်သံလေ၊ ဝေသာလီမှာ၊
စန္ဒရားလေ။ ။

(၃) ဘုန်းအားတက်တိုး၊
အာဏာမိုးကော၊
နန်းရိုးစိုင်လာ၊
ကျောက်လှေကားမှာ၊ ကိုးဆက်ပေါ်ရေ။ ။

ဘွဲ့ဆိုသံ၊ တူရိယာမျိုးစုံ တီးမှုတ်သံတို့ဖြင့် လွှမ်းနေခဲ့သော ဝေသာလီခေတ်ကာလကို ဤသို့လျှင် အစွန်းအစတွေ့နေရပြီ မဟုတ်ပါလော။

တူရိယာမျိုးစုံ၊ အဆိုမျိုးစုံ၊ အဖွဲ့အနွဲ့မျိုးစုံဖြင့် ဝေသာလီတေးဂီတသည် တစ်ခေတ် ဆန်းခဲ့သော်လည်း၊ ထိုခေတ်ကို ပြန်လည်တွေ့ရှိနိုင်ရန် အတော်ပင်သုတေသနလုပ်ရဦး မည်ဖြစ်သည်။ ယခု ဤစာအုပ်၌ ရှေးအကျဆုံးဖြစ်ပြီး ဝေသာလီတွင် အသုံးများခဲ့သော ရခိုင်တူရိယာအနေဖြင့် ရခိုင်စည်နှင့်ပွဲခေါ်သည့် ပွေ-ပလွေအကြောင်းကို အနည်းငယ် တင်ပြသွားလိုပါသည်။ သို့သော် ဤတူရိယာနှစ်မျိုးကိုသာ ဝေသာလီ၌ အများအသုံးပြုခဲ့ သည်ဟု ဆိုလိုခြင်း မဟုတ်ပါပေ။

## ရခိုင်စည်

"ကိုးစိတ်ကိုးလံ၊ ကိုးပင်းကန်၊ ကျင်သန်တက်ပြီး၊ စည်ကိုတီး" ဟု ဆိုလေ့ရှိခဲ့ကြသည်။ စူလစန္ဒြမင်း ဝေသာလီမှ ပင်လယ်ရပ်ခြားသို့ လှေတော်များနှင့် ခရီးထွက်သောအခါ ကိုးစိတ် ကိုးလံရှိသော လှေလောင်းကြီးများပေါ်၌ ကျင်သန်ခေါ် လူသန်များတက်ပြီး လှော်ခတ်ရာတွင် ရခိုင်စည်ကို တီးလေသည်။ လှေတော်သံ-ဟန်စွလေကိုလည်း တက်ခတ်သား လူသန်တို့ သီဆိုကြသည်ဟု သိရသည်။ ရခိုင်စည်ကို စန္ဒြားမင်းများလက်ထက်များစွာ အသုံးပြုခဲ့ကြ သည်ဟု သိရသည်။ စည်တော်ရွှန်းခဲ့သည့်တောင်ကို စည်ကြီးတောင်ဟု ယနေ့တိုင် ခေါ်ဝေါ် လျက် ရှိကြသည်။

ရာဇဝင်မှတ်တမ်းတို့၌ ဒွါရာဝတီမြို့က ဒသဘာတီက ညီနောင်တို့ ပင်လယ်ကမ်းနား ရေကစားရာသို့ မျှောပါလာသော ကတ္တရပုစွန်လက်မကို ဗဟိုစည်ကြက်လုပ်၍ မြှောက်စည် ပြုထားခဲ့သည်ဟု ဆိုသည်။ ထိုအခါမှစ၍ စည်တူရိယာပေါ်လာသည့် သဘောပင် ဖြစ်သည်။ အဓိပ္ပာယ်မှာ စည်တူရိယာကို ဒွါရာဝတီ-ဝေသာလီတို့၌ စတင်အသုံးပြုခဲ့သည်ဟု ဆိုလိုသည်။

စည်တို့ရိယာကို များသောအားဖြင့် ပိတောက်သားနှင့်လုပ်သည်။ တစ်ဖက်တွင် နွားသားရေ၊ တစ်ဖက်တွင် ဆိတ်သားရေကို ကြက်ရပေသည်။ ဆိတ်သားရေကြက်သည့် ဘက်ကို 'စောင်'ဘက်လို့ခေါ်ပြီး နွားသားရေ ကြက်သည့်ဘက်ကို 'ဗြိန်း' ဘက်လို့ ခေါ်သည်။ အချို့နေရာများတွင် 'ဗြိန်း'ဘက်လို့မခေါ်ဘဲ 'ဗြွမ်း'လို့ ခေါ်သည်။ စောင်ဘက်ကို အခြင်းဖော်သည့်ဘက်ဟုခေါ်ပြီး ဗြိန်းဘက်ကို အသံလိုက်သောဘက်လို့ ခေါ်သည်။ စည်တီးသည့်အခါ ရခိုင်အသံ 'စောင်-ဗြိန်း'ဆိုသော အသံမျိုးထွက်လာလေသည်။ တစ်စုံတစ်ခု ကောင်းမှုကုသိုလ်ပြုသည့်အခါ ယင်းကောင်းမှုနှင့်ပတ်သက်သည့် တီးလုံးတီးကွက်မျိုးများကို တီးရသည်။ စောင်ဘက်ကို လက်နှင့်အခြင်းဖော်ပြီးလျှင် ဗြိန်းဘက်ကို ဆင်စွယ်ခေါ်သည့် တုတ်နှင့် တီးရသည်။ မင်္ဂလာရှိသော အမှုကိစ္စတို့မှာ တီးမည်ဆိုလျှင် စည်တို့၏ထုံးစံအတိုင်း အဝတ်ဝတ်ပေးရသည်။ ဤသို့ ဝတ်စားဆင်ယင်မှုတွင် အမျိုးအစားအားဖြင့် နှစ်မျိုး သုံးမျိုးရှိသည်။ စည်ဝတ်ခါးပုံကြိုး၊ ရင်သိုင်း၊ သဘင်တွဲအစရှိသည့် အဝတ်အစားများကို ဝတ်ဆင်ရသည်။

ရာဇဝင်မှတ်တမ်းတို့၌ ရခိုင်အမျိုးသားတို့သည် အောက်ပါစည်များကို အသုံးပြု ခဲ့ကြသည်ဟု တွေ့ရသည်။

၁။ မြောက်စည် (ဗဟိုစည်)
၂။ သံလွင်စည်
၃။ မုရိုးစည် (စည်ဖြော)
၄။ စည်ပုတ်
၅။ စည်ကြီး (ရွှန်းစည်)
၆။ ဒုံမင်း
၇။ စည်ပန်းတောင်း
၈။ စည်ဝမ်း
၉။ ပတ်သာ (ပတ်မ)
၁၀။ တစ်ဖက်စည်
၁၁။ ပန်းတျား (ပန်းတျင်း)
၁၂။ ပတ်စည် (ကျင်စည်)
၁၃။ စည်ချေ

## စည်ခြင်း

စည်ခြင်းကို အောက်ပါအတိုင်း ဖော်၍တီးရသည်။

### ပဏာမစည်သံ

| စည်ခြင်း | အတီး |
|---|---|
| ၁။ အဘိ(ဉာဏ်ရောင်)၃ | ဖြိန်း---(စောင်)၄ |
| ထိန်လင်းပြောင် | (ဖြိန်း)၂ |
| ၂။ အခေါင် (ရာလေ)၃ | ဖြိန်းစောင်(စောင်)၃ |
| စိုးချိန်၊ မာရဖိန် | (ဖြိန်း)၂ |
| ၃။ အစိန္တေယျ---တုမရ | ဖြိန်းစောင် (ဖြိန်းစောင်)၂ |
| | ဖြိန်းစောင် (ဖြိန်း)၂ |
| ၄။ လောက---(ရာလေ)၂ | ဖြိန်းစောင် (စောင်)၃ |
| မြတ်ဘုရား | (ဖြိန်း)၂ စောင် |

### ကက္ကဋ္ဌာစည်တွဲ

၁။ ((ကက္ကဋ္ဌာ)၂ (စည်ကြီး)၂။)၃ (တီး)၃

(( ဖြိန်/စောင် ဖြိန်/စောင် ဖြိန်/စောင် ) (ဖြိန်းစောင်)၂ )၃

၂။ စည်ကြီး ကက္ကဋ္ဌာ --- တီးလိုက်ပါ။

(ဖြိန်စောင် ဖြိန်/စောင် ဖြိန်/စောင် ဖြိန်/စောင် စောင် စောင်)

၃။ စည်ကြီးတီးလိုက်ခါ ----- လွန်ပင် လွန်သာယာ၊

ဖြိန်းစောင် ဖြိန်း/စောင် စောင် စောင် စောင် ဖြိန်း ဖြိန်း(စောင်)၂

အစရှိသဖြင့် တီးရသည်။

## ရခိုင်ပလွေ(ပြွီ)တူရိယာ

သုသိရခေါ် အခေါင်းရှိသော တူရိယာ (၈)မျိုးကို ရခိုင်မဟာရာဇဝင်ကြီး၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ ဒူလောင်း

၂။ ခရာကောက်

၃။ ခရာမြွာ၊

၄။ လက်တံရှည်

၅။ နှဲ

၆။ ပြွီ ဆိုသော ပလွီ

၇။ ခရုသင်း

၈။ ဖက်လိပ်ဆိုသော ဒြီခေါင်း။

အစရှိသဖြင့် ဖြစ်သည်။ 'ဘော' ဟူသော မှုတ်ရသည့် တူရိယာအကြောင်းကိုလည်း ရာဇဝင်မှတ်တမ်းတို့၌ တွေ့ရသည်။

ယခုအခါ အသုံးပြုလျက် ရှိနေသေးသော ရခိုင်ရိုးရာပြွီများကို သုတေသီတစ်ဦး က အောက်ပါအတိုင်း ဖော်ပြထားသည်။

**၁။ တောင်ပြွီ**

အလျားတစ်တောင်ခန့်ရှိ၍ ဖယောင်းအဆို့နှင့် ပလွေရှည်ကို တောင်ပြွီဟု ခေါ်သည်။

**၂။ ပြွီခေါင်း**

ဖယောင်းအဆို့ မပါဘဲ နှုတ်ခမ်းနှင့် လေချိန်၍ မှုတ်ရသော ပလွေကို ပြွီခေါင်းဟု ခေါ်သည်။

**၃။ ပြွီပြား**

သစ်သားအဆို့နှင့် ကုလားပလွေကဲ့သို့ မှုတ်ရာမှ ပြားနေသော ပလွေကို ပြွီပြားဟု ခေါ်သည်။

**၄။ သံညှင်းပွဲ**

သံညှင်းပွဲ (ခေါ်) စညှင်းပွဲ (ခေါ်) အသီးပွဲမှာ ငွေပြား၊ လျှာနှင့် မှုတ်ရာမှ အဆစ်အပိတ်ဖြစ်၍ ဘေးမှ မှုတ်ရသော ပလွေဖြစ်သည်။ (တချို့မှာ အပေါက် (၅)ပေါက် ဖောက်သည်။)

**၅။ ထွာပွဲ**

အရှည်ဆုံး တစ်ထွာ ပလွေတိုမျိုးဖြစ်၍ အပေါက် (၃)ပေါက် ရှိသည်။ စသည်များကို အချိန်အခါကာလ၊ နေရာ၊ ပွဲလမ်းသဘင်၊ အခင်းအကျင်း၊ အဖြစ်အပျက်၊ အကြောင်းအရာများကို လိုက်၍ တီးရသကဲ့သို့ ပလွေကိုလည်း သူ့နေရာနှင့်လိုက်အောင် မှုတ်ရ သည်။ စည်ခြင်းဖော်သကဲ့သို့ ပလွေကိုလည်း အခြင်းဖော်၍ မှုတ်ရသည်။

မညစ်

**(အထက်ပါ ဝေသာလီက ရခိုင်တေးဂီတ ဆောင်းပါးကို ရခိုင်ယဉ်ကျေးမှု ဝေသာ လီစေတ်၊ အမှတ် ၁၊ ၁၉၆၆ထုတ် စာအုပ်တွင် ဖော်ပြဖူးပါသည်)**

(စာတည်း)

# ရခိုင်ပြည်မှ ရတနာများ

**(ခညစံ-ရေးသည်)**

ရခိုင်ရာဇဝင်စာပေကို အနည်းငယ်ဂရုမူခဲ့ကြသော သုတေသီတို့သည် ရခိုင်ပြည်မှ ပေါ်ထွန်းခဲ့သော စာဆိုပညာရှိများဖြစ်သည်။ သုဝဏ္ဏဒေဝီ၊ ဓမ္မဇေယျအမတ်ကြီး၊ ကဝိကျော်၊ ဝိမလ၊ မဟာပညာကျော်၊ ဘဒူမင်းညို၊ ဥက္ကာပျံ၊ ပညာဝံသ၊ သစ်တက် လေက်ရုံး၊ စိန်တင်စား ရွှေသဲ၊ မယား မိပန်းရုံ ဦးဒိုးဝေ၊ ကင်းရွာ ဘုန်းကြီးလူထွက်၊ ဆရာထွန်း၊ ဦးမောင်ဘုံတို့ကို ကြားဖူးကြပေလိမ့်မည်။ ဤစာဆိုတို့ကား ထင်ရှားလှ၏။ သို့သော် မထင်ရှား တိမ်ကော နေသောစာဆိုများလည်း အမြောက်အမြားပင်ရှိဦးမည်မှာ သေချာလှပေသည်။

ရခိုင်စာဆိုတော်များ၏ လက်ရာများကို ခရစ်သက္ကရာဇ် ၃၁၀ မှ ၇၅၀ အတွင်းက ဝေသာလီမြို့တော်ကိုအခြေပြု၍ ထွန်းကားခဲ့ကြသော စန္ဒရားမင်းများလက်ထက်မှစ၍တွေ့ရှိ လာရပေသည်။ ရခိုင်ပြည်၌ ရှေ့ခညဝတီခေတ်ကစ၍ သယ်ကရာဇ်ပါဠိ အစရှိသော ရှေးဟောင်းအိန္ဒိယပြည် မဇ္ဈိမဒေသ၌ ထွန်းကားခဲ့သော စာပေအရေးအသားများကို တွေ့ရှိ ခဲ့ရ၏။ ဝေသာလီမြို့တော်၌လည်း ထိုဘာသာရပ်များကို သုံးစွဲခဲ့ကြသေး၏။ သို့သော် ရခိုင် စာပေကို ဝေသာလီခေတ်အလယ်လောက်တွင် တွေ့လာကြရသည်ဟု ရခိုင်ရာဇဝင်များက ဆိုထားလေသည်၊ ရခိုင်စာပေသည် အိန္ဒိယစာပေရပ်များမှ ပေါ်ပေါက်လာခဲ့သည်ဟု ယူဆ ကြလေသည်။

လေးမြို့မြစ်တစ်လျှောက် ထွန်းကားခဲ့သော လောင်းကြက်၊ ပရိန်၊ ပဉ္စာအစရှိသော မြို့တော်များမှစ၍ မြန်မာစာပေအရေးအသားဘက်သို့ ပြောင်းလဲလာခဲ့သည်ကို တွေ့ရပြန်၏။ မြို့ဟောင်းခေတ်*၌ ရခိုင်စာပေကို ဘဒ္ဒမင်းညို၊ မဟာပညာကျော်၊ ဥက္ကာပျံ၊ သစ်တက်လေက်ရုံးတို့သည် တစ်မျိုးတစ်ဖုံဆန်းသစ်ခဲ့စေပြန်သည်။ မြို့ဟောင်းခေတ် ကုန်ဆုံး၍ လွတ်လပ်ရေးကျဆုံးခဲ့သည့်နေ့မှစ၍ ယနေ့တိုင် စာပေကားနာလန်မထူဘဲ ရှိခဲ့ရလေသည်။

လောင်းကြက်မြို့တော်မှာ အုပ်စိုးခဲ့သော ရခိုင်မင်းထီးလက်ထက်၊ အရှေ့ဘက်ပြည်ကို အောင်မြင်ခဲ့၍ သက်မင်းသားသုံးဦးအား ပြုစုထားခဲ့၏။ ထိုမင်းသားတို့အား ရခိုင်စာဆိုတော် ပညာရှိ ရခိုင်သူမြတ်ထံအပ်နှံထားခဲ့၏။ ထိုမင်းသားတို့အား ဆုံးမသွန်သင် ပညာသင်ခဲ့ရာတွင် လောကသာရပျို့ကို ပြုစုခဲ့လေသည်။ မြန်မာစာပေတွင် အကောင်းဆုံးသောပျို့၊ အကောင်းဆုံးသော ဆုံးမစာ၊ သတ်ပုံအမှန်ဆုံးသော စာပေ၊ ဗဟုသုတ စုံလင်ဆုံးသော ဗဟုသုတစာပေလည်း ဖြစ်နေခဲ့လေသည်။

ထို့ပြင် ဘစောဖြူမင်းလက်ထက်တွင် ထွန်းကားခဲ့သော စာဆိုအမတ်ကြီး ဘဒ္ဒမင်းညို ဖွဲ့နွဲ့အပ်သည့် (ရခိုင်မင်းသမီး ချေင်း) ခေါ် (မောက်တော် ချေင်း)မှာ မြန်မာစာပေတွင် အဟောင်းဆုံး၊ ရှေးအကျဆုံးသော ချေင်းဖြစ်နေသည်ကို တွေ့ရပြန်လေသည်။

ဆက်လက်၍ ရခိုင်ပြည်၌ထူးခြားစွာ ပွင့်လန်းခဲ့သော ရခိုင်သဘာဝကဗျာကလေးများ ဖြစ်ကြသည့် သာစွလေ၊ ဟန်စွလေကဗျာများ၊ သာချင်းဆန်းများ၊ ရွှဲ့များ၊ ဘွဲ့များ၊ ရွှန်းလိုက် ကဗျာကလေးများကို ဦးစွာတင်ပြလိုက်ပါသည်။ ဤကဗျာ သာချင်း၊ သီချင်း၊ ဘွဲ့၊ ရွှဲ့တို့ကို ရခိုင်သူ ရခိုင်သားတို့သည် မိမိတို့၏ ဒေသအခြေအနေ၊ သဘာဝထုံးတံတွာအလျောက် နေမှု၊ စားမှု၊ လုပ်ကိုင်မှု၊ ဆက်သွယ်မှု၊ ယုံကြည်မှုတို့ကို အခြေပြု၍ သီဆိုကြခြင်းဖြစ်လေသည်။

## ဆန်မောင်းနင်းရေ သာစွလေ

ခဝဲပွင့်ယေဝင်းဝါ၊ ပွင့်ပြန်လာကေ၊
သီကာလည်းကုံး၊ တန်ဆောင်မုန်းမှာ၊
ရှင်ဘုန်းသံဃာ၊ ကျောင်းဝိဟာ၌၊
ကထိန်လည်းကပ်၊ မယ်ရို့မာလေ၊

---

* မြောက်ဦးခေတ်ကို ဆိုလိုသည်။

ပျော်ပါးကပ်မေ၊ လုံပျိုမေ၊
အရွယ်ချင်းချင်း၊ ရွှဲ့သာချင်းနှင့်၊
လမင်းစန္ဒာ၊ လောင်းရိပ်သာတွင်၊
ပျော်ရာတစ်ကြောင်း၊ မေရှို့မာလေ၊
အဖော်ပေါင်းနှင့်၊ ဆန်မောင်းနင်းရေ
သာစွလေ၊ သာယာစေလေ၊ သာစွလေ။ ။

ဆန်ထောင်းကြရင်း ရခိုင်လုံမေပျိုတစ်စုသီဆိုကြသော (သာစွလေကဗျာ)ကလေးပင်ဖြစ်၏။ (ဆန်မောင်းနင်းရေ)ဆိုသောစကားမှာ ရခိုင်ပြည်ရပ်ရွာများ၌ နေအိမ်များတွင်မောင်းကာဟု အကာမပါအမိုးမိုး၍ အဆောင်ကလေးတစ်ခု ချထားလေသည်။ ဤအဆောင်၌ ဆန်ထောင်းရန် မောင်းတစ်ခုဆင်ထား၏။ ဤမောင်းကို ခြေထောက်ဖြင့် နင်းပေးရသည်။ ထို့ကြောင့် ဆန်မောင်းနင်းရေဟုဆိုသည်။ နင်းရေဆိုသည်မှာ နင်းကြတယ်ဟု အဓိပ္ပာယ်ရ၏။ သာစွလေကဗျာလေး၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ခဝဲပွင့်များသည် ရွှေရောင်တောက်ပလာကြပေပြီ၊ ဤခဝဲပန်းများကို ခူးဆွတ်၍အစီအရီသီကုံးပြီးလျှင် တန်ဆောင်မုန်းလတွင် သံဃာတော်များသီတင်းသုံးရာ ကျောင်းတော်သို့ကထိန်ကပ်ရန်သွားကြပြီး အကျွန်တို့ပျော်ပွဲဆင်ကြပါစို့လား။

ယခုအခါ အကျွန်တို့လုံမပျိုတစ်စုသည် မိမိတို့အရွယ်တူ အချင်းချင်း၊ ရွှဲ့ သာချင်းများကိုသီဆိုကြပြီးလျှင် လမင်း၏အရိပ်အာဝါသအောက်တွင် အဖော်များနှင့် ပျော်ပျော်ပါးပါးဆန်မောင်းနင်းလျက် ရှိကြ၏။ အလွန်တရာမှ သာသာယာယာရှိလှပေ၏တကား။

## မေရှို့မှာလေ တောင်ယာစွန်း၌

ပဒေါက်မယေဝင်းဝါ၊ ပန်းမာလာလေ၊
လွှမ်းကာပွင့်ပြီ၊ မိုးရာသီကို၊
အညီခေါ်လှမ်း၊ မေရှို့မာလေ၊
တောင်ယာစွန်း၌၊ စိမ်းလန်းမြရောင်၊
ငှက်ခါးတောင်သို့၊ ယာတောင်စပါး၊
မျိုးသခွားနှင့်၊ စည်ကားလှရေ

မမြင်တွေမှာ၊ စိတ်ခွေဝမ်းသာ၊
နှောင်းနှစ်ခါလေ၊ ကောင်းရာမျိုးစိ၊
အထွေထွေကို၊ မေကသိမေ၊
ဟန်စီလေ၊ ဟန်စွလေ။ ။

ဤ ဟန်စွလေကဗျာကလေးကား တောင်သူလယ်သမားတို့၏ ဘဝကို ပြသထားသော ကဗျာကလေးပါပေ၊ အဓိပ္ပါယ်ကို အောက်ပါအတိုင်း တိုက်ရိုက်ပြန်လိုက်ပါသည်။

ပိတောက်ပန်းတွေ ဝင်းဝင်းဝါဝါနှင့် တစ်ပင်လုံးဆိုသလိုလွှမ်းခြုံ၍ ဝေဝေဆာဆာ ပွင့်လျက်ရှိကြလေပြီ၊ မိုးရာသီကိုလည်း မျှော်ခေါ်မှန်းဆရှိကြလေပြီ၊ မေတို့တစ်တွေမှာ တောင်ယာစွန်းမှနေလျက် စိမ်းလန်း၍ငှက်ခါးတောင်ပမာ မြရောင်တောက်ပလျက်ရှိနေသော မိမိတို့၏ ယာခင်းမှ စပါးပင်များနှင့် မျိုးချထားသော သခွားပင်များကို ဝေဝေဆာဆာနှင့် စည်ပင်သာလှစွာ မြင်ကြရသောအခါ စိတ်ဘဝင်ကြည်နူးမိပါပေသည်။ နှောင်းနှစ်ရာသီချိန် ရောက်သောအခါ၌ ကောက်ပင်ကောက်မျိုးများ ကောင်းကောင်းရတော့မည်ကို မေတို့ သိရှိရသဖြင့် အထူးအားရ နှစ်သက်မိပါသည်၊ ဤရှုမျှော်ခင်းကား ဟန်လှစွာ၏တကား။

## ဘုန်းမင်းငှက်သျှေ၊ မြည်လတ်တေ

အုန်းပင်ထက်က၊ ဘုန်းမင်းငှက်သျှေ၊
မြည်လတ်တေ။
အပူရောင်ခြည်၊ ပျောက်လတ်တေ၊
မေရို့နီကေ၊ သပြေပင်အောက်၊
ရွှေပင်ပေါက်တေ၊ တူးကတ်မေ၊
ညီမငယ်၊ မောင်ငယ်တစ်စု၊ တိုင်ပင်ပြုရေ
သာစွလေ၊ သာယာအီးလေ၊ သာစွလေ၊

အုန်းပင်ထိပ်ဖျားက အုန်းမင်ငှက်ကလေးသည် မြည်ခဲ့လေပြီ၊ နေမင်း၏အပူရောင်ခြည်သည်လည်း ပျောက်ကွယ်ခဲ့လေပြီ၊ မေတို့တစ်တွေ မှိုတင်းနေထိုင်ရာအရပ်ရှိ သပြေပင်ကြီးအောက်တွင် ရွှေပင်တွေပေါက်နေရာသို့ သွားရောက်တူးဖော်ကြရန် ညီမငယ်မောင်ငယ်တစ်စု ဆွေးနွေးတိုင်ပင်ပြုကြသည်မှာ သာယာပေစွတကား။

## အဘုသျှောင့်ရေပခွက်က

အဘုသျှောင့်ရေ၊ ပခွက်က
ကြောင်ချေမြည်ရေ၊ ပုတ်ထောင့်က၊
ကြက်ဖကြီးတွန်၊ အိမ်နောက်က၊
အဘာလာရေ၊ ချောင်းဝက၊
အမင်ကြည့်ရေ၊ တန်းပျင်းက၊
တန်းပျင်းကိုလက်တင်၊ သဗြိုပင်၊
သဗြိုပင်ကိုင်းလိုင်း၊ ကိုင်းကိုင်း။ ။

ဤကဗျာလေးကား ရခိုင်သဘာဝကလေးချော့ ကဗျာကလေးပေတည်း။ ရခိုင်လူထုပိုင် ကဗျာကလေးပင်ဖြစ်၏။ အရပ်သူအရပ်သားတို့၏ ဓလေ့၊ နေထိုင်လုပ်ကိုင် စားသောက်ရေးတို့ကိုလည်းပြ၏။ အဓိပ္ပာယ်ကို တိုက်ရိုက်ပြန်ဆိုပါအံ့။

ကလေးငိုသည်မှာ ပုခက်တွင်းမှဖြစ်ပါသည်။

ကြောင်ကလေးမြည်နေသည်မှာ ဝမ်းစာစပါး ဆန်သိုလှောင်ထားသည့် ပုတ်အကြားမှ ဖြစ်ပါသည်။ ကြက်ဖကြီးတွန်နေသည်မှာ အိမ်နောက်ဖေးမှ ဖြစ်ပါသည်။

အဖေသည် ချောင်းဝမှ လာပါပြီ။

အမေသည် တန်းပျင်းခေါ် နောက်ဖေးဆောင် ရေအိုးစင်ထားရာအခန်းမှ စောင့်မျှော်နေပါသည်။ သပြေပင်အကိုင်းသည် လေတိုက်၍ နိမ့်တုံမြင့်တုံ လှုပ်ရှားလျက်တန်းပျင်းဆောင်ကို ထိတုံကွာတုံနှင့် ကိုင်းညွတ်နေပါတော့သည်။

အဘုသျှောမှာ "ကလေး"ကို ခေါ်နေခြင်းဖြစ်သည်။ (သျှော)ဟူသော စကားသည် အငယ်ကိုခေါ်ခြင်းဖြစ်သည်။ အဘာ ‑ အဖေ၊ အမင် ‑ အမေ၊ တန်းပျင်း ‑ အိမ်နောက် ထမင်းချက်ခန်းနှင့်ကပ်၍ရှိ ရေအိုးစင်ထားသည့် အဆောင်ကလေး။

## မရောက်လာကော၊ ယင်းခါကပင်

တန်ဆောင်မယေမုန်းလ၊ ဟေမန္တမှာ
ချမ်းစတစ်ဖန်၊ စုံလီပြန်ကော၊
ရိုက်သွန်ဖြူးဖြူး၊ မရောက်လာကော၊

ယင်းခါကပင်၊ မောင်သက်ရှင်ကို၊
မေလျှင်စိတ်မှာ၊ လွမ်းစယေပြုလို့၊
ယခုကုန်ခါ၊ တဝါဝါကေ၊
နတ္တော်ဆန်းဘိ၊ ညိုနှင့်နီမှာ၊
မေထွီးမရှင်၊ စက်ဘုံသာကေ၊
အိပ်ရာတွင်းမှာ၊ တစိမ့်စိမ့်ကေ၊
ချမ်းစိမ့်ဝင်ရေ။

ရှေးကရခိုင်သားတို့သည် မိမိဒေသရပ်ရွာကိုပစ်ခွာ၍ ကျွန်းစဉ်ကိုပတ်ပြီးလျှင် ကုန်ရောင်းကုန်ဝယ် သွားလေ့ရှိကြ၏။ ဤသို့တစ်ခါ ခရီးထွက်လျှင် လပေါင်းအတော်ပင် ကြာညောင်းလေ့ရှိကြသည်။ ဤသို့ကြာညောင်းခဲ့သဖြင့် မိမိ၏ဇနီးသည်က လွမ်းဆွတ် တမ်းတသည်ကို ရခိုင်ပြည် (၁၂)ရာသီကိုနှောင်ခံထား၍ သရုပ်ဖော်ထားသော ကဗျာကလေးဖြစ်၏။ ယနေ့တိုင် သီဆိုနေကြရာမှ ကူးယူဖော်ပြလိုက်ခြင်းဖြစ်သည်။ ရခိုင်သဘာဝ (၁၂)ရာသီ အကြောင်းကိုလည်း တစ်နည်းဖော်ပြထားရှိသော (၁၂)ရာသီဘွဲ့ တစ်ခုပင်ဖြစ်သည်။ ၎င်းမှ အနည်းငယ်ကောက်နုတ်၍ လေ့လာနိုင်ရန်တင်ပြလိုက်ခြင်း ဖြစ်သည်။ အဓိပ္ပာယ်ကို အောက်ပါအတိုင်းပြန်ဆို၍ ထည့်သွင်းပေးလိုက်ပါသည်။

"တန်ဆောင်မုန်းလ အချမ်းရာသီသို့ တစ်ဖန်ဝင်ခဲ့လေပြီ၊ မြောက်စူးစူးမှ အေးမြကြည်လင်လှစွာသော စုံလေပြင်းတို့သည် ဆင့်ကာဆင့်ကာ ရိုက်သွန်းဖြန့်ဖြူးလျက် ရှိနေပေပြီ၊ မနှစ်က ဤအချိန်မှပင် ခရီးထွက်ခွာသွားသော မောင်တော်မှာ ယနေ့တိုင် ပြန်လည်မရောက်လာသေးပါ။ အသက်သခင်ကျေးဇူးရှင်ဖြစ်သော မောင်တော်ကိုတမ်းတလွမ်းဆွတ်ခဲ့ပါပြီ၊ နတ်တော်လဆန်းလာသောအခါ၌လည်း နေ့ရောညပါ မရှင်နိုင်ဘဲ မယ်တစ်ကိုယ်တည်း အိပ်ရာထဲတွင် ချမ်းလွန်းလှသဖြင့် ကွေးလျက်သာနေရပါတော့သည်။

ဤကဗျာများ၌ "မယေ" "ကေ" "တေ" ဆိုသော စကားများကို သုံးနှုန်းထည့်သွင်းထားသည်များကို တွေ့ရပေမည်။ ရခိုင်စကားများဖြစ်ပြီး "လေ" ထို့ကြောင့်၊ ထို့ပြင် အစရှိသည်တို့ကို ထည့်သွင်းသုံးနှုန်းထားသကဲ့သို့ပင် ဖြစ်ပါသည်။

| | | |
|---|---|---|
| စုံလီ | - | မြောက်လေ၊ |
| နိ | - | နေ့၊ |
| ညိ | - | ည၊ |
| ယင်းအခါကပင် | - | ထိုစဉ်အခါကပင်၊ |
| မေထွီး | - | အငယ်ဆုံး၊ |
| ချစ်စရာ | - | ချစ်စရာအကောင်းဆုံး၊ |

**ထွီးဆိုသော စကားလုံးသည် ထွေးကိုဆိုလိုခြင်းဖြစ်ပါသည်၊**

ရခိုင်သားတို့သည် သွေးကို သွီးဟူ၍ လည်းကောင်း၊ အမွေးကို အမွီးဟူ၍ လည်းကောင်း၊ ခွေးကို ခွီးဟူ၍လည်းကောင်း၊ ပေးကို ပီးဟူ၍ လည်းကောင်း ဆိုကြလေသည်၊

ဧညစံ

(မူရင်းအတိုင်း ပြန်လည် ဆန်းသစ်ခြင်းဖြစ်သည်၊)
၁၉၅၉-ခု မတ်လထုတ် ရှမဝမဂ္ဂဇင်းမှ

# ရခိုင်ရာဇဝင် (၄၈)စောင်

အချိန်မှာ သန်းခေါင်ကျော် ဖြစ်ပါသည်။ စစ်တွေမြို့ဝက်ပါကွင်းလယ်ရှိ စိန်ရတီဇာတ်ပွဲတွင် နှစ်ပါးသွားဖြင့် စခန်းလားလျက်ရှိပေသည်။ ရေနံဆီမြေစိုက် ဓာတ်မီးလုံးကြီးများ၏ အလင်းရောင်သည် ဝက်ပါကွင်းလယ်တွင် ထိန်လင်းလျက်ရှိနေသည်ကို အဝေးမှမြင်ရပေသည်။ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားအနီးအနားမှ ဘုန်းတော်ကြီးကျောင်းများရှိရာ ဒေသတစ်ဝိုက်၌ ဆိတ်ငြိမ်ခြင်းသည် ကျရောက်စပြုလေပြီ။ အကျွန်ုပ်ရောင်းရင်းဖြစ်သူ ကိုသာဗိုးသည် အကျွန်အားမည်းမှောင်နေသော လမ်းကြားတစ်ခုမှ ခေါ်ဆောင်သွားပါသည်။

မကြာမီပင် အကျွန်တို့သည် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းအပေါ် ထပ် တိုက်ခန်းတစ်ခုကို ဝင်မိပါသည်။ အကျွန်မသိသော ဘုန်းတော်ကြီးတစ်ပါးသည် ကြိုတင်စီစဉ်ထားမှုကြောင့် ဗီရိုထဲမှ စာပေတစ်ထုပ်ကိုယူ၍ အကျွန်အားထုတ်ပြပါသည်။ ဗီရိုကြီးကို အကျွန်လှမ်းကြည့်မိသောအခါ ပေစာထုပ်ပေါင်းတစ်ရာထက်မနည်း ဗီရိုထဲရှိနေပေသည်။

ထိုနေ့ ၁၉၃၆-ခု၊ အောက်တိုဘာလ၊ သီတင်းကျွတ်လပြည့်နေ့တွင် ရခိုင်ရာဇဝင် (၄၈)စောင်ရှိသည်ဆိုသော လူကြီးမိဘတို့ပြောစကား မှန်ကန်ပါသည်ဆိုသည့် အသိဉာဏ်ကို အကျွန်ရရှိခဲ့ပါသည်။ ထိုနေ့မှစ၍ ရခိုင်ရာဇဝင်များကို သုတေသနလုပ်ခဲ့ရာ ရှေးဘိုးဘေးစဉ်ဆက် မှီတင်းနေထိုင်ရာ အကျွန်တို့ရခိုင်ပြည်၏ ပြောင်မြောက်သော အဖြစ်အပျက်အလုံးစုံကို ကွက်ကွက်ကွင်းကွင်း၊ ထင်ထင်ရှားရှား အံ့ဖွယ်သရဲ သိရှိလာခဲ့ပါသည်။ အမှောင်ခွင်း၍ အလင်းဆောင်ခဲ့လေပြီတကား။

အကျွန်သည် အခြားရခိုင်များနည်းတူ ဦးဘသန်း၊ ဦးဘိုးကျော်၊ မစ္စတာဟာဗေး၊ မစ္စတာကောက်၊ မှန်နန်း၊ ဦးကုလား အစရှိသော မြန်မာရာဇဝင်များကိုသာ ငယ်စဉ်တောင်ကျေးကစ၍ ကောလိပ်ကျောင်းရောက်သည်အထိ သင်ကြားလေ့လာခဲ့ရသည့်အတွက် ရခိုင်ရာဇဝင်ကို အထင်အမြင်သေးခဲ့မိပါသည်။ သို့သော် ရခိုင်ရာဇဝင်ကို သုတေသနလုပ်လာခြင်းခဏ၌ မြန်မာရာဇဝင်များ၏ တစ်ဖက်သတ်ရေးသားမှုတို့ကို တွေ့မြင်လာရပေသည်။

မြန်မာရာဇဝင်မှမှီငြမ်း၍ရေးသားပြုစုသော အင်္ဂလိပ်ရာဇဝင်ဆရာတို့သည် ပြည်ထောင်စုသားများ၏ရာဇဝင်ကို ဤသို့ တစ်ဖက်သတ်ရေးသားပြုစုကြခြင်းကို အကျွန်နားမလည်နိုင်အောင်ပင် ရှိခဲ့ရပါသည်။

ထို့ကြောင့် အကျွန်တို့သည် ဒီမိုကရေစီထွန်းကားရေးကို ကြိုးစားလာကြသောအခါ၌ ရခိုင်ရာဇဝင်အကြောင်းကိုတင်ပြကြရာတွင် တစ်ဖက်သတ်ပြုမူမှုများကို ပြင်ဆင်လာကြလိမ့်မည်ဟု အထူးမျှော်လင့်မိပါ၏။ ယနေ့တွင် သမိုင်းကော်မရှင်တစ်ခု ဖွဲ့စည်း၍ မြန်မာရာဇဝင်ကို အသစ်စပြုစုရန် စီစဉ်လျက်ရှိသည်ကိုတွေ့ရပါသည်။ ရခိုင်ရာဇဝင် (၄၈)စောင်၌ ရေးသားဖော်ပြထားသော အကြောင်းအရာများကိုလည်း သုတေသနပြုလုပ်၍ ပြည်ထောင်စုသားများဖြစ်သော ရခိုင်လူမျိုးစု၏ အောင်မြင်ခဲ့မှုများ၊ ရခိုင်လူမျိုးတို့၏ တကယ့်အဖြစ်အပျက်များကို တိကျစွာဖော်ပြနိုင်ပါစေဟု၍လည်း များစွာတောင့်တမိပါသည်။

ရခိုင်ရာဇဝင် (၄၈)စောင်ရှိကြောင်းကို ကြားဖူးပါသော်လည်း ယနေ့အဖို့ အကျွန့်အနေနှင့် (၄၈)စောင်လုံးကို ရှာဖွေ၍မတွေ့ရှိနိုင်သေးပါ။ ရခိုင်ရာဇဝင်စာပေ အစောင်စောင်တို့သည် ဘိုးတော် ( - )နှင့် အင်္ဂလိပ်နယ်ချဲ့လက်ထက်တို့မှစ၍ ကွယ်ပျောက်ပြီး မြေအောက်သို့ ရောက်နေခဲ့ရရှာလေပြီ။ ယနေ့တိုင် အချို့အကြွင်းအကျန်များနှင့် ထိုခေတ် ထိုခေတ်များမှပင် တရိုတသေ သိမ်းထားခဲ့ပြီး ဘိုးစဉ်ဘောင်ဆက် တိကျွတ်စသည်ဖြင့် အဆက်ဆက်ထိန်းသိမ်းလာခဲ့သော တန်ဖိုးမဖြတ်နိုင်သော ရခိုင်ရာဇဝင်အစောင်စောင်တို့မှာ ယနေ့တိုင်အရိုးအရွက်ဖုံးသကဲ့သို့ ရှိနေရရှာ၏။

ထို့ကြောင့် အကျွန်တို့သည် အမှောင်ခွင်း၍ အလင်းဆောင်အံ့၊ ပန်းတိုင်ပွင့်ပါစေ၊ ဒီမိုကရေစီထွန်းကားပါစေဆိုသော ကြွေးကြော်သံတို့၏ မှဲဦးသို့ရှေးရှုခြင်းဖြင့် ရှေးဟောင်းရခိုင်ရာဇဝင် ဖော်ထုတ်ရေးကဏ္ဍသစ်တစ်ဆင့် ဖွင့်လှစ်ပေးရေးကိစ္စအတွက် ကြိုးစားရန်အချိန်သို့ ကျရောက်ခဲ့လေပြီ။

ယနေ့အဖို့ ရခိုင်ရာဇဝင်မှန်ကို တင်ပြခြင်းမပြုနိုင်ခဲ့လျှင် အကျွန်ုပ်တို့၏သုတေသန လုပ်ငန်းကြီး၌ မဟာအတားအဆီးကြီးများ ဖြစ်လာနိုင်ဖွယ်ရာရှိပါသည်။ ထို့ကြောင့် ရခိုင် အမျိုးသားပညာရှင်တို့သည် ဤအချက်ကို အထူးသတိပြုဖို့ လိုအပ်ပြီဟုထင်မြင်မိပါသည်။ ရင်းပြင် ရခိုင်ရာဇဝင်မှန်ကို တင်ပြနိုင်ခြင်းဖြင့် ပြည်ထောင်စုသား အချင်းချင်း တစ်ဦး အကြောင်း တစ်ဦးနားလည်လာကာ ပိုမိုရင်းနှီးမှုရရှိကြမည်ဟူ၍လည်း ယုံကြည်မိပါသည်။

ရှေးဟောင်း ရခိုင်ရာဇဝင်များကို သုတေသနလုပ်၍ ဖော်ထုတ်ရေးလုပ်ငန်းမှာ လွယ်ကူ သော လုပ်ငန်းမဟုတ်ပေ။ ဖော်ပြခဲ့သည့်အတိုင်း ရှေးအဆက်ဆက်က ကျန်ရှိခဲ့သော အချို့သော ရှေးဟောင်းရာဇဝင်စာပေသည် ဘိုးတော်(-)နှင့် အင်္ဂလိပ်နယ်ချဲ့တို့ ဖျက်ဆီးခြင်း များကို ခံရသည်သာမက ကမ္ဘာစစ်နှစ်ကြိမ်ဖြစ်ပွားရာ၌ အထူးသဖြင့် ဒုတိယကမ္ဘာစစ် အတွင်းက လေယာဉ်ပျံများဗုံးကြဲရာ၌ မရှုမလှခံရခဲ့ပြီး အတော်ပင်ပျက်စီးသွားရလေသည်။ အကျွန်ုပ်ဖော်ပြခဲ့သော ဘုန်းတော်ကြီးကျောင်းမှ ပေစာ (၁၀၀)သည်လည်း ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ရလေသည်။

ယနေ့တွေ့ရှိသော ရာဇဝင်များအနက် မဟာဝိဟိကာ ရာဇဝင်လင်္ကာကြီး၊ ရာဇဝင် ဟောင်း ရာဇဝင်တော်ကြီး၊ ဝိမလရာဇဝင်၊ ဒိုးဝေး မဟာရာဇဝင်၊ ငလက်ရိုးရာဇဝင်၊ မင်းရာဇာကြီး စာတမ်း၊ ကျားခွပ်ရာဇဝင်၊ ကြောင်းသုံးဆယ် ရာဇဝင်၊ ကျောက်ရိုး ရာဇဝင် များမှာ ရှေးကျသော ရာဇဝင်များဖြစ်ပြီး ဦးငမဲ ရာဇဝင်၊ မောင်ပုံရာဇဝင်၊ မြို့ဟောင်းမြို့ ဦးသာထွန်းအောင် ရာဇဝင်၊ ဦးပဏ္ဍိတ၏ ဓညဝတီရာဇဝင်၊ ဓညဝတီ အရေးတော်ပုံ၊ (သံတွဲဆရာတော်)၊ ရမ်းဗြဲမြို့တောင်ကျောင်းဆရာတော်ရေး ရခိုင်ရာဇဝင်သစ်၊ ရသေ့တောင် ဆရာတော်၏ ဓညဝတီသစ်၊ ဆရာဦးအောင်သာဦး၏ ရခိုင်ရာဇဝင်၊ ဦးဘိုးလူ၏ ရာဇဝင်၊ ဆရာဦးသာထွန်း၏ရာဇဝင်ဟူ၍ ပုံနှိပ်ထုတ်ဝေပြီး ထုတ်ဝေရန် စီစဉ်ပြုစုထားသော ရာဇဝင်များကို တွေ့ရပါသည်။ ရှေးရာဇဝင် (၄၈)စောင်ကိုကား စေ့စုံအောင် အကျွန်ုပ်အနေ နှင့် မတွေ့ကြုံရသေးပါ။

ရှေးဟောင်းရာဇဝင်သုတေသနလုပ်ငန်းများတွင် နိုင်ငံခြားသား မှတ်တမ်းများ၊ ရှေးဟောင်းပစ္စည်းများ၊ ကျောက်စာများသည် အထူးအရေးကြီးသောအပိုင်းတွင် ပါဝင် နေသည့်အလျောက် ပေစာများနှင့်အတူ သုတေသနလုပ်သွားပါလျှင် တိကျမှန်ကန်သော ရှေးရခိုင်ရာဇဝင်သမိုင်းသည် ပေါ်လွင်လာမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

အကျွန်သည် ရှေးရခိုင်ရာဇဝင် (၄၈)စောင်အတွက် ရှာပုံတော်ကြီးကို ခင်းကျင်းလျက်ရှိနေပါသည်။ တစ်တောဝင် တစ်တောထွက်နှင့် တောခိုရကြသော ပေစာတို့ကို ရှာဖွေရသည်မှာ အလွန်ပင် ခက်ခဲနက်နဲလှသည်ကို တွေ့ကြရပါသည်။ အကျွန်၏ မိတ်ဆွေကိုသာဒိုးအား ဤအချိန်၌ အလွန်ပင်တောင့်တလျက်သာ ရှိရပါတော့သည်။

မညစံ
ရခိုင်မဂ္ဂဇင်း အမှတ်(၁၂)

မှတ်ချက်။ ။ (၁၉၆၁-ခု ဧပြီလထုတ် ရခိုင်ဇာနည်ဂျာနယ် အတွဲ(၁)၊ အမှတ် (၂)မှ ပြန်လည် ဆန်းသစ်ထားခြင်းဖြစ်သည်။

# ရခိုင်စာပေ

ရခိုင်စာပေဟူ၍ဆိုလိုက်လျှင် သီးခြားသောအက္ခရာများဖြင့် ရေးသားဖွဲ့နွဲ့အပ်သည့် စာပေတစ်မျိုးပေလောဟု အချို့မေးခွန်းထုတ်ကြပေလိမ့်မည်။ ရခိုင်စာပေကား မြန်မာ အက္ခရာများဖြင့် ရေးသားသောစာပေပင်ဖြစ်ပါသည်။ သို့သော် ရခိုင်လူမျိုးတို့၏ သုံးစွဲရာ ဝေါဟာရအချို့နှင့် အသံနေအသံထား တချို့ကွဲလွဲနေမှုကြောင့် ရခိုင်စာဆိုတို့ ရေးသား သီကုံးခဲ့သော အချို့သောသီချင်း၊ ကဗျာများကို မြန်မာတို့ လုံးစေ့ပတ်စေ့ အဓိပ္ပာယ် ကောက်ယူရန် မလွယ်ကူလှပေ။ အချို့သော ရခိုင်စာဆိုတော်တို့မှာ မြန်မာစာဆိုတော်များ နှင့် ခွဲခြား၍မရနိုင်လောက်အောင် ဖွဲ့နွဲ့နိုင်ခဲ့ကြလေသည်။ ဘဒ္ဒမင်းညိုရေးသားသီကုံးသော "ရခိုင်မင်းသမီးဧချင်း"၊ ဥက္ကာပျံစပ်ဆိုသော ရတုကဗျာများ၊ မိညို စောပြည့်ညိုတို့၏ လက်ရာ များ၊ ဓမ္မဝိဇယအစရှိသော သာချင်းလင်္ကာပျို့များ၊ ရာဇဝင်လင်္ကာများ၊ ဇာတ်ကြီး (၁၀)ဘွဲ့ လင်္ကာများမှာ အတော်အထက်တန်းကျသော စာပေကဗျာများဖြစ်သည်ကို တွေ့ရလေသည်။ မဟာပညာကျော်လျှောက်ထုံး၊ သစ်တက် ငလက်ရုံး လျှောက်ထုံးများနှင့် ရခိုင်ရာဇဝင်ကြီး စသော ရခိုင်ရာဇဝင်အစောင်စောင်တို့ကို စကားပြေရိုးရိုးနှင့် ဆီလျော်အောင် ရေးသားစီရင် ထားခဲ့သည်မှာလည်း ဦးကုလား မဟာရာဇဝင်၊ မှန်နန်းရာဇဝင်တို့ကဲ့သို့ပင် အထက်တန်း ကျခဲ့သည်ကို တွေ့ခဲ့ရပေသည်။ ကဗျာတို့တွင် ရခိုင်မင်းသမီးဧချင်းသည် ဧချင်းထဲတွင် ရှေးအကျဆုံးဖြစ်နေသည်ကိုထောက်ရှု၍ အချို့ရခိုင်ကဗျာများတီထွင်ဖွဲ့နွဲ့ခဲ့ရာတွင် မြန်မာ ကဗျာများထက်ပင် ရှေးကျနေသည်ကိုတွေ့ရပြန်သည်။

ယခုအခါ ရခိုင်စာပေများမှာ တိမ်ကောပပျောက်လျက်ရှိနေခဲ့၏။ ၎င်းတို့ကို ရှာဖွေစုဆောင်းဖော်ထုတ်နိုင်ပါက စာပေများတွင်အကျိုးများဖွယ်ရာ ရှိပေသည်။ ရခိုင်စာပေလိုက်စားသူတို့သည် မိမိတို့စာပေယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်ရေး၌ မဆုတ်မတွန့်ရာ၊ မြန်မာနိုင်ငံသုတေသနအသင်းကြီးမှာလည်း စာပေလောကဖွံ့ဖြိုးရေးကို ရှေးရှု၍ ပြည်ထောင်စု အမျိုးသားစာပေတစ်ရပ်ဖြစ်သော "ရခိုင်စာပေ"ဖော်ထုတ်ရေးတွင် တစ်ဖက်တစ်လမ်း အားပေးကူညီနိုင်သမျှ ကူညီသင့်ပေသည်။ ကျွန်ုပ်တို့ ဤ"ရခိုင်စာပေ" ဆောင်းပါးသည် ရခိုင်စာပေဖော်ထုတ်ရေး လုပ်ငန်းကို အထောက်အခံဖြစ်နိုင်ပါစေဟု မျှော်လင့်ရပေသည်။

စာပေကဗျာတို့သည် ဖြစ်ပျက်နေသောအခြေအနေကို ပေါ်လွင်စေ၏။ ပတ်ဝန်းကျင်ဖြစ်ပျက်မှုကြောင့် စိတ်တွင်းသန္တာန်၌ ဖြစ်ပေါ်ခံစားမှုတို့ကိုလည်း ဖော်ပြထား၏။ စာပေကဗျာတို့ဖြင့် တစ်စုံတစ်ဦးကိုလည်းကောင်း၊ အများကိုလည်းကောင်း နှစ်သိမ့်စေ၏။ ပျော်ရွှင်စေ၏။ သနားစေ၏။ ထိခိုက်စေ၏။ တက်ကြွစေ၏။ သတိတရားရစေ၏။ စိတ်ထဲ၌ အမျိုးမျိုးလှုပ်ရှားစေရန်လည်းကောင်း၊ ငြိမ်သက်စေရန်လည်းကောင်း ဖွဲ့နွဲ့ကြသည်။ စာပေကို စကားပြေဖြင့် ရိုးရိုးလည်း ရေးသားကြသည်။ ကဗျာဖြင့်လည်းဖွဲ့နွဲ့ကြသည်။ အခြေအနေကိုလိုက်၍ ဤကဲ့သို့ ရေးသားဖွဲ့နွဲ့ကြခြင်းဖြစ်ပေသည်။ မြန်မာစာပေတွင် ကဗျာအမျိုးမျိုး ဖွဲ့နွဲ့ခဲ့ကြသလို ရခိုင်စာဆိုတော်များလည်း ဖွဲ့နွဲ့ခဲ့ကြသည်။

ရှေးရခိုင်စာဆိုတစ်ဦး ရေးသားစပ်ဆိုခဲ့သော "ပိုးဝါဘွဲ့"ကို ဖတ်ရှုလိုက်လျှင် (မြောက်ဦး) မြို့ဟောင်းမြို့တော်အကြောင်းကို သိကြရပေမည်။ စီးပွားကုန်သွယ်ရေး အခြေအနေကိုလည်းကောင်း၊ လူမှုဆက်ဆံရေး အခြေအနေကိုလည်းကောင်း ဘုရား တရား သာသနာရေး၌ကိုင်းရှိုင်းပြီး ယဉ်ကျေးသိမ်မွေ့ခြင်းနှင့် ဝတ်စားဆင်ယင်ပုံတို့ကို သိရှိရနိုင်ကြပေလိမ့်မည်။ ၎င်းပိုးဝါဘွဲ့ကို ဖတ်ရှုရသောအခါ သီဟိုဠ်ကျွန်းမှ ပင်လယ်ကူး ရွက်သင်္ဘောကြီးများ မြို့ဟောင်းမြို့နားထိရောက်ရှိနိုင်ကြသည်ကို ထင်ရှားစွာတွေ့ရပေသည်။ ဤအချက်အလက်များကို အားလုံးထည့်သွင်းဖော်ပြရန် ရှည်လျားမည်ဖြစ်သဖြင့် လူကုံထံအရာရှိသမီး မပိုးဝါ၏ ဝတ်စားဆင်ယင်ပုံကို အောက်ပါအတိုင်းကောက်နုတ်ဖော်ပြလိုက်၏။

အရုပ်ဆင်းဝါ၊ လှပိုးဝါမှာ၊ ဝတ်လတ်ပါရေ့ ဘောင်းနက်ကေထမိန်၊ သုံးနှစ်လုံးပင် ဝတ်မကြိုကေ၊ အောက်ဒြိတဆင့်၊ လှပိုးဝါမှာ၊ မှင်းကျိုးပွင့်နှင့်၊ လှတင့်ဆင်ယင်၊ ခါးတွင်ကြည့်လည်း၊ ခါးကြိုးဒွါဒါရာ၊ မျက်ငါးဖြာကေ၊ စုံစွာသေသပ်၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလေ။ ရင်မှာတွင်လေ၊ ရင်မှာကြည့်လေ့၊ ကင်းဖွန်းရွက်ယောင်၊ လှပိုးဝါမှာ၊ ပန်းပွင့်ယောင်လဲ၊

ခြာရာဆီးသပ်၊ မမေရင်မှာ၊ မမွတ်ချပ်လို့၊ တင့်ကြောင်းသခြေ၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလေ။ ကိုယ်မှာမာရေ၊ ကိုယ်မှာကြည့်လေ၊ ကိုယ်မှာဘာဇူ၊ ရွှေထူပန်းခက်၊ မေဘာဇူမှာ၊ မြိုးဇရက်နှင့်၊ လိုင်ယှက်ဥဒေါင်း၊ ရုပ်ပေါင်းများစွာ၊ မေဘာဇူမှာ၊ သာလိကာနှင့်၊ စတုပါလာ၊ နတ်သားရာလေးယောက်၊ ကပ်တုံပြီးကော၊ ကြိမ်လုံးပြောက်နှင့်၊ ထောက်လို့ကြည့်ဟန်၊ မေဘာဇူမှာ၊ ခြသေ့ရုံလို့၊ ရုပ်ထုသဏ္ဍာန်၊ လှပိုးဝါကို၊ မိနှင့်ဘမှာ၊ ချစ်၍ပေးသော်၊ သိန်းသောင်းတန်ကို၊ တင့်ကြောင်းတယ်သခြေ၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလေ။ လက်မှာမာရေ၊ လက်မှာကြည့်လည်း၊ နဝရတ်မျက်ရုံ လှပိုးဝါမှာ သိန်းသောင်းတန်လို့၊ နှစ်ချောင်းကို ရွှတ်၊ သျှစ်ချောင်းလက်မှာ၊ အပြည့်စွပ်လို့၊ တင့်ကြောင်းတေသခြေ၊ လှပိုးဝါက သျှစ်ချောင်းလက်မှာ ဝတ်လတ်တေလေ။ နားမာမှာရေ၊ နားမှာကြည့်လည်း၊ ကိုယ်ရိုပ်လဲမြင်၊ စိန်ရှင်ဒေလိပ်လက်၊ လှပိုးဝါမှာ၊ မြနဘက်ကို၊ တင့်ကြောင့်သခြေ၊ ပိုးဝါနားမှာ၊ ဆင်လတ်တေလေ။

အစရှိသဖြင့် ဖွဲ့နွဲ့ထားလေသည်။ ဤကဲ့သို့ ဖွဲ့နွဲ့ထားသည်ကို တစ်ဆင့်ကူးယူရရှိထားသည့်အတိုင်း ထည့်သွင်းဖော်ပြထားပါသည်။ အသံ၊ အစပ်၊ စာလုံးပေါင်းများမှာ မူရင်းနှင့် အနည်းငယ်ကွဲလွဲနိုင်စရာ ရှိပေလိမ့်မည်။

ဇနီးအိမ်သူက လင်ယောကျ်ားမြောက်သားကို တမ်းတမှာကြားသော ကဗျာတစ်ပုဒ်မှ ကောက်နုတ်ချက်တစ်ခုမှာ--

အိမ်ကြီးတစ်ဆောင်၊ ရွှန်းရွှန်းပြောင်သည်၊ ဆောင်ဝင်တန်းပျင်း၊ ဝဲလင်းခေါင်ဆိုက်၊ နဂါးရစ်ဆင်ဝင်၊ ပြော့လက်တင်သည်၊ မောင်လျှင်ပျော်ပါး၊ သလွန်ကောင်းသည်၊ ပြူတင်းဝက၊ မောင်လွမ်းဇာကို၊ မျှော်နှင့်ကြည့်သော်၊ ရောက်ပျာ ရောက်ပျာ၊ တစာစာသည်၊ လာပျာထွက်ထွက်၊ အိမ်ပါးနီးဝန်းကျင်၊ မှင်းကျိုးပင်က၊ ငှက်တောက်ကျောသည်၊ တြင်းဘတ်သို့၊ ကြားတတ်သည်လည်း၊ တရက်သော်လည်း၊ လာပါနိုးနိုး ဂြုတ်တန်ချိုးလို့၊ ကြည့်ခိုးမျက်နှာ၊ မောင်မယိုတန်းပျင်မှာလေ၊ ကန္တဲ့ကညာ၊ ငှက်ကဝါသည်၊ မြည်လာမစဲ၊ အိမ်တော်ဦးမှာ၊ တညီးညီးနှင့်၊ ဘမ်းခီဘမ်းခီ၊ ကဝါငှက်ကို၊ ရရစီလို့၊ ဖမ်းလို့ရကော၊ ကဝါငှက်ကို ဇာပြုမယ်လေ၊ ဖမ်းလို့ရကော၊ နှုတ်သီးဖျားမှာ၊ ရွှေချမယ်လေ၊ အတောင် ဖျားမှာ၊ ရွှေချမယ်လေ၊ ချိုင့်နှင့်လှောင်ကော၊ လက်ဆောင်နှမ၊ မောင်တော်ရောက်ကော၊ ဆက်ကပ်မေလေ။

မိမိကြင်သူငယ်စဉ်က စာပေဆည်းပူးခဲ့ပုံကို အောက်ပါအတိုင်း ဖော်ပြထားသေးသည်။

ကြီးခါဆရာ၊ ငယ်ခါ ခင်ပွန်း၊ မြတ်မဟာလေ၊ ထေရ်ကျော်ကျောင်းမှာ၊ မရီးယေရှင်သား၊ ဆွေခင်ပွန်းကို၊ စာသင်သားလို့၊ နမောကအစ၊ အရင်းမှလျှင်၊ သင်ထထုံပြီး၊ သင်ပုန်းကြီးနှင့်၊

သုံးဆယ့်သုံးလုံး၊ သုံးသင်ပုန်းကို၊ တစ်လုံးမကျန်၊ မြတ်မဟာသည်၊ ထေရ်ကျော်ကျောင်းမှာ၊ နေ့တိုင်းပြန်လို့၊ ဇာတ်ကျမ်းသဒ္ဒါ၊ လိမ္မာစွာသည်၊ ညဝါသင်မြောက်၊ ရွှမ်းကာကောက်လျက်၊ ညရောက်ဆိုသည်၊ ပုဂ္ဂိုလ်ထေရ်မြတ်၊ ဝါဆိုကျောင်းမှာ နေ့တိုင်းရွက်လျက်။

အထက်ပါတို့မှာ "သာချင်းသည်"တို့ ရွတ်ဆိုသီကျူးသည့်အတိုင်း ရေးသားဖော်ပြခြင်းဖြစ်သည်။ ရခိုင်ပြည်ကို အင်္ဂလိပ်တို့သိမ်းပိုက်၍ စစ်တွေမြို့တည်ထောင်ခဲ့သောအခါ မြို့သူကြီးဦးအောင်ကျော်ဇံ၊ ဒေးဝန်းကြီးဦးအောင်ကျော်ရွှီနှင့် မင်းသားကြီး ဦးရွှေဘန်းတို့ ဦးစီးကာ ကတိမတည်သော အင်္ဂလိပ်တို့အား တော်လှန်ခဲ့ကြလေသည်။ ၎င်းပုဂ္ဂိုလ်တို့ကို အင်္ဂလိပ်တို့ ဖမ်းဆီးချုပ်နှောင်၍ ကာလကတ္တားထောင်သို့ ပို့ဆောင်ခဲ့လေသည်။ ဒေးဝန်း ဦးအောင်ကျော်ရွှီ၊ မြို့သူကြီး အောင်ကျော်ဇံတို့သည် ၎င်းတို့အဖြစ်အပျက်နှင့်ပတ်သက်၍ ရတုကဗျာများဖွဲ့နွဲ့ခဲ့ကြသည်။ ၎င်းရတုကဗျာတို့ကား အထူးထင်ရှားခဲ့လေသည်။

ဦးအောင်ကျော်ဇံသည် သူတို့သားမယားများ သူတို့အား အဘယ်ပုံလွမ်းဆွတ် တမ်းတကြသည်ကို အောက်ပါအတိုင်း ဖွဲ့နွဲ့ထားခဲ့သည်။

လည်းလျှောင်းလူးအုံးမွေ့ရာ၊ မယ်တော်တူမ၊ မောင်သက်မျှတို့၊ ညှံ့လှညောင်စောင်းသာ၌၊ စက်မွေ့ရာထိုခဏ၊ ဂန္ဓပနဒီ၊ ခေါ်တွင်ညီသည်၊ မြောက်ဆီဟေဝန်တာက၊ သွန်းကျလာသည့် စုန်လေပြင်း၊ စိမ့်စိမ့်ချမ်းကာ၊ အေးလှပါသည်၊ မွေ့ရာသလွန်တွင်းက၊ မယ်လုံးချင်းစက်မပျော်၊ ကြင်ရာသက်ထား၊ လင်ယောကျ်ားလည်း၊ နံပါးရှိလှာပါသို့၊ ထင်မိကာစိတ်ယောင်ယမ်း၊ ပန်းပုံမွေ့ရာသလွန်သာဝယ်၊ ထကာမွှေ၍စမ်းက၊ မောင့်ရင်ငွေ့၊ မတွေ့သောခါ မယ်တို့မှာလည်း၊ ထိုခါတချဲ့ချဲ့နှင့်၊ တနွဲ့နွဲ့ကြက်သီးဝှန်၊ ပူပန်ပျောင်းပျ၊ မောင့်ကိုတ၍၊ အလှရာသက်နှံ့တို့၊ မိုးသောက်ပြန်တုံတစ်ခါ၊ ဗိမာန်အိမ်နား၊ ပန်းစံကားသည်၊ သစ်များပင်ထက်မှာတည့်။

ငှက်ရွှေဝါ တတွက်တွက်၊ ရောက်ပျာရောက်ပျာ ကြွင်းညာသည်၊ ပြင်းစွာနိမိတ်ဖတ်၍၊ မြည်တုံလတ်ငှက်ရွှေဝါ၊ မပြားအသံ၊ ကူသဏ္ဌာန်သို့၊ နှောင်းစွန်ကြားလေပါက၊ ကယ်ကောင်းသာဟုတ်စနိုးဟု၊ လွန်နှလုံး- ဝမ်းသာရွှင်၊ အလျင်တဆွ၊ မေအလှတို့၊ ချိုကြွပြင်ထက်ကျင်က၊ ပြုပွဲလျှင်ဒက္ခိဏ၊ ဥတ္တရဒီပေ၊ ပန္တိမေဟု၊ လေးထွေရပ်ဒေသကို၊ ရှုမျှော်ကြည့်ကြသောအခါ၊ မေ့မယ်ထိပ်ထားလင်ဘုရားကို၊ တွေ့ညားမမြင်ပါက၊ မျက်စိရှာတမ်းရေရွတ်၊ လှထွင့်ရုံဝင်းပြောင်၊ နတ်ဆင်းယောင်တို့၊ အိမ်မျှောင်မြီးထူးပြတ်သို့။ ။ ရှင်လူများတကာတို့၊ ပျော်ကြရာသုံးဥတု၊ ဝါကျွတ်သကြန်၊ သဘင်စံသည်၊ ရောင်လျှံမီးပွဲမှုကို၊

မကြည့်ဖုံကြပါ၊ ရှေးဦးဘွားမျှော်၊ သားရဲဘော်လည်း၊ အဘနေ့တိုင်းခေါ်လျက်၊ ရှာတမ်းမျှော်သားပုလဲ၊ လက်ဝဲလကျာ၊ ရှစ်မျက်နှာကို၊ ပတ်ကာဝန်းကြည့်က။ ။ ဘကိုလည်း မမြင်ရှာ၊ ဟစ်အော်လူးလဲ၊ မိရင်ထဲဝယ်၊ ငိုကြွေးတစာစာနှင့်၊ မိကိုသာတွတ်တွတ်၊ ကျွန့်ကိုမျှားကြင်၊ မွေးဖခင်ကို၊ ခုပင်ပြပါလတ်ဟု၊ တမ်းရေရွတ်သားသဲချာ၊ မပီတစ်ခွန်းပီတစ်ခွန်းနှင့်၊ ဘက်ရမ်းမေးမြန်းလှာက၊ ပြောစရာဆိုမတတ်၊ ခြေပြစ်လတ်ငင်၊ မိနတ်ရှင်တို့ရင်ကိုထောင်းထုသတ်၍၊ သက်ဆုံးပြတ်မောင့်ကို ရှာမျှော်ကာယောင်ယမ်း၊ တရှုလွမ်းလျက်။

လွန်ခဲ့သည့်နှစ်ပေါင်း (၄၀)လောက်က ရခိုင်စာဆိုများ ပေါ်ပေါက်ခဲ့လေသည်။ ရမ်းဗြကင်းရွာဘုန်းတော်ကြီးနှင့် စစ်တွေမြို့ ဦးရစ်တောင်ကျေးလက်၊ တန်းခိုးရွာမှ ဆရာထွန်းတို့မှာ အထူးနာမည်ကြီးခဲ့သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးစလုံးမှာ သာချင်းဘွဲ့ကြီး၊ သာချင်းလတ်၊ သာချင်းဘွဲ့ငယ်၊ ဟောစာကြီး၊ ရတု၊ ကဗျာ၊၊ လကာၤ၊ မော်ကွန်း၊ အဆန်း၊ အရှိုး၊ အမျိုးမျိုး အဖုံဖုံ၊ ပိုဒ်စုံသံချပ်၊ အရပ်ရပ် ပြဇာတ်သီချင်းကဗျာ၊ မေတ္တာစာခင်ပင်းတို့ကို ရေးသားသီကုံးခဲ့ကြသည်ဟု တွေ့ရှိရလေသည်။

ကင်းရွာဘုန်းကြီးရေးသားဖွဲ့နွဲ့ခဲ့သော စစ်တွေမှ ရမ်းဗြသွားရေးလား ခရီးစဉ်ဘွဲ့မှာ အထူးဖတ်၍ ကောင်းပေသည်။ ၎င်းမှ ကောက်နုတ်ချက် တစ်ခုကား--

ရှည်လျားကာလ၊ ကျွန်းရမ္မကို၊ တတရွှရွှ နှင်းအူအူနှင့်၊ မင်းကူမုန်ညှင်း၊ မုန်ကင်းတွဲလွဲ၊ တပိုတွဲတွင်၊ လွန်ပွဲမမှီ၊ ရာသီသာမော၊ ကျီးကြက်တောနှင့်၊ ဥဩသံညှင်း၊ အလွန်ပျင်းခဲ့--- ဟူ၍ပင် ဖြစ်ပါသည်။

စစ်တွေ ယိုးချောင်းကန်စောက်ရွာနေ ဆွေစပ်သူတစ်ဦးထံရေးသားအပ်သော မေတ္တာစာမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

သုဒဿန၊ စိတ္တကူဋ၊ စသည်များမြောင်၊ ရွှေတောင် ငွေတောင် နှံ့သာတောင်တို့ဖြင့်၊ ရံဆောင်ပတ်ကာ၊ အခါခါနေမထိုး၊ နှင်းအခိုးဝေဝေ၊ ဆောင်းငွေ့ဝသန္တ၊ သုံးကာလတွင်၊ တစ်နေ့မျှနေအဟိန်၊ အချိန်မှာ အာသန်လပြည့်၊ ထိပ်တည့်တည့်တစ်ကွက်၊ နေစက်ထွန်းပ၊ အနော်ဒတ္တရေအဟူ၊ မိမိအပူ သူ့အလောင်၊ ကုန်အောင်အေးစေတတ်သော၊ မျက်မြတ်ဇောတ၊ ဩမိဿမေတ္တာဖြင့်၊ ကင်းရွာပညတ်၊ ရမ္မာရပ်က၊ ရှစ်ထပ်သောပလ္လင်မြင့်တွင်၊ ရှစ်ဆင့်ထီးဖြူကို၊ လူလူဖြန့်မိုး၍၊ နေမျိုးသူရိန်၊ အသမ္ဘိန်တို့၊ ထိန်ထိန်သောင်းကျွန်း၊ တန်ခိုးမွှန်းသည်၊ စံမြန်းတော်မူရာ၊ တိုင်းရက္ခမဏ္ဍ၊ ထွေထွေနဝရတ်၊ မျက်မြတ်လျှံမြူး မြောက်ဦးမြို့တောင်း၊ သရေချောင်းအရှေ့ကမ်း၊ ရပ်ရိပ်ချမ်းကံစောက်ရွာနေ၊ လက်သမား ဘုရား ဘအေထံ။

တန်ခိုးဆရာထွန်း၏ လင်္ကာ၊ ရတု၊ ကဗျာ၊ သာချင်းကြီး၊ သာချင်းငယ်တို့မှာလည်း အထူးထင်ရှားခဲ့သည်။ သာချင်းသည် အများအဖို့အတော်အသုံးဝင်ပေသည်။ စာပေလိုက်စားသူများအတွက်မှာလည်း အဖိုးမဖြတ်နိုင်လောက်သော ရတနာများဖြစ်နေပေသည်။ အင်္ဂလန်ပြည် ရှိတ်(ခ)စပိယာ လင်္ကာဆရာကြီး၊ မြန်မာပြည် ဦးပုည၊ ရခိုင်ပြည်တွင် ဆရာထွန်းဟူ၍ပင် အချို့ကဆိုကြပေသည်။

သတ္တထာနုသာချင်းဆန်းတွင် မင်းသမီးပဖာဂ မောင်တော်သတ္တထာနုမင်းသားကို တမ်းတမျှော်ခေါ်ရာ၌ အောက်ပါအတိုင်း ဖွဲ့နွဲ့ထားလေသည်။

"နန်းရဝေမှာ၊ နေခါကာလ၊ ယုံစန္ဒာလေ၊ ထွက်ပေါ်ထွန်းကေ၊ လဝန်းပက၊ ညဦးကပင်၊ အသင့်ပျင်ပျာ၊ မောင်လျှင်ရောက်ကြောင်း၊ လွမ်းစိတ်လည်းပို၊ နန်းရိပ်စိုကေ၊ ညိုနွဲ့နှောင်းမှာ၊ ချောင်းလို့တကေ၊ စောင့်လို့နေကေ၊ နှမပျိုနု၊  ပန်းသဇင်ခိုင်၊ နန်းပင်တိုင်တွင်၊ ယဉ်မျက်ရှုမှာ၊ ညဦးခေါ်ဆို၊ ညဥ့်ဗဟိုလေ၊ တဗိုရ်လွန်မြောက်၊ နန်းမြဉောင်မှာ၊ မောင်မရောက်လို့၊ တစ်ယောက်ပျိုစင်၊ စိတ်မရွှင်ကေ၊ အိပ်ချင်သည်ဖြစ်၊ ဆားငန်ရေတွင်၊ မေ့ရွှေလက်ကို၊ တစ်ချက်နှိုက်ကေ---။

ညဦးသန်းခေါင်၊ ပကာပြောင်ကေ၊ လရောင်ကိုတမ်း၊ ပင်နန်းဆောင်က၊ မောင့်ကို လွန်းလို့"

ပန်းများကို ဖွဲ့ဆိုသောအခါ "တောင်မြိုင်ချာတွင်၊ နော်ဇာစ်ကား၊ သရဘီမာလာ၊ အဝေယာကေ၊ စွယ်တော်များနှင့်၊ ချရားမိုးစီ၊ ခါတော်မှီကေ၊ နာရီရင်ကတ်၊ ဂေါ်သဇင်ဟု၊ ခေါ်တွင်မှတ်ကေ၊ အချပ်တရာ၊ စလတ္တာနှင့်၊ ရင့်မှာခေါင်ရန်း၊ လပြာသိမှာ၊ ခွာညိုပန်းကို၊ အဆန်းမျိုးစုံ၊ ရှုမကုန်အောင်၊ ဝိသကြုံနတ်မွှန်၊ စိမ်းညိုပြောင်ကေ၊ တောင်ငါးလုံးနှင့်၊ နန်းသုံးရတနာ၊ ပန်းကုံးတော်ကို"

ဖော်ပြခဲ့သော ရခိုင်စာဆိုများ၏အဖွဲ့နွဲ့များသည် ကာလရွှေ့လျောပြီး အဆင့်ဆင့်ကူးယူထားရှိခဲ့ရာ အစပ်အဟပ်၊ စာလုံးပေါင်းမှာ မူရင်းများနှင့် အနည်းငယ်ကွဲလွဲစရာလမ်းရှိနေပေသည်။ ဖော်ပြခဲ့သော ကောက်နုတ်ချက်များမှာ များသောအားဖြင့် ရခိုင်သာချင်းကြီး၊ သာချင်းလတ်၊ သာချင်းတွဲ့ငယ်တို့ ဖြစ်နေသဖြင့် ရခိုင်သံနှင့်ဖတ်ရွတ်သီဆိုကြည့်က အဓိပ္ပာယ်ပိုမို ပေါ်လွင်လာပေလိမ့်မည်။ မည်သို့ဖြစ်စေကာမူ ဤရခိုင်စာပေဆောင်းပါးကလေးသည် ရခိုင်စာပေပေါ်ထွက်ရေး၌ အထောက်အပံ့ဖြစ်စေသတည်း။

ဤကဗျာသွားကို မြန်မာပညာရှိ ဦးကျော်ထွန်းက မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ၊ စာမျက်နှာ (၁၁)၌ သျှုံးလိုက်ရတုဟု အမည်တပ်ခဲ့၏။

အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းကမူ **ရကန်**ဟုပြောဖူးသည်။ တစ်ဖန် မန်လည် ဆရာတော်ဘုရားက ဤအသွားမျိုးကိုပင် **ရတု**ဟုအမည်ပေးလျက် ရေးသားထားခဲ့ပြန်သည်။

ရခိုင်ပြည်တစ်ဝန်းလုံးတွင် "သာချင်း"ဟု ခေါ်ဝေါ်သီဆိုနေကြသည်။

**(ဓညစံ)**
**ရခိုင့်တန်ဆောင် အတွဲ(၁)၊ အမှတ်(၁)**

# ရခိုင်ဂီတနှင့် တေးသံ

ပြည်ထောင်စုအတွင်း တိုင်းရင်းသားများယဉ်ကျေးမှုအနက် ရခိုင်ယဉ်ကျေးမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။ ယနေ့ရခိုင်အမျိုးသားယဉ်ကျေးမှုတွင် အကျုံးဝင်နေသည့် ရခိုင်ဂီတနှင့်တေးသံများကို တင်ပြဆွေးနွေးခွင့်ရသည့်အတွက် စီစဉ်သောပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ပါသည်။ ကျွန်တော့်အနေဖြင့် ရခိုင်အမျိုးသားရိုးရာ ဂီတနှင့်တေးသံတို့ကို နှစ်ပေါင်းအတော်ကြာ ရှာဖွေလေ့လာခဲ့ပြီး ဖော်ထုတ်နိုင်ရန် ကြိုးစားခဲ့သူတစ်ဦးအနေဖြင့်လည်း များစွာနှစ်ထောင်းအားရ ရှိလှပါသည်။

ကျွန်တော်တို့ကြီးပြင်းလာသည့်ကာလတွင် ရခိုင်ရိုးရာတေးဂီတတို့ ပျောက်ကွယ်လုလု ရှိနေခဲ့သည်ကို တွေ့လာခဲ့ရပါသည်။ သုတေသနပြုလုပ်မှု ဖော်ထုတ်မှု၊ အားပေးမှု၊ ထိန်းသိမ်းမှု ကင်းမဲ့ပြီး အခြားသောဂီတတေးသံတို့နှင့် ရောယှက်လာမှုများကြောင့် မူပျက်ကာ ရိုးရာသဘော မူရင်းအရသာ ကင်းမဲ့ခဲ့ရပါသည်။ ယနေ့မှာ ကျွန်တော်တို့၏ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ရန် ဤကဲ့သို့ အခွင့်အရေးမျိုးရရှိလာကြပြီဖြစ်သဖြင့် ရခိုင်ဂီတနှင့်တေးသံ အစစ်အမှန်တို့ကို အရသာရှိရှိနှင့် ကြားလာကြရတော့မည်ဟု ယုံကြည်ပါသည်။ ဤကဲ့သို့ အခွင့်အရေးရရှိသည့် အချိန်အခါတွင် ရခိုင်သုတေသီတို့နှင့် ရခိုင်လူငယ်များက အထူးကြိုးစား လုံးပမ်းကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ယနေ့ကျွန်တော် တင်ပြဆွေးနွေးရာ၌ ရခိုင်ဂီတနှင့်တေးသံတို့ကို ရိုးရာမပျက် ပေါ်လွင်အောင်တင်ပြလိုရင်း ဖြစ်ပါသည်။ သို့သော် ရိုးရာမူ ဖော်ထုတ်ရေးမှာ မလွယ်ကူ လှသဖြင့် ချွတ်ယွင်းချက်များ၊ လိုနေသည့်အချက်များရှိနေဦးမည်ကို ကျွန်တော် ဝန်ခံပါသည်။ သို့သော် ယနေ့အဖို့မှာ ကျွန်တော်လေ့လာရရှိခဲ့သမျှကို အတတ်နိုင်ဆုံးဝမ်းသာအားရ တင်ပြဆွေးနွေးသွားမည်ပင် ဖြစ်ပါသည်။

## လက်ဦးမဆွကပင်

ရခိုင်အမျိုးသားများမှာ ရှေးအထက်ကျော်ကာလ လက်ဦးမဆွကပင် သုခုမအနုပညာ ရပ်များ၌ ကျွမ်းကျင်လိမ္မာပြီး ဂီတအမျိုးမျိုးနှင့် တေးသံအမျိုးမျိုးကို အခြေအနေ ကာလဒေသ အလျောက် တီးမှုတ်သီဆို အသုံးပြုခဲ့ကြသူများဖြစ်ကြောင်း ရာဇဝင်မှတ်တမ်းများ၌ တွေ့ရှိ ရပါသည်။ ရခိုင်ရာဇဝင်၌ ဒသဘာတိကညီနောင်တို့ ပင်လယ်ကမ်းနား ရေကစားရာသို့ မျှောပါလာသော ကက္ကဋ္ဌပုစွန်လက်မကို ဗဟိုစည်ကြက်လုပ်၍ မြောက်စည်ပြုလုပ်ထားခဲ့သည် ဟု အဆိုရှိသည်။ စန္ဒသူရိယမင်း မဟာမြတ်မုနိရှင်ပင်ကို သွန်းလုပ်စဉ်က ပဉ္စင်တူရိယာ တီးမှုတ်ခြင်းရှိခဲ့သည်ဟု ပါရှိသည်။ ဝေသာလီစန္ဒရား မင်းများလက်ထက် စည်တော်ရွှန်းခဲ့ သော တောင်ကို ယခုတိုင် စည်ကြီးတောင်ဟု ခေါ်လျက်ရှိပါသည်။

## ပဉ္စင်တူရိယာ တီးမှုတ်ကာဖြင့်

ရခိုင်အမျိုးသားတို့မှာ တူရိယာ တေးသံများအနေဖြင့် "ပဉ္စင်တူရိယာ တီးမှုတ်ကာဖြင့်" ဟူ၍ ရခိုင်စာဆိုများ စပ်ဆိုထားခဲ့သည့်အတိုင်း တူရိယာငါးပါးကို အသုံးပြုခဲ့ကြပါသည်။ "ကြီး၊ ကြိုး၊ သရိ၊ လီ၊ လက်ခုပ်"များပင် ဖြစ်ပါသည်။ 'ကြီး'ဆိုသည်မှာ ခွက်ခွင်း၊ စည်းစုတ်၊ မောင်း၊ သံစည်ခေါ် ကြီးစည်မျိုးတို့ပင် ဖြစ်ပါသည်။ ကြိုးဆိုသည်မှာ ကြိုးကိုအသုံးပြုရသော စောင်း၊ တယော၊ မိကျောင်း၊ ဒူလောင်း အမျိုးအစားပင် ဖြစ်ပါသည်။ စည်မျိုး (၂၅)ပါးနှင့် ပတ်သက်သည့် တစ်ဖက်ပိတ်စည်၊ နှစ်ဖက်ပိတ်စည်၊ အလုံးစုံပိတ်စည်၊ တခဲနက်သော စည်မျိုး ပင် ဖြစ်သည်။ "လီ"ဆိုသည်မှာ "လေ"ပင် ဖြစ်ပါသည်။ လေကို အသုံးပြုရသော တူရိယာမျိုး ပင် ဖြစ်ပါသည်။ ယင်းတူရိယာများမှာ ခရာကောက်၊ ခရာမှု၊ လက်တံတို၊ လက်တံရှည်၊ ဘော၊ ညှင်း၊ ခြည်ခေါင်းတို့ပင်ဖြစ်ပြီး ပွိုအမျိုးအစားမှာ ညှင်း၊ ပွို၊ နှဲပွို ပွိုရှည်တို့ပင် ဖြစ်ပါသည်။ လက်ခုပ်မှာ လူလက်ဖြင့် လက်ခုပ်တီးခြင်း၊ ဝါးလက်ခုပ်၊ သစ်လက်ခုပ်၊ လက်ဖျောက်လက်ခုပ်၊ လက်ကြားလက်ခုပ်၊ ကျောက်လက်ခုပ်များပင် ဖြစ်ပါသည်။

## အဆို၊ အတီး၊ အက

ဤကဲ့သို့ တူရိယာမျိုးများပေါ်ပေါက်ခဲ့ပြီး ရခိုင်စာဆိုများ ဖွဲ့ဆိုခဲ့သော ကဗျာ၊ လင်္ကာ၊ သာချင်း၊ ဘွဲ့၊ စကားယင့်၊ ဗျာခြင်း၊ သံချပ်ကြီး၊ ဒုံချင်း၊ ဟန်စွလေ၊ သာစွလေ တေးသံတို့ကို သက်ဆိုင်ရာ တူရိယာတို့ဖြင့် သံနေသံထား၊ သံလျော့သံတင်း၊ သံဆွဲသံငင်တို့ကိုလိုက်၍ တီးကြပါသည်။ ရခိုင်ဂီတနှင့်တေးသံမှာ တစ်ဦးကိုတစ်ဦး အကျိုးပြုနေပါသည်။ ၎င်းပြင် အကလည်းရှိပါသေးသည်။ အကကိုလိုက်၍ဆိုရပါသည်။ အဆိုကိုလိုက်၍ တီးရပါသည်။ တူရိယာကို အသုံးပြုရပါသည်။ ယခု ကျွန်တော်တင်ပြနေသည်မှာ ရိုးရာရခိုင်ဂီတနှင့် တေးသံများသာ ဖြစ်ပါသည်။ ဤကဲ့သို့ တင်ပြရာတွင် အဆို၊ အတီး၊ အကသုံးမျိုးစလုံးကိုရော၍ ဖော်ပြသွားမည် ဖြစ်ပါသည်။

## ရှစ်သောင်းတူရိယာအရုပ်များ

ရှေးအခါက ဘယ်လိုတူရိယာတွေအသုံးပြုခဲ့သည်ကို အထောက်အထားရှာဖွေသည့်အခါ ယခုမြို့ဟောင်းမြို့ (ယခင်မြောက်ဦးမြို့) ရန်အောင်ဇေယျခေါ် ရှစ်သောင်း ပုထိုးတော်ကြီး ဒုတိယအထပ် အင်္ဂါထောင့်၊ ရာဟုထောင့်တို့တွင် ထွင်းထုထားခဲ့သော ရခိုင်တူရိယာတီးမှုတ် ကခုန်နေသော ကျောက်ရုပ်များကို ယနေ့တိုင်တွေ့နိုင်ပါသည်။ တယော၊ စောင်းကောက်၊ ခရာမြွှာ၊ ခရာကောက်၊ လက်တံရှည်၊ ခွက်ခွင်း၊ ပတ်သာ၊ လင်းကွင်း အစရှိသော တူရိယာများကို တီးမှုတ်ကခုန်နေကြဟန်ကို တွေ့မြင်ရပါသည်။ အတီးအမှုတ် တူရိယာများအနေဖြင့် ရှေးဦးစွာ အိန္ဒိယအရှေ့ဘက်မှ ဆင်းလာခဲ့သော်လည်း ရခိုင်အမျိုးသားတို့အနေဖြင့် သဘာဝအခြေအနေအလျောက် တီထွင်ခဲ့ခြင်းဖြစ်ပါသည်။ ယိုးဒယားအကကို မြောက်ဦးခေတ်၌ ရရှိခဲ့သည်။ သီရိသုဓမ္မာရာဇာလက်ထက် ဘိသိက်ပွဲ တီးမှုတ်ကခုန်ကြပုံကို မျက်မြင်ကိုယ်တွေ့ဖြစ်သော ပေါ်တူဂီဘုန်းတော်ကြီးတစ်ဦး၏ မှတ်တမ်းမှ ကောက်နုတ်ပြီး မစ္စတာမော်ရစ်ကော်လစ်(စ)က အောက်ပါအတိုင်း ရေးသားထားရှိသည်။

The proceeding opened with a concert and a ballet. Classical songs were sung, and twenty-four dancers dressed in green and white, with high crowns like Siamese dances, some carrying musical instruments, danced in two lines which intermingled seperated, ebbing and flowing gracefully advance which is reminiscent both of the Burmese yein and the Balinese rdejang.

ရှေးအခါက သဘင်ကို ချီးမြှင့်သည့်အနေဖြင့် စည်သဘင်အမတ်ကြီးဟူ၍ပင် ရှိခဲ့ပါသည်။ အတီးသမား အကသမားများကို သီးခြားနေရာချပေးထားသည်ကိုလည်း တွေ့ရှိရပါသည်။

## ရခိုင်စည်

ရခိုင်အမျိုးသားများအနေဖြင့် အသုံးအများဆုံးသော တူရိယာမှာ စည်ပင်ဖြစ်ပါသည်။ စည်ကို အများအားဖြင့် ပိတောက်သားနှင့်လုပ်ပါသည်။ တစ်ဖက်က နွားသရေ တစ်ဖက်က ဆိတ်သရေကို ကြက်ပါသည်။ ဆိတ်သရေကြက်သည့်ဘက်ကို စောင်ဘက်လို့ ခေါ်ပါသည်။ နွားသရေကြက်သည့်ဘက်ကို ဗြိန်းဘက်လို့ ခေါ်ပါသည်။ တစ်ချို့နေရာများတွင် ဗြိန်းဘက်လို့ မခေါ်ဘဲ ဂွမ်းဘက်လို့ ခေါ်ပါသည်။ စောင်ဘက်ကို အခြင်းဘော်ရေဘက်လို့ ခေါ်ပါသည်။ ဗြိန်းဘက်ကို အသံလိုက်တယ်ဘက်လို့ ခေါ်ပါသည်။ စည်တီးသည့်အခါ "ဘေထီး၊ ဘေထီး" ဆိုသော အသံများမထွက်ဘဲ "စောင်ဗြိန်း"ဆိုသော အသံမျိုးထွက်ပြီး တစ်စုံတစ်ခု ကောင်းမှု ကုသိုလ်ပြုသည့်အခါ ယင်းကောင်းမှုနှင့်သက်ဆိုင်သည့် တီးလုံးတီးကွက်မျိုးများကို တီးရပါသည်။ စောင်ဘက်ကို လက်နှင့်အခြင်းဖော်ပြီးလျှင် ဗြိန်းဘက်ကို ဆင်စွယ်ခေါ်သည့် တုတ်နှင့်တီးရပါသည်။ မင်္ဂလာရှိသော အမှုကိစ္စမှာတီးမည်ဆိုပါလျှင် စည်တို့၏ ထုံးစံအတိုင်း အဝတ်ဝတ်ရပါသည်။ အမျိုးအစားအားဖြင့် (၂)မျိုး၊ (၃)မျိုး ရှိပါသည်။ စည်ဝတ်ခါးပုံကြီး၊ ရင်သိုင်းဘူးပွင့်တွဲအစရှိသည့် အဝတ်အစားများကို ဝတ်ဆင်ရပါသည်။ စည်တီးသည့်အခါ ပဏာမအနေဖြင့် ဗုဒ္ဓပဏာမကို တီးပါသည်။ "ဗုဒ္ဓသရဏံဂစ္ဆာမိ"ကို တီးကြပါသည်။ ၎င်းပြင် "အဘိဉာဏ်ရောင်၊ ထိန်လင်းပြောင်"ကိုလည်း တီးကြပါသည်။

**ဥပမာ** - အသိဉာဏ်ရောင် ထိန်လင်းပြောင်၊ အခေါင်စိုးရှိန် မာရဇိန်ဆိုသည့်အပိုဒ်ကို တီးသည့်အခါ အောက်ပါအတိုင်း တီးရပါသည်။

အဘိ (ဉာဏ်ရောင်)၂ ထိန်လင်းပြောင်။

ဗြိန်း (ဗြိန်း)၂ ဗြိန်းစောင်ဗြိန်းစောင်၊ ဗြိန်းစောင်စောင်

ဤကဲ့သို့ စည်တီး၍ဆိုသောအသံမှာ ရခိုင်ရိုးရာ တေးသံတစ်မျိုးပင်ဖြစ်ပါသည်။

## စည်မျိုးများ

ရာဇဝင်မှတ်တမ်းတို့၌ အောက်ပါစည်များကို ရခိုင်အမျိုးသားများအသုံးပြုခဲ့ကြသည်ဟု တွေ့ရပါသည်။ ၎င်းတို့မှာ မြှောက်စည် (ဗဟိုစည်)၊ သံလွင်စည်၊ မုရိုးစည် (စည်ဖြော)၊

စည်ပုတ်၊ စည်ကြီး (ရွှန်းစည်)၊ ဒုံမင်း၊ စည်ပန်းတောင်း (စည်ပဒေါင်း)၊ စည်ဝမ်း၊ ပတ်သာ (ပတ်မ)၊ တစ်ဖက်စည်၊ ပန်းတျား (ပန်းကျား)၊ ခတ်စည်၊ စည်သျှေ၊ စည်အိုင့် (အိုးစည်) စသည်တို့ပင် ဖြစ်ပါသည်။

## ယနေ့တိုင်သုံးနေသည့် စည်များ

ယနေ့တိုင် ရခိုင်အမျိုးသားများသုံးနေကြသည်များမှာ ပန်းတျား၊ မုရိုး၊ ခတ်စည်၊ ကျင်စည်၊ စိုင်တစ်မျိုး၊ ဗုံရှည်စည်များ ဖြစ်ကြသည်။

အသုဘကိစ္စတို့၌ ခတ်တင်စည်ခေါ် စည်ရှည်မျိုးကိုသုံးကြသည်။ မင်္ဂလာဆောင် သမက်တက်သည့်အခါ ပန်းကျင်းခေါ် သမက်တက်စည်ကို တီးကြသည်။ နတ်ကသည့်အခါ ပန်းတျားစည်ကိုတီးကြသည်။ ပတ်တီးသည်ဟူ၍လည်း ခေါ်ဆိုပါသည်။ ရှင်ပြုမင်္ဂလာပွဲများ၌ ပြောစည်ခေါ် ပြောကို တီးကြသည်။ မုရိုးစည်ဟူ၍လည်း ခေါ်ပါသည်။ တပို့တွဲလ ရထားပွဲတွင် တစ်ဖက်ပိတ်စည်ခေါ် အိုးစည်ကို တီးကြသည်။ ဘုရားထီးတင်ပွဲများတွင်လည်း အိုးစည်ကို တီးကြပါသည်။ ကျင်စည်ကို ရခိုင်အမျိုးသားတို့၏ ထင်ရှားသော ကစားခုန်စား တစ်ခုဖြစ်သည့် ကျင်ကိုင်ပွဲ (နပန်းသတ်ပွဲ)တို့၌ တီးခတ်ရ၏။ ဤစည်တီးခတ်လိုက်လျှင် ကျင်သန်များသည် စိတ်ရဲရင့်လာပြီး ကြောက်စိတ်ပျောက်သွားလေ့ရှိသည်။ ဤစည်ကိုပခုံးနှင့် စလွယ်သိုင်းလျက် အထက်သို့ မျက်နှာဝကို စောင်းငဲ့ကာထားပြီး လွှားရင်းခုန်ရင်း စိတ်အား တက်ကြွလာစေရန် တီးခတ်ရ၏။ ယနေ့တိုင် ကျင်ပွဲများ၌တီးခတ်ဆဲဖြစ်ပါသည်။

'စိုင်'ခေါ်သည့် စည်တစ်မျိုးကို ကျောက်ဖြူ ရမ်းဗြဲ ကျေးလက်များ၌ တီးခတ်ကြသည်။ ထိုစည်မှာ ပါးလွှာစွာအခေါင်းထွင်းထားပြီး သားရေကြက်ထားသဖြင့် ပေါ့ပါးလှသည်။ အသံမှာလည်း ထိန့်ထိန့်ကြိုးမျှ မြည်ဟည်းလှသည်။ ၎င်းဒေသတွင် ဗုံဟုခေါ်သည်။ သင်္ကြန်ပွဲ၊ ဘုရားပွဲများ၌ တီးခတ်လေ့ရှိကြသည်။

## ပတ်သံ

ဖော်ပြသောပတ်သံကို ယနေ့တိုင်ကြားနေရပါသေးသည်။ နတ်ပူဇော်သည့်အခါ၊ နတ်ကသည့်အခါ တီးကြပါသည်။ ဆိုကြပါသည်။ ဤအသံကိုလည်း ရခိုင်တေးသံတစ်မျိုး ဟု ခေါ်ဆိုနိုင်ပါသည်။ ကျောက်ရှင်နတ်ကြီးပတ်သံကို အောက်တွင်တင်ပြလိုက်ပါသည်။

"အသူရို့ တက်တောင်ညိုတောင်၊ မောင်သျှေရို့ တက်တောင်ညိုတောင်၊
တောင်ထိပ်ချာမြင့်၊ အံ့လောက်ယင့်၊ တက်လီတက်လီ၊ ကျောက်လေ့ကားကို တွိရမေ၊

လိုကားလည်းရောက် တစ်ဆင့်ထောက်၊ ဆီးကွမ်းလည်းဝါး တစ်ချက်နား။ တက်လိုက်
တက်လိုက် နဂါးရစ်ကိုပတ်ရမေ။ ပတ်တေပတ်တေ၊ ပတ်လတ်တေ။ ပတ်တေအပြီး
တောင်စွယ်ကြီး၊ နဘယ်ရောက်တောင်မစောက်။ အမောက်ကျော်ခါ တောင်နား
ခေါင်းကို ကျော်လတ်တေ။
တောင်စွယ်တောင်ပတ်တောင်ဘယက်၊ ကျောက်ကလပ်ပြင် ကျောက်နတ်ရှင်၊
ကျောက်ရှင်နတ်ကြီး ရှိတော်ထီးကို တွိရမေ---လေ---၊ တွိရ---မေ---။

## ရခိုင်တရော

ဤသို့ စည်သံပတ်သံများကိုတင်ပြပြီးနောက် ဆက်လက်ပြီး ရခိုင်အမျိုးသားများ ယနေ့တိုင် အသုံးပြုနေကြသည့် ရခိုင်မူပိုင်တရောအကြောင်းကို တင်ပြလိုပါသည်။

တန်ခိုးဆရာထွန်းကြီးက တိုက်သာချင်းမှာ ဤသို့ရေးသားထားပါသည်။

"မယားကျွေးမှု၊ သားကျွေးမှုကေ၊ တစ်ခုပညာ၊ ကိုယ်စီပါကေ၊ ဓမ္မတာ
သဘော၊ လောကတံထွာ၊ ကျွန်ုပ်မှာကား၊ ဥစ္စာရှာဌြား၊ သူများဟန်လေ၊ အားအန်
ထုတ်ကေ၊ မလုပ်ဌြားဘဲ၊ တရောတစ်လုံး၊ အများသုံးအောင်၊ အုန်းသီးခွံနီ၊ ကြောင်ရီ
ကိုကြက်၊ တရောတံကို၊ ဟန်အောင်လုပ်ကေ၊ ကျီးရုပ်ငှက်နှင့်"

ယခုအခါ အချို့သောဒေသများ၌ မာလခွံ(အုန်းသီးခွံ) တရောကို အသုံးပြုနေကြဆဲပင် ဖြစ်ပါသည်။ ရခိုင်ရိုးရာ မူပိုင်တရောဟု တချို့ဆိုကြပါသည်။ တရောသည် ရခိုင့်အခြေခံ တရောပင် ဖြစ်သည်ဟု ယူဆပါသည်။ သို့သော် ရခိုင်အမျိုးသားတို့မှာ ထိုထက်တိုးတက်ပြီး အဆင့်အတန်းမြင့်သော တရောတူရိယာကို အသုံးပြုခဲ့ကြပါသည်။ ဤနေရာ၌ ရခိုင်တရော အစိတ်အပိုင်းများကို အနည်းငယ်တင်ပြလိုပါသည်။

တစ်နေရာ၌ ဖလားခေါ် တရောခွက်၊ လက်ရုံး၊ ဘွဲ့၊ ကြိုး၊ လိပ်ခေါ် ခုတုံး၊ ကြိုး ဘွဲ့ရာဒလက်၊ အသံပေါက်ခေါ် နတ်သမီးပေါက်၊ တရောအိုး၊ ညောင်ရွက်စသည့် အစိတ် အပိုင်းများ ရှိကြသည်။ ပထမတရောခွက်ကို အထူအပါး၊ ဖလားသဏ္ဍာန် ညီထွင်းပြီးလျှင် သားရေကြက်ရသည်။ ၎င်းနောက် လက်ရုံးသစ်ချောင်းကိုထိုးထည့်ပြီး ဒလက်ပေါက်ဖောက် လျက် ဒလက်တက်တပ်ခြင်း၊ ကြိုးတွဲခြင်း၊ ကြိုး၏အခု ခုတုံးလိပ်တပ်ခြင်းစသည်ဖြင့် အစီစဉ် အတိုင်း ပြုရလေသည်။ တရောခွက်ကို ပိန္နဲသားအနှစ်ဖြင့် ပြုလုပ်သည်။ သို့သော် ကြေးဖလား ခွက်ကိုလည်း အသုံးပြုကြသည်။ လက်ရုံးကို ရှားသားဖြင့်ဖြစ်စေ၊ ကွန်းသား၊ ပျဉ်းကတိုး

(ပြိုင်း)သားဖြင့်ဖြစ်စေ ပြုနိုင်သည်။ တရော့ခွက်ကို ကြက်ရာ၌ သမင်ရေ ဆိတ်ရေ ဂျီရေတို့ကို အသုံးပြုသည်။ ဘွဲ့ကြိုးကိုမူ ခြည်အကောင်းစားကို သုံးလွန်းတင်ကျစ်၍ လက်ရုံးအရင်းအဖျား စွန်းကို ညောင်ရွက်ဟုခေါ်၍ ထိုအောက်နီးနီးတွင်လက်ရုံးကို ဘွဲ့ကြိုးအလိုက် ဖောက်သည်။ ထိုအပေါက်ကို ဒလက်တပ်ရသည်၊ ဘွဲ့ကြိုးစွန်းကို ဒလက်ဖျားစွန်းတွင်ရစ်ချည်၍ ဘွဲ့ကြိုးကို အသံညှိညှိပေးရသည်။ ဘွဲ့ကြိုး၏ လက်ရုံးနှင့် ထိတွေ့မနေရန် ခုတုံးခေါ် လိပ်ကို ခုပေးသဖြင့် ကွာ၍ ရှိနေသည်။ ဒလက်ဖျားတွင် ချည်ထားသောဘွဲ့ကြိုးများ တစ်ပူးတည်းရှိစေရန် လက်ရုံးကိုသိုင်း၍ ခြည်ကြိုးဖြင့် ထိန်းပေးထားရသည်။ ရခိုင်တရောတွင် ကြိုးနှစ်ပင် တပ်ရ သည်။ တရောထိုးတံတွင် တောင်လျှော်ခေါ် သော လျှော်တစ်မျိုးကို ကြိုးအဖြစ်ဖြင့်တပ်ဆင်ကြ သည်။ တရော၏ဘွဲ့ကြိုးနှင့် ထိုးကြိုးနှစ်ရပ်လုံးကို ချောမွတ်စေရန်မထိုးမီ ပျားဖယောင်းဖြူ ကောင်းကောင်းဖြင့် ပွတ်တိုက်ပေးရလေသည်။

တရောကို လုံးချင်းထိုးနိုင်သည်။ စောင်းညှင်းပြွေများနှင့်လည်း တွဲ၍ထိုးနိုင်သည်။ ရခိုင်အမျိုးသားများကပြသော ပင့်ကုဇာတ်ပွဲသဘင်၌ တရောသည် အရေးပါလေသည်အခြား တူရိယာများနှင့်ယှဉ်တွဲ၍ တီးမှုတ်ကြသည်။ ရှေးအခါက မင်းခမ်းမင်းနားများ၌ အသုံးချ သော်လည်း ဆင်းရဲချမ်းသာမရွေး အသုံးပြုနိုင်သော တူရိယာပင် ဖြစ်ပါသည်။ တစ်ယောက် ချင်း သီဆိုကာထိုးရာ၌ တရောကို မြေကြီး၌တည့်တည့်မတ်မတ်ထောင်ထား၍ ပခုံးတွင် မှီကာ ထိုးကြသည်။ များသောအားဖြင့် ပိုးဝါဘွဲ့၊ စန္ဒြားဘွဲ့၊ ထမရာဘွဲ့၊ သာခြင်း၊ ယိုင်းခြင်း၊ ပုသျှော့ချော ပုခက်လွှဲ၊ ရွှန်းလိုက်ရတု၊ သာစွလေ၊ လင်္ကာ၊ ခြင်း၊ ဇမ်ခြင်းကိုလည်း သီဆိုပြီး ထိုးနိုင်လေသည်။

## ရခိုင်မိကျောင်းတူရိယာ

ရခိုင်အမျိုးသားတို့သည် မိကျောင်းတူရိယာကို မြောက်ဦးခေတ်၌ အသုံးပြုခဲ့ကြ သည်ကို တွေ့ရပါသည်။ ပိုးဝါဘွဲ့၌ မိကျောင်းတူရိယာအကြောင်းကို ဖွဲ့ထားသည်ကို တွေ့ရပါသည်။

"မင်းသားလူပျို၊ ဆရာကျောင်းမှာ၊ စောင်းနှင့်ပျော်ရေ မတီးချင်ကေ၊ ဇောင်ပင်မင်းသား၊ ကျောင်းစည်တိုင်မှာ၊ ရှိမိကျောင်းကို၊ တင်လို့ထားရေ ဆယ့်ရီး ရံခါ၊ စိတ်ကိုဖျော်ကေ၊ တီးစရာလေ၊ ပိုးခြည်နှစ်ပင်၊ ကြိုးတစ်ပင်ကေ၊ စွယ်ရှင် လေးချောင်း၊ စိတ်ကိုဖျော်ရေ ရှိမီးကျောင်းကို၊ တင့်ကြောင်းတည့်သခြေ၊ အသာ တည့်တင်ပြီး၊ သုံးပင်ကြိုးကို၊ ညီအောင်ညှိရေ ထုံးကိုကင်၊ ကျားကိုသင်၊ မှန်ကြိုးကို ခတ်လို့၊ လက်သန်းလက်လယ်၊ လက်ကြွယ်လက်မ၊ စောင်း ဆယ်စိတ်မှာ၊ ရောက်လို့

ချရေ ညာဘက်လက်ညှိုး၊ မိကျောင်းလိုင် (လည်)မှာ၊ စီလို့ထိုးရေ”

ခြင်းမျိုးစုံဖော်နိုင်သည့် တူရိယာပင်ဖြစ်သည်။ ကြိုးကိုအသုံးပြုရသော တူရိယာပင် ဖြစ်လင့်ကစား ခတ်၍တီးရသည်။ ယခုခေတ် ဘင်ဂျိုဂီတာများကဲ့သို့ပင်ဖြစ်သည်။

## ရခိုင်စောင်းတူရိယာ

ရခိုင်စောင်းတူရိယာကို မြောက်ဦးခေတ်၌ အသုံးပြုကြသည်ကို တွေ့ရပါသည်။ ‘မိုးပန်းဝေ’ သာချင်း၌ ဤသို့ ဖွဲ့ဆိုထားသည်ကို တွေ့ရပြန်ပါသည်။

> “ဆရာမောင်ထွီး၊ လက်ကောက်စီးမှား၊ ထွင်းလုပ်ပါသည်၊ လှရာစိတ်ကြိုက်၊ ပြားနံ့နှစ်ကို၊ ထုလုပ်သည်ကား၊ ဝိဉာဏ်ဝင်ပျှာ၊ အရှင်တွားသို့၊ ပိုးသားတပင်၊ ခြည်လျှင်တမျိုး၊ အနောက်ပါသည်၊ ကြိုးဝါကြိုးနှင့်၊ လှမိုးငယ်ကြင်၊ ရင်ခွင် တင်ကေ၊ ညီကျင်သည်ပ၊ ဟတ္ထာလက်ျာ၊ လက်ညှိုးမှာကို၊ စီကာခတ်မြဲ၊ လက်ဝဲကိုသိတ်၊ ခလုတ်ခေါ်ရာ၊ စောင်းစီမှာလျှင်၊ ကြွကာနှိပ်ကေ”

## ရခိုင်ပလွေတူရိယာ

တူရိယာငါးပါးမှာ လေဖြင့်မှုတ်ရသော ‘သုသိရ’ခေါ် အခေါင်းရှိရေ တူရိယာ (၈)ပါး ရှိသည်ဟု ရခိုင်ရာဇဝင်ကြီးတွင် ဖော်ပြထားပါသည်။ ၎င်းတို့မှာ-

(၁) ဒုလောင်း

(၂) ခရာကောက်

(၃) ခရာမြွှာ

(၄) လက်တံရှည်

(၅) နှဲ

(၆) ပြွေဆိုသော ပလွေ

(၇) ခရုသင်း

(၈) ဖက်လိပ်ဆိုသော ဩခေါင်း

ဤမှုတ်ရသောတူရိယာများသည် ပွဲလမ်းသဘင်၊ မြို့တွင်းမြို့ပြင်တို့မှသာမက တောလက် ကျေးရွာတို့မှာလည်း တောင်သူလယ်သမား၊ နွားကျောင်းသား၊ သစ်ခုတ်၊ ငါးရှာ၊ ဖောင်စီး၊ ဟင်းခူးသားတို့၏ အပေါင်းအဖော်ပင် ဖြစ်ပါသည်။ ဤကဲ့သို့ လေဖြင့်မှုတ်ရသော တံပိုးမျိုး တွင် ဖက်လိပ်ပလွေပင် ဂီတသံအဖြစ် ပါဝင်နေသည့်အတွက် တန်ဖိုးရှိပါသည်။

ရခိုင်ပလွေနှင့်မြွေမှာ တူရိယာအမျိုးအမည်အားဖြင့်တူသော်လည်း အသွင်အပြင် ကွဲလွဲပါသည်။ ပလွေမှာ ထွင်းထုထားသော အခေါင်းငယ်ပြီး မြွေမှာအခေါင်းကြီးပါသည်။ ပလွေအမျိုးမျိုးရှိခဲ့ပါသည်။ ပလွေအတို အရှည်လည်း ရှိပါသည်။ အပေါက်လည်း အမျိုးစုံရှိပါသည်။ အချို့ပလွေကို တတဲ့(တည့်တည့်)မှုတ်ရပြီး အချို့ကို စောင်းကန်း (တစောင်း)မှုတ်ရပါသည်။ ထူးခြားသော ရခိုင်ပလွေအမျိုးမှာ 'ခင်ပလွေ'ပင် ဖြစ်ပါသည်။ ပါးစပ်ဖြင့်ကိုက်၍မှုတ်ရာတွင် ပလွေအခင်းဖျား၌ တွင်း(ကျင်း)ကလေးဖောက်ပြီး အခင်ခေါ်သည့် လျှာတပ်ထားရပါသည်။ ထိုအခင် ပြုတ်ထွက်လွတ်၍မကျအောင် ဖယောင်းဖြင့် ဖိကပ်ထားရပါသည်။ မှုတ်သည့်အခါ ထိုအခင်ကို ပါးစပ်ဖြင့်ငုံ၍ မှုတ်ရပါသည်။ အပေါက်ကလေးများကို ပိတ်ဖွင့်ပေးရပါသည်။ အခင်ကိုတပ်၍လုပ်ထားရသည့်အတွက် ခင်ပလွေဟုခေါ်ပါသည်။

ရမ်းဗြဲမှာဆိုလျှင် ဇမ်းခေါ်သဘာဝတေးသံများဆိုကြသည့်အခါမှာ 'စံညွှင်းပလွေ၊ ပလွေစံကျော် မှုတ်လို့ခေါ်'ဟု ပါရှိသည်ကိုတွေ့ရပါသည်။

## ရခိုင်တူရိယာမျိုးစုံ

ရခိုင်အမျိုးသားများသည် တူရိယာမျိုးစုံကို အသုံးပြုခဲ့ကြလေသည်။ ရာဇဝင်လင်္ကာ၌ အောက်ပါအတိုင်း ဖော်ပြထားလေသည်။

> "သာကြေညွှင်းညွှင်း၊ အေးသီခြင်းနှင့်၊ ညွှံ့နုသာခြင်း၊ စောင်းနှင့်ညင်းလျှင်၊ သံချင်းနှော၍၊ ပတ္တလားက၊ မခြားတူထ၊ တယောစသည်၊ ခေါ်ထနာမ၊ သုသိရနှင့်၊ ပဉ္စမည်သာ၊ တူရိယာက၊ ခရာတန်ကောက်၊ နှဲပြွေမြောက်၍၊ အစောက်ရှည်ပြား၊ ပန်းတလျားနှင့်၊ ပန်းကျားပတ်ဝန်း၊ ပတ်ဆိုင်းထမ်းဖြင့်၊ ကြိုးတန်းလျှောက်လား၊ ကဒြိမ်များနှင့်၊ ထီးပြွားရိုက်မည်၊ ခတ်ငါးမည်တည်"

ဥက္ကာပျံ (၁၂)ရာသီ ရှန်းလိုက်ရတု၌လည်း 'ပိန်ပေါင်ခရာ၊ စည်ဒုပ္ပါနှင့်'ဟူ၍လည်းကောင်း၊ 'စည်ပျက်သံဝါ၊ ဘောမှုတ်ကာသည်၊ ပတ်သာမြို့လုံးခြုံ' ဟူ၍လည်းကောင်း ဖွဲ့ဆိုထားသည်ကို တွေ့ရှိရပါသည်။

## ရခိုင်ကဗျာဂန္ထနှင့် တေးသံစုံ

'ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတု' စသည့် စပ်ဆိုနည်းတို့၌-

(၁)အသံတွဲလိုက်နည်း၊ (၂) အစဝင်ဆိုနည်း၊ (၃) ပြန်ဂဟတ်ဆိုနည်း၊ (၄) အစဖြတ်

နည်း၊ (၅) ကိုယ်တွင်းပြည့်ဆိုနည်း၊ (၆) စပ္ပာယ်ချိ စပ္ပာယ်ချဆိုနည်း၊ (၇) မြင်းဇက်ခွဆိုနည်း၊ (၈) ကန့်လန့်ထွေလာဆိုနည်း၊ (၉) ဇော်တခိုင်လုံးကျဆိုနည်း၊ (၁၀) မိဿကဆိုနည်း၊ (၁၁) ဓမ္မတာဘွဲ့ဆိုနည်း၊ (၁၂) သဘောထမ်းဆိုနည်း၊ (၁၃) သဝေမပါ ဆိုနည်း၊ (၁၄) ခိုင်ညွှန့်ခက်ဖြာဆိုနည်း၊ (၁၅) တပြန်ညီဆိုနည်း၊ (၁၆) အာသာဝတီ ဝဏ္ဏချဆိုနည်းစသော နည်းတို့ကိုပြရာ 'ကဝိကဏ္ဍာပါသမည်သော ရခိုင်ဆန်းကျမ်း'ဟူ၍ ရေးသားထားသည်ကို ကျွန်တော်ဖတ်ဖူးပါသည်။

ကဝိကန္ဒကျမ်းသည် ရခိုင်ဝေသာလီခေတ်ကစ၍ ရခိုင်ပြည်၌ ပေါ်ထွန်းခဲ့သည်ဟု ခန့်မှန်းခဲ့ကြပါသည်။ ထို့ကြောင့်လည်း အလွန်ရှေးကျသော ရွှန်းလိုက်ရတုများ၊ ကဗျာလင်္ကာများကို တွေ့ကြရပါသည်။ ရခိုင်တေးသံများကို ရှာဖွေဖော်ထုတ်လိုက်သည့်အခါ ရွှန်းလိုက်ရတု၊ သာချင်း၊ ဧချင်း၊ ဘွဲ့၊ ဟန်စွလေ-လေ့တော်သံ၊ သံချပ်ကြီး၊ ဒုံးခြင်း၊ ပင့်ကူခြင်း၊ ငစွယ်ခြင်း၊ ဇမ်း၊ စကားယင့်၊ စည်သံ၊ ပတ်သံ၊ ဗျာခြင်း၊ ယိုင်းခြင်းများနှင့် ကျေးလက်တေးသံများ ပေါ်ထွက်လာလေသည်။ ကျွန်တော်နှင့် ဆရာဦးသာထွန်းတို့သည် ၁၉၅၈-ခုနှစ်စက်တင်ဘာလအတွင်းကစပြီး အထက်ပါရခိုင်တေးသံများကို အသံသွင်းယူကြပြီး မြန်မာ့အသံမှ အသံလွှင့်ခဲ့ကြပါသည်။ ရခိုင်အသံမှလည်းမပြတ် အခါခါလွှင့်ထုတ်ပေးခဲ့ကြပါသည်။

## ရခိုင်သဘာဝတေးသံများ

ရခိုင်ဂီတနှင့်ရခိုင်တေးသံများသည် ရခိုင်တောင်သူလယ်သမားများနှင့် လုပ်သားပြည်သူတစ်ရပ်လုံး၏ မူပိုင်ဖြစ်သည်။ ရှေးအခါက ရခိုင်ဂီတနှင့်တေးသံများကို မင်းခမ်းမင်းနားများ၌ အသုံးပြုခဲ့ကြသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်အချို့တို့အား ရည်စူး၍ဖွဲ့ဆိုကာ တီးမှုတ်သီဆိုခဲ့ကြသည်။ သို့သော်လည်း ရခိုင်ဂီတနှင့်တေးသံများကို မိမိတို့သဘာဝအခြေအနေအလျောက် ရခိုင်တောင်သူလယ်သမားတို့ကလည်း အသုံးပြုခဲ့ကြလေသည်။ ရခိုင်တေးဂီတသည် ရခိုင်အမျိုးသားတိုင်း၏ ဒေသ အခြေအနေနှင့် အချိန်ကာလအလျောက် ဖူးပွင့်လန်းဆန်းခဲ့ပါသည်။ ရခိုင်ရွှန်းလိုက် ရတု-ဧခြင်း၊ ဘွဲ့၊ သာခြင်း စသည်တို့ကို (CLASSICAL SONGS) ရိုးရာသီချင်းများဟု ခေါ်ဆိုနိုင်ပြီး ဒုံးခြင်း၊ သံချပ်ကြီး၊ ယိုင်းသာခြင်းများကို (FOLK SUNGS) ကျေးလက်သဘာဝတေးသံများဟု ခေါ်ဆိုမည်ဆိုက ခေါ်ဆိုနိုင်လိမ့်မည်ဟု ထင်ပါသည်။ ယခုအခါ ထိုနှစ်မျိုးစလုံးကို ကျေးလက်ဒေသများ၌သာ များသောအားဖြင့် တီးမှုတ်သီဆိုလေ့ရှိကြသည်ကို တွေ့ရလေသည်။

အချိန်ကာလကိုလိုက်၍ ပျော်ပါးသီဆိုတီးမှုတ်ကြပုံကို ဥက္ကာပျံ(၁၂)ရာသီရတုဒွ် ဝါကျွတ်လအကြောင်း ဖွဲ့နွဲ့ထားသောအပိုဒ်တွင် အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

## "ဝါကျွတ်သဘင် ပျော်မှုဆင်သည်"

"သူတော်စိတ်မှတ်၊ လဝါကျွတ်သည်၊ ဆန်းလတ်ခါ၊ လူ့ရွာပွဲသဘင်၊ ဆီမီးတန်ဆောင်၊ ပန်းထောင်ထီးကြီးပျင်၍၊ သင်ပုန်းတင်၊ တန်းပြက်ခတ်၊ အဌသီနှင့် ပဥ္စာသီကို၊ အညီစောင့်သုံးမှတ်၍၊ ဒါနဝတ်စွန့်ကြလျှ၊ မင်းပွဲသဘင်၊ မြို့ပြင်တချို့လူက၊ သီဇာဟူသောက်မြွန်းမြွန်း၊ ကောင်းမှုလက်ဆောင်၊ ထမင်းထောင်ကို ဝန်း၍၊ အုံဖွေမှုအသံချို၊ လက်ခုပ်ဖြောက်ဖြောက်၊ ခြင်းကောက်သံပြိုင်ဆို၍၊ အလိုလို သောသောရှု၊ ဝါကျွတ်သဘင်၊ ပျော်မှုဆင်သည်။ လူရှင်အစုစုနှင့်၊ ယစ်ဝမှုအော့အန်ကာ၊ တချို့ကိုလည်း တချို့ဆဲသည်၊ တချို့ရိုက၊ ရန်ခိုက်ရှာ၍၊ တချို့ရိုက ပြစ်တင်ကုန်၊ ပိန်ပေါင်ခရာ၊ စည်ဒုပ္ပါနှင့်၊ ပတ်သာမြို့လုံးခြုံမျှ၊ ကခြိမ့်ပတ္တလား၊ စောင်းညှင်းပြွေသာတူရိယာသည်၊ လူ့ရွာ သဘင်များနှင့် တသောသောထမင်းထောင်၊ လိုဏ်ဂူထွန်းထား၊ ဘုရားပါး ရောက်အောင်တည်း"

ဤသို့လျှင် ဝါကျွတ်ပွဲသဘင်၌ တီးမှုတ်ကခုန်ပြီး တေးဆိုကြခြင်းများကို သရုပ်ဖော်ထားခြင်းဖြစ်ပါသည်။ ရခိုင်အမျိုးသားတို့၏ ရာသီပွဲများ၊ အကသဘင်များ၊ ဘာသာရေးအရ ထုံးတမ်းစဉ်လာရိုးရာအရ ကျင်းပသောပွဲလမ်းများ၌လည်း တီးမှုတ်ကြရာတွင် ရခိုင်ဂီတနှင့် တေးသံများကို ကြားရပေလိမ့်မည်။

## ရခိုင်ခြေင်း

ရခိုင်ဂီတအကြောင်းကို အတော်အသင့်တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ရခိုင်တေးသံများနှင့် ပတ်သက်၍လည်း အနည်းအကျဉ်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ရခိုင်ရိုးရာ တေးကဗျာများကိုခွဲခြား၍ လေ့လာနိုင်ရန် အနည်းငယ်တင်ပြလိုပါသေးသည်။ ရခိုင်ရိုးရာ သီချင်းအနေဖြင့် ခြေင်းကို အောက်ပါအတိုင်းဖော်ပြလိုပါသည်။ ခြေင်းဆိုပုံ ဆိုနည်းများမှာလည်း ၈-၈ လူလူ ဆွဲငင်၍ သာယာပျော့ပျောင်းစွာ သီဆိုရင့်ကျူးရပါသည်။

**ဥပမာ ပြရမည်ဆိုပါလျှင်-**

"ဧးယင်ယင်ဧး။ ။ ဧးလျှက်ပုံပျူး၊ ရိုက်ကာကျူးပိမ့်၊ ပေါ်ဦးကမ္ဘာ၊ အစစ္စာက၊ ငါးကြာပွင့်လိုက်၊ ရောင်မြိုက်ညဏ်ဖြူ၊ ငါးဆူရှင်နည်း၊ ပွင့်မည်ချည်းတွင်၊ မိတ္တည်းမရောက်၊

လေးပါးနောက်ဝယ်၊ ငါးထောက်ထောင်တာ၊ သာသနာတွင်း ငါးစင်းအမြွတ်၊ နဝတတ်ရိက၊ ငါးရာရသား၊ ကစ္ဆပနဒီ၊ ဤသည်ညာမွန်၊ ယဥ်တန်တစ်ဖက်၊ ပင်လယ် ထွက်မှ၊ နှစ်ဖက်ကမ်းပြီ၊ ဖြားရိမ့်ဝယ်၊ ရှုဆီပြုဖွာ၊ အာကာမိုခိုင်း၊ တောင်ပြိုင်းပြိုင်းနှင့်၊ ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရက္ခိုင်ညွန့်ဖူး၊ မွန်ကြယ်မြူးသို့၊ မြောက်ဦးရွှီနန်း၊ တည်လတ်ထွန်းသည်။ ။

ဤကျွန်းဇမ္ဗူ။ ထူးတည့်လေ။ ။ ထူးထည့်မောက်တော်၊ ဟုတ်တည်ဩော်၊ ကျော်သည်တစ်ဆူ၊ ဇမ္ဗူဒီပ၊ ကျွန်းလုံးခသည်၊ မင်းတရားကြီးရင်သွီး၊ မောက်တော်ထွီး။ ။ ဧးယင်ယင်ဧး။ ။

# ဘွဲ့

ရခိုင်ဘွဲ့ဆိုပုံမှာ ခြေင်းနှင့်မတူပါ၊ ထာမရာဘွဲ့၊ ပိုးဝါဘွဲ့၊ စန္ဒရားဘွဲ့ဟူ၍ရှိရာ များသော အားဖြင့် စန္ဒရားဘွဲ့ကို သီဆိုလေ့ရှိကြပါသည်။ 'ဘွဲ့'ကို အချို့ 'ဖွဲ့'ဟု ဆိုကြပါသည်။ "ဘွဲ့"သည် ဆိုရာ၌ ဂီတရေးနှင့်လိုက်ပေးရသည်။

# စန္ဒရားဘွဲ့

ထွန်းလင်းကြက်သရေ၊ လူပြည်ကျော်သောင်း၊ မင်းကောင်းရာဇာ၊ ဝေသာလီမှာ မင်းဖြစ် လာရေ။ စကြာအမှန်၊ လုံ့ပုံ့လည်းရ ဘုန်းတော်သံကေ၊ ဝေသာလီမှာ စန္ဒရားလေ။

ဘုန်းအားတက်တိုး၊ အာဏာမိုးကေ၊ နန်းရိုးစိုင်လာ၊ ကျော့ကလိုကားမှာ၊ ကိုးဆယ် ပေါ်ရေ။ ။

# ရခိုင်သာခြင်း

ရခိုင်သာခြင်းအမျိုးမျိုးရှိပါသည်။ သာခြင်းရှည်၊ သာခြင်းတို၊ တိုက်သာခြင်း၊ ယိုင်းသာခြင်းစသည်ဖြင့် ရှိကြပါသည်။ သာခြင်းကို ရခိုင်တောင်သူလယ်သမားများ၏ တေးသံဟု ခေါ်ဆိုနိုင်ပါသည်။ သာခြင်းတတ်တို့သည် သာခြင်းတေးသံဖြင့် အရပ်သူ အရပ်သား၊ တောင်သူလယ်သမားများကို ဖြေဖျော်ကြပါသည်။ သာခြင်းဆိုသည့်အခါ များသောအားဖြင့် ရခိုင်တရောကို ထိုးကြသည်။ လုံးချင်းဆို၍ ကိုယ်တိုင်တရောနှင့် လိုက်ခြင်း ဖြစ်သည်။

သာချင်းများတွင် ပြည်ဖွဲ့၊ မြို့ဖွဲ့များကို တစ်မျိုး၊ သဘာဝအဖွဲ့များကိုတစ်မျိုး၊ အလွမ်းအဖွဲ့များကိုတစ်နည်း၊ အသံကိုဆွဲ၍ သီဆိုရပါသည်။ သဘာဝရှုမြင်ခြင်းနှင့်

လွမ်းဆွတ်တမ်းတပုံကို ဓမ္မဝိဇယသာခြင်း၌ အောက်ပါအတိုင်း ဖွဲ့ဆိုထားပါသည်။

ဂနိုင်ဆိုကေ၊ မြိုင်ညိုအောက်ကို၊ တစ်ယောက်တည်းသာ၊ ရောက်လီပါကေ၊ ဟေမာကုန်ရှောင်း၊ နှိုရာသီမှာ၊ ဂိမ္ဘပြောင်းကေ၊ တပေါင်းချိုးကျူ၊ ရွှက်ဟောင်းညာကြွှီ၊ ရွှက်သစ်နုလို့၊ ညွှန့်ဖူးစီကေ၊ နှိုရတုမှာ၊ ပျိုနုသာယာ၊ ဟေမဝါတွင်၊ ဝိဆာခက်လက်၊ စိမ်းမြညိုကေ၊ ပင်ပျိုထက်မှာ၊ သီးယှက်ပွင့်ခိုင်၊ တကြိုင်ကြိုင်နှင့်၊ ဂနိုင်ကြက်သရေ၊ ဘော်ကွဲသူရို့၊ စိတ်ပူကျွမ်းကေ၊ လွမ်းစဘွေလေ။ ။

× × ×

"တောင်မြောက်ဝဲယာ၊ ရှုကြည့်မျှော်သော်၊ သီဒါတရိုး၊ လီအဟုံကြောင့်၊ ဗလုံထိုးလို့၊ မြူခိုးမှိုင်းမှုံ၊ လှိုင်းကြက်ခုန်ကေ၊ ယက်ဖြူဖွီးဖွီး၊ ပရွက်ဆံ၊ ဂယက်သံလေ၊ ညံမစဲဘဲ၊ ဝဲသြယဟ်၊ ခနောင်းဆံကေ၊ ပြောင်းပြန်အောက်ထက်၊ တပြွက်ပြွက်နှင့်၊ ကျွက်ကျွက်လည်းညံ၊ သမုဒ်ကျယ်ကေ၊ ပင်လယ်မကို၊ မြင်ရပြန်သော်၊ ပူပန်ညှိုးခြောက်၊ အသက်ဝိဉာဏ်၊ ပျက်စီးရန်ကို၊ အလွန်ကြောက်လို့၊ စီးလျှောက်မျက်ရည်၊ အသဲညိုလေ၊ ပြုမတတ်အောင်၊ ငိုလတ်တေလေ။

လင်ယောကျာ်းခရီးထွက်သွားသဖြင့် ရာသီအလိုက် အိမ်သူဇနီးက လွမ်းဆွတ်တမ်းတသော သာခြင်းမှာဆိုလျှင်-

"ဆီးနှင်းစွတ်စို၊ မယ်မှာငိုကေ၊ ပြာသိုလဲပွဲ၊ တပို့တွဲမှာ၊ မီးမယေသဘင်၊ ရထားငင်ကေ၊ ပျော်ရွှင်သောင်းသဲ၊ ရွှာရှေ့ပြင်ကေ၊ မယ်လျှင်စိတ်မှာ၊ ပူကြီးဆွေးလို့၊ မကွဲမကွာ၊ လူတကာမှာ၊ ချစ်ဖော်စုံမက်၊ သည်ကိုမြင်ကေ၊ မယ်လျှင်စိတ်မှာ၊ စိတ်ကြီးပျက်လို့၊ အသက်ကိုပင်၊ မရှုချင်ကေ၊ မယ်လျှင် ဝမ်းနည်း၊ မိုးရာသီမှာ၊ လီထက်သဲလို့----"

× × ×

တိုက်သာချင်းဟူ၍ တစ်မျိုးရှိပါသေးသည်။ ယောကျာ်းနှင့်မိန်းမ အပြန်အလှန်အတိုက်အဆိုင်၊ အချေအတင် ပြောဆိုသည်ကို ဖွဲ့နွဲ့ထားခြင်းဖြစ်သည်။

ဥပမာ---

**ယောကျာ်းဆို ။** ။ "ခနကြွေးငွေ၊ ရချင်ပေ၍၊ ပြည်ကိုလှည့်ပတ်၊ ညီးမသုံကေ၊ ဂုဏ်သတင်းနှင့်၊ သာခြင်းတတ်ဟု၊ ရပ်အဖြာဖြာ၊ အရွှာရွှာမှာ၊ ကျော်ပါတုံလတ်၊ တုပြိုင် သူကေ၊ ပြုမထွက်လေ၊ တစ်ဖက်သားကို၊ စကားဆိုသော်၊ ဇာကိုပင်မောက်၊ အတင်းခံကေ၊ ငါ့ထံရောက်က၊ ပျောက်ရမည်သာ"။

**မိန်းမဆို** ။ ။ "ပြည့်စုံလက္ခဏာ၊ ဤသည်ရှာ၌၊ တစ်ခါတစ်ခေါက်၊ ဖိတ်မံခေါ်ကော၊ လာကာရောက်က၊ ဝမ်းမြောက်ပျော်ရွှင်၊ ပွဲမှာဝင်ကော၊ စိတ်လျှင်လှဲမြူ၊ ဥဩတွန်ယောင်၊ လွမ်းသံကျူမည်၊ မှတ်တုံပေ၍၊ သာကြေချိမော၊ ငါဆိုသံကို၊ တရုံကြားက၊ ကြက်ဖကိုလွန်၊ ကြက်မတွန်ယောင်၊ အသံကျပ်ကျပ်၊ စကားဆင်ခြ၊ အင်မညီကော၊ မပီပြတ်ဘဲ၊ ဖားကြွက်မြည်ဟန်၊ ဝါဝင်းသံကို၊ ကြားလိုက်ပြန်ကော။

× × ×

## ရွှန်းလိုက်

ရခိုင်အမျိုးသားတို့သည် ရွှန်းလိုက်သောတေးသံတစ်မျိုးကို များသောအားဖြင့် ရှင်ပြု မင်္ဂလာဆောင်၊ သမက်တက်တို့၌ ဝိုင်းဖွဲ့၍သီဆိုကြသည်။

ရှင်ပြုပွဲတွင် သီဆိုရန်အတွက်ဆိုလျှင် ရှင်မပြုမီ တစ်လသုံးသီတင်းလောက်ကပင် စဆိုသူက ရွှန်းလိုက်ရတုများကို သီကုံးထားရသည်။ မောင်ရှင်လောင်း၏ အရံလုလင်ပျိုတို့အား 'ရွှန်း'လိုက်ရမည့်နေရာတို့ကို ကြိုတင်၍သင်ကြားထားရသည်။

**ဥပမာ။** ။ 'ငါ့သားထင်ပေါ်၊ ဇနကျော်ကို၊ မယ်တော်ထိုခါ ဖွားသတည်" 'ရွှန်း"။
'ငါ့သားထင်ပေါ်၊ 'မောင်ရှင်နမ ငါနဲ့ရ' 'ရွှန်း'။
'ဣန္ဒသိကြား၊ မိုးနတ်သားသည် အများထင်ကြလော' 'ရွှန်း'။
'သန်းသန်းစိစိ စီးနှင့်လေ၍ မျက်ရည်အထွေထွေနှင့်' 'ရွှန်း'။
'ကြံပေသမျှ၊ သည်အခွင့်မှာ၊ မသင့်ချေတကားဟု' 'ရွှန်း'။
'ခေါင်းမှာထား၊ ဘုရားဖြစ်မည့်သူ 'ရွှန်း'။
'သုံးဘုံလောက၊ ဝေနေယျမှာ ကယ်မမည့်သူ 'ရွှန်း'။

× × ×

မင်္ဂလာဆောင် သမက်တက်တွင်မူ အောက်ပါအတိုင်း သီဆိုလေ့ ရှိကြပါသည်။

'အိုးသျှေတစ်လုံး၊ ခွက်ချေဖုံး၊ ပြုံးသီးဖြူးသွင်၊ သန္တာမေလင်၊ ဝိုင်းလို့ကြည့်' 'ရွှန်း'။

× × ×

ဝေသာလီမှ သုဝဏ္ဏဒေဝီဖွဲ့ဆိုသော 'သိန်ကန်မိ'တွင် ချီရတုနှင့် ဥက္ကာပျံ (၁၂) ရာသီရတုတို့သည် ရွှန်းလိုက်ရတုများ ဖြစ်ကြသည်။ ရွှန်းလိုက်ရတုများသည် ရှေးအကျ

ဆုံးနှင့် ဖွဲ့ဆိုမှု အများဆုံးဖြစ်သည်။

## ဟန်စွလေ– လိုလှော်သံ

ဟန်စွလေ၊ လိုလှော်သံသည် အလွန်ရှေးကျသော အဖွဲ့မျိုး၊ အဆိုမျိုး ဖြစ်သည်။ ဤလိုလှော်သံမှာ ရိုးရိုးလိုလှော်သံမျိုးမဟုတ်ဘဲ ဗျည်း (၃၃)လုံးအစုံတွင် တစ်လုံးကို အကြောင်းအရာတစ်ခုစီ ဖွဲ့ထားသည်။ ယနေ့တိုင် လှိုပြိုင်ပွဲတွင် လိုလှော်သားများ ယိမ်းကာ နွဲ့ကာ တက်ရိုးသံတခေါက်ခေါက်ဖြင့် သီဆိုကခုန်ကြသည်။ အနည်းငယ်ဖော် ပြလိုပါသည်။

**'က'** ကိုမူကား၊ ကဋ္ဌနပဗ္ဗတာ၊ ငွိတောင်သာက၊ ဟသာ်ဝမ်းဘဲ၊ ပျံကာဝဲသည်၊ မစဲရံကာ၊ ရံကာသော်လည်း၊ ဟန်စီလေ-ဟန်စွလေ။ ။

**'ခ'** ကိုမူကား၊ မြွတ်လှသည်းခံ၊ ရသိပျံကို၊ အကြံယူမှား၊ မင်းသားပြည်လျှင်၊ ပြစ်မှားလျှင်ကား၊ ပြည်တော်ဝင်ကာ၊ ဝင်ကာသော်လည်း၊ ဟန်စီလေ-ဟန်စွလေ။ ။

**'ဂ'** ကိုမူကား၊ ယရာဝါသ၊ ကိစ္စများမြောင်၊ လူရှိ့ဘောင်ဝယ်၊ ခွာယှောင်ချိပြီး၊ မင်းကြီးကထင်၊ သားလွတ်လျှင်သည်၊ အထွဋ်တင်ကာ၊ တင်ကာသော်လည်း၊ ဟန်စီလေ- ဟန်စွလေ။ ။

## ဧည့်ခြင်း

ဧည့်ခြင်းကို ဧည့်ကသည့်အခါ ဧည့်တတ်ကဆိုရသည်။ လုံးချင်း ကရသည်။ ဧည့်တတ်တစ်ယောက်တည်းကပင် ဇာတ်ကောင်အမျိုးမျိုးလုပ်ပြီး ကရ၊ ဆိုရ၊ ပြောရသည်။ ကရာတွင် လက်ဖျောက်တီး၍ ကရသည်။ ဧည့်ကရာမှာ လိုသောပစ္စည်းကိရိယာများမှာ ဆုံတစ်လုံး၊ ကန်တော့ပွဲတစ်ခု၊ ဆန်တစ်ခွက်၊ ယက်သဲ့တစ်ခု၊ ပယိုင့် (ပလိုင်း) တစ်လုံး၊ လှော်တက်တစ်ချောင်း ဖြစ်ပါသည်။ မြေပြင်မှာ ဖျာခင်း၍ ကရသည်။ အဆင်အပြင်မှာ ဧည့်တတ်ကောင်းမှာ ဆင်နှာမောင်းကဲ့သို့ ခေါင်းပေါင်းပေါင်းထားရသည်။ ဒယော စွန်တောင် (လုံချိ)ကို ဆင်နှင့်တူအောင် - မဒုံး (အမြီး)ထုတ်လုပ်လောကျိတ် (ခတောင်းကျိတ်) ထားရသည်။ ဤရခိုင်ရိုးရာအကမျိုးမှာ ကိရိယာလည်းနည်း၊ အဆင်အပြင်ကလည်း ရိုးပြီး စရိတ်ကလည်းသက်သာသဖြင့် တောင်သူလယ်သမား အရပ်သူ အရပ်သားတို့အတွက် သင့်လျော်သော ကပွဲတစ်မျိုးပင် ဖြစ်သည်။

ဇာတ်လမ်းမှာ ရှေးရာဇဝင် ဇာတ်လမ်းတစ်ခု ဖြစ်သည်။ ဘုရင်ကိုနှိမ့်ချလိုသည့်အတွက် ကပြသောကပွဲ ဖြစ်ခဲ့သည်။ ဘုရင်၏နံ့တူဖြစ်သည့် 'စေည်ကြဲစုံ'ကို လိုက်ရှာခန်းများပါသည်။ အသောအရွှန်းများ ထည့်သွင်းထားသဖြင့် ပရိသတ်ကြိုက်သည်။

## စေည်ခြင်း

ကိုးရာကိုးဆယ်၊ ကိုးခုဝယ်တွင်၊ တွေ့င်စရေ ညရေတန်းခွ၊ ပြည်မမက်ကျွန်း၊ ဟန်ပန် ကောင်းစွာ၊ ကျွန်ရည်ကောင်းသည်၊ ပါရဲဘ။

ဟုတ်တည့်လင်ရှာ၊ လင်နွဲ့နှောင်း၊ လင်ကောင်းဆိုသည်၊ ကောင်းလတ်မည်၊ စေည် ယူယူ၊ နှာရောင်ဖြူကို၊ မောင်ဖြူကျုံး၍ မရတကား၊ ပါရဲဘ။

စေည်ဂူပေါက်၊ ငါရကောက်မှာ၊ ရှိလေသည်လည်း၊ ပါရဲဘ။

ကျေးကတုတ်ပင်ရင်း၊ စေည်တွင်း၊ နင်းလေမောင်မင်း၊ တစ်ယောက်ချင်း၊ နင့်မိ မောင်ကြီး၊ နင့်ဝရီးမှာ၊ တူရွှင်းငှားခီ၊ တူရွှင်းမရ၊ ရန်တင်းရှာ၊ ခရာစိုးမည်၊ အိုမိမ၊ နင့်မိမောင်ကြီး နင့်ဝရီးမှာ၊ အိုးပျဉ်ငှားခီ၊ အိုးပျဉ်မရ၊ ရန်တင်းရှာ၊ ခရာစိုးမည်၊ အိုမိမ၊ စေည်ယူယူ၊ နှာရောင်ဖြူကို၊ မောင်ဖြူကျုံးလို့ မရတကား။

## ပင့်ကူခြင်း

ပင့်ကူအကသဘင်နှင့်အတူ ပင့်ကူခြင်းကို ဆိုကြသည်။ အလွန်ရှေးကျသောအက သဘင်ဖြစ်၍ ပင့်ကူခြင်းမှာလည်း အလွန်ရှေးကျသော တေးသာခြင်းဟုဆိုရမည် ဖြစ်ပါ သည်။ ဟန်စွလေ လို့တော်သံမှာ 'ဖ-ကိုမူကား၊ ဖယကုမ္ဘာ၊ ကြီးစွာပြောင်အား၊ ပင့်ကူကျားကို၊ လွှားလွှားစွတ်ကာ၊ စွတ်ကာသော်လည်း၊ ဟန်စီလေ ဟန်စွလေ'လို့ စပ်ဆိုထားခဲ့သည့်အတိုင်း ပင့်ကူဇာတ်လမ်းသဘင်မှာ ဘယကုမ္ဘာဆိုသော ဇာတ်လမ်းပင် ဖြစ်ပါသည်။ ပင့်ခူအကြောင်း ကို တခမ်းတနား တင်ပြသည့်အတွက် ပင့်ကူအက သဘင်၊ ပင့်ကူချင်းလို့ ခေါ်ကြပါသည်။ ပင့်ကူဇာတ်ကို လူအများ၊ အခန်းစုံ၊ အဝတ်စုံ၊ တူရိယာစုံတို့နှင့် ကပြရပါသည်။

## ပင့်ကူခြင်း

ဟေ---၊ ဗုဒ္ဓစကြာ၊ ခုနစ်သိန်းမှာ၊ စကြာမင်းလောင်း၊ ရှိသူတော်လည်း၊ ပြောကာ ပြောရေ။

ဟော---ဟော---၊ ဆုံစကေလက်ယာ၊ ဆန်စကေလက်ဝဲ၊ ရပေါက်ကေဖြူဖြူ ကျောက်တစ်လုံးမှာ၊ ရှိကိုခိုးရေ ကွမ်းခြံရှိ ရေစင်မြင့်မှာ၊ မောင်ဘို့တယာ၊ ပြဒါး သာမှာ ညာကယာ၊ မယ်ဘို့တယာ- ပြဒါးသာမှာ ဘယ်ကယာ ဟိုမဝန္ဓာ၊ တော သုံးထောင်---။ ဖြီမှာရှည်ရေ ရှစ်တောင်လောက်၊ လက်မှာရှည်ကေ ခြောက် တောင်လောက်၊ ခေါင်းမှာရှည်ရေ သုံးတောင်လောက်၊ ခန္ဓာမှာရှည်ရေ ရှစ်တောင် လောက်၊ မဒုံးမှာရှည်ရေ ငါးတောင်လောက်၊ ဒေလေးသုံးဆယ်လောက်၊ ပင့်ကူ ရာဇာမှာ နီလတ်တေ၊ ထွေတောင်ဒေတောင် ကူးလီရေ ပင့်ကူရာဇာမှာ ဇောင်ပင် နီလေရေ။ ။

## ဇမ်း

**'ဇမ်း'** ဆိုသောစကားသည် **'စမ်း'**ဆိုသောစကားမှလာသည်ဟု ဆိုကြပါသည်။ တစ်ယောက်နှင့်တစ်ယောက် အရည်အချင်းစမ်းသောစကား၊ အပျို လူပျို အချစ်စမ်းသော စကားပင် ဖြစ်သည်။ အထူးသဖြင့် ရမ်းဗြဲဘက်၌ ယနေ့တိုင် ဇမ်းစကား ပြောနေကြသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ဇမ်းစကားမှာ 'စကား'ဟု ဆိုသော်လည်း အသံနေ အသံထားနှင့် ပြောဆိုရသဖြင့် ဂီတသံပါသည့် တေးသံတစ်မျိုး ဖြစ်လာသည်။

**မိန်းမပျို** ။ ။ အမောင် အမောင် တိုင်မှာမျှောင်၊ အမောင်ဇာကရောင်။

**ယောကျ်ားပျို**။ ။ သရက်ပင်ညို၊ အရိပ်ခို၊ လူပျိုပေါက်စ၊ တန်းလွဲက။

**မိန်းမပျို** ။ ။ ကျောက်စရစ်ကေတန်းတင်၊ ရီရှင်ကေသွတ်သွတ်၊ ပျိုမေရီ ပျင်စဉ် ကေဖြတ်လို့၊ ရီခပ်ကေထွက်လာ၊ ဘူးပွင့်ရုံကြာတံပွင့်ကို တွဲလို့ပါ၊ စွာမောင်ရေ---။ လူမြင်ကေရှက်တေမဟီ၊ ဘူးပွင့်ကေရုံ ကြာတံပွင့်ကို ရွှတ်ပါဘီလေ---။

**ယောကျ်ားပျို**။ ။ ခယင်ဝါးချေ၊ ခယင်ဝါးဖျား၊ တဆိုက်သျှေဖြီလို့ထွင်း၊ စံညွှင်းကေပလီ၊ လက်ဆယ်ချောင်းနန့်၊ ခြောက်ချောင်းချီ၊ ပလွီစံကျော်မေရို့နိန် အိမ်တောင်ဘက်က၊ မှုတ်ဖျော်ခေါ်၊ နာပျော်သလား၊ မေ့အသံကေ၊ တပ်တပ်ကေသိရေ မေရို့အိမ် မီးလုံးလင်းလို့၊ ချစ်တေမောင် မဝင်ဝံ့ ဘဲ ခြံနားကေယောင်လို့။

## ဒုံးချင်း

များသောအားဖြင့် ထေရ်ကြီးဝါကြီး ပျံလွန်သည့်အခါမှာ ဒုံးကကြသည်။ ဒုံးဆိုသော ရခိုင်ရိုးရာအကမှာ လူအများနှင့် ကရသည်။ ဒုံးယိမ်းနှင့် ဒုံးကြမ်းနှစ်မျိုးရှိသည်။ အကြောင်းအရာ အဖြစ်အပျက်တစ်ခုခုကို သရုပ်ဖော်၍ ကပြသည်။ သို့မဟုတ် ထူးခြားသည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အတ္ထုပ္ပတ္တိနှင့်ပတ်သက်၍ ကပြကြသည်။ သို့မဟုတ် ဇနက္ကကဲ့သို့ ဇာတ်တော်လာဝတ္ထုများကို ဇာတ်ခင်း၍ ကပြကြသည်။ သို့မဟုတ် ရှမ်းဒုံး၊ ကပ္ပလီ၊ ဟိုက်လန်ဒါး အစရှိသည့် လူမျိုးများ၏ဓလေ့ကို သရုပ်ဖော်ပြကြသည်။ သီဆိုသော သီချင်းများကို ဒုံးချင်းဟုခေါ်သည်။

## ဇနက္က ဒုံးခြင်း

တိုင်းမိတ္ထိလာ၊ ပိုင်ကာစိုးရေ ရွှေဘုန်းတော်တိုး၊ တံခိုးဖြာ၊ အရိဋ္ဌပေါလ၊ ဇနက္ကနှင့်၊ ညီတော်နောင်ရင်း၊ မင်းနှစ်ဖြာ၊ စစ်ပွဲဆင်ကာ၊ နန်းရာလု၍၊ မရဏာပြုသည့်၊ နောင်ဘုရင်၊ တောင်ညာစံ၊ ဒေဝီသိအောင်၊ လုံနီထောင်၍ပြသည့်ခါ၊ ကျောက်စိမ်းနီလာ၊ ကမ္ဗလာထုပ်နှင့်၊ ဆင်းရဲသွင်လုပ်၊ ဟုတ်မှန်စွာ၊ ပြည်စမ္ပာကို၊ လားရချက်ချင်း၊ ကိုယ်ဝန်ရင့်နှင့်၊ မေစန္ဒာ၊ ပြည်စမ္ပာကို လားရချက်ချင်း။

သယ်ရာဇာ ဆရာတော်ဘုရား ပျံလွန်တော်မူသည့်အခါ အောက်ပါဒုံးခြင်းကို စပ်ဆိုကြသည်။

"ဇမ္ဗူဒီပါ၊ ကြေငြာထွန်းကော၊ သပြေညာကျွန်း၊ တိုင်းဆောင်ဆောင်၊ နီရောင် လရောင်၊ ထိန်ပြောင်လင်းလို့၊ ထင်ပေါ်သတင်းရခိုင်မြေ၊ မြို့လုစစ်တွေ၊ နဂရမှာ၊ သံယာ့ရာဇာ၊ ကျောင်းဝိဟာ၊ တပည့်များစွာ၊ ပြားပြားဝပ်လို့၊ စာပိပရိတ်၊ ပို့ချမှန်၊ သီလကျင့်မွန်၊ ဓုရရပ်ကို၊ နိစ္စမပြတ်၊ ဖြည့်လျက်ပင်၊ ဂိုဏ်းချုပ်အရှင်၊ ဘွဲ့နာမမှာ၊ ဦးသုန္ဒရမည်ခေါ်တွင်၊ ဝတီလေးခွင်၊ ထင်အရှားကြီး၊ ဦးသုန္ဒရ ဆရာတော်၊ ရခိုင်ပြည်မှာ ကျော်ဇောပါ၏"

ရှေးအခါက မာရယုဒုံးကို က၍ မာရယုဒုံးချင်းကို ဆိုကြသည်။ ယခုအခါ ခေတ်ဆန်သော ဇာတ်လမ်းများကို ခင်းပြပြီး ခေတ်ဆန်သောတေးသံများကို သီဆိုကြသည်။

## သံချပ်ကြီး

သံချပ်ကြီးကို ရခိုင်တောင်သူလယ်သမားတို့၏ သီချင်းပင်ဖြစ်သည်။ ပြိုင်လှိုပွဲ၊ ရထားဆွဲပွဲ၊ သင်္ကြန်ပွဲတို့၌ သီဆိုကြသည်။ လူအများသီဆိုရသော ကျေးလက်တေးသံပင် ဖြစ်သည်။ ယနေ့တိုင် ခေတ်စားလျက်ရှိသည့် သံချပ်ကြီးသည် စိတ်ကိုတက်ကြွစေသည့် သီချင်းဟု ဆိုနိုင်ပါသည်။

## ပြိုင်လောင်းသံချပ်ကြီး

မောင်ရိုး မောင်ရိုး၊ လေးလေး- လေးလေး

ကိုးစိတ်ကိုးလံ၊ ကိုးပင်ကန်၊ ကျင်သန်တိရာ၊ တက်ပျာစီးလို့၊

မဟာလောင်းကြီးထွက်လို့လာ၊ ဇမ္ဗူဒီပါ၊ လက်ျာကျွန်းမှာ၊ ထွန်းရေနီလ၊ ပုံပမာ၊ သတင်းကြေညာ၊ နာမည်ကြီးလို့၊ ပြိုင်လောင်းဦးစီး၊ ဆရာအောင်၊ သူကရှိဆောင်၊ လမ်း ညွှန်ပြလို့၊ ပြိုင်လောင်းဝမ်းမ၊ ပင်းကန်မှာ၊ ရှိနောက်ဘယ်ညာ၊ နီရာစီအောင်၊ လူစိတက်စီ၊ ထိုင်ပြီးကော၊ ဦးစီးဆရာ၊ ချရေတက်နှင့်၊ မပျက်မကွက်၊ ညီညီညာ၊ ရီပန်းဖွာအောင်၊ တက်ကိုဆွဲလို့၊ တဟုန်တေးနှင့်၊ ထွက်လီခါ၊ ပြိုင်လောင်းပွဲမှာ၊ ဆရာထွန်းက၊ ရပ်စောက်　ထလို့၊ ရှိကိုမျှော် သူလက်စွဲတော်၊ ထိုတက်မကို၊ မြှာဒင်ထက်က၊ နနောင်းကိုင်၊ မယိမ်း မယိုင်၊ လှိုမစောင်းအောင်၊ ဖြဖြောင့်တတန်း၊ ကိုင်လို့လာ၊ ဇာသူတစ်ခါ၊ ပြိုင်ဝံ့ဖို့လဲ၊ အပွဲပွဲနွဲလို့လာ၊ ရှုံးရေဆိုစွာ၊ ငါရို့မသိ၊ နိုင်ဖို့ဘက်က၊ သေအချာ၊ အလံယူကာ ပြန်ဖို့ ပြိုင်လောင်း၊ မောင်ရိုး---မောင်ရိုး (လေးလေး)၂ မောင်ရိုးလေး---ဝါး။

## ဗျာစကားယင့်

## ဗျာရတု

ဗျာလို့ခေါ်ဆိုသည့်စကားမှာ 'ပျာယိပျာယာ၊ ဗျာယိဗျာယာ'ဆိုသည့် စကားကဲ့သို့လည်းကောင်း၊ ဗျာများသည်ဆိုသော စကားကဲ့သို့လည်းကောင်း လှည့်ပတ်ပျာယာ ခတ်သည့်သဘောရှိသည်။ အမှန်မှာ ပျာယာခတ်သည်၊ ပူဆွေးတမ်းတသည့်သဘောပင် ဖြစ်ပါသည်။ အထူးသဖြင့် အနောက်ပြည်ရောက် ရခိုင်အမျိုးသားတို့သည် ဤသို့ ပူဆွေးတမ်းတသည့် အဖွဲ့အနွဲ့တို့ကိုဆိုရာ၌ 'ဗျာ'ဆိုသည်ဟု ခေါ်ဝေါ်ကြသည်။ ထို့ကြောင့် ဗျာရတုဟုဆိုသည်မှာ

အလွမ်းအဆွေးကို ဖွဲ့ထားသောအဖွဲ့ဖြစ်ပြီး သီဆိုလျှင် အလွမ်းတေးတစ်ခု ဖြစ်လာသည်။

(က) ညနီစီ-နီချမ်းကျ---။ ရီအိုးခွက်ပြော့စင်၊ ခါးထစ်တင်၊ မယ်လျှင်ရီခပ်ကြွ။ ရှိနောက်ကစီ၊ ခွီးများဖျင်။ ကြီးငယ်နိမ့်မြင့်၊ ဆင့်ကရင့်စေ-လှုတောင်းလှုရေ-မြင်ရရေ။ လိုက်စီချင်-ကိုယ်မချိ။ လှုရှပ်သွင်ကို မြင်ချင်နှလုံးဟိ၏။

(ခ) မယ်နီစီ-တောင်ခါးစောင်း---။ မောင်နီစီ--ဆယ်ပြန်သျှင်ပင်ကျောင်း---ဆင်နှာမောင်းလမ်းကြောင်းဆီး---သရက်ပင်ကြီး၊ ရိပ်မြိုင်ခေါင်ထိဝီး၍၊ ကျီးရှိစီ လျှောက်ပါခီ---လှုပြာဖြူကို မဆန်းပါစီချင်ဧး လေ--။

× × ×

## စကားယင့်

စကားယင့်မှာ ယင့်၍ဆိုရသည့် ဗျာရတုကဲ့သို့ပင် ဖြစ်ပါသည်။

(က) မြီးငြိပျံကေ၊ ယင်ရွှေခြံမှာ၊ နားယောင်မယ်လေ၊ မောင်ရို့လာကေ၊ ရှိဇင်းခါမှာ၊ ရောက်ယောင်မယ်လေ၊ ပွိချာတအာနာ၊ လက်မှာကိုင်ရို့၊ ရှိသီးယူမေ၊ ဘားဇီး တန်းကို၊ ဝင်ယောင်မယ်လေ။

(ခ) လက်ပံပင်မှာ၊ ဇီးရက်သျှေရီစွတ်၊ အတောင်ဖျားကို၊ ဖြုံးဖြုံးခတ်၍၊ အပွင့်ကိုဖြို၊ သီးတံချီချ၊ လက်ပံခိုင်မှာ၊ မကိုယလေ၊ မကိုယ။

## ယိုင်းသာချင်းနှင့် ကျေးလက်တေးသံ

ယိုင်းသည်ဒန်း၊ ပုခက်ကိုဆိုလို့၊ ပုခက်လွဲရင်း၊ ဒန်းစီးရင်းသီဆိုသော သဘာဝ သာခြင်း ကလေးများ ဖြစ်သည်။

ဖခင်ရင်သွီး၊ အမိမွီးကေ၊ သမီးလှုယေ၊ ပုခက်သျှေမှာ၊ အိပ်ပါလင့်လေ။ သမီး သမီး၊ ချစ်သမီး၊ သမီးဖခင်၊ ကိုင်းလယ်ပြင်မှာ၊ လင့်စင်ကိုစီး၊ စပါးတီးလို့၊ သမီးရတနာ၊ လှုဖို့ရာကို၊ ဝယ်ပျာပီးရေ သမီးလှုယေ၊ ဇူးဝေ ဝေ။ ဇူး---ဇူး။

အချို့အရပ်ဒေသများတွင် ကပျာ 'အရွဲ့' 'ခဗျာ'စသည်ဖြင့် အမျိုးမျိုး ခေါ်ဆိုကြသည်။ ယိုင်းသာခြင်းများနည်းတူ ကျေးလက်တေးသံများ ဖြစ်ကြသည်။ ဤတေးသံများ၌ သဘာဝ အလျောက် ဇူးဝေဝေဇူး။ ဟူးရေရေဟူး။ ကောက်ကရီကောက်။ ဟူး--ဟူး။ သာစွလေ၊ ဟန်စွလေဟူ၍ တေးသံချတွင်ထည့်ဆိုကြသည်ကို တွေ့ရပါလိမ့်မည်။ ဇူးဝေဝေဇူးဆိုသော

စကားလုံးများကို ကလေးချော့သည့်အခါ ထည့်ဆိုကြသည်။ ဟူးရေရေဟူးမှာ တောသံ၊ တောင်သံ၊ လေသံတို့၏သဘာဝကို ပြဆိုသည်။ ကောက်ကရီကောက်-ကြက်တွန်သံ၊ ငှက်တွန်သံတို့ကို ပြဆိုသည်။ သာစွလေ၊ ဟန်စွလေမှာ သာယာခြင်းကို ပြသည်။

ဥပမာအားဖြင့်----

'တောင်ကလီလာ-မြောက်လီလာကော၊ ရင်မှာဧးချမ်း၊ ချစ်တေသူကို၊ နိန့်စဉ်လွမ်းရေ၊ ဟူး---ဟူး။

## လယ်သမား ကွဲကျောင်းသံ

မက္ကလာယေ၊ ရှိုင်---ရှိုင်၊ ကြိမ်းသာဒုတ်ကို၊ နနောင်းကိုင်၊ ကယိုင်ကပါ၊ နှင်းမြိုင်မြိုင်ကော၊ တောင်ကျိုင်ကြားမှာ-ကွဲကျောင်းလားရေ၊ အစ်ကိုမပါ၊ ညီမပါ၊ ကြိမ်သားဒုတ်ကို၊ နနောင်းကိုင်၊ နှင်းမြိုင်မြိုင်ကော၊ တောင်ကျိုင်ကြားမှာ၊ ကွဲကျောင်းလားရေ။

ဟူး--ရေ--ရေ----ဟူး။

## လယ်သမား ကွဲချော့တေးသံ

ကွဲမရာလဲဂုတ်ပီ၊ ပင်လယ်နားမှာ ကွဲတရှိုနှင့်၊ ဂုတ်ပီဂုတ်ပေါင်း၊ လယ်ထွန်ကောင်းကို၊ မြက်ကောင်းပီးမေ၊ ဒေတလယ်ကို၊ ညက်အောင်လယ်ခ--အိုး ကွဲရှို့လေ--ကွဲရှို့လေ။

## လှေသမား အရောင်းသား

အစရာလဲရိုင်၊ အဖျားရာလဲ ရီကောင်း၊ ကုန်သည်ပျော်ကော၊ ရွှီညာချောင်းမှာ၊ ဆားရောင်းလားခါ၊ ဟင်းစားပါရေ ဝယ်ပါခလိုက်၊ ကောက်ညင်းဆန်ကို၊ ဖြူအောင်ဖွတ်ကော၊ ဖုတ်စားကတ်ပေ၊ ချစ်ရောက်မကို၊ မှာလိုက်တေလေ---မှာလိုက်တေ။

ဤကဲ့သို့ ကျေးလက်သဘာဝတေးသံ၊ ကဗျာများအမြောက်မြားရှိပါသည်။ သဘာဝအလျောက် အမျိုးမျိုးသီဆိုကြသည်။ ယနေ့ရှည်လွန်းမည်စိုးသဖြင့် နောက်ထပ် မဖော်ပြလိုတော့ပါ။ ဤမျှနှင့် နိဂုံးချုပ်လိုက်ပါသည်။

× × ×

နိဂုံးချုပ်မည်ဆိုလျှင် ဤရခိုင်ဂီတနှင့်တေးသံတို့သည် ယခုကျွန်တော်တို့ ရှာဖွေတွေ့ရသလောက်ကို အကျဉ်းချုပ်၍ တင်ပြခြင်းသာဖြစ်ပါသည်။ ရိုးရာယဉ်ကျေးမှုဖော်ထုတ်ရာ၌ ရခိုင်အမျိုးသားတို့၏ သဘာဝအခြေအနေအလျောက်ထွန်းကားခဲ့သော ရိုးရာမှုရင်းများကို

သုတေသနပြုလုပ်ပြီး ဖော်ထုတ်ရန်အရေးကြီးပါသည်။ ကျွန်တော့်အနေဖြင့် ရခိုင်တေးသံများကို ဖော်ထုတ်ရာတွင် ရိုးရာကိုအခြေခံရရှိအောင် ဦးစွာကြိုးစားပြီး ကာလပေါ်ရခိုင်တေးသံများကို ဖွဲ့ဆိုသွားကြရန်ဖြစ်ပါသည်။ ယနေ့ ကျွန်တော်တင်ပြဆွေးနွေးသော ရခိုင်ဂီတနှင့်တေးသံတို့မှာ အချိန်အနည်းငယ်အတွင်း ပြင်ဆင်မှုနည်းပါးခြင်းတို့ကြောင့် အစီအစဉ်များအနေဖြင့် ချွတ်ယွင်းချက်များရှိလိမ့်မည်ဖြစ်ပါသည်။ သို့သော် လိုရင်းသဘောကို ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဤကဲ့သို့ ကျွန်တော်အား ရခိုင်ဂီတနှင့်တေးသံကို ဆွေးနွေးတင်ပြနိုင်ရန် စီစဉ်ပြုလုပ်ကြသော ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားယဉ်ကျေးမှု ဖော်ထုတ်ရေးဆပ်ကော်မတီ လူကြီးများအား ကျေးဇူးအထူးတင်ပါသည်။ ဤကဲ့သို့ တိုင်းရင်းသားယဉ်ကျေးမှု ဖော်ထုတ်ရေးကို အားပေးနေသည့်အချိန်တွင် ရခိုင်တက္ကသိုလ်ကျောင်းသားများအနေဖြင့် ရခိုင်အမျိုးသားယဉ်ကျေးမှုများ ဖော်ထုတ်နိုင်ရေးကို အထူးတလည် ကြိုးစားသင့်ပါသည်။

ဤသို့ ဆောင်ရွက်ကြိုးပမ်းခြင်းဖြင့် မိမိတို့၏ယဉ်ကျေးမှုကို ပေါ်လွင်လာစေပြီး ပြည်ထောင်စုသားအချင်းချင်း တစ်ဦးအကြောင်းကိုတစ်ဦး နားလည်လာကြပြီး ပိုမိုရင်းနှီးလာကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကြွရောက်လာသော ပရိသတ်အပေါင်းအားလည်း အထူးကျေးဇူးတင်ပါကြောင်း။

'ရခိုင်ဂီတနှင့်တေးသံ'ကို ဦးဘစံက ဟောပြော၍ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီ (တက္ကသိုလ်များ ရန်ကုန်)က ဖြန့်ချိပါသည်။

**ဓညစံ**

**မှတ်ချက်**။ ။ ဤဟောပြောချက် စာတမ်းအတွက် အသုံးပြုသော ကျေးလက်အရွေ့ခြင်းများနှင့်အယူအဆသဘောတရားများကို ရခိုင်ရာဇဝင်နှင့်စာပေသုတေသီ အသျှင်စက္ကိန္ဒထံမှ အကူအညီပြုပါသည်။ ရခိုင်အသံလွှင့်ချက်များမှလည်း ထောက်ကူမှု ရခဲ့ပါသည်။

၂၀ - ၁ - ၆၆

× × × × ×

# မိတ်ဆက်စကား

စာတည်းမိတ်ဆက်စကား ။ ။ ဆရာညောစံသည် 'မိုးပန်းဝေ' ဆောင်းပါးကို ၁၉၅၂-၅၃ ခုနှစ်ထုတ်ဝေခဲ့သော ညောဝတီမဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၂)၌ တင်ပြခဲ့သည်။ သို့သော် မိုးပန်းဝေသာခြင်း (သာချင်း)၏ စာဆိုတော် မည်သူဖြစ်ကြောင်း ဖော်ပြမထားပေ။ ထို့ကြောင့် စာဖတ်သူတို့ အကျိုးငှာ ရခိုင်မဂ္ဂဇင်း အမှတ်-၉ (၁၉၈၄)ခု၌ မောင်ဗသိန်း ရေးသော 'ပေါက်တောမြို့နယ် ပြားကျွန်းသာ ရခိုင်စာဆိုနှစ်ဦး' အကြောင်းမှ ကောက်နုတ်၍ မိုးပန်းဝေသာခြင်း၏စာဆိုတော် ဆရာအောင်ထွန်းလှအကြောင်းကို အောက်တွင် အကျဉ်းချုပ် ဖော်ပြအပ်ပါသည်။

ဆရာအောင်ထွန်းလှသည် ပေါက်တောမြို့နယ် ဆားပြင်ရွာသားဖြစ်သည်။ မိဘမျိုးရိုးကို မသိရချေ။ သာခြင်း(သာချင်း) စာဆိုတော် တန်ခိုးဆရာထွန်းက ၎င်း၏ ကော်ကာနုသာခြင်း၌ 'ငါတို့မှာလေ၊ ဆရာတာဝ၊ မိဘသဖွယ်၊ ကြီးကျယ်ဉာဏ်ရှင်'ဟူ၍ တွေ့ရသဖြင့် ဆရာအောင်ထွန်းလှကို တန်ခိုးဆရာထွန်း၏ မိဘအရွယ်ဟု မှတ်ယူနိုင်ပါသည်။

ဆရာထွန်းကို ဝေါစာ ၁၂၃၀ (အေဒီ-၁၈၆၉)ခုတွင် မွေးဖွားခဲ့ရာ မိဘအရွယ်ဖြစ်သူ ဆရာအောင်ထွန်းလှသည် ဆရာထွန်းထက် အသက်(၃၀)ခန့်ကြီးလိမ့်မည်ဟု အကြမ်းမျှ မှတ်ယူနိုင်ပါသည်။

ဆရာအောင်ထွန်းလှ ရေးဖွဲ့ခဲ့သော (စုံစမ်းရသမျှ)စာများမှာ-

(၁) ကော်ကာနုသာခြင်း

(၂) ဗုဒ္ဓဝင်သာခြင်း

(၃) မိုးပန်းဝေသာခြင်း

(၄) တိုက်သာခြင်းတို့ ဖြစ်သည်။

ဆရာအောင်ထွန်းလှကို တန်ခိုးဆရာထွန်းက 'ကော်ကာနုကို၊ ရှေးဦးအစ၊ ပထမ၌၊ ဟာသဝဇ္ဇန်း၊ ညဏ်တန်ဆောင်လေ၊ ပြောင်ပြောင်ရွှန်းကေ၊ အောင်ထွန်းဆရာ၊ ရေးစီပါရေ' ဟု လည်းကောင်း၊ 'အောင်ထွန်းဆရာ စီခဲ့ပါသည်။ တိုက်သာခြင်း၌၊ သွားစပ်ကာရန်၊ စီကုံးဟန်ကို၊ အကျွန်ကြည်နူး၊ အသစ်ပေါ်ကေ၊ ဆရာထွန်းလျှင်၊ ချီးမွမ်းပြုလျက်'ဟူ၍ လည်းကောင်း ဂုဏ်သတင်းချီးကျူးထားကြောင်း တွေ့ရသည်။ စာဆိုတော် ဆရာ အောင်ထွန်းလှကား ဗြိတိသျှကိုလိုနီခေတ်၌ ရခိုင်သာခြင်းစာပေဆီမီးကို ပြန်လည်ထွန်းညှိ စတင်ပေးခဲ့သူ ရခိုင်စာပေ ခေါင်းဆောင်တစ်ဦးဖြစ်ပေသည်။

စာတည်း

# မိုးပန်းဝေ

**(ညေစံ)**

ရခိုင်အမျိုးသားတို့၏ စာပေယဉ်ကျေးမှု အနုပညာရပ်များကို ရှာနေခဲ့ရာ၌ 'မိုးပန်းဝေ' အမည်ရှိသော ရခိုင်သာခြင်း (သာချင်း) တစ်ပုဒ်ကို တွေ့ခဲ့မိပါသည်။

'မိုးပန်းဝေ'သာခြင်းကို ဖတ်မိသောအခါ ရခိုင်အမျိုးသားတို့၏ ဆက်ဆံရေး အလေ့အထ၊ အသုံးအနှုန်း၊ အပြောအဆို ရောပြွမ်းလျက်ပါရှိနေသဖြင့် ကျွန်ုပ်တို့၏စိတ်ကို အတော်ပင်ထိမိလေသည်။ ဤသာခြင်းကို ဖွဲ့နွဲ့သီကုံးသောစာဆိုကား ရခိုင်စာဆို အစစ်ပင်ဖြစ်သည်။ ဤစာဆိုသည် ကျွန်ုပ်၏ ကလေးဘဝကို ပြေး၍သတိရစေပါသည်။ ကျွန်ုပ်တို့ လုလင်လုံမတို့၏ အချစ်ဇာတ်ခင်းကြပုံကို ပေါ်လွင်စေပါသည်။ ဤစာဆိုကား အချစ်စာဆိုပင်ဆိုကမှားမည် မဟုတ်ပေ။ ရခိုင့်သဘာဝတွင် ပေါ်ထွန်းခဲ့သည့် ရခိုင်စာဆိုပင်တကား။

"ဇမ္ဗူမယေအောင်မြေ၊ မှန်ကင်းထောင်ကော၊ ပြောင်ပြောင်ရွှန်းလို့၊
အောင်နန်းတည်ကော၊ အောင်မြေသိယာ၊ ပြဿဒ်ချာမှာ၊ အာဏာစိန်ဖူး၊
ထွန်းရောင်မြူးကော၊ ရွှေမြောက် ဦးကို" အစချီလျက်ဟု ဇာတ်လမ်းပျိုးခဲ့လေသည်။

မြောက်ဦးအမည်ရှိသော မြို့ဟောင်းမြို့၏ ကျောက်ရစ်ကေရပ်ကွက်တွင် ဆီကုန်သည်ကြီးဦးကျော်ဟူ၍ ဟိုးလေးတကျော် ရှိခဲ့သည်။ ဦးကျော်တွင် 'သမီးတင့်တယ်၊ သုံးတောင်ထွာမှ၊ ကေသာထွန်းကော၊ မိုးပန်းဝေ'ဟု သမီးတစ်ဦးထွန်းကားခဲ့၏။

မိုးပန်းဝေကား မြို့ဟောင်းမြို့ကာလသား လုလင်တို့၏ နှုတ်ဖျားတွင် တရွှရွှ တ,တတရှိခဲ့၏။ သို့သော် ထိုလုလင်ပျိုတို့အထဲတွင် ကံအကောင်းဆုံးသူကား ကျောင်းဒကာဦးဘထွေး၏ သား-ထွန်းအောင်ကျော်ပင် ဖြစ်လေသည်။ ထွန်းအောင်ကျော်မှာ လောကမာန်အောင် ဘုန်းတော်ကြီးကျောင်း၌ ပညာရင်နို့သောက်စို့လျက်ရှိသော ဘုန်းကြီးကျောင်းသားကလေးပင် ဖြစ်တော့သည်။ ကလေးအရွယ်က သူတို့နှစ်ဦးချစ်ကျွမ်း ဝင်ခဲ့သည်။ မိုးပန်းဝေကလေးမှာ သူ့မိဘများနှင့် ဘုန်းတော်ကြီးကျောင်းသို့ မကြာခဏရောက်ခဲ့သည်။ ထိုစဉ်ကပင် သူတို့နှစ်ဦး မျက်စိချင်းဆုံကာ အချစ်ပွားခဲ့ကြလေသည်။ ဤသည်ကို ဖွဲ့နွဲ့ထားရာ၌-

"လောကမာန်အောင်၊ ဘုန်းခေါင်တသီး၊ အထက်ဆိုရေ ကျောင်းတော်ကြီးမှာ၊ စံသီးလူလွင်၊ တတ်မြောက်စင်ကေ၊ ရွှယ်လျှင်ဆယ့်ငါး၊ ဝတ်စားဆင်ကေ၊ မြင်စိတ်တတ်ယောင်၊ နတ်ယောကျ်ားသို့၊ ရုပ်ကားတင့်တယ်၊ မိုးပန်းဝေနှင့်၊ အရွယ်တန်ကြ၊ ငယ်ခါကပင်၊ မိဘနှစ်ပါး၊ ကျောင်းသို့လားကေ၊ ပါငြားသည်တုံ၊ နှစ်ယောက်စုံမှာ၊ အာရုံဟိကေ၊ မျက်စိကျလို့"ဟူ၍ ဖြစ်ပေသည်။

ထိုမှတဖန် ကျောင်းတော်ကြီး သား-ထွန်းအောင်ကျော်သည် မိမိဆရာကိုထီးမိုး၍ အရပ်ထဲသို့ မကြာခဏသွားရ၏။ ထိုအခါတို့၌ မိုးပန်းဝေမှာ အိမ်ဦးမှ ချစ်သူ ထွန်းအောင်ကျော်အား မျှော်စိုက်လျက်ရှိ၏။ သူတို့ မျက်စိချင်းဆုံကြပြန်သည်။ ထို့ကြောင့်---

"ကာလတာရှည်၊ နှမအိမ်သူ၊ မောင်မူကျောင်းသား၊ မြတ်ဆရာနှင့် ရံခါလားကေ၊ ပိုးသားမြောက်ပြင်၊ မိုးမေမောင်မှာ၊ ဆေးကြောင်ကောင်းလို့၊ ခတောင်းဆင်ကေ၊ ကိုယ်တွင်အကျီ၊ ဖလာလီနှင့်၊ ဆံချီလည်းကောင်း၊ ခန်ဆာပါကို၊ နေရာရောက်အောင်၊ ဆံခေါက်ပေါင်းလို့၊ ဖဲကောင်းပုဝါ၊ လက်ယာကလျှင်၊ ပက်ခုံးတင်ကေ၊ ထေရုံရှင်ရွှေ့က၊ အိန္ဒြေကေ၊ တည်ကြည်ကြွ၍၊ မေလှယေမောင်၊ ဆရာခေါင်ကို၊ နေရောင်မထိုး၊ ဟတ်ကာဟတ်ကာ၊ ထီးဆတ္တာကို၊ လုံစွာမိုးကေ၊ ကြာရိုးသဏ္ဍာန်၊ နွဲ့ကိုယ်ဟန်ကို၊ လှစ်ညက်ကေ၊ စောင့်ကြည့်ချေသော်၊ မေမျက်ခွက်မှာ၊ ထက်ဖက်ကျကေ၊ သောမနဘုံ၊ နှစ်ယောက်စုံမှာ၊ အာရုံမဆိတ်၊ စေတသိတ်လျှင်၊ စစ်မြေပြင်မှာ၊ ထုကျင်တချက်၊ လေပြင်းထန်ကေ၊ တင်းခွန်ရွက်သို့၊ ချစ်သက်နှံ့မည်" ဤသို့ ဖွဲ့နွဲ့ထားရှိသည်။

မိုးပန်းဝေကို မိနှင့်ဘမှာ အထူးစောင့်ရှောက်ထားရှိသည်။ သို့သော် မိုးပန်းဝေကလေးမှာ ချစ်သူရှိရာ ကျောင်းတော်သာသို့ သွားလိုလှ၏။ တစ်ခါ၌ ဗေဒင်ဆရာ တစ်ဦးအား

လှဲ့ခေါ်၍ ဘုန်းကြီးကျောင်းသို့ ဆွမ်းပို့သွားနိုင်အောင် ပေဒင်ဟောစေ၏။ မိဘတို့ သဘောတူသဖြင့် ကျောင်းသို့လာခဲ့ရသည်။ ကျောင်းဝင်းဝမှဝင်လာသော မိုးပန်းဝေကို မြင်ရသည့် ထွန်းအောင်ကျော်မှာ ကံကောင်းသည့် သူဆင်းရဲ ရွှေအိုးရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာရှိလှသည်ကို အောက်ပါအတိုင်းသီကုံးထားပေသည်။

"ကျောင်းတိုက်ခွင်ကို၊ ဝင်သည့်ဆွမ်းအုပ်။
နတ်ပန်းတိမ်ယင်၊ ရွှေနီအုပ်ကို။
သွန်းလုပ်စင်စစ်၊ ဖြစ်မည်မထင်။
ခြောက်ပြစ်စင်ကေ၊ ဝင်တုံ့ရှေ့က။
ယင်းနှမကို၊ မြင်ရသည်မှာ။
ဥပမာကေ၊ ကြီးစွာဒုက္ခ။
ဆင်းရဲသူမှာ၊ ကံမူတိုးကေ၊ ရွှေအိုးရသို့"

ဤသို့အားရဝမ်းသာနှင့် နှမမိုးမေအား ထွန်းအောင်ကျော်သည် ကြိုတင်၍ကျန်းမာပါ၏လားဟု နှုတ်ဆက်မေးမြန်းလိုက်လေသည်။ ထိုစဉ်အခါ မိုးပန်းဝေမှာ ရုတ်တရက် ပြန်မပြောနိုင်ဘဲ ရပ်တန့်သွား၏။ မိုးပန်းဝေနောက်မှ အဖော်ပါလာသည့် သူငယ်ချင်းက ပြန်ပြောရန်ကြိမ်းမောင်းလိုက်ခါမှ ပြုံးပြုံးကလေးလုပ်ကာ ဣန္ဒြေဖြင့် ပြန်ဆိုတော့သည်။ အသေးစိတ်ဖွဲ့နွဲ့ထားပုံမှာ-

"သောကစိုးရိမ်၊ အတန်ငြိမ်ကေ၊ မွေ့သိမ်ရှုပ၊ ငါ့နှမမှာ၊ ဘယ်ရောဂါ၊ မထောင်းတာကေ၊ မာပါယက်လား၊ မေးလတ်ပါကေ၊ ဖရဏာပီတိ၊ မိုးပန်းဖြူမှာ၊ လူမသိကေ၊ ဟိယက်နှင့်သာ၊ ရှက်တတ်ပါကေ၊ တစ်ခါရန်ထူး၊ ယောကျ်ားဟူကေ၊ လူယဉ်ချောနှင့်၊ မပြောဘူးလို့၊ ကျောင်းဦးမြေပြင်၊ တတ်ထဲတွင်ဝယ်၊ မေလျှင်တိုးတွန့်၊ တလှမ်းခြီကို၊ မချီဝန့်ယောင်၊ တန့်၍နေခါ၊ နောက်ကပါရေ၊ မေတ္တာကြီးခြင်း၊ သူငယ်ချင်းမှာ၊ လှခြင်းကြံစုံ၊ မယ်ချစ်ပုံမှာ၊ ကြံသည်ဂုနီ၊ တွီယက်နှင့်ကံ၊ ကျန်းမာဟံကို၊ ပြန်ပြောပါလား၊ တစ်ယောက်ကကာ၊ နှမချင်းဆာ ချစ်မေတ္တာနှင့်၊ မာဆာကောင်းခြင်း၊ သတင်းမေးလျက်၊ မမေ့ပျက်မှာ၊ မထွက်တိတ်တိတ်၊ ကြက်အိပ်သောဟန်၊ နင့်ပစကို၊ ငါကြည့်ပြန်မည်၊ တဖန်ဆိုခ၊ ခပြုံရေပျာ၊ မိုးမယ်လှလည်း၊ မျက်စချီကာ၊ မောင်မျက်နှာကို၊ တည့်ကာကြည့်မှာ၊ မျက်တောင်လွှတ်ကို၊ အသာချလို့၊ ယနေ့မက္ခာ၊ ကျောင်းသာယာက၊ မေတ္တာမသုံ၊ မောင်ခွာသံကို၊ အကျွန်နှမ၊ လေညှင်း

ခံကေ၊ ကြားပါရလို့၊ သပ္ပရောဂါ၊ မထောင်းတာကေ၊ မာမာခေါက်ခေါက်၊ ဆွမ်းပို့ရန်မှာ၊ ကျောင်းထံရောက်ဟု" ဤသို့ပင်တည်း။ တွေ့ကြုံဆုံစည်းကြရသည့် အလွန်

ခက်ခဲ ရှားပါးလှပေသော ဤအခါကောင်းကို ထွန်းအောင်ကျော်နှင့် မိုးပန်းဝေတို့မှာ အသို့လျှင် လက်လွှတ်နိုင်ပါအံ့နည်း။ မိုးပန်းဝေတို့ ကျောင်းတော်မှအဆင်းကို ထွန်းအောင်ကျော် စောင့်ဆိုင်းလျက်ရှိသည်။ သူတို့နှစ်ဦး တွေ့ဆုံကြပြန်သည်။ စကားဆိုကြပြန်သည်။ ချစ်တင်းနှီးနှောကြပြန်သည်။ မိုးပန်းဝေ၏ အချစ်စမ်းသောစကားကို ထွန်းအောင်ကျော် ပြန်ဆိုလေသည်။

မိမိ၏ဝေဒနာမှာ ထူးဆန်းလှကြောင်း၊ တစ်နေ့မှ မမေ့နိုင်ကြောင်း၊ အလူးအလိမ့်ခံနေရသော ဤဝေဒနာကို ဆေးဆရာလုပ်၍ ကုသပါမည်အကြောင်းကို ပြောကြားလေသည်။ ထိုနောက် ထွန်းအောင်ကျော်ကား မိုးပန်းဝေ၏ အသံကိုတသသနှင့်ပင် ရှိသည်။

"ထွန်းအောင်ကျော်လေ၊ အိုနှမချစ်၊ ကျောင်းမှာနေကေ၊ ငယ်စရိုက်က၊ မောင်သက်မျှကို၊ ကျမည်မျက်စိ၊ ဂုနိထက်တိုင်၊ ဗီဇနာမှာ၊ ဆံခြေရွှေမျှ၊ မမေ့နိုင်ကေ၊ ကိုယ်တိုင်စွန့်ချင်၊ လမ်းလျှင်မသာ၊ ဆရာတစ၊ မိဘကိုကြောက်၊ မောင်သဲခေါင်မှာ၊ မီးလောက် တောက်ကေ၊ သေလောက်ရောဂါ၊ မဖြစ်ပါဘဲ၊ ဗျာပါဝေဆူ၊ မိုးပန်းဖြူကြောင်း၊ အပူတပ်လောင်း၊ လွမ်းဒဏ်ထောင်းကေ၊ သေကောင်းသေမေ၊ သက်မသေလည်း၊ ရှူးမေမုချ၊ ကျွန့်ရောဂါကို၊ ဆရာပြုပျာ၊ ကုပါခဟု၊ သံမြထုတ်ပေါ်၊ ထွန်းအောင်ကျော်မှာ၊ ဂုံဂေါ်စကား၊ ချယားစမွယ်၊ နန်းမပြေကေ၊ မိုးမေသီသ၊ ပဒုံကောင်မှာ၊ ဆံရောင်လှကို၊ မွတ်ထမောင်ရှင်၊ စလက်တင်ကေ"

ချစ်သူနှစ်ဦးတို့မှာ နောက်တစ်နေ့တွေ့ဆုံကြရန် ချိန်းဆိုကြပြန်သည်။

"မြောက်ဘက်ဒီသာ၊ ရန်ကာတံတိုင်း၊ ခိုင်းသော်နတ်ထံ၊ နန္ဒဝန်မှာ၊ ပုံစံတူရှောင်၊ တောင်ရှည်မြောင်မှာ"တွေ့ဆုံရန် ရှိကြပေသည်။ ထိုတောင်ရှည်မြောင်သို့ အဝတ်လျှော်ရန်ဟု မာယာဆင်လျက် မိုးမေရောက်ရှိခဲ့တော့သည်။ မိုးမေတောင်ရှည်မြောက်သို့ ချစ်သူကိုတွေ့ရန်လာခဲ့ပုံကို အောက်ပါအတိုင်း ဖွဲ့နွဲ့ထားပါသေးသည်။

"နွဲ့နွဲ့ကိုယ်အိ၊ ဘဝါးဖြီကို၊ စီကာသာချ၊ များမကြွဘဲ၊ ဂန္ဓမာလာ၊ နံ့သာတောင်ထက်၊ ကိန္နရီသည်၊ ပျံချီတက်သို့၊ ချစ်ဘက်မယ်ပုံ၊ ရွှယ်တုံနောက်ရှေ့၊ တရွေ့ရွေ့ကေ၊ ချဲ့ချဲ့ပါးပါး၊ မြောင်ကံပေါင်ကို၊ ယောင်လို့လားကေ"

တောင်ရှည်မြောင်၏ 'သရက်ချိုကေ၊ ရိပ်ညိုအောက်မှာ'၊ 'နရဏီကေ။ သိဃီနှင့်တူ၊ မောင့်ရင်ခွင်မှာ၊ တင်မေမှန်ကေ၊ မိုးပန်းဖြူနှင့် ထွန်းအောင်ကျော်တို့ တွေ့ဆုံကြပါသေးသည်။ ထွန်းအောင်ကျော်က ချစ်သူလက်ကို အသာလှမ်း၍ ကိုင်တွယ်မိပါသည်။ ထိုအခါ မိုးပန်းဝေကမိမိအား တမင်သက်သက်အရှက်ခွဲရန် ကြံသည်လားဟု စွပ်စွဲမေးမိသည်။ နောက်ဆုံး၌ ချစ်သူနှစ်ဦးတို့မှာ မိမိတို့ကိုယ်စားထားရှိရန် လက်ဆောင်များ အပြန်အလှန်ပေးကြသည်။ မိုးပန်းဝေ၏ လက်ဆောင်မှာ ဆံထုံးဖြစ်၏။ ထွန်းအောင်ကျော်၏ လက်ဆောင်မှာကား မောင်းချခါးဖြစ်ပေသည်။ ၎င်းက ဖွဲ့နွဲ့ထားရာ၌---

"လိပ်ပြာမလုံ၊ သလွန်ဘုံမှာ၊ မစုံသောအား၊ အလွမ်းဖြေဖို့၊ မေ့ကိုယ်စားကို၊ မောင်ရောလိုချင်၊ မိုးမေခင်ကို၊ လက်တင်သည်ပ၊ လွမ်းဖြေရသည်၊ ပေးပါခဟု၊ ယုယသံသာ၊ ဆိုသောခါဝယ်၊ ကေသာနက်ဆုံး၊ ပဒုံးမတန်၊ သုံးတောင်လွန်ကို၊ ဖြေပြန်မေချစ်၊ တစ်သက်ပန်လေ၊ ကြိမ်မှားကေ၊ ရယ်ရွှင်ရယ်ဟန်၊ မောင့်လက်ရာကို၊ ပေးပါးခဟု၊ နှမမိုးပန်း၊ ရင်တွင်းဆူကေ၊ အပူချမ်းယောင်၊ အလွမ်းဖြေချင်၊ တောင်းလက်ကျင်သော်၊ ခါးတွင်ဆောင်လျက်၊ စိန်ရောင်ထွက်တေ၊ ပြတ်ချက်ဆုံးတိုင်၊ အမိုက်ဆိုင်ကေ၊ ပျိုင်ကိုဖောက်ဌား၊ ထိရာကုန်သည်၊ စိတ်ယူကောင်းရေ၊ မောင်းချခါးကို၊ ချစ်အားကြီးတွေ၊ အုံးကိုမျှောင်ပျာ၊ မောင့်ကိုစားကေ၊ ထားပါလေဟု" ဤသို့ပင် စေ့စေ့စပ်စပ် ရှိလှသည်။

တောင်ရှည်မြောင်မှ ခွာရှောင်ကြတော့မည်။ ချစ်သူနှစ်ဦးမှာ ဘယ်ပုံတွေ့ဆုံကြရတော့အံ့နည်း။ ထွန်းအောင်ကျော်က အကြံအိုက်ကာ မိမိအားကို ဘယ်သောအခါ ဘယ်နေရာ၌ လာယူရပါမည်ဟု မေးလိုက်သည်။ နောက်တစ်နေ့ညအခါ အိမ်နောက်ဖေး မိမိအိပ်ခန်းနားရှိ သရက်ပင်ကိုလှမ်းတက်၍ ပြတင်းဝမှဝင်ခဲ့ပါဟု မှာကြားခဲ့လေသည်။ ထို့ကြောင့် စာဆိုက ဤသို့ဆို၏။

"မောင်ကြီးသက်ဝေ၊ ကြံစည်ဘို့ပင်၊ စမမြင်ကေ၊ မေသျှင်စံရာ၊ နောက်ခန်းသာမှာ၊ လူသာဝင်လှောက်၊ ပြတင်းပေါက်ပါး၊ ဒကောက်ခေါ်ဆို၊ သရက်ချိုလျှင်၊ တပင်ဟိယက်၊ ယင်းကတက်ကေ၊ အချက်သင့်စွာ၊ ခါးမြဝါကို၊ ယူပါခလဲ့"။

ဤသို့ ချိန်းဆိုထားသည့်အတိုင်း တစ်ညသောအခါ ထွန်းအောင်ကျော်သည် ကျောင်းမှ တိတ်တဆိတ် ထွက်လာခဲ့သည်။ ထွန်းအောင်ကျော်မှာ မိမိဆရာက ထိုးပေးထားသော ဆေးသတ္တိအစွမ်းကို အထူးယုံကြည်သူပင် ဖြစ်သည်။ ထွန်းအောင်ကျော်သည် အချစ်၏

တိုက်တွန်းခြင်းကြောင့်လည်းကောင်း၊ မိမိ၌ရှိသော အစွမ်းသတ္တိကြောင့်လည်းကောင်း၊ မှောင်မည်းသောညအခါ ဘယ်သူကိုမျှမကြောက်ဘဲ မိုးမေရှိရာသို့ စိုက်စိုက်လာခဲ့သည်။ မိုးမေတို့၏ ဝင်းတံခါးကိုအသာလှစ်၍ သရက်ပင်အောက်သို့လာခဲ့ကာ အိမ်ခပန်းကို အသာ ခေါက်လိုက်လေသည်။ မိုးမေကား မိမိချစ်သူကို မခေါ်ဘဲ မနေနိုင်တော့ချေ။ တစ်ကိုယ်လုံး သည် သိမ့်သိမ့်တုန်သွားရှာ၏။ ၎င်းအခြေကို ဖွဲ့နွဲ့ထားရာ၌---

"ဝင်းထက်သာကို၊ ရောက်ပါလေပြီ၊ စမြင်ကေ၊ ပြင်တံခါးကို၊ ဖြုတ်ထွား ယေမောင်၊ ဆေးဂုဏ်ဆောင်ကေ၊ ဖောင်ပင်ရာလမ်း၊ တချက်လှမ်းကေ၊ ခြေဖျား ယေမျှ၊ မထိခဘဲ၊ မိုးမှောင်ကျကြောင့်၊ ဆောင်သည့်တချို့၊ အိပ်မပျော်ရေ ခေါ်ယောင်မှန်းကေ၊ လွမ်းနှင့်လို့လေ။ ။ လွမ်းတမျှော်ကာ၊ အားလျော့သင့်ပြီ၊ ဒကောက်တွင်ကေ၊ အပင်နားက၊ ရပ်ပြီးရှေ့ဆိုင်၊ ခါးပန်းပျိုင်ကို၊ လူယျဉ်ကောက် တတ်၊ လက်နှင့်ခေါက်ကေ၊ စောက်စောက်လည်းထ၊ လှမိုးသူမှာ၊ ပြူပေါက်ဝက၊ ခဏကြည့်လျှင်၊ ကိုယ်သက်ရှင်ကို၊ မြင်သည်ကာလ၊ ဒွိတ္တသကို၊ ထည်ထနုန့်အောင်၊ ကိုးသောင်းဆောင်ကေ၊ ကိုးထောင်မွေးထွင်း၊ မကြွင်းတစ၊ ကြက်သိန်းဝံ့ပျာ၊ ထိပ်ဆံကြွကေ၊ စိတ်ကမလုံ၊ ဘုံသည်တခြား၊ ချစ်အားလည်းကြီး၊ မှာပြီး၍သာ၊ သည်တခါကို၊ ပြန်ပါမောင်ဖွား၊ မဆိုထားကေ၊ စကားနွတ်ဆက်၊ တက်ပါလတ်လျှင်"

ဤသို့ပင် ဖြစ်ပါသည်။

ထွန်းအောင်ကျော်သည် မိုးပန်းဝေရှိရာသို့ သရက်ပင်မှတစ်ဆင့် ပြတင်းပေါက်ကို လှမ်း၍ ဝင်သွားလေသည်။ ချစ်သူနှစ်ဦး အချစ်ပလူးကြသည့်အကြောင်းကို အသေးစိတ်၍ ဖွဲ့နွဲ့ထားပေသည်။ အစကလေးကို ဤသို့ဖော်ပေးလိုက်လေသည်။

'သရက်ပင်ကို၊ ခြေတင်လက်လှမ်း၊ ပြတင်းဝကို၊ အရလှမ်းပျာ၊ အစွမ်းနှင့် လူ၊ မိုးပန်းဖြူနှင့်၊ အတူထိုဝေ၊ နံချင်းရှဉ်ကေ၊ ထိုင်လှာရေလေ။ ။ ထိုင်အတူကေ၊ လက်မှတင်လျက်၊ ကဒိုးနံ့ကြိုင်၊ ဒါလီပိုင်မှာ၊ လိုင်ကိုဖက်ကေ၊ ညွှံသက်နုထွား၊ ဝါသဇုန္နေ၊ မွှေးပေါင်းတည်သည်၊ မိုးမေပါးကို၊ နှာဖျားထိတုံ၊ ဂန္ဓာရုံကို"

ဤသို့လျှင် အချစ်စမ်းကြ ပလူးကြသည့်အကြောင်းကို ရှေ့သို့မဆက်လိုတော့ပါ။ ရှည်လျားပေတော့မည်။ အချစ်ဇာတ်လမ်းကို အတိုချုံး၍သာ ဖော်ပြလိုပါတော့သည်။

ထိုသို့နေကြရာ မိုးပန်းဝေအား လူအများပင် လာရောက်ကြောင်းလမ်းစေ့စပ် ကြ၏။ နောက်ဆုံးပြောဖန်များ၍ ဂုဏ်သရေရှိသူတစ်ဦးအား သဘောတူခဲ့လေသည်။ သို့သော်

မိုးပန်းဝေကား သဘောမမှုပေ။ မိမိချစ်သူ ထွန်းအောင်ကျော်ကိုသာ မျှော်မှန်းလျက်ရှိပေသည်။

ထွန်းအောင်ကျော်သည် မိဘကိုပူဆာတော့၏။ မိဘများကလည်း မနေသာ၍ သွားရောက်ထောက်လှမ်းမိသည်။ သို့သော် ထွန်းအောင်ကျော်မှာ အခါကောင်းသော်လည်း အလာနှောင်းချေပြီ။ သို့သော် သူကားစိတ်မပျက်၊ သူအစွမ်းပြရန် စိတ်ပိုင်းဖြတ်ခဲ့လေသည်။

ထိုနေ့ကား မိုးပန်းဝေအား မင်္ဂလာဆောင်မည့်နေ့ဖြစ်၏။ ထွန်းအောင်ကျော်လည်း တစ်နေရာမှ အသာစောင့်ဆိုင်းခဲ့သည်။ အချိန်ကျရောက်လာသောအခါ မိမိ၌ပါလာသော ဓားကိုဝင့်၍ မိုးပန်းဝေအား လူဗိုလ်ဘုံအကြားမှ ခိုးပြေးလေတော့သည်။ ထွန်းအောင်ကျော်၏ ဖခင်သည် မိမိသားတော်မောင်၏သတ္တိကို အောက်ပါအတိုင်း ချီးကျူးလေတော့သည်။

"အာကယောက်ျား၊ ဘသွီးမှန်ရေ၊ ရွှေတန်သားဟု၊ ပတ္တမြားတန်၊ စိန်တန် မြတန်၊ တပြည်လုံးကို၊ ကျူးလို့တန်ကေ၊ သားမွန်ချွေးမ၊ နေနှင့်တူရေ ဘယ်သူရဟု"

ဤသို့လျှင် 'သမီးတင့်တယ်၊ သုံးတောင်ထွာမှာ၊ ကေသာထွန်းကေ၊ မိုးပန်းဝေ'။ 'ကျောင်းတကာသမီး၊ လှဆိုရာမှာ၊ ချာကဝီးကေ၊ မိုးပန်းဝေ'။ 'ပွင့်သစ်ကြာတူ၊ မိုးပန်းဖြူ'။ 'နာရဏီကေ၊ သိယီနှင့်တူ၊ မောင့်ရင်ခွင်မှာ၊ တင်မေမှန်ကေ၊ မိုးပန်းဖြူ'၊ 'ငါ့မှာတူမ၊ မိနော်ဟဟု၊ အလှမိုးဖြူ ငွေတောင်သူ'ဟု ထူးထွေဆန်းပြားလှသည့် 'မိုးပန်းဝေ' အချစ်ဇာတ်လမ်းကလေးအား ဤတွင်ပြီးဆုံးခဲ့လေသတည်း။

**မညစံ**

**၁၉၅၂-၅၃ ခုထုတ် မညဝတီမဂ္ဂဇင်းမှ**

# ဗျည်း (၃၃)လုံး ရခိုင်လေ့တော်သံ

က - ကိုမူကား။ ကဋ္ဌနပပ္ပတာ၊ ငွေတောင်သာက၊ ဟသ်ာဝမ်းဘဲ၊ ဖွံ့ကျဝဲသည်၊ မစဲရုံကာ၊ ရုံကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ခ - ကိုမူကား။ မြတ်လှသီးခံ၊ ရသေ့ပုံကို၊ အကြံယူမှား၊ မင်းသားပြည်သျှင်၊ ပြစ်မှားလျှင်ကေ၊ ပြည်တော်ဝင်ကာ၊ ဝင်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။

ဂ - ကိုမူကား။ ဂန္ဓမာလာ၊ ပန်းနံ့သာနှင့်၊ လင်ရှာမရ၊ နဂါးမလျှင်၊ နေ့ညမပြတ်၊ လှည့်ဖျားတတ်သည်၊ သူမြတ်ရွှင်ကာ၊ ရွှင်ကာသော်လည်း၊ ဟန်စိလေ၊ ဟန် စွလေ။ ။

ဃ - ကိုမူကား။ ဃရာဝါသ၊ ကိစ္စများမြောင်၊ လူတို့ဘောင်ဝယ်၊ ခွာရှောင်ချိပြီး၊ မင်းကြီးတတပ်၊ သားလွှတ်လပ်သည်၊ အထွဋ်မှတင်ကာ၊ တင်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

င - ကိုမူကား။ ငဆမုဆိုး၊ နယ်မျိုးလည်ဘိ၊ မဏိပတ္တမြား၊ ကုန်ခါစားသည်၊ လှေမျှားကိုင်ကာ၊ ကိုင်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

စ - ကိုမူကား။ စန္ဒသူရိယ၊ မင်းလှပြည်ရှင်၊ တောင်းပန်ကျင်ကေ၊ သျှင်ပင်ကိုယ်စား၊ သွန်း၍ထားသည်၊ ဖူးများလွှယ်ကာ၊ လွှယ်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ဆ - ကိုမူကား။ ဆဒ္ဒန်ဆင်မင်း၊ လေညှင်းခံရာ၊ မုဆိုးလာ၍၊ ဖြတ်ကာစွယ်ဖျား၊ ပေးကမ်းပြေးသည်၊ မင်းအားဆက်ကာ၊ ဆက်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ဇ - ကိုမူကား။ ဇနက္ကမင်းကြီး၊ သဘော်စီး၍၊ ပျက်စီးရေတွင်၊ မျောရာကပင်၊ ကမ်းမှာတင်သည်၊ ပြည်ရှင်စံကာ၊ စံကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။

ဈ - ကိုမူကား။ ဈာန်အဘိညာဏ်၊ မိုးယံသို့ပျံသည်၊ ထိန်လျှံပြောင်ဝင်း၊ တန်ခိုးပြင်းသည်၊ ထွန်းလင်းဓမ္မာ၊ ကျင့်ကြံရှာ၏၊ သုဒ္ဓောမင်းမှာ၊ ဆရာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ည - ကိုမူကား။ ညောယျံတရား၊ ထိုငါးပါးကို၊ ပိုင်းခြားထင်ထင်၊ သိမြင်ကုံလုံ၊ ပြီးပြည့်စုံသည်၊ ဗိုလ်ပုံလူများ၊ သိမြင်ကြားအောင်၊ ဟောကြားဗုဒ္ဓါ၊ ဗုဒ္ဓါသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ဋ - ကိုမူကား၊ ဋကူမင်းကြီး၊ မီးကျောင်းစီး၍၊ ခရီးလွန်ရှည်၊ သံလျှင်ပြည်ကို၊ ဝင်လေညခါ၊ ညခါသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ဌ - ကိုမူကား။ ဌာပနာကို၊ မြင့်လှတန်းဆောင်၊ ကျွန်းလုံးပြောင်သည်၊ များမြောင်ရှစ်သွယ်၊ မွေတော်ဓာတ်ကို၊ တောင်ထွဋ်တည်ကာ၊ တည်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ဍ - ကိုမူကား။ ဍဏ္ဍာလုမင်း၊ ကြီးအင်းကြောက်လှ၊ ချဠဂါမဏီး၊ တိုက်စည်တီးလျက်၊ မင်းကြီးကျိုပြည်၊ စစ်ထိုးလေသည်၊ ဝန်းလည်းအောင်ကာ၊ အောင်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ဎ - ကိုမူကား။ ဎဠရထား၊ နဂါးသာလျှင်၊ ရိမှာမျိုးမြတ်၊ လှည့်ပတ်တကုတ်၊ သမုဒ္ဒရာ၊ မိဂလျာကို၊ နတ်မှာမင်းမြတ်၊ စီးပြီးလတ်သည်၊ သက်မြတ်ကြင်ရာ၊ ကြင်ရာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ဏ - ကိုမူကား။ ဏစဉ်ပင်က၊ တိမ်ညွန့်မြလွှန်၊ ပရစံပ၊ ကဏ္ဍုလကို၊ ပြန်ကစောင့်ကာ၊ စောင့်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

တ - ကိုမူကား။ တာဝတိံသာ၊ ထက်မှာနေနား၊ မိနတ်သားကို၊ တရားသာယာ၊ မြတ်စွာဘုရား၊ လာလတ်ပြေးသည်၊ နတ်များသောင်းသောင်း၊ အလောင်းကျွတ်ကာ၊ ကျွတ်ကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ထ - ကိုမူကား။ ထံပါးမကွာ၊ မယ်သူဇာနှင့်၊ မကွာတူစုံ၊ ပျော်ကြကုန်သည်၊ အာရုံ ပေးလမ်း၊ ရွှမ်းရွှမ်းသော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ။ ။

ဒ - ကိုမူကား။ ဒက္ခိုဏာလမင်း၊ ကြီးအင်းကြောက်လှ၊ ဒုဌကာမဏီး၊ တိုက်စည်တီး လျက်၊ မင်းကြီးကျီးပြည်၊ ထိုးဝင်လေသည်၊ ခန်းလယ်အောင်ကာ၊ အောင်ကာ သော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ။ ။

ဓ - ကိုမူကား။ ဓတ္တမင်းသား၊ စွမ်းစွမ်းအားနှင့်၊ ပတ္တမြားငုံကာ၊ ပျံကျလာသည်၊ ဆင်းဝါရုပ်ရေ၊ လှနတ်ကျေကို၊ မြင်ကေဝန်းကာ၊ ဝန်းကာသော်လည်း၊ ဟန်စီ လေ၊ ဟန်စွလေ။ ။

န - ကိုမူကား။ နဂါးရာဇာ၊ ဘုရားလျှာနှင့်၊ နတ်ရွာလူ့ပြည်၊ ပြောင့်ကြည်ဝင်း လျှင်း၊ ညောင်ပင်ရင်း၌၊ သီတင်းသုံးကာ၊ သုံးကာသော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ။ ။

ပ - ကိုမူကား။ ပဗ္ဗတီ၊ ဒေဝီရတနာ၊ တောင်ညာထွန့်ထား၊ မိဖုရားကို၊ အားရ ကြိုးကာ၊ ကြိုးကာသော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ။ ။

ဖ - ကိုမူကား။ ဖယကုမ္မာ၊ ကြီးစွာပြောင်အား၊ ပင်းခူကျားကို၊ လွှားလွှားခွပ်ကာ၊ ခွပ်ကာသော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ။ ။

ဗ - ကိုမူကား။ ဗာလလူမိုက်၊ မိန်းမစစ်ကို၊ ပစ်တတ်တန်းတင်၊ သဖန်းပင်တွင်၊ မြင်လျှင်မင်းကြီး၊ ဆောင်းရွှေထီးနှင့်၊ ဘိသိက်ခံကာ၊ ခံကာသော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ။ ။

ဘ - ကိုမူကား။ ဘဒ္ဒကမ္ဘာ၊ ပေါ်ခါအစ၊ ဗုဒ္ဓညောင်ဖြူ၊ မိတ္တေးဟူသည့်၊ ငါးဆူရှင်ပင်၊ ရှင်ပင်သော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ။ ။

မ - ကိုမူကား။ မဟော်သဓာ၊ ဘုန်းပညာနှင့်၊ ပုစ္ဆာနတ်လူ၊ မေးကြဟူသည်၊ လွယ်ကူ ဖြေကာ၊ ဖြေကာသော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ။ ။

ယ - ကိုမူကား။ ယက္ခစွယ်ပြူး၊ ဘီလူးနှင့်မြင်း၊ အန်တုချင်းသည်၊ ရန်ကိုမိကာ၊ မိကာသော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ။ ။

ရ - ကိုမူကား။ ရထားယာဉ်သာ၊ နေစကြာနှင့်၊ တေဇာနည်းတူ၊ တောက်စေဟူသည်၊ တောက်စေသော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ။ ။

လ - ကိုမူကား။ လဘက်မင်းဖျား၊ စွမ်းစွမ်းအားနှင့် ရထားစီးကာ၊ စစ်ထိုးလှာသည်၊ ဗိုလ်ပါငါးရာ၊ ငါးရာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ဝ - ကိုမူကား။ ဝေဘူလတောင်၊ မြင့်ခေါင်ရွှေဆောင်း၊ ဘီလူးပေါင်းနှင့်၊ ဘေးလောင်းထွင့်ဖျား၊ မင်းသားလုလင်၊ ကျဆုံးကျင်သည်၊ ရန်ခွင်ဖြေကာ၊ ဖြေကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

သ - ကိုမူကား။ သံတုကုမ္ဘာ၊ စောမင်းလျှာသည်၊ ဆရာမြတ်ထံ၊ ကျိုးနွံခစား၊ နောင်တော်အားကို၊ တရားဆယ်သူ၊ ထီးဖြူနှင်းကေ၊ နှင်းကေသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ဟ - ကိုမူကား။ ဟသ်ာငှက်ငယ်၊ စစ်ဖြစ်မေကို၊ ခြေပူလောင်ဆာ၊ မကြံသာသည်၊ ရေမှာမျှောကာ၊ မျှောကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

ဠ - ကိုမူကား။ ဠလမင်းသား၊ ရထားမစီး၊ မင်းကြီးသူမြတ်၊ ဗြဟ္မဒတ်ကို၊ အမတ်ညီညာ၊ ပြင်နှင်းလှာသည်၊ အရယူကာ၊ ယူကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

အ - ကိုမူကား။ အမ္ဘချိုမွှီး၊ သရက်သီးကို၊ ကျီးသားတွင်ပြီ၊ သီးဆောင်ချီသည်၊ ဒေဝီစားကာ၊ စားကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။ ။

**မှတ်ချက်။** ။ အထက်ပါ ဗျည်း(၃၃)လုံး လေ့လော့သံကို စာလုံးပေါင်း ချွတ်ယွင်းချက်များနှင့် ကာရန်ချွတ်ယွင်းချက်များကို ပြင်ဆင်မှုမပြုဘဲ ရရှိခဲ့သည့် မူရင်းအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။ အဆင့်ဆင့်ကူးယူထားရှိသဖြင့် ဤကဲ့သို့ ချွတ်ယွင်းချက်များ ပါရှိခြင်းဖြစ်သည်။

**ညေစံ**

**(အထက်ပါ ဗျည်း (၃၃)လုံး လေ့လော့သံကို 'ရခိုင်ယဉ်ကျေးမှု၊ ဝေသာလီစေတ်အမှတ် ၁၊ ၁၉၆၆-ခုနှစ်ထုတ်' စာအုပ်တွင် ထည့်သွင်းဖော်ပြဖူးပါသည်)**

**စာတည်း**

# ရခိုင်ပြည်မှ ရှန်းလိုက်ရတုများ

**(ခုနစ်)**

ရခိုင်သားတို့၏ မင်္ဂလာဆောင် သမက်တက်ပွဲလမ်းသဘင်၌ သမက်ရှင်ခေါ် သတို့သား ဖြစ်သူသည် သမီးရှင်ခေါ် သတို့သမီးအိမ်သို့ အခြွေအရံနှင့်သွားရောက်ပြီး ထိုသတို့သမီးအိမ်၌ လက်ထပ်မင်္ဂလာပွဲကို ကျင်းပရလေသည်။ သတို့သားက သတို့သမီးထံသို့ သွားရာဝယ် လူကြီးသက်ကြီးများက ရှေ့ဆုံးမှသွားကြပြီး ၎င်းတို့နောက်မှ လူလတ်ပိုင်းက လိုက်ရပါလေသည်။ ထိုနောက်မှ 'ပန်းကျင်း' တီးသမားများက တစ်ဦးနောက်က တစ်ဦးဆင့်၍ လိုက်ကြရသည်။

'ပန်းကျင်း'သည် စည်တစ်မျိုးပင်ဖြစ်ပြီး တမြိန့်မြိန့် တအိန့်အိန့် အသံထွက်ပေါ်အောင် ပန်းကျင်းသည်များက တီးရလေသည်။ ရှေ့ဆုံးမှလိုက်သူက တိုင်၍တီးလျှင် နောက်မှကျန်လူများက လိုက်တီးရလေသည်။

ထိုပန်းကျင်းသည်များနောက်မှ 'မင်းကျွန်မ'ခေါ် လင်ရှိမိန်းမများက ထဘီရင်ကန့်နှင့် လက်ရှည် ခါးရှည်အင်္ကျီများကို သပ်ရပ်စွာဝတ်ဆင်၍ တစ်ဦးနောက်မှတစ်ဦး တန်းစီ၍ လိုက်ပါကြကာ ၎င်းတို့နောက်မှ သမက်ရှင်၏မိခင်ဖြစ်သူက 'ရှောင်'ခေါ်သော မကိုင်မှ သရဖူကို ကိုင်ဆောင်၍ လိုက်ပါလာရသည်။ ထို 'ရှောင်'ကို မင်္ဂလာဆောင်သောအခါ

သမက်ရှင်က ဆောင်းရသည်။ ထို့နောက်မှ သမက်ရှင်၏ အပေါင်းအဖော် လူပျို လူရွယ်များက ခြံရံလိုက်ပါလာရသည်။ ရေစင်အိုးနှစ်လုံး၊ ဓားတစ်စင်း၊ ယပ်တောင် တစ်လက်လည်း ခြံရံ၍ ကိုင်ဆောင်ပါလာရသည်။ ၎င်းတို့နောက်မှ သမက်ရှင်၏ သေတ္တာ၊ အိပ်ရာလိပ်များကို ထမ်းဆောင်သယ်ယူလာကြလေသည်။ အတိုင်အဖောက်နှင့် သံချပ်သဘောမျိုးပင်ဖြစ်သည်။ ဤရွှန်းလိုက်ကဗျာကို တစ်ဦးကတိုင်ပြီး အခြားသူများကဝိုင်း၍ ရွှန်းလိုက်ရလေသည်။ သမက်တက်တွင် သီဆိုကြသော ရွှန်းလိုက်ကဗျာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

'အိုးသျှေနှစ်လုံး၊ ခွက်သျှေဖုံး၊ ပြုံးသီးပြုံးသွင်၊ သန္တာမေလင်၊ ဝိုင်းလို့ကြည့်---ရွှန်း'

ဤရွှန်းလိုက်ကဗျာ၏အဓိပ္ပာယ်မှာ အိုးကလေးနှစ်လုံးကို ခွက်ကလေးနှင့် ဖုံးလိုက်လေပြီ။ ပြုံးတုံးတုံးနှင့် အူမြူးနေသော သတို့သမီးသန္တာမေ၏ လင်တော်မောင်ကို ဝိုင်း၍ ကြည့်ရှုလိုက်ကြစမ်းပါဟု တချို့ကတိုင်ဆိုလိုက်သောအခါ ကျန်လူများက ထြဘာပေးပြီး ဟုတ်ပါပေသည်။ မှန်ပါပေသည်ဆိုသောသဘောဖြင့် ရွှန်းဟုလိုက်ဆိုကြလေသည်။

ရခိုင်သားတို့၏ ရှင်လောင်းလှည့်သောအခါ၌လည်းကောင်း၊ ရထားပွဲ၌လည်းကောင်း ဤသို့သော ရွှန်းလိုက်သီချင်းများကို သီဆိုလေ့ရှိကြပါသည်။ ဤရွှန်းလိုက်ကဗျာ သီချင်းများကို ရခိုင်သားတို့သည် လူစုလူဝေးဖြင့် ပြုလုပ်ကျင်းပသော ပွဲလမ်းသဘင် ဆင်ယင်သည့်အခါ ဆိုလေ့ရှိကြပါသည်။ အလားတူ 'ဟန်စီလေ၊ ဟန်စွလေ'ဟု လိုက်ရသော သီချင်းများကိုလည်း သီဆိုလေ့ရှိကြပါသည်။ သို့သော် မြန်မာစာညွှန့်ပေါင်းကျမ်း၌ ဝေသာလီပြည့်ရှင် စန္ဒရားမင်းများလက်ထက် ထွန်းပေါ်ခဲ့သော ဝေသာလီမင်းသမီးရတုကို သျှိုးလိုက်ရတု ရှင်လောင်းလှည့်အသွားမျိုးဟု ဆိုထားပါသည်။ မြန်မာပြည် အချို့အရပ်ဒေသများ၌ ရှင်လောင်းလှည့်သောအခါ ရွှဲးဟုလိုက်ရသော သီချင်းကလေးများကို သီဆိုကြသည်ဟု သိရပါသည်။ ဤအသွားမျိုးအတိုင်း ရခိုင်ပြည်မှရတုများကိုတွေ့ရရာ ၎င်းတို့ကို သျှိုးလိုက်ရတုများဟု အမည်တပ်ပေးလိုက်သည်ကို တွေ့ရပါသည်။

ရခိုင်ပြည်၌ သျှိုးလိုက်ရတုဟူ၍ကား မကြားဖူးမိပေ။ 'ရွှန်း'လိုက်ရတုဟူ၍သာ ကြားမိဖူးပါသည်။ 'သိန်ကန်မိန်တွင်'ချီရတုမှာ ရတုရိုးရိုးမဟုတ်၊ သျှိုးလိုက်ရတုဟု ဆိုထားသည်။ ရခိုင်စာဆိုပညာရှိ အချို့ကမူ ဤရတုသည် 'ရွှန်း'လိုက်ရတု ဖြစ်သည်ဟု ဆိုလေသည်။ ဤရတုတွင် တစ်ပုဒ်ဆုံးလျှင် 'ရွှန်း' လိုက်ရသည်ဟု ဆိုကြပါသည်။ ဤသို့သော 'ရွှန်း'လိုက် ရတုများကို ရခိုင်စာဆိုများ အများအပြားပင် ဖွဲ့နွဲ့ခဲ့ပြီး ရခိုင်စာပေ၌ထင်ရှား ကျော်စောခဲ့သော ကဗျာများကို ဤ 'ရွှန်း' လိုက်ရတုသွားများဖြင့် ဖွဲ့နွဲ့ထားသည်ကို တွေ့ရပါသည်။

ဝေသာလီပြည့်ရှင် သီရိစန္ဒရားမင်းကြီးလက်ထက် သားတော်အိမ်ရှေ့မင်းသည် အနောက်သူရတန်ပြည်သို့ စစ်ချီအောင်မြင်၍ သူရတန်မင်းသမီးနှစ်ဦးနှင့် ပျော်မွေ့နေလျက် သုံးနှစ်မျှ ကြာညောင်းခဲ့ပြီးဖြစ်ရာတွင် မျောက်သားတော်မင်းသမီး သုဝဏ္ဏဒေဝီက 'ရွှန်း' လိုက်ရတုသုံးပုဒ်ကို ဆက်သလိုက်လေသည်။ အောက်ပါအတိုင်း ကောက်နှုတ် ဖော်ပြလိုက်ပေသည်။

'သိန်ကန်မိန်တွင်၊ ဆဲနှစ်ခွင်ကို၊ လွမ်းပင်စည်မြင့်၊ ကြာရှည်တာအကူး၊ တပေါင်းမင်းလွင်၊ ရွှက်ကျင်တောင်လီမြူးက၊ ပြစ်သွယ်နူးစီးသွယ်ဖြာ၊ မတတ်သာချေ၊ ဤအထွေထွေကို၊ ကြည့်လေသမျှသာတည်း၊ ပင်တိုင်းမှာ ညှာရွက်ကြွေ၊ လေပြင်းခတ်လစ်၊ ပုရစ်ဝေဝေနှင့်၊ ငှက်ရွှေမောင်နှံစုံ၊ နွဲလည်ချင်းယှက်၊ ပန်းနှစ်ခက်ကို ယူလျက်၊ နှုတ်ဝယ်ငုံ၍၊ စာခွဲ့တုံ့ရွှင်နှစ်လို့၊ တထူးထွေလာ၊ ဘာသာလူလို၊ မကိုနှုတ်နှင့်တို့၍၊ ဤသို့ ချစ်ဖွယ်ဆင်---'

ရတုမှာ လေးလုံးစပ်ရတုရိုးရိုး မဟုတ်သည်ကို တွေ့ရပါသည်။ ရမ်းဗြဲမြို့တောင်ကျောင်းဆရာတော်ဘုရားက ရကန်ဖြစ်သည်ဆိုထားပြန်လေသည်။ ရကန်အသွားနှင့် ဆင်တူယိုးမှားဖြစ်သော်လည်း ရကန်အဖွဲ့အနွဲ့ကား မဟုတ်ဟု ရခိုင်စာဆိုအချို့က ဆိုကြပါသည်။ ဤရတုသည် 'ရွှန်း'လိုက်ရတု ဖြစ်မည်ဆိုလျှင် ဤကဲ့သို့ အသွားမျိုးနှင့် ဖွဲ့နွဲ့ထားရှိသော ရွှန်းလိုက်ရတုများကိုကား ရခိုင်ပြည်၌ ထူးထူးခြားခြား တွေ့မြင်နိုင်ပါသေးသည်။

ဒုတိယပရိန်မြို့တည် ကောလိယမင်း၏သားတော် ဒသရာဇာမင်းလက်ထက် အဘိသိက်ခံတော်မူမည်ဟု မိန့်တော်မူသောအခါ အဘိသိက်ခံသော ကိရိယာအင်္ဂါစုံအပ်သော အကြောင်းကို ရှေးပညာရှိအမျိုး အမတ်ကဝိကျော် လျှောက်သောထုံး၏အသွားမှာ ရွှန်းလိုက်ရတုသွားမျိုးပင် ဖြစ်သည်ကို တွေ့ရပေသည်။ အောက်ပါအတိုင်းကောက်နုတ်ဖော်ပြလိုက်ပါ၏။

'နွယ်မြစ်စဉ်လာ၊ မြတ်ရာဇာတို့၊ စကြာရောက်ရာအကြောင်းပေ၊ ပရမေဘုန်းသမ္ဘာ၊ မဟာဇာနိန်၊ သာကိန်ဧကရာဇာတို့၊ ကြီးကျယ်စွာမင်းတံဆိပ်၊ ဘိတ်သိတ်တော်ခံ၊ တိုင်းနိုင်ငံကို၊ စိုးစံကွပ်ညှပ်နိုပ်၍၊ လူတို့ထိပ်ရှေ့စဉ်လာ၊ ဘိတ်သိတ်သွန်းရိုး၊ မော်ကွန်းထိုးသည်၊ မင်းမျိုးမြတ်ကညာနှင့်၊ လက်ယာရစ်ခရုသင်း၊ မင်းတို့သုံးရ၊ ဖြူဟွဗာလည်း၊ မူလသိက္ခာ၊ ကျမ်းအမှာကို၊ မှီစွာကျင့်ရိုး၊ ဘေးဘိုးဆင်းသက်၊ ဘိက်သိတ်ဆက်မှန်ရာ၏။'

ထို့နောက်တစ်ဖန် ရခိုင်ပြည်မြောက်ဦးခေတ် နန်းတက်တော်မူသော မင်းဖလောင်းလက်ထက် ပဲခူးကျော်ထင်နော်ရထာက စကားတောင်စားကိုသံစေ၍ သမီးတော် မြတ်ရှင်စိုးနှင့် ပဲခူးမင်းသား သမီး မင်းသစ္စာကိုပေးပါမည့်အကြောင်းစေဆိုရောက်လာရာ မင်းဖလောင်းက တိုင်ပင်တော်မူ၍ ရခိုင်အမတ်ကြီး မဟာပညာကျော်က လျှောက်ထားရာတွင် ကိုးကားထုတ်ဆောင်သော ရာဇသံသတီနိဒါန်းစာလင်္ကာဟု ဖော်ပြထားသော ကဗျာမှာလည်း ဤကဲ့သို့ ရွှန်းလိုက်အသွားပင် ဖြစ်ပေသည်။ ကောက်နုတ်ချက်ကား ဤသို့ပင်။

'ပညာတော်မြေအထု၊ စုံစေ့မြောက်မြား၊ မူးမတ်အားလည်း၊ ရည်သွားသိအောင်ပြုလော့။ လူမှုအလွန်ခက်လှစွာ၊ ပြည်သူကိုသား၊ ယွင်းမမှားအောင်ထားရသည့် မေတ္တာနှင့်၊ ရှေ့ထက်စဉ်လာ၊ မတ်တို့ထုံးတမ်း၊ တတိုင်းတပြည်၊ အတည်တည်ကို၊ လှည့်လည်သံစေခန်း၌၊ ထောက်လှမ်းမြော်ရှုပြုအပ်ရာ၊ သူကစေပြန်၊ အတန်တန်လည်း၊ တမန်ရောက်တို့လာက၊ အင်္ဂါမူလလူ့အနေ၊ မင်းတို့ခလေ၊ သိစုံစေ့မှ၊ အတွေ့ခံသင့်ပေသည်'

ထို့ပြင်တဝ ရခိုင်မြောက်ဦး ရွှေမြို့တော်၌ နန်းတက်တော်မူသော မင်းရာဇာကြီးလက်ထက် စာဆိုတော်ဥက္ကာပျံသည် အိမ်ရှေ့ဥပရာဇာမင်းခမောင်းနှင့်အတူ ဟံသာဝတီပဲခူး၌ သုံးနှစ်ကြာနေထိုင်ခဲ့စဉ်က ရခိုင်ပြည်အား လွမ်းဆွတ်တသပြီဖြစ်၍ မင်းခမောင်းရခိုင်ပြည်သို့ ပြန်လွယ်စိမ့်သောငှာ ဆယ့်နှစ်ရာသီရတုကို ဆက်သခဲ့လေသည်။ ဤရတုအကြောင်းနှင့်ပတ်သက်၍ သုတေသနစာစောင်တွင် ကွယ်လွန်သူ ကျောက်စာဝန်ဟောင်းဦးစံရွှေဘုက မှတ်ချက်ရေးသားထားသည်ကို ဖတ်မိပါသည်။

ဦးစံရွှေဘုက ဤဆယ့်နှစ်ရာသီရတုသည် ဒွတ္တပေါင်မင်းလက်ထက်က စပ်ဆိုခဲ့သောလေ့လော်သံဆယ့်နှစ်ပုဒ်နှင့်တူသည်ဟု ဆိုပါသည်။ ဤသို့ ရတုစပ်နည်းမှာ ရခိုင်ပြည်၌ဝေသာလီပြည့်ရှင် စန္ဒရားမင်းများလက်ထက် သတ္တရာဇ်(၈)ရာစုမှ (၁၀)ရာစုအတွင်းကရှေးဦးစွာ ဓမ္မစေတီအမတ်ကြီးက တီထွင်စပ်ဆိုဖွဲ့နွဲ့ခဲ့ပြီး စပ်ပုံစပ်နည်းများကို အိန္ဒိယပြည်တွင်း 'ဘဂဘတ်ဂီတ' အစရှိသော ထင်ပေါ်ကျော်စောခဲ့သည့်ကဗျာများမှ နည်းယူခဲ့သည်ဟုဆိုထားလေသည်။

ဤရတုများကို ရခိုင်အသံနေအသံထားနှင့် ဖတ်ရှုတတ်ပါမူ အထူးသာတောင့်သာယာရှိလှသည်ဆို၏။ ရက္ခဝဏ္ဏခေါ် ရခိုင်အက္ခရာစာပေသည် ဝေသာလီခေတ်တွင် အိန္ဒိယဘာသာမှ ကူးပြောင်းခဲ့သည်ဟု ရခိုင်ရာဇဝင်ဆရာများက ဆိုထားရာ ဤသို့ ရတုဖွဲ့နွဲ့ပုံတို့ကို

အိန္ဒိယကဗျာဖွဲ့နွဲ့ပုံတို့မှ အတုယူခဲ့သည်ဆိုချက်မှာ မှားဖွယ်မရှိချေ။ ဦးစံရွှေဘုရေးသားသည့် မှတ်ချက်တွင် ဓမ္မစေတီအမတ်ဟု ပါရှိ၏။ သို့သော် ကျွန်ုပ်တို့ တွေ့ဖူးမှတ်သားဖူးခဲ့သည့် အရမှာ ဝေသာလီပြည် စန္ဒရားမင်းများလက်ထက်တွင် ဓမ္မဇေယျအမတ်ကြီးဟု ကျော်စော ထင်ရှားခဲ့သည့် စာဆိုတစ်ဦးကို တွေ့ရှိရ၏။ စာပေအရေးအသားတို့မှာ ထူးချွန်ခဲ့ပြီး ရခိုင်လေ့တော်သံ ဗျည်း (၃၃)လုံး 'ဟန်စွလေ' ကဗျာကို ဖွဲ့နွဲ့သီကုံးထားသည်ကို တွေ့ရှိရပါသည်။ ဤဓမ္မဇေယျ အမတ်ကြီးသည်လည်း ရတုများကို ဖွဲ့နွဲ့ဟန်တူပါသည်။ ဥက္ကာပျံ၏ ဖော်ပြပါ ဆယ့်နှစ်ရာသီရတုမှာ ရွှန်းလိုက်ရတုသွားပင်ဖြစ်၍ ရွှန်းလိုက်ဆယ့်နှစ်ရာသီရတုဟူ၍ ရခိုင်စာဆိုများက ယူဆကြပါသည်။ ဥက္ကာပျံဆယ့်နှစ်ရာသီရတုမှ ပျော်ဖွယ်ကောင်းပုံတို့ကို ဖွဲ့နွဲ့ထားသော တန်ခူးလအကြောင်းကို ဖော်ပြလိုက်ပါသည်။

'ရှိခိုးတောင်းပန်၊ ဖုန်းထက်သံသို့၊ ကျွန်လျှောက်မည်၊ ရတုလည်း၊ တပေါင်းကုန်၊ အတာအစွန်း၊ တန်ခူးဆန်းသော်၊ အလွမ်းမယ်ပုံခဲ့၊ ခုတူစုံမဖူးသာ ဟံသာဝတီ၊ တိုင်းမြေသူ့ခမ်းဝါက၊ နီဖြူကာပန်းမျိုးစုံ၊ ဆက်စာရက်ထောက်၊ ခြင်းကောက်လှမျိုးစုံက၊ ထက်ရပ်ဘုံလျှံဝါပြီ၊ ပစ္စုကျလှာ၊ သို့ချိန်ခါကို၊ လွမ်းတော်မမှုသီးလော့၊ ရပ်ဝီးသူ့ရပ်မြေ၊ တောရဂုံဝယ်၊ ဘော်စုံကျီးငှက် မြည်က၊ စိတ်မတည်လွမ်းလောင်ပူ၊ မောင်လည်းသူ့ခွင်၊ တာသဘင်ဝယ်၊ မယ်ရှင်မေနှင့် မပူးဘဲ၊ များရပ်ကျူးဝေးမြေခေါင်၊ ရက္ခမဏ္ဍိုင် ရခိုင်ပြည် ရောက်အောင်တည်း၊ တန်ဆောင်သည် ဖျူးဖျူးမြင့်၊ မြင်းမိုရ်ထွဋ်ခေါင်၊ လေးယောက်မောင်သည်၊ ဘုန်းခေါင်သိကြားမင်းလည်း၊ ခုချက်ချင်းပို့ဆက်လှာ၊ ရက္ခမှန်ဖူး၊ မြောက်ဦးရွှေပြည်သာ၌၊ များစွာသည်၊ ရွှီလို့ပေါင်း၊ သိယ်နဒီ၊ နန်းတော်ဆီဝယ်။ ရွှီလို့မင်းဆိပ်ချောင်း၌၊ တသောင်းသောင်းပျော်စဉ်တွင်၊ တူစုံကြည့်ရှုချင်သည်၊ သကြ်ာန်အခါတည်းလေး'

ထိုနောက်တဖန် အင်္ဂလိပ်တို့ ရခိုင်ပြည်ကို သိမ်းပိုက်အုပ်ချုပ်၍ မတရားဖိနှိပ် ချုပ်ချယ်ခြင်းပြုကြရာတွင် မျိုးချစ်ကြီးများဖြစ်သော စစ်တွေမြို့နေ ဒေးဝန်ဦးအောင်ကျော်ရွှီ မြို့သူကြီး ဦးအောင်ဇံနှင့် မင်းသားကြီး ဦးရွှေဘန်းတို့ကတော်လှန်၍ ကိုယ့်ပြည်ကိုယ့်မျိုးကို ပြန်လည်ရရှိရန် ကြံဆခဲ့ရာတွင် မသမာသော လူကပ်ပါးသစ္စာဖောက်တို့၏ ကုန်းချောစကားကြောင့် ဖမ်းဆီးချုပ်နှောင်ကာ တစ်နိုင်ငံမြို့ယံခြားသို့ အပို့ခံခဲ့ရဖူးလေသည်။ ဤမျိုးချစ်တို့က တစ်ပြည်စံဌာနမှ မိမိတို့ပြည်၊ မိမိတို့မြို့ ကျောင်းကန် ဘုရားများနှင့် မိမိတို့၏ အမျိုးသား၊ ဆွေမျိုးသားချင်းတို့အားခွဲခွာ၍ လွမ်းဆွတ်တမ်းတကာ ရတုများ သီကုံးရေးသားပေးပို့ခဲ့ကြ

လေသည်။ ၎င်းပုဂ္ဂိုလ်တို့ ဖွဲ့နွဲ့ခဲ့ကြသော ရတုများမှာလည်း ရွှန်းလိုက်ရတုသွားများပင် ဖြစ်နေသဖြင့် ဒေဝန်းဦးအောင်ကျော်ရှိရတုမှ ကောက်နုတ်၍ဖော်ပြလိုက်ပါသည်။

'နတ်ပြည်ရပ်ပါ။ ချီကြွသွားသည်၊ သဘောသာ၊ ရွှေသံသာ ကံဟောင်းက၊ တောင်းဆုယူသည်၊ အလှူမသန့်ခ၍၊ ကိုယ့်ဌာနတိုင်းရပ်မြေ၊ ကျောင်း ကန် ဘုရား၊ ဇာတိများကို၊ ပါယ်ထားနောက်ခိုင်းပေ၍၊ သင်္ဘောလည်းသုံးပင်တိုင်၊ ပင်းတွန်း မဆင်၊ တက်မငင်ဘဲ၊ ရွက်လျှင်ဖြန့်ကာချည်နှင့်၊ အစည်စည်လီသင့်ရာ၊ ပင်လယ် မြစ်ကြီး သင်္ဘောစီး၍၊ လွင့်ပြီးယူသွားပါက၊ မွေးမိသာဟဲမပြား၊ နှမကြီးလျှင်၊ မောင်ထိပ်တင်ကို၊ ကျွန်လျှင်မဖူးရဘဲ၊ လွန်ကြေကွဲတမ်းယမ်းကာ၊ ကြာပဒုံကို၊ နေပူ လှန်းပမာသို့၊ မွေးမေတော်မင်းချွေးမ၊ သားဦးမိခင်၊ ငယ်ကျွမ်းဝင်နှင့်၊ သားရှင်တို့ကို တ၍၊ ခြိုးငိုက်မပဲအနေ၊ တူစုံမဲ့ဘဲ၊ ဖော်နှင့်ကွဲသည်၊ ဝမ်းဘဲဟင်းသာမြည်သို့'

ဤသို့လျှင် ဒေးဝန်ကြီးသည် မိမိအား ပင်တွန်းခေါ် ခတ်ကွင်းတွင်သွင်း၍ လှော်ခတ် ရသော တက်များလည်းမပါဘဲ ရွက်လွင့်ရသော သုံးပင်တိုင်သင်္ဘောဖြင့် စစ်တွေကမ်းက ခွာရသည့်အကြောင်းများနှင့် မိမိနှမကြီး၊ ဇနီးသည်နှင့်တကွ သားငယ် သမီးငယ်များကို လွမ်းဆွတ်ပုံအလုံးစုံတို့ကို ဖွဲ့နွဲ့သီကုံးအပ်သော ရွှန်းလိုက်ရတုပေါင်းများစွာကို ရခိုင်ပြည်၌ ယနေ့တိုင် တွေ့နိုင်ပါသေးကြောင်းနှင့် သုတေသီတို့အား တင်ပြလိုက်ရပါသတည်း။

မညစံ

ရခိုင်ပြည်ဘက်မှ ရွှန်းလိုက်ရတု (ဝါ) ရွှန်းရတုနှင့် မြန်မာဘက်မှ သျှိုးလိုက်ရတုမှာ သဘောချင်းအတူတူပင် ဖြစ်သည်ကိုတွေ့ရပါသည်။ ရခိုင်ပြည်အချို့နေရာများတွင် ၎င်းရတုကို 'ရွှဲ'ဟူ၍လိုက်သဖြင့် 'ရွှဲ' လိုက်ရတုဟုလည်း ခေါ်နိုင်ကောင်းမည် ထင်ပါသည်။ ဤရတုမျိုးကိုပင် ရှေးရခိုင်စာဆိုအချို့က 'ရတု'ဟု ရိုးရိုးပင်ခေါ်ဝေါ်ကြဖြန်သည်။ မန်လည် ဆရာတော်ကလည်း 'ရတု'ဟူ၍ ရိုးရိုးအမည်မှည့်ခဲ့လေသည်။ ဤရတုမျိုးမှပင် သာချင်း၊ ရကန်စသော အဖွဲ့အနွဲ့များ ပေါက်ဖွားလာသည်ဟု ယူဆသင့်လေသည်။ ဤရတု စတင် ပေါ်ပေါက်သောအချိန်ပိုင်းမှာမူ ရခိုင်ပြည်မှပို၍ အလျင်ကျသည်ဟု စာပေမှတ်တမ်းများတွင် တွေ့ရလေသည်။

'ရွှန်း'လိုက်ခြင်း၊ 'သျှိုး' လိုက်ခြင်း၊ 'ရွှဲ' လိုက်ခြင်း စသည်ဖြင့် အလိုက်းကွဲပြားနေ ခြင်းမှာ အဓိကမဟုတ်ချေ။ မိမိတို့နားတွင် သုတိသာယာဖြစ်၍ အဓိပ္ပာယ်အယူအဆ

ကောင်းသလို လိုက်သွားခြင်းဖြစ်သည်ဟု ထင်မြင်မိပါသည်။ ရခိုင်ပြည်ဘက်၌ ရွှန်းဟု လိုက်ခြင်းမှာ 'ကျက်သရေမင်္ဂလာ ရွှန်းရွှန်းဝေပါစေ'ဟု ယူဆ၍လိုက်ခြင်းဖြစ်ဟန် တူပါကြောင်း။

**(စာတည်း)**

**မှတ်ချက်။ ။ ဤဆောင်းပါးကို ၁၉၅၇-၅၈ခုထုတ် ရခိုင်တန်ဆောင်မဂ္ဂဇင်း၌ ဖော်ပြဖူးပါသည်။**

# သကြံန်လ ရခိုင်အမျိုးသားတို့၏ လှိုပြိုင်ပွဲသဘင်

ရခိုင်အမျိုးသားတို့မှာ သကြံန်လ၌ ရေလောင်းပွဲကိုလည်းကောင်း၊ ကျင်ပွဲခေါ် နပန်းသတ်ပွဲကိုလည်းကောင်း၊ လှိုပြိုင်ပွဲ သို့မဟုတ် လောင်းပြိုင်ပွဲခေါ် လှေပြိုင်ပွဲကိုလည်းကောင်း ရာသီပွဲများအဖြစ် ကျင်းပလေ့ရှိကြသည်။ ဤဆောင်းပါး၌ လှေပြိုင်ပွဲသဘင် ဆင်ယင်ကျင်းပပုံကို တင်ပြလိုပါသည်။

## သကြံန်လ လူထုပွဲ

လှေပြိုင်ပွဲသဘင်ကို သကြံန်လတွင်ကျင်းပကြောင်း စာဆိုဥက္ကာပျံ ရွှန်းလိုက်ရတု၌-

ရက္ခမှန်ဖူး၊ မြောက်ဦးရှိပြည်သာ၌။ ။
များစွာသည် ရှိလှိုပေါင်း၊ သိင်္ဂနဒီ
နန်းတောင်ဆီဝယ်၊ ရှိလှိုမင်းဆိပ်ချောင်း၌။ ။
တသောင်းသောင်းပျော်စဉ်တွင်၊ တူစုံရွှချင်သည်၊ သကြံန်အခါတည်းလေ'။ ။

ဟု ဖွဲ့နွဲ့ထားသည်ကို တွေ့ရသည်သာမက တန်ခိုးဆရာထွန်းကြီးကလည်း---

'လှိုပွဲသဘင်၊ ရီထဲတွင်၌၊ ပျော်ရွှင်မြူးထူး မင်းလွင်ကျူးလျက်၊ တန်ခူးခါမို့၊ လရာသီဝယ် လောကီဘာသာ၊ ဓမ္မတာဖြင့်၊ နာဝါချင်းယှဉ်၊ လောင်းချင်းပြိုင်လျက်၊ ငါနိုင်

သူယုံ၊ တပြုံးပြုံးနှင့် ဖက်နွှန်းလိုလှော်၊ ရိအပေါ်၌၊ ရွှင်ကာပျော်မွှဲ၊ လုပ်ကြမ်းမိအောင်၊ လှိုဖွဲ့သံချို၊ ဆိုသူတဖြာ၊ လှော်သူတဝ၊ ကသူအပေါင်း၊ တသောင်းသောင်းနှင့်၊ မောင်းတဟီးဟီး၊ ခတ်တီးမည်၊ အောင်လံဝီဝီ ပြိုင်လှိုပြိုင်လှောင်း၊ ရီချောင်းမလပ်၊ ပရိသတ်များ ပွဲကြည့်သားရို့' ဟူ၍ ဖွဲ့နွဲ့ထားခဲ့သည်။

လှေပြိုင်ပွဲကို သကြိန် သို့မဟုတ် သကြိန်လွန်၍ ကဆုန်ညောင်ရေမသွန်းမီကာလ အတွင်း ကျင်းပရခြင်း၏အကြောင်းမှာ လူထုပွဲလမ်းသဘင်အနေဖြင့် လူထုအားလပ်ချိန်ကို ရွေးချယ်ရခြင်းဖြစ်သည်။ လူထုဆိုသည်မှာလည်း တောင်သူလယ်သမားများသာလျှင်ဖြစ်သဖြင့် လယ်သမားတို့ တလင်းပွဲစပါးရောင်းပြီးချိန် အားလပ်ချိန်ဖြစ်သည်။

ဤလှေပြိုင်ပွဲသည် ဆင်းရဲသားတို့၏ ပွဲလမ်းသဘင်တစ်ရပ်ဖြစ်ပြီး အများစုပေါင်း၍ အားကြိုးမာန်တက်လုပ်ဆောင်ရသည့် ကျန်းမာရေးအားကစားပျော်ရွှင်ပွဲတစ်ရပ်လည်း ဖြစ်ပေသည်။ စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့်ဆောင်ပုဒ်အတိုင်း ညီညွတ်ရေးကို ရှေးရှုသော ပွဲလမ်းသဘင်တစ်ရပ်လည်း ဖြစ်ပေသည်။

## ပြိုင်လှောင်းလျှာ

လှေပြိုင်ပွဲကို ကျင်းပနိုင်ရန်အတွက် ပြိုင်လှို၊ ပြိုင်လှောင်းခေါ်သည့် ပြိုင်ပွဲဝင်မည့် လှေကောင်းရရှိရေးမှာ ပထမအရေးအကြီးဆုံးဖြစ်သလို လှေသစ်ကောင်းရရေးကို ရှေးရှု၍ သစ်ပင်ခုတ်လှဲ့ရန် တစ်ရပ်လုံး တစ်ရွာလုံး 'ရွာဟုံ'အားပေးပါဝင်လေ့ရှိသည်။ သန်သန် မာမာရှိသော ယောကျာ်းများကဦးဆောင်ပြီး တောသုံးထောင်ကုန်အောင်သွားကာ သစ်ကောင်းရှာကြသည်။ သစ်ရှာမထွက်မီကပင် ဓလေ့အတိုင်း ဗေဒင်ဆရာနှင့် ရွာကျောင်း ဆရာတော်တို့၏ ဩဝါဒကိုခံယူပြီး ရက်ကောင်းနေ့သာရွေးချယ်၍ သစ်ခုတ်ထွက်ကြသည်။ လိုက်ပါရသည့်သူများအထဲတွင် ကိုယ်အင်္ဂါချို့တဲ့သော မသန်စွမ်းသူများ မပါဝင်ရ။ အများအားဖြင့် ဆယ့်ခြောက်လံရှိသည့်ပြိုင်လှေများကို ပြိုင်ပွဲ၌ အသုံးချလေ့ရှိကြသဖြင့် အဆမတန်အသက်ကြီးသည့် သစ်ပင်တို့ကို တွေ့အောင်ရှာကြသည်။ သစ်အကြောင်း ကောင်းစွာနားလည်သည့် ဆရာများနှင့်တိုင်ပင်ပြီး အနာအဆာမပါသော သစ်ကို ခုတ်ယူရသည်။

သစ်ပင်ခုတ်ကတည်းက သစ်ပင်လဲပုံကို နိမိတ်ကောင်းယူလေ့ ရှိကြပါသည်။ သစ်ပင်သည် သစ်ငုတ်နှင့် အနီးကပ်ဆုံးလဲကျလျှင် လှေလှော်၍သွားမည့် လှေလောင်းမဖြစ်ဟု

ယူဆကြသည်။ သစ်ငုတ်နှင့် ဝေးရာသို့ လဲကျသည့် သစ်ကိုမှုပို့ပြီး နှစ်သက်ကြသည်။ အချို့ ရွာများမှ ပြိုင်လောင်းများဆိုလျှင် တောင်တစ်လုံးနှစ်လုံးကိုပင်ကျော်၍ လဲသည်ဟု အဆိုရှိကြသည်။ ထို့ကြောင့် ပြိုင်လောင်းရှာဖို့ ထွက်ကတည်းက--

> 'သုံးတောင်ကျော်လို့ လဲလတ်တေ၊ ထူးကဲလှရေ၊ ထိုနိမိတ်ကြောင့်၊ မောင်ရို့ ပြိုင်လောင်းလှော်ရေခါ လျှင်မြန်ရာမာ၊ အတုမဟိ၊ နိလရထားပုံမာ၊ ယူဇနာ တာလွန်မြောက်အောင်၊ တမဟုတ်ချင်း ရောက်နိုင်ရေ၊ အမှန်ပြောမေ၊ မြင်းသိန္ဓော၊ တိမ်ညွန့်စားနန့် နှိုင်းစရာသုံးလူ့ ဆရာလောင်းသိဒ္ဓတ်က လေးတော်တင်လို့ ပစ်လွှင့်ရာ၊ မြှားတန်ပမာ အဟုန်ပြင်း၊ ဂဠုန်မင်းလဲမတုနိုင် ပြိုင်ဘို့လာ လိုလှော်သားရို့ ဝီးကရှောင်ယှားပါကပ်လီ။ ဘာမထီဇာနိပြိုင်လောင်း'။ ဟူ၍ မိမိတို့၏ ပြိုင်လောင်း

သည် သစ်ခုတ်ကတည်းက တောင်သုံးလုံးကျော်၍လဲသည့် လောင်းလျှာကို ပြုလုပ်သော လောင်းဖြစ်သဖြင့် နေလရထားကဲ့သို့ လျှင်မြန်လှသည်ဟု မိမိတို့ ပြိုင်လောင်းဂုဏ်ပုဒ်ကို ဖော်ထုတ်ပြီး တစ်ဖက်သား မခံချင်အောင် သံချပ်ကြီးထိုးကြသည်။

## ပြိုင်လောင်းပုံသဏ္ဍာန်

ရခိုင်တိုင်းမှာ ရေလမ်းခရီးသာများလှသဖြင့် လှေလောင်းကိုအသုံးများသလို ရှေးရခိုင်ဘုရင်များလက်ထက်က လှေအမျိုးမျိုး ရှိခဲ့သည်။ ဘားမဲ၊ သတ္တဒါန်၊ ဂွတ်၊ကရ ဝိက်၊ ရေတော်၊ စပ်တင်၊ လှော်ကား၊ လွန်းကင်၊ ပြသာဒ်၊ ဖောင်လှီ၊ နှီလောင်း၊ နှီ မီးကျောင်း၊ နှီကြက်၊ နှီကျီး၊ နှီစာမရီတို့ ဖြစ်ကြသည်။

ယခုအများသုံးလောင်းလှေတို့မှာ ဘူးလောင်း၊ စပ်လောင်းဟူ၍ နှစ်မျိုးရှိသည်။ ယင်းတို့ကို အသုံးချသည့်အတိုင်း ပြိုင်လှီ၊ စီးလှီ၊ လှီကြီးဟူ၍ အမျိုးမျိုးခေါ်ဝေါ်ကြသည်။ ပြိုင်လှီမှာ ဘူးလောင်းမျိုး ဖြစ်သည်။ ပြိုင်လှေမှာ (၅၊ ၆)လံမှ (၁၆)လံထိ အရှည်ရှိပါသည်။ ဦးပဲ့ရိစားဟူ၍ အစိတ်အပိုင်းများ စနစ်တကျအချိုးကျအောင်လုပ်ရသည်။ လောင်းကို ထွင်းတူးပြီးသောအခါ မီးပွတ်တိုက်၊ ဆီချောတိုက်၊ မိုဟင်းခေါင်းနှင့်တိုက် အစရှိသည့် ခြယ်သမှုများ ပြုလုပ်ရသည်။ (၁၆)လံရှိ ပြိုင်လှီမှာ ဦးနှင့်ပဲ့ကို တစ်လံလောက်စီ အရှည်ထားရပါသည်။

ဦးကပရိုဝင်း၊ သပြီအိုးမပြင်၊ နဂါးရုပ်၊ ကိန္နရာရုပ်၊ နယားရုပ်၊ ဟင်္သာရုပ်၊ ခြူးပန်းတို့ကို ပန်းထုပြီး တပ်ဆင်ထားသည်။ ဆေးရေး မွမ်းမံထားသည်မှာ ကြည့်၍လှသည်။

ပွဲမှာဆိုလျှင် 'မြဒင်ခုံ'ခေါ် တက်မခုံကို ကြိုး၊ ကျား၊ ငှက်ရုပ်၊ ကြာပန်းရုပ်တို့ဖြင့် မွမ်းမံ ကပ်ထားရသည်။ တက်မမှာဆိုလျှင် 'မျှားတန်းရှည်' ဟုခေါ်သောတက်မကို အသုံးချရသည်။ လှေဝမ်းမှာဆိုလျှင် လှေလှော်သားများထိုင်ရန် 'ဒဂုန်' တပ်ပြီး 'ပင်းကန်'တို့ကို (၂)လံ လောက်မှာ (၃)ခုလောက် တပ်ဆင်ရသည်။ လှေကို လူကထမ်းချ၊ ထမ်းတင်ရသည်။ အမျိုးသမီးများ ကျော်မတက်ရန် စည်းကမ်းသတ်မှတ်ထားသည်။

## လှေလှော်သားများ

ဆယ့်ရှစ်ယောက်စီးရသည့် (၆)လံလှေမှာဆိုလျှင် နောက်ဆုံးကတက်မကို တစ်ဦး၊ တက်မကိုင်ရှေ့က ပဲ့ထောင်နှစ်ဦး၊ ရှေ့မှာ ဦးစီးဦးပေါက်ခေါ်သည့် ပန်းဆွဲတစ်ဦး၊ ဦးစီးနောက်က 'လိုင်ဆစ်တောင်ဖျန်'ခေါ်သည့် ဦးထောင်စီးနှစ်ဦး၊ ကျန်ဆယ့်နှစ်ဦးမှာ တပင်းကန် နှစ်ယောက်တစ်တွဲစီ အလှော်သမား (၆)ဆိုင်း ထိုင်ရသည်။ (၁၆)လံ ပြိုင်လှေမှာ ဆိုလျှင် လူလေးဆယ်လောက် စီးရပါသည်။ လှေလှော်သားတို့မှာ အဝတ်ဆင်တူ၊ ခေါင်းပေါင်း စွန်ထောင်၊ ရင်စည်း၊ စလွယ်သိုင်း၊ ရင်သိုင်းအမျိုးမျိုး ဝတ်ဆင်ရသည်။ လှေလှော်သူများသည် ဦးစီးတက်ချသည်ကိုကြည့်၍ တက်ညီအောင် လိုက်လှော်ရသည်။ ဦးစီးလုပ်သူက တက်လှော် သည်ကို ကြိုးကြပ်ရသလို ပဲ့ကိုင်သူကလည်း လောင်းတည့်တည့်သွားအောင် တာဝန်ယူရ သည်။ ဦးစီးလုပ်သူက အလွန်တော်ဖို့လိုပါသည်။ ကိုယ့်လောင်းအသွားကိုကြည့်ပြီး တက်ချရ ပါသည်။ ပြိုင်လောင်း တာကအထွက်မှာ တက်ကိုရေမြုပ်ပြီး အရှည်ဆွဲလှော်ခတ်ကာ ပန်းဝင်မှတက်ကို သွက်သွက်မြန်မြန် လှော်ခတ်ရပါသည်။ တစ်နည်းဆိုလျှင် ပြိုင်လောင်း သွားဖို့ အင်အားမှာ ဦးစီး၏လှုပ်ရှားမှုအပေါ်၌ တည်ပါသည်။ ပြိုင်လောင်းအရှိန်ယူ၍ တာထွက်သည့်အခါ မတိမ်းမစောင်း ရန် အရေးကြီးပါသည်။ တာထွက်မှာ လောင်းဦးစီး လုပ်သူက စောင်းလိုက်မည်ဆိုလျှင် ပြန်၍တည့်သွားအောင်လုပ်ရသဖြင့် အချိန်ကြာသွား တတ်ပြီး နောက်မှာ ကျန်ရစ်ခဲ့မည်ကို စိုးရိမ်ရပါသည်။ ပြိုင်လောင်းလှော်၍ အတော်လေး အရှိန်ရသည့်အခါ၊ အတော်ကလေး အပြေးမြန်၍ မှန်လာသည့်အခါ တက်မကိုင်လုပ်သူက တက်မကို ရေထဲနစ်ရုံလောက်သာ ချထားလေ့ရှိသည်။ တော်သည့် တက်မကိုင်တို့မှာဆိုလျှင် တက်မကို ရေပေါ်မှ ဖော်၍ယူလာကြသည်။ ထို့ကြောင့်--

'ကိုးစိပ်ကိုးလံ၊ ကိုးပင်းကန်၊ ကျင်သန်တိရာ
တက်ပျာစီးလို့၊ မဟာလောင်းကြီးထွက်လို့လာ

ဇမ္ဗူဒီပါ၊ လက်ျာကျွန်းမှာ
ထွန်းရေနီလပုံပမာ၊ သတင်းကြေငြာနာမည်ကြီး
ပြိုင်လောင်းဦးစီး 'ဆရာအောင်'
သူကရှိဆောင် လမ်းညွှန်ပြလို့
ပြိုင်လောင်းဝမ်းမပင်းကန်မှာ၊
ရှိနောက်ဘယ်ညာ၊ နီရာစီအောင်
လူစိတက်စိထိုင်ပြီးကော၊ ဦးစီးဆရာချရေတက်နန့်
မပျက်မကွက်ညီညီညာ၊ ရိုပန်းဖွာအောင်တက်ကိုစွဲလို့
တဟုန်တည်းနန့်ထွက်လီခါ၊ ပြိုင်လောင်းပုံမှာ
'ဆရာထွန်း'က၊ ရပ်စောက်ထလို့ရှိကိုမျှော်၊ သူ့လက်စွဲတော်
ထိုတက်မကို၊ မြာဒင်ထက်က နနောင်းကိုင်၊
မယိမ်းမယိုင် လှိုမစောင်းအောင်၊ ဖြဖြောင့်တတန်းကိုင်လို့လာ၊

ဇာသူတခါပြိုင်ဝံ့ဘို့လဲ' ဟူ၍ 'ကျင်သန်' ခေါ် လူသန်နပန်းသမားများသာစီးသော မဟာလောင်းကြီးမှာ နာမည်ကြီးသည့် ဆရာအောင်က လှေဦးစီး၍ ပဲ့ကိုင်ကနာမည်ကျော် ဆရာထွန်းဖြစ်သည့်အကြောင်း၊ လူစေ့တက်စေ့ လှော်လာသည့် ဤမဟာလောင်းကြီးကို ဘယ်သူတစ်ခါ ပြိုင်ဝံ့ပါမည်နည်းဟု အရေးဆိုသံချပ်ကြီးထိုးကြခြင်း ဖြစ်သည်။

## လောင်းပြိုင်ပွဲ ကျင်းပပုံ

ပြိုင်လောင်းပွဲကို ရပ်ရွာအချင်းချင်း သို့မဟုတ် မြို့နယ်ခရိုင်အလိုက် ကျင်းပလေ့ရှိကြသည်။ ရာသီပွဲအဖြစ်သာမက ဘုရားပွဲ၊ မင်းပွဲစိုးပွဲများနှင့်တွဲဖက်၍လည်း ကျင်းပလေ့ရှိကြသည်။ ပြိုင်ပွဲဝင်မည်ဆိုလျှင် လှိုမပြိုင်ခင် ရပ်ရွာသျှင်၊ ချောင်းသျှင်များကို လောင်းဦးခိုက်ပြီး အတီးအမှုတ် အဆိုအကနှင့် ပသသောအလေ့အထရှိကြသည်။

လှိုပြိုင်ပွဲကို ချောင်းများ၌ ကျင်းပလေ့ရှိကြပြီး ဖြားရေကမ်းနဖူးထိ ပြည့်လျှံနေသည့် လဆန်းစ၊ လဆုတ်စခါများမှာ ကျင်းပကြသည်။ လှိုပွဲကို ဖြားတလတ်လောက်တက်သော နံနက် (၁၀)နာရီ၊ (၁၁)နာရီလောက်အစပြုပြီး ဖြားရေကျချိန် (၃)နာရီ၊ (၄)နာရီလောက်တွင် အဆုံးသတ်သည်။ ပွဲကို (၃)ရက်ထိ ကျင်းပကြသည်။ နိုင်သူအား နောက်ဆုံးနေ့မှာ

ရွှေမောင်းနှင့် အောင်ဆုအောင်လံကို ချီးမြှင့်သည်။ ရပ်ရွာလူကြီးများကို ဒိုင်လူကြီးများအဖြစ် ရွေးချယ်တင်မြှောက်လေ့ရှိကြသည်။ အချင်းမပွားအောင် အရပ်ရပ်က ပြိုင်လာသည့် လှေလှော်ဦးစီးများစုပေါင်း ဆွေးနွေးပြီး စီစဉ်ရပါသည်၊ ဆုံးဖြတ်ရပါသည်။

လှေပြိုင်ပွဲအတွက် တာအထွက်အစကပင် အဆုံးပန်းဖူးတိုင် အကွာအဝေးကို သတ်မှတ်ထားရပါသည်။ ပြိုင်သည့်အခါ ရိုးရာဓလေ့အတိုင်းဆိုလျှင် တာစကအညီထွက်နိုင်ရန် သံတုံးကို စင်မြင့်က ကြိုးနှင့်ဆွဲပြီး ရေကိုချ၍ အချက်ပေးရသည်။ ယခုအခါ ခေတ်အလျောက် သေနတ်ပင် ဖောက်ကြသည်။ ပန်းဖူးဝင်မှာလည်း အနိုင်အရှုံးကို စက်ဖြတ်ပန်းဆွဲနည်းဖြင့် ဆုံးဖြတ်လေ့ရှိကြသည်။ စက်ဖြတ်နည်းမှာ လှေဦးက ဓားကိုစိုက်ထားလျက် ပန်းဖူးက တားထားသည့်ကြိုးကို အလိုအလျောက်ဖြတ်သွားသည်နှင့်တပြိုင်နက် ပန်းဖူးမှာ ညွတ်ကျလာပါသည်။ ပန်းဆွဲမှာ ဝါးလုံးကိုဖောက်ပြီး ကြိမ်နွယ်သစ်ချောင်းတစ်ခုခု ထိုးသွင်းထားပါသည်။ ယင်းဦးစီးပန်းဆွဲအစ လိုသမားထိဆွဲယူရပါသည်။ ဤသို့ ပန်းဖူးကို စီစဉ်ထားပြီး အနိုင်အရှုံး ဆုံးဖြတ်ကြပါသည်။

## ပြိုင်လောင်းသံချပ်ကြီး

ပြိုင်လောင်းနေ့မှာ ချောင်းကမ်းပါးတစ်ဖက်တစ်ချက်တွင် ရပ်ရွာအလိုက် မဏ္ဍပ်များထိုးပြီး ဧည့်ခံကျွေးမွေးကြပါသည်။ ကမ်းလုံးညွှတ် ပရိသတ်စည်ကားလှသည်။ မိမိတို့ ရပ်ရွာမှာရှိသမျှ လှေလောင်းတို့နှင့် ချောင်းရိုးတစ်လျှောက်မှာ ပြည့်ကျပ်နေအောင် ပွဲကြည့်ပရိသတ်စည်ကားလှသည်။ အချို့မှာလည်း ငှက်ပျောပင်ကိုဖောင်လုပ်၍ ကြည့်တတ်ကြသည်။

လှေပြိုင်ပွဲမစမီ ကိုယ့်ရွာကိုယ့်လောင်း ဂုဏ်ပုဒ်ကိုဖော်ထုတ်၍ သံချပ်ကြီးများ ထိုးကြပါသည်။ အိုးစည်ဗုံမောင်းများကိုတီးကြပြီး သံချပ်ကြီးများထိုးကြသည်မှာ အလွန် နာပျော်ဖွယ်ပင် ဖြစ်ပါသည်။ သံချပ်ကြီးများကို 'ပြိုင်လောင်းသံချပ်ကြီးများ'ဟု ခေါ်တွင်လာကြသည်။ သံချပ်ကြီးများ ပေါ်ပေါက်လာသည့်အခြေခံ ရေသောက်မြစ်ပင် ဖြစ်သည်ဟုထင်ပါသည်။

ပြိုင်လောင်းမပြိုင်မီ 'လှေစိုင်း'လည်း ပြကြသည်။ မြင်းစိုင်းသည့် သဘောပင်၊ နောက်ကမ်းရိုးတစ်လျှောက် သံချပ်ကြီးများထိုးကာ အသာအညင် လှူးလာခေါက်ပြန် ကခုန်တီးမှုတ်သွားကြသည်မှာလည်း အလွန်ပျော်စရာပင် ဖြစ်သည်။ နားထောင်၍လည်း စိတ်ကြွစရာပင် ဖြစ်သည်။ သံချပ်ကြီးများကို လှေသမားအချင်းချင်းမိမိဂုဏ်ပုဒ်ကိုဖော်၍ ထိုးကြသည်ကို အနည်းငယ်ဖော်ပြပြီး ဖြစ်ပါသည်။ သံချပ်ကြီးများကို ပြိုင်လောင်းသမား အချင်းချင်းသာ ထိုးကြသည်မဟုတ်၊ ပြိုင်လောင်းပွဲကြည့်ပရိသတ်တို့ကိုပါ စောင်းချိတ်ကာ ဆိုလေ့ရှိကြသည်။

'ခေါင်းပေါင်းတထီး၊ ဘကြီးလေ ကျန်းကန်သာ မာပါယင့်လား၊ မေတ္တာ ဟိလို့ မိန်းစွာရာ၊ စိတ်ဆိုးမာန်ပါ မဟိပါကေ့၊ နှုတ်ခမ်းဗက်လန် ကန်တော်ကြီးနှင့်၊ ပြိုင်လောင်းကြည့်ဘို့ လာလတ်တေ၊ မောင်ရို့လှော်မေ အားမငယ်ကဲ့၊ ပြိုင်လောင်း လှော်လို့ လက်မောင်းမှာ၊ တချက်ဖျစ်ပါ၊ အို-မမရို့၊ မက်ကလာကို ခေါင်းမှာဆောင်း ကမ်းထောင့်ထက်က အရီးလေ သမက်လောင်းသျှေ နိုင်စီကြောင်းကို၊ ဆုမွန် တောင်းဖို့ ကောင်းပါရေ ကညာပျိုသျှေ အို-မမရို့၊ ကမ်းထောင်းထက်က၊ လူးကျမယ် စေတနာနန့် ပြောခပါယက်'

လက်လံအလိုက် ယှဉ်ပြိုင်ရေးအစီအစဉ်များကို လူကြီးများက စီစဉ်ပေးကြသည်။ အနိုင် ရသည့်ပြိုင်လောင်းများကို နောက်ဆုံးနေ့၌ ရွှေမောင်း၊ ငွေမောင်းများနှင့် အောင်ဆု အောင်လံကို ချီးမြှင့်ပါသည်။

နောက်ဆုံး၌ ဆုရသည့်ပြိုင်လောင်းဦးစီးက ရွှေမောင်းကိုဆွဲလို့ လှိုတော်သားတို့က အောင်လံကိုင်ပြီးလျှင် ချောင်းရိုးတစ်လျှောက် စုန်ဆန်စိုင်းပြီး ကခုန်တီးမှုတ်သီဆိုကာ ပရိသတ်အား နှုတ်ဆက်ကြလေတော့သည်။

လူထုပွဲလမ်းသဘင်၊ လယ်သမားလုပ်သားတို့ ပွဲလမ်းသဘင် စုပေါင်းလုပ်မှ အောင်သည့် ပွဲလမ်းသဘင်ဖြစ်သည်။ ရခိုင်အမျိုးသားတို့၏ လှေပြိုင်ပွဲကို ရှိုးရာမပျက် အမြဲတစေ ကျင်းပ နိုင်ပါစေဟု တောင့်တမျှော်လင့်ကာ နိဂုံးချုပ်လိုက်ပါသတည်း။

**မညစ်**

**မှတ်ချက်။ ။ ရခိုင်ညွန့်ဖူး (၁၉၆၈ ထုတ်)၌ 'အစ်မောင်' ကလောင်အမည်ဖြင့် ဖော်ပြဖူးပါသည်။**

# ဆရာထွန်း၏
# ရက္ခိုင်သာခြင်းဆန်းများ

**ဓညစံ**

စာဆိုတော်နေ့များတွင် မြန်မာစာဆိုတော်တို့၏ ဂုဏ်ပုဒ်ကို ဖော်ထုတ်လေ့ရှိကြသည်။ စာပေယဉ်ကျေးမှုသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာအောင် ပြည်ထောင်စုမြန်မာနိုင်ငံ လူမျိုးစုတို့၏ စာပေဖော်ထုတ်ရေးများတွင်လည်း အားပေးသင့်ကြပေသည်။ လူမျိုးစုတို့၏ ယဉ်ကျေးမှုအနုပညာရပ်များကို ဖော်ထုတ်ပေးခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ဖွံ့ဖြိုးစေနိုင်သည်။

ကျွန်ုပ်တို့၏ ဓညဝတီ၊ ရမ္မာဝတီ၊ မေဃဝတီ၊ ဒွါရာဝတီတည်းဟူသော ဝတီလေးရပ်ဖြစ်သည့် ရက္ခပူရခေါ် ရက္ခိုင်ပြည်၌ တစ်ချိန်တုန်းက စာပေအနုပညာရပ်များသည် အလွန်တိုးတက်ပွင့်လန်းဝေဆာခဲ့ပေသည်။ စာဆိုတော် ဝိမလ၊ မဟာပညာကျော်၊ မင်းစောမွန်၊ အဒူမင်းညို၊ ရခိုင်သူမြတ်၊ ဥက္ကာပျံ၊ မိညို၊ နရပတိ၊ သိုက်တတ် လေက်ရုံး၊ ဗိုးဝေ၊ သီရိမလ္လာမိပန်းရံ အစရှိသော ရက္ခိုင်စာဆိုတော်ကြီးများ တစ်ခေတ်ပြောင်းခဲ့ပြီးနောက် ဓညဝတီမှ တောကျောင်းပျော် ဝါးကျောင်းဆရာတော်နှင့် ရမ္မာဝတီကင်းဘုန်းတော်ကြီးတို့၏ လက်ရာများသည် စပ်ကူးမတ်ကူးအချိန်လောက်တွင် တစ်ခေတ်ဆန်းခဲ့ပေသေးသည်။

အင်္ဂလိပ်တို့စိုးပိုင်သည့် ခေတ်တွင်ကား ရက္ခိုင်စာပေရပ်များ ပြန်လည်လန်းဆန်း ပေါ်လွင်ရေးအတွက် တန်ခိုးဆရာထွန်းကြီးသည်များသောအားဖြင့် သာခြင်းဆန်းများကို ဖွဲ့နွဲ့ခဲ့၏။ ၎င်းသာခြင်းများကို သာခြင်းတတ်များက သီဆိုလေ့ရှိကြသည်၊ ဤသာခြင်းနှင့် ပတ်သက်၍ သာခြင်းဆရာထွန်းကြီး'ဟု နာမည်ကျော်ကြားခဲ့လေသည်။

ယခုအခါ ဆရာထွန်း၏ သာခြင်းဆန်းများကို စစ်တွေမြို့ ဈေးတန်းစာအုပ်ဆိုင်များ၌ အလွယ်တကူရရှိနိုင်ပေသည်။ ဆရာထွန်း၏ သာခြင်းဆန်းများသည် အများပရိသတ် လွယ်လင့်တကူ နားလည်နိုင်စိမ့်သောငှာ သီကုံးဖွဲ့နွဲ့ထားပြီးဖတ်ရှုရသူ နားသောတဆင် ရသူများအဖို့ အထူးဘဝင်ငြိစေလေသည်။ တောလက်ကျေးရွာများ၌ ယနေ့တိုင် ခေတ် စားတုန်းပင် ရှိပါသေးသည်။ စာပေအနုပညာသုတေသီများအတွက်မူ အထူးတန်ဖိုးရှိလှ ပေသည်။

မြန်မာပြည်တွင် သာခြင်းဟူ၍ပေါ်ခဲ့၏။ သက္ကရာဇ် (၉၇၂)ခုလောက်က အနောက် ဘက်လွန်မင်းတရားကြီးလက်ထက် အင်းဝ၌မင်းဇေယျရန္တမိတ်သည် ဥတေနသာခြင်း၊ ပဋာ စာရီသာခြင်း၊ စိဥ္စမာနဝိကာသာခြင်းသုံးပုဒ်ကို ဆက်သွင်းခဲ့သည်ဟု တွေ့ရလေသည်။ သာခြင်းအဖွဲ့အနွဲ့မှာ ရှေးအဖြစ်အပျက်အကြောင်းခြင်းရာများကို သာယာချောင်းစွာဖွဲ့ဆို သော အဖွဲ့အနွဲ့ဖြစ်သဖြင့် သာခြင်းဟူ၍ ဦးဖေမောင်တင်က မြန်မာစာပေသမိုင်းတွင် ရေးသားဖော်ပြထားလေသည်။

ရက္ခိုင်သာခြင်းများကို သက္ကရာဇ် (၈၀၀)ကျော်လောက်ကပင် ရက္ခိုင်ဘုရင်မင်းဗား ကြီးလက်ထက် စာဆိုတော်ပညာရှိကြီး 'ဝိမလ'က စတင်ရေးသားသည်ဟု ကျောက်စာဝန် ဟောင်း ကွယ်လွန်သူ ဦးစံရွှေဘုက ရေးသားထားခဲ့လေသည်။ အချို့အချို့သော ရက္ခိုင် သုတေသီများကမူ ဤရက္ခိုင်သာခြင်းများသည် အလွန်ရှေးကျသောခေတ်ကပင် ပေါ်ထွန်း ခဲ့သည်ဟု ယူဆလေသည်။ သတ္တထာနနှင့် ကော်ကာနသာခြင်းများကို စာဆိုတော် 'ဝိမလ'က ရေးသားဖွဲ့နွဲ့ခဲ့သည်ဟု ဦးစံရွှေဘုက ဖော်ပြထားလေသည်။ သတ္တထာန၊ ကော်ကာန၊ ဓမ္မဝိဇယ၊ ကြိုးကြာ၊ ရွှေမာလာ အစရှိသော သာခြင်းများမှာ ရက္ခိုင်စာပေတွင် အထူးထင်ရှား လျက်ရှိခဲ့သည်။ ရက္ခိုင်သာခြင်းများစပ်ဆိုပုံ၊ စပ်ဆိုနည်းနှင့် သီဆိုပုံတို့မှာ မြန်မာသာခြင်းများ နှင့် ကွဲလွဲပေသည်။

ဆရာထွန်းသည် ရှေးကရေးသားထားရှိခဲ့သော ဤသာခြင်းများကို တစ်ဖန်သစ်ဆန်း စေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် 'အသစ်ဆန်းကာ၊ ထွန်းဆရာလျှင်၊ ကဗျာသံညောင်း၊

ရွှေလက်ရာလေ၊ ယွင်းကာယွက်ကေ၊ မပျက်ကောင်း' ဟူ၍လည်းကောင်း၊ 'ရွှေမှုဟောင်းကို၊ ဖြည့်လောင်းမံ၍၊ တစ်ဖန်အသစ်၊ အမှန်ဖြစ်အောင်၊ စိစစ်ကာရန်၊ ထွန်းဆရာလေ၊ အာဝဇ္ဇန်းကေ၊ ဆန်းသည့်ဉာဏ်နှင့် ထပ်မံပြီးထွေ၊ ဤကဗျာကို၊ စီကာလုပ်ကေ၊ ထုတ်လိုက်တေလေ'ဟူ၍လည်းကောင်း သတ္တထာနသာခြင်းတွင် ရေးသားခဲ့လေသည်။

ဆရာထွန်းသည် ဤသာခြင်းများကို ဖော်ထုတ်ရေးသားရာ၌ မိမိတို့အမျိုးသားစာပေယဉ်ကျေးမှု မတိမ်ကောမပျက်ပျောက်ရအောင် ရေးသားခဲ့၏။ ထို့ပြင် တရားသံဝေဂရစေလိုခြင်းကြောင့်လည်း ရေးသားခြင်းဖြစ်သည်၊ လူထုပရိသတ် အပျင်းပြေစေခြင်းအလို့ငှာလည်း ရေးသားထားခြင်းဖြစ်သည်ဟု ဆိုထားသည်။ လောကရေး၊ ဓမ္မရေးနှစ်သွယ်သောရည်ရွယ်ချက်များဖြင့်လည်း ဖွဲ့နွဲ့ရေးသားခြင်း ဖြစ်လေသည်။

သာခြင်းကို ရက္ခိုင်အမျိုးသားတို့ အယူအဆအားဖြင့် အကြောင်းခြင်းရာတစ်ခုခုကို သာယာစွာ ဖတ်ရှုနားသောတဆင်နိုင်အောင် ရေးသားဖွဲ့နွဲ့ထားသော ကဗျာဖြစ်သည်။ 'ခြင်း'မှာ အခြင်းမှလာသည်။ ထို့ကြောင့် ယပင်းနှင့် မပေါင်းရဘဲ ရရစ်နှင့်ပေါင်းထားခြင်းဖြစ်သည်။ သာခြင်းအမျိုးမျိုးရှိသည်။ ကလေးချော့ သာခြင်း၊ ဆုံးမစာသာခြင်း၊ ရိုးရိုးဝတ္ထုစာသာခြင်း၊ ရွှေနိပါတ်တော်လာဝတ္ထုများ သာခြင်း၊ တိုက်သာခြင်းဟူ၍ အမျိုးမျိုးရှိကြလေသည်။ ဆရာထွန်းကား အထက်ပါ အမျိုးအစားအားလုံးကို ဖွဲ့နွဲ့ခဲ့သော စာဆို ဖြစ်သည်။

ဤနေရာ၌ ဆရာထွန်း၏ အတ္ထုပ္ပတ္တိကို အနည်းငယ် ဖော်ပြလိုပေသည်။ ဆရာထွန်း၏ ဇာတိချက်ကြွေဒေသကား စစ်တွေမြို့မှ ဆယ်မိုင်ခရီးရှိသည့် ကစ္ဆပနဒီခေါ် ကုလားတန်မြစ်လက်ယာဘက်ကမ်း တန်ခိုးချောင်းရှိရာ တန်ခိုးရွာကြီး ဖြစ်ပေသည်။ တန်ခိုးရွာတစ်ဝိုက်တွင် ရှိနေသော တော၊ တောင်၊ မြစ်၊ ချောင်း၊ ကမ်းပါးနှင့် ပတ်ဝန်းကျင် ရှုမျှော်ခင်းများသည် အထူးကြည်နူးဖွယ်ကောင်းလှပေသည်။

ဆရာထွန်းအား ဤပတ်ဝန်းကျင်ရှုမျှော်ခင်းသဘာဝတို့သည် စာဖွဲ့ရာ၌အမြဲတမ်းအထောက်အကူ ဖြစ်စေခဲ့လေသည်။ ဆရာထွန်း၏ တောဖွဲ့၊ မြစ်ကမ်းခြေ ပင်လယ်၊ ကျွန်းဖွဲ့များသည် ရက္ခိုင်ပြည်၏ သဘာဝများကို ပေါ်လွင်စေခဲ့လေသည်၊ ဆရာထွန်းသည် သက္ကရာဇ် ၁၂၃၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလတွင် တန်ခိုးရွာ၌ ဖွားမြင်ခဲ့သည်။ ဖခင်မှာ ဦးအောင်ဇံဖြစ်ပြီး မိခင်ဖြစ်သူမှာ ဒေါ်စပွာယ်တို့ ဖြစ်ကြသည်။ ဆရာထွန်းမှာ ဒုတိယသားဖြစ်ပြီး ငယ်မည်မှာ မောင်ထွန်းဖြူဖြစ်သည်။ ငယ်စဉ်ကပင် စာပေပရိယတ္တိကို တန်ခိုးဆရာတော်ကျောင်း၌ သင်ကြားခဲ့ရာ ထူးချွန်လှသည်ကို တွေ့ရလေသည်။ (၁၈)နှစ်အရွယ်

ကပင် သာခြင်း၊ လက်ာ၊ ရတု၊ သံပေါက်၊ ဟောစာ၊ သံချပ်၊ ကထိန်နှုတ်ထွက်ခန်း၊ တရားတောင်းအမျိုးမျိုး၊ ဇာတ်သဘင်သည်များအတွက် သီချင်းအမျိုးမျိုး ဖွဲ့နွဲ့ပေးလေ့ရှိသည်။

မိမိကိုယ်တိုင်ပင် အရပ်သားဇာတ်ပွဲတို့၌ ဝင်ရောက်ကပြလေ့ ရှိသည်။ စာဟော ဆရာလည်း လုပ်ခဲ့သည်။ သာခြင်းများကိုလည်း မိမိကိုယ်တိုင်သီဆိုပြလေ့ရှိခဲ့လေသည်။ ဆရာထွန်းသည် လက်မှုအနုပညာများတွင်လည်း ကျွမ်းကျင်သူဖြစ်သဖြင့် အိမ်သုံးပစ္စည်း အမျိုးမျိုးကို ဝါးကြိမ်နွယ်တို့ဖြင့် ယက်လုပ်ကာ ဝါးထိုးလေ့ရှိသည်။ အိမ်သုံးတောင်း၌ပင် 'ဤသို့ယက်ပြု လက်မှုပညာ၊ ရတနာကောင်း'ဟု ကမ္ပည်းထိုးကာ ယက်ဖော်ထားသည်ဟု သိရှိရလေသည်။ ဆရာထွန်း၏ သာခြင်းဆန်းများအထဲမှ အချို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

ကော်ကာနု၊

သတ္တထာနု၊

ငွေတောင်သူ၊

ဓမ္မဝိဇယ၊

ပန်းရွှေမြိုင်၊

မနုဂ္ဂံ၊

ရေဝတီ၊

ရာမ၊

လိပ်ကမ္ဘာ၊

ကျိုဖြူ၊

သတင်းရေသောက်၊

ဝံသူတော်မောင်နှမ၊

ပဒုမ္မဒေဝီ၊

အရိန္ဒမာ၊

မျောက်နှင့်လူသား မယားလုခန်း၊

ဘိန်းစားသာခြင်း၊

မိုးပန်းဝေ၊

ဥတေန၊

အထက်ပါစာရင်းမှာ မပြည့်စုံသေးပေ။ ဆရာထွန်းသည် သာခြင်းပေါင်းခြောက်ဆယ်ကျော် ရေးသားခဲ့သည်ဟု သိရှိရလေသည်။ ဆရာထွန်း၏လက်ရာသာခြင်းဖွဲ့ကို ကောက်နုတ်၍ ဖော်ပြလိုပါသည်။

## တိမ်ဖွဲ့

တိမ်ညိုအာကာ၊ အဇ္ဈောက၊ ဘယ်ညာပတ်လှည့်၊ လက်ဝဲလက်ယာ၊ လေးမျက်နှာကို၊ မျှော်ရှုကြည့်က၊ ခိုးငွေ့မှုန်ပြာ၊ ထက်ဝဋ္ဋာမှာ၊ တိမ်လွှာတိမ်ပုတ်၊ ငါးကြင်ကြီးကော၊ သိုးမွှီးရှုပ်သို့၊ အုပ်ကာပတ်သန်း၊ တိမ်မရမ်းနှင့်၊ တိမ်းပန်းတိမ်ဝါ၊ တိမ်မိလ္လာကော၊ တိမ်ဇာ တိမ်ပြောက်၊ မှိုင်းမှုန်ရီကော၊ တိမ်ကွေးကောက်နှင့်၊ တိမ်ကျောက်နီရောင်၊ ခရမ်းရောင်ကော၊ တိမ်တောင် တိမ်လိပ်၊ ဝင်းဝါမှောင်လို့၊ ရောင်မျိုးမျိုးကော၊ နီမျိုးရိပ်ကြောင့်၊ မြိပ်ရောင်တစ်မျိုး၊ တိမ်မီးခိုးနှင့်၊ တိမ်မိုးရစ်သန်း၊ ပုဇွန်ဆီကော၊ တိမ်မကာရ်နှင့်၊ တခြမ်းနီပြာ၊ တခြမ်းမှာကား၊ ဝါသလိုလို၊ ပြာသလိုလိုနှင့်၊ ထိုထိုများဖျင်၊ မိုယ်းကောင်းကင်မှာ၊ ရှစ်ခွင်တိုင်းက၊ မှိုင်းညို့ဆင်ကော၊ မင်းလွင်မြူကြွ၊ လွမ်းမှုအင်ကို၊ မြင်ပြန်ရက၊ ရင်ဝလှိုက်ဖို၊ စိတ်နုပျို၍၊ ငိုယိုတမ်းယမ်း၊ ပန်းမဥ္ဇူကို၊ နီပူလှန်းကော၊ ညိုးကာနွမ်းသို့---။

(သဏ္ဌာထာ၊ နုသာခြင်းမှ)

## ပင်လယ်ဖွဲ့

သည်းတွင်မယေကြွေ့လု၊ လေးမျက်နှာကို၊ မမျှော်ရှုက၊ ဝမ်းနုဝမ်းပါး၊ ဒီလှိုင်းသံလေ၊ ညံကရက်ကော၊ ယက်သောသောနှင့်၊ အုံးသြစဖွယ်၊ အပြောကျယ်ကော၊ ပင်လယ်နဒီ၊ လှိုင်း ချီချီနှင့်၊ မှိုင်းရီပျပျ၊ တမြမြကော၊ ကမ်းစမမြင်၊ ရှစ်ခွင်တိုင်းက၊ မှိုင်းမှုန်ဆင်ပြာ၊ မင်းလွင်ဝိုင်းအုံ၊ မြူခိုးခြုံကော၊ အမွှံဆော်နှိုး၊ ရိလဟာလေ၊ သီဒါရိုးမှာ၊ မိုးသံလီသံ၊ လှိုင်းဂရက်ကော၊ ယက်ခတ်သံနှင့်၊ တော်သံလည်းကျူး၊ ဝါယောမည်လေ၊ ဆောင်လီဖြူးလို့၊ မျှော်ရှုတိုင်းပင်၊ ဘော်ကွဲသူရို၊ ပူလို့ကျွမ်းအောင်၊ လွမ်းမှုဆင်ရေ---။

(ဓမ္မဝိဇယသာခြင်း)

## မယ်သီတာဖွဲ့

ကြင်ဇနီးက၊ မကြီးမငယ်၊ ဇမ္ဗူရစ်ကော၊ ဦးသစ်ရွှေသို့၊ မရှေ့မတို့၊ မညိုမဖြူ၊ ယဉ် နန်းသူလျှင်၊ မဆူမကြုံ၊ ရူပါရုံနှင့်၊ ရုပ်ပုံကကွဲ၊ ကာယကိုယ်မှာ၊ ကြာညိုပန်းရောင်၊ ရနံ့မွှေးလျက်၊ ဂွမ်းခဲပမာ၊ အသားတော်က၊ ဝါဝါဝင်းဝင်း၊ ကျမိုးမှောင်မှာ၊ လရောင် ချင်းသို့၊ မိတ်ရင်းလည်တံ၊ ရွှေရင်တွင်းမှာ၊ ညင်းပွင့်ရုံကော၊ ပဒန်ပရစ်၊ ပြေပြစ် ချောမော၊ မျက်ခုံးတွင် လေ၊ မင်နှင့်သားသို့၊ ကြောနှင့်ပါးပြင်၊ နဖူးတွင်လည်း၊ တွက်ဝင်မပဟိ၊ လက္ခဏာနှင့်၊ ညီညာညွတ်ကော၊ နတ်ဇာတိသို့၊ သီရိအသေရေ၊ အမြုတေမှာ၊ အနေအထိုင်၊ အယဉ်အကျေး၊ ကွမ်းမစားဘဲ၊ နှုတ်ခမ်းဖျားမှာ၊ ဟင်းသားဆေးသို့၊ ပုလဲရတနာ၊ သွားလှစွာနှင့်၊ မျက်နှာပပ၊ ပုဏ္ဏမီလေ၊ တိထိစိကော၊ ပြည့်သည့်လသို့၊ စိမ်းမြကေသာ၊ ခုနစ်ထွေမှာ၊ သွယ်ကာမြမြ၊ ဖြီချသောအခါ၊ ဖျားတထွာမှာ၊ မော်၍ကွသို့၊ သျှတ္တရဝင်၊ ညင်းပွင့်ဆင်၍၊ အမြင်နုထွတ်၊ စနီတွင်ကော၊ ရွှေရင်ဖတ်မှာ၊ သမြတ်ကျေးစုံ၊ ပန်းဖူးငုံလေ၊ ပုံတမျှ တို့၊ မိန်းမဓလေ့၊ တ္တန္တြီလေ၊ လွန်သိမ်မွေ့ကော၊ နွဲ့သည့်ခါးမှာ၊ ကိန္နရာကော၊ မနောတမျှ၊ ခြောက်ပြစ်ကင်းကော၊ အင်းငါးဝ နှင့်၊ ရူပကလျာ၊ လှသီဒါမှာ၊ ညီညာထူးဆန်း၊ လှမျိုးစုံတွင်၊ တည်ပုံ တန်းကော၊ တိုက်ခန်းလေးတောင်၊ ပန်းကြာညောင်မှာ၊ တန်ဆောင်မယွင်း၊ မီးမမျှော်ဘဲ၊ ကိုယ်ရောင်လင်း၍၊ ပြောင်ဝင်းမြမြ၊ လှတမေမှာ၊ လနှယ်ပလို့၊ တွိရလိမ့်မယ်--။

**(ရာမလောင်းလျှာ မယ်စီဒါသာခြင်းမှ)**

## မြင်းဖွဲ့

မြင်းဖွဲ့ဆိုရာ၌ သတ္တထာနမင်းသား မြင်းနှင့်ကပြရာတွင် မြင်းစီးကျင်လည်ပုံနှင့် မြင်းဒြပ်ဂုဏ်ကို ဖွဲ့နွဲ့ထားသောအပိုဒ် ဖြစ်လေသည်။ နေရာတကာ မြင်းရောက်နေသည် ကို တွေ့မြင်ရလေသည်။ ထို့ကြောင့် 'ပုဂံမှာမြင်း၊ ဖွန်းမှာမြင်း' ဟူသောစကား ဖြစ်ပေါ် ခဲ့၏။ နေရာတကာမှာ ပါချင်သည်၊ ပါဝင်သည်ကို ထိုကဲ့သို့ ခိုင်းနှိုင်းလေ့ ရှိကြလေသည်။ ဤအဖွဲ့မှာ အတော်ပင် စေ့စပ်လှသဖြင့် လေ့လာနိုင်ရန် တင်ပြလိုက်ပါသည်။

'ထိုမှာလည်းမြင်း၊ သည်မှာလည်းမြင်းကော၊ မြို့တွင်းမြို့ပြင်၊ ရွှေပြည်တွင်း မှာ၊ မြင်းနှင့်လူကို၊ ဖြူလို့မြင်ကော၊ များဖျင်တုံ့ရှာင်း လူအပေါင်းက၊ သိန်းသောင်း

ဗိုလ်ခြေ၊ မြင်းစစ်သည်တို့၊ ရွှေပြည်ဇေဌ၊ နဂရကို၊ တိုက်ကြယူမည်၊ လာရောက်သည်လော၊ တချို့ ရှင်မှာ၊ အထင်မှားဗျာ၊ မယားကိုတွဲ၊ သားကိုဆွဲ၍၊ တောထဲမြိုင်ချောင်၊ ရောက်အောင်ပုန်းကွယ်၊ ပြီးတော့မည်ဟု၊ ကြံစည်ပြုလျက်၊ နီအိမ်ထက်က၊ ဆင်းသက်မည်ပျင်၊ လှေကားရင်းမှာ၊ မြင်းကိုမြင်ကော၊ ကြောက်အင်ကြီးစွာ၊ နောက်ဆုတ်ကာဖြင့်၊ ဘယ်ညာစောင်းလှည့်၊ ဝန်း၍ကြည့်သော်၊ လက်ဝဲဘယ်ညာ၊ ရှေ့မှာတောင်မြောက်၊ ထုတ်ယောက်ပတန်၊ အိမ်ခြင်ကန်မှာ၊ မကျန်ရဘဲ၊ အခြင်တိုင်မှာ၊ မြင်းတွဲလွဲနှင့်၊ အထဲမှာမြင်း၊ ပြင်မှာမြင်းကော'၊ ဟင်းဇာလောင်ပွန်း၊ အုပ်ဒေါက်လှမ်းက၊ ဇွန်းနှင့်ယောက်မ၊ အိုးခွက်စ၍၊ ထိုမှတခြား၊ ကျောက်သားကျောက်ပျိုင်၊ ငါးပိကိုင်နှင့်၊ ဆားကိုင်မကြွင်း၊ ခရင်းမကျန်၊ ကြက်ဥတင်းမှာ၊ မြင်းချင်းပြိုင်၍၊ အစဉ်သင့်စွာ၊ ဗူးဖာမလွတ်၊ ရဟတ်စည်ပေါင်း၊ ဗိုင်းဆောင်းကစ၊ ကြည့်သမျှကို၊ မြင်းနှင့်ချည်းသာ၊ ထမင်းလုပ်မှာ၊ မြင်းမြုပ်ပါလို့၊ မျက်နှာမရွှင်၊ တစ်အိမ်လုံးမှာ၊ မြင်းကိုမြင်ကော၊ ကြောက်ကျင်တုန်လှုပ်၊ ထောင့်ကြားတွင်လေ၊ ဝင်ခါကုတ်လည်း၊ ပုတ်ဆိုးတောင်းဆိုး၊ ခရင်းဆိုးကော၊ စံဂိုးဆံခါ၊ တို့နှင့်သာလျှင်၊ ကာကွယ်မလွတ်၊ ပုတ်ချောင်တွင်းမှာ၊ မြင်းရှပ်တတ်သို့၊ ပြည်မြတ်ဇေဌ၊ နဂရတွင်၊ မိန်းမယောကျ်ား၊ ကြီးသောငယ်သူ၊ လူပျိုလူအို၊ ပွဲရှုပြားကော၊ များလူဗိုလ်တွင်၊ အပျို တစ်သင်း၊ ကိုယ်ကျတ်ကျီ၊ ဘော်ဒလီနှင့် လုံချီတွင်းမှာ၊ ပြောင်းပြန်ဆန်ခတ်၊ မဖွယ်ရာမှာ၊ လူတကာတို့၊ မျက်နှာပါးပြင်၊ ကျောတွင်နောက်ကုန်း၊ လက်ရုံးနှစ်ဖက်၊ ပက်ခုံးထက်က၊ မြင်းတက်သောသွင်၊ စိတ်ကထင်၍၊ ဟစ်အော်တချို့၊ သဏ္ဍာခေါ်တွင်၊ ယာဉ်ကြီးရှင်မှာ၊ ရွှင်မို့မို့လေ။ ။

**(သဏ္ဍာထာနု သာခြင်းဆန်းမှ)**

ဆရာထွန်းသည် လောကရေး၊ ဓမ္မရေးနှစ်ဖြာတွင် ကျွမ်းကျင်သော စွယ်စုံပညာရှိ တစ်ဦးဖြစ်ကြောင်းကို ဤသာခြင်းများက သက်သေပြလျက်ရှိသည်။ ဤသာခြင်းများကို နားသောတဆင်ရသော ပုဂ္ဂိုလ်ပရိသတ်တို့မှာ သုတိသာယာသောအသံကိုကြားရပြီး တရားဓမ္မရရှိကြလေသည်။ ဆရာထွန်းသည် စာပန်းချီဆရာလည်း ဖြစ်၏။ သူ၏ တောဖွဲ့၊ တောင်ဖွဲ့၊ ပင်လယ်ဖွဲ့တို့ကို ပန်းချီရေးဆွဲသကဲ့သို့ ဖွဲ့ထားလေသည်။

လောကရေးရာနှင့်ပတ်သက်၍ လူ့သဘာဝ၊ လူ့ဓလေ့ဖြစ်ရကြုံရဆုံရသည်တို့ကို အကွင်းသားပေါ်လာအောင် ဖွဲ့နွဲ့နိုင်သောပုဂ္ဂိုလ်လည်း ဖြစ်ပေသည်။ ထို့ပြင် ရကန့်ရှင် စာပေ

အနုပညာယဉ်ကျေးမှုကို ဖော်ထုတ်လိုသောဆန္ဒရှိသည့် မျိုးချစ်စာဆိုတစ်ဦးလည်း ဖြစ်ပေသည်။ ဆရာထွန်း၏ သာခြင်းဆန်းများကို လူထုပရိသတ်၊ ရိုးသားသောအရပ်သားများ နားလည်လွယ်အောင် တမင်သီကုံးထားခြင်း ဖြစ်ပေသည်။ ရက္ခိုင်လူထု နားလည်လွယ်စိမ့်ငှာ ရက္ခိုင်ဝေါဟာရ အသုံးအနှုန်းများကိုလည်း ထည့်သွင်းထား၏။

မြန်မာစာပေလေ့လာသူ ရက္ခိုင်ပုဂ္ဂိုလ်အချို့က ဆရာထွန်းသည် ရက္ခိုင်ဗန်းစကားများကို ထည့်ထားပြီး ရက္ခိုင်စာပေဟု ထွင်လိုက်ခြင်းဖြစ်သည်ဟု ယူဆကြလေသည်။ သို့သော် ဆရာထွန်း ထည့်သွင်းပေးသည့် ရက္ခိုင်စကားများကား ရက္ခိုင်အမျိုးသားတို့ အမှန်သုံးစွဲနေကြသော ဝေါဟာရများသာ ဖြစ်သည်။ ရှေးပညာရှိတို့က ရေးသားစီကုံးခဲ့သည်များကို နောင်လာနောင်သားတို့ မှတ်ယူစိမ့်သောငှာ သုံးစွဲပေးခြင်းဖြစ်ပြီး ရက္ခိုင်ဓလေ့၊ ရက္ခိုင်အသုံးအနှုန်းများကို မပပျောက်စေလိုသော ဆန္ဒရှိသည်မှာ ထင်ရှားလှလေသည်။ သို့သော် ဆရာထွန်းသည် ပရိယေသနဝမ်းစာအတွက် စာရေးခဲ့ရသည်ဟုဆို၏။ ထိုကဲ့သို့ရေးရာ၌ ခေတ်အလျောက် မြန်မာဆန်လာကြသောသူများ၏ အကြိုက်ကိုလည်း လိုက်လျက် မြန်မာဆန်သည့် အရေးအသားများကို များစွာထည့်သွင်းပေးခဲ့ခြင်းဖြစ်သည်ကိုသာ တွေ့ရပါပေသည်။ သို့သော် ဆရာထွန်း၏စေတနာ အထူးမွန်မြတ်လှကြောင်းကိုကား ဖော်ပြရန်လိုတော့မည် မဟုတ်ပါပေ။

**ရက္ခိုင်စာပေအနုပညာသည် တစ်ဖန်သစ်ဆန်း၍ ပေါ်လွင်ပါစေသတည်း။**

**ဓညစံ**

**မှတ်ချက်။ ။ ဤဆောင်းပါးကို ၁၉၅၉-၆၀ ခုနှစ်ထုတ် ရခိုင်တန်ဆောင်မဂ္ဂဇင်း၌ ဖော်ပြဖူးပါသည်။**

# ရှေးခေတ် ရခိုင်ပြည်စီးပွားရေးရာ

မိတ်ဆက်---ဦးဘစံ (နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်၊ အငြိမ်းစား၊ ရခိုင်ပြည်နယ်၊ အလုပ်သမားဦးစီးဌာနမှူး)ကား ရခိုင်စာပေယဉ်ကျေးမှုနှင့် သမိုင်းသုတေသီတစ်ဦး ဖြစ်သည်။ စစ်ကြိုခေတ်ကပင် မြန်မာ၊ အင်္ဂလိပ်စာဂျာနယ်များတွင် နိုင်ငံရေးဆောင်းပါးများ ကို ရေးခဲ့သည်။ ရခိုင်ပြည်ထုတ် သတင်းစာ၊ ဂျာနယ်များ၌လည်း နိုင်ငံရေးယဉ်ကျေးမှု ဆောင်းပါးများကို မပြတ်ရေးခဲ့သည်။

ရန်ကုန်တက္ကသိုလ် ရခိုင်ကျောင်းသား/သူများ ထုတ်ဝေခဲ့သော ရခိုင်တန်ဆောင် မဂ္ဂဇင်း၏ ပင်တိုင်ဆောင်းပါးရှင်နှင့် အတိုင်ပင်ခံစာတည်းတစ်ဦးဖြစ်သည်။ မြန်မာ၊ အင်္ဂလိပ် (၂)ဘာသာလုံးဖြင့် ရေးသားသည်။ ရှုမဝ၊ မြဝတီစသောမဂ္ဂဇင်းကြီးများနှင့် ဂါဒီယန် သတင်းစာတို့၌ အခါအားလျော်စွာ စာပေ၊ နိုင်ငံရေး ဆောင်းပါးများရေးခဲ့သည်။

ယခုဆောင်းပါးမှာ ရှေးခေတ်ရခိုင်ပြည်စီးပွားရေးရာကို သုံးသပ်ထားချက်ဖြစ်သည်။ ရခိုင်ပြည်ခေတ်အဆက်ဆက် စီးပွားရေးအခြေအနေကို စိစစ်တင်ပြရန် ရည်ရွယ်ခဲ့ သော်လည်း အကြောင်းကြောင်းကြောင့် လက်စမသတ်နိုင်ခဲ့ပေ။ ပြီးစီးသလောက်ကို လေ့လာပါရစေဟု ဆရာအားခွင့်ပန်ပြီး ၁၉၆၆-ခုနှစ်ကပင် ရယူခဲ့သဖြင့် စာဖတ်သူတို့ အကျိုးငှာ ယခုလက်ဆင့်ကမ်း ဖော်ပြအပ်ပါသည်။

ဆရာညေစံမှာ ယခုအခါ ရန်ကုန်မြို့နေအိမ်၌ အငြိမ်းစားဘဝဖြင့် အေးချမ်းစွာ နေထိုင် လျက် ရှိပါသည်။

(မောင်ဗသိန်း)

ရှေးပဒေသရာဇ်ခေတ် ရခိုင်ပြည်၏ ဖူလုံမှုရှိခဲ့သော စီးပွားရေး နောက်ကြောင်းကို သုံးသပ်ခြင်းဖြင့် ခေတ်သစ်စီးပွားရေးစနစ် ထူထောင်ရေးကို အထောက်အကူ ဖြစ်လိမ့်မည်ဟု ယုံကြည်မိပေသည်။ ရှေးခေတ်ရခိုင်ပြည်သည် နှစ်ပေါင်းများစွာ အဆက်မပြတ်ဘဲ တည်ရှိလာခဲ့ရသော အကြောင်းရင်း သုံးရပ်ရှိသည်။

၎င်းတို့မှာ (၁)ပထဝီအနေအထား၊ (၂)စီးပွားရေးအခြေအနေကောင်းခြင်း၊ (၃) ယဉ်ကျေးမှုအထက်တန်းကျခြင်းတို့ဖြစ်သည်။ ဤဆောင်းပါးတွင် ရှေးဘုရင်များခေတ် စီးပွားရေးရာကို လေ့လာမိသမျှ တင်ပြသွားပါမည်။

ရှေးဘုရင်များ လက်ထက်က ဖူလုံမှုရှိခဲ့သော စီးပွားရေးနောက်ကြောင်းကို သုံးသပ်ခြင်းဖြင့် ခေတ်သစ်စီးပွားရေးစနစ် ထူထောင်ရေးကို အထောက်အကူဖြစ်စေလိမ့်မည် ဟု ယုံကြည်မိပေသည်။

ရခိုင်ပြည်သည် နှစ်ပေါင်းများစွာ အဆက်မပြတ်ဘဲတည်ရှိလာခဲ့ရသောအကြောင်းရင်းသုံးရပ်မှာ ၎င်း၏ပထဝီအနေအထား၊ စီးပွားရေး အခြေအနေကောင်းခြင်းတို့နှင့် ယဉ်ကျေးမှု အထက်တန်းကျခဲ့ခြင်းတို့ ဖြစ်သည်ဆိုက မှားမည်မထင်ပေ။

ရှေးဦးစွာ ရခိုင်ဘုရင်များ စိုးစံခဲ့သည့်ခေတ်က စီးပွားရေးရာကို သုံးသပ်ပြီးနောက် ဘိုးတော်ဘုရားလက်အောက်နှင့် ဗြိတိသျှလက်အောက် အခြေအနေများကို စီစစ်ရပေမည်။ နောက်ဆုံးပိုင်းအားဖြင့် လွတ်လပ်သော ပြည်ထောင်စုအတွင်း တွေ့ကြုံရသော အခြေအနေနှင့် ခေတ်သစ်စီးပွားရေးစနစ် ထူထောင်ရေးများကို တစ်ဆင့်တိုးတက်အောင် ဉာဏ်သစ်လောင်းရန်ပင် ဖြစ်ပေသည်။

## ရှေးဘုရင်များလက်ထက်

ရှေးအခါကပင် ရခိုင်ပြည်သည် စီးပွားရေး ကုံလုံကြွယ်ဝမှုရှိခဲ့ပြီး နိုင်ငံခြားနှင့် ကုန်ကူးရေးမှာ အထက်တန်းကျခဲ့လေသည်။ ရှေးရခိုင်ဘုရင်များလက်ထက်က ရခိုင်ပြည်သည် အထူးစည်ကားသာယာလှသည်ဟု ရာဇဝင်ဆရာများက ဆိုထားလေသည်။ ရှေးအခါက ဓညဝတီ၊ ဝေသာလီ၊ မြောက်ဦးမြို့တော်တို့မှာ ကြက်ပျံမကျစည်ကားခဲ့သည်ဟု တွေ့ရသည်။

ဓညဝတီမြို့တော်ကို အခြေပြု၍ ထွန်းကားခဲ့သော ဒေသကို ဓညဝတီဟုခေါ်၏။ ဤဓညဝတီပြည်ကို စန္ဒသူရိယလက်ထက် မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်ခဲ့စဉ်က

ကောက်ကြီးသလေးဆန်တို့ဖြင့် ကပ်လှူခဲ့ကြသည်ကို အကြောင်းပြု၍ ဓညဝတီပြည်ဟု အမည်ပေးတော်မူခဲ့ပြီး ဤပြည်သူပြည်သားအပေါင်းတို့သည် စိုးစဉ်ရံဖန်မျှ ရှားပါးငတ်မွတ်ခြင်းမရှိဖြစ်သောကြောင့် ဓညဝတီပြည်ဟူ၍ပင်လျှင် ထင်ရှားကျော်စောစွာ ဖြစ်သတည်းဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်ဟူ၍ ရခိုင်ရာဇဝင်တို့၌ ဖော်ပြထားလေသည်။

ထို့ပြင် စန္ဒရားမင်းတရားကြီးစိုးစံခဲ့သော ဝေသာလီမြို့တော်ကြီးတွင် သင်္ဘောများဆိုက်ကပ်ပြီး ရွှေမိုးငွေမိုးရွာသည်ဟု ဖော်ပြထားရှိခဲ့ပြန်လေသည်။ 'ဇမ္ဗူကျွန်းပြင်ထက်ဝယ်ကုန်သည်တို့သည် နောင်သောအခါ ရတနာအတိပြည့်ဖြိုးလတ်လျှင် ကုန်သင်္ဘောတို့သည်လည်း ဆိုက်လှာလတ္တံ့ဆိုသောအကြောင်းကိုမြင်၍ ဝေသာလီဟု အမည်ပေးကြကုန်၏'ဟု ရှေးရခိုင်ပညာရှိများက ရေးသားထားခဲ့သည်ကိုလည်း တွေ့ရှိရလေသည်။

ထိုနောက် မြောက်ဦးမြို့တော်သို့ နိုင်ငံခြားသင်္ဘောများဆိုက်ကပ်ခြင်း နိုင်ငံခြားကုန်သည်များ အမြဲမပြတ်သွားလာဝင်ထွက်ခြင်းတို့ကိုလည်း တွေ့ရှိရ၏။ ရှေးအခါက မြောက်ဦးမြို့တွင် ဆန်စပါးအတွက်လည်းကောင်း၊ ရေအတွက်လည်းကောင်း၊ မည်သည့်အခါမျှ စိုးရိမ်ဖွယ်မရှိခဲ့သည်ကို ထင်ရှားသော အောက်ပါဆောင်ပုဒ်ကလေးကိုပင် သီဆိုလျက်လာခဲ့ကြပေသည်။

**ဘားဘူဟိယင့်၊ ဆန်ဟိယင့်**
**ဒိုင်းကျီဟိယင့်၊ ရီဟိယင့်**

အဓိပ္ပာယ်မှာ---ဘားဘူအရပ်တွင် ဆန်စပါးများသိုလှောင်၍ အမြဲတမ်းထားရှိ၏။ ဒိုင်းကျီအရပ်တွင် ရေလှောင်ကန်များတူးဖော်၍ထားရှိပြီးရေကို အချိန်မရွေးလွယ်ကူစွာရရှိနိုင်၏။ ထို့ကြောင့် ဘားဘူရှိလျှင် ဆန်ရှိသည်။ ဒိုင်းကျီရှိလျှင် ရေရှိသည်ဟု ဆိုကြခြင်းဖြစ်လေသည်။

## ပြည်တွင်းလုပ်ငန်းများ

ဆန်စပါးလုပ်ငန်းကား အဓိကလုပ်ငန်း ဖြစ်၏။ ၎င်းနောက် ဝါဂွမ်းစိုက်ပျိုးရေးနှင့် ရက်ကန်းလုပ်ငန်း၊ နှမ်းခင်းများစိုက်ပျိုး၍ နှမ်းဆီကြိတ်နယ်သောလုပ်ငန်း၊ လှေလောင်းလုပ်ငန်း၊ ပန်းထိမ်၊ ပန်းဖဲ၊ ပန်းရံ၊ ကျောက်ဆစ်အစရှိသော လုပ်ငန်း၊ ဆင်စွယ်လုပ်ငန်း၊ ငါးလုပ်ငန်း၊ ဆားလုပ်ငန်း၊ ဆေးပင်စိုက်ပျိုးသော လုပ်ငန်း၊ ဟင်းသီးဟင်းရွက်၊ ဥယျာဉ်လုပ်ငန်းအမျိုးမျိုး၊ မြေအိုးလုပ်ငန်းအစရှိသဖြင့် လုပ်ငန်းအမျိုးမျိုးကို တီထွင်ခဲ့ကြလေသည်။

ဆန်စပါး၊ ဝါနှင့်အခြားစိုက်ပျိုးရေးလုပ်ငန်းတို့အတွက် ယခုအခါ အမတော်ကြေး ထုတ်ပေးသကဲ့သို့ ဘုရင်ကထုတ်ပေးလေ့ရှိလေသည်။ ပြည်သူတို့အချင်းချင်းလည်း ရောင်းဝယ်ကြရာတွင် ငွေကြေးချေးငှားခြင်းများကိုလည်း ပြုလုပ်နိုင်ခွင့် ရှိကြလေသည်။ ဘုရင့်အမိန့်တော်အရ အသပြာ (၁၀၀)ကျပ်လျှင် တစ်လကို (၂)သပြာသာစီ (အတိုး)ယူ ရလေသည်ဟု တွေ့ရှိရသည်။

ဤသို့လုပ်ငန်းများအပြင် ဘုရင့်အမိန့်အာဏာအတိုင်း အစုံအင်နီးဖွဲ့ထားရှိလေသည်။ ထိုအစုံအမျိုးမျိုးတွင် လုပ်ငန်းအမျိုးမျိုးနှင့် အလုပ်သမားအမျိုးမျိုးရှိကြ၏။ လက်သမားအစုံ၊ လယ်သမားအစုံ၊ မြက်ရိတ်အစုံ၊ ဟာရီအစုံ၊ သူသတ်ဇရဝါအစုံ၊ အချက်အစုံ၊ မဲထည်ဆက်အစုံ၊ ငွေခွန်ဆက်အစုံအစရှိသဖြင့် အစုံအမြောက်အမြားရှိလေသည်။ များသောအားဖြင့် ဤအစုံ သားတို့သည် မင်းပြစ်မင်းဒဏ်ခံရသူများ ဖြစ်ကြသည်။ ၎င်းတို့အား တိုင်းပြည်ထူထောင်ရေး လုပ်ငန်းတို့တွင် အသုံးချခြင်းတစ်မျိုးဖြစ်လေသည်။

## ဒင်္ဂါးနှင့် အလေးချိန်

ရခိုင်ပြည်တွင် (ရှေးရာစုနှစ်ပေါင်းများစွာကပင် တန်းဂါး(ဒင်္ဂါး)သုံးစွဲခဲ့ကြ၏။ ဒင်္ဂါး အကြောင်းနှင့်ပတ်သက်၍) ဦးစံရွှေဘုနှင့် မောရစ်ကောလစ်တို့ရေးသားသော ဆောင်းပါး တစ်ခုတွင် ၁၄၃၀-ခုနှစ် မြောက်ဦးကို စတင်တည်ထောင်ခဲ့သော မင်းစောမွန်မှ အစပြု၍ ၁၇၈၂-ခုနှစ် သမတမင်းအထိ မင်းဆက်မပြတ်ဒင်္ဂါးခတ်နှိပ်သုံးစွဲခြင်းကို ဖော်ပြထားလေ သည်။ သို့သော် မြောက်ဦးမြို့မတည်ထောင်မီ ဝေသာလီမြို့တော်ကြီး ထွန်းကားခဲ့ရာ ၎င်းဝေသာလီမြို့ဟောင်းမှ ဒင်္ဂါးအမြောက်အမြားကို ယခုတဖန် တူးဖော်ရရှိခဲ့ပြန်လေသည်။ ထို့ကြောင့် ရှေးနှစ်ပေါင်းများစွာကပင် ရခိုင်ပြည်ဒင်္ဂါးသုံးစွဲလျက်ရှိခဲ့သည်မှာ ထင်ရှား လေသည်။

ဤဒင်္ဂါးထုတ်လုပ်သုံးစွဲသော အတတ်ပညာနှင့် သုံးစွဲသောစနစ်ကို အိန္ဒိယပြည်မှရရှိခဲ့ လေသည်။ အလေးချိန်မှာလည်း အိန္ဒိယနှင့်လည်းကောင်း၊ ပေါ်တူဂီနှင့်လည်းကောင်း၊ ဒတ်(ချ်)တို့နှင့်လည်းကောင်း ဆက်သွယ်၍ ရောင်းဝယ်ဖောက်ကားမှုရှိခဲ့သဖြင့် ၎င်းတို့ သုံးစွဲသော အလေးချိန်တို့ကို သုံးစွဲခဲ့ကြလေသည်။

## ဒင်္ဂါးတန်ဖိုး

၁၆၃၀ လောက်က ရခိုင်ငွေဒင်္ဂါးတစ်ကျပ်မှာ ပေါ်တူဂီဒင်္ဂါး ရိယ်(စ) (၄)ကျပ်နှင့် ညီမျှသည်။ ရခိုင်ဒင်္ဂါးတစ်ကျပ်လျှင် ကြက်အကောင် (၃၀)ရသည်။ ဓဲ(စပဲ)ဖြင့် ကြက်ဥ (၁၀၀)ဝယ်နိုင်သည်။ ထိုခေတ်က ရခိုင်ဒင်္ဂါးတစ်ကျပ်သည် ယခုခေတ် အင်္ဂလိပ် (၇)ပေါင် (၁၀)သျှိလင်နှင့်ညီမျှပြီး ယခု (ဒု-စစ်မဖြစ်ခင်က အင်္ဂလိပ်လက်ထက်က) မြန်မာဒင်္ဂါး (၁၀၅)ကျပ်လောက်နှင့်ညီမျှသည်။ ၁၆၆၃-ခုနှစ်လောက်က ရခိုင်ဒင်္ဂါး (၁)ကျပ်သည် ဒတ်(ချ်)ဆောဟ်) (၂၅)ကျပ်နှင့်တူညီပြီး ရခိုင်ဒင်္ဂါး (၁)ကျပ်လျှင် အကြွေ (အကြွေ)ကောက်ရိ (၂၆၆၀)ရရှိသည်။ ကြွေစေ့များကို ရောင်းဝယ်ရာ၌ သုံးကြသည်။

ကောက်ရိခေါ် ကြွေစေ့များကို နိုင်ငံခြားသားများသည် ကိုရိုမန်ဒယ်(လ)ကမ်းခြေမှ ယူဆောင်လာပြီး ရခိုင်ပြည်တွင် ပိဿချိန်ဖြင့် ရောင်းကြလေသည်။ ၎င်းကြွေစေ့ (၁၄၈) ပိဿာကို (၁)ကျပ်ဈေးနှုန်းဖြင့် ရောင်းချကြသည်။

ငွေဒင်္ဂါးဆိုသောစကားမှာ အိန္ဒိယတန်း (     )ဆိုသောစကားမှ လာသည်။ ရခိုင်တို့က တန်းဂါးဟု ယခုတိုင်ခေါ်ကြသည်။ ငွေဒင်္ဂါး (၁)ကျပ်ကို (၁)သပြာဟူ၍၎င်း၊ တစ်ချပ်ဟူ၍ လည်းကောင်းခေါ်၏။ (၁)မတ်ကို တသားဂါ (တသိုးဂါ)ဟု ခေါ်သည်။

## ဆန်စပါးလုပ်ငန်းနှင့်နိုင်ငံခြားကုန်သွယ်ရေး

ရှေးအခါကပင် ရခိုင်ပြည်၏ အသက်သွေးခဲမှာ ဆန်စပါးလုပ်ငန်းပင် ဖြစ်သည်။ မိုးရေချိန် (၂၀၀)ကျော်ရှိခဲ့သည့်အပြင် မြေဩဇာကောင်းသဖြင့် စပါးကိုအလွယ်တကူ ပေါက်ရောက်စေ၏။ စပါးကိုကြဲလိုက်ပြီး အထူးမပြုစုဘဲလျက် ဒလဟောပေါက်ရောက်ကြ လေသည်။ ဓညဝတီပြည်သားတို့သုံးရန်လိုသည်ထက်များစွာ ပိုလျှံလျက်နေသဖြင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့ကြလေသည်။

ဤဆန်စပါးကူးသန်းရောင်းဝယ်ရေးသည် ရခိုင်ပြည်၏ အဓိကစီးပွားရေးလုပ်ငန်း ဖြစ်၏။ ဤဆန်စပါးနှင့် ဝါဂွမ်းရောင်းဝယ်ရေးကို ဘုရင်ကိုယ်တိုင် ကြီးကြပ်ဆောင်ရွက် ခဲ့လေသည်။ ယခုလွတ်လပ်သော ပြည်ထောင်စုခေတ်၌ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်း ဝယ်ရေးဘုတ်အဖွဲ့မှကြီးမှူးဆောင်ရွက်သော လုပ်ငန်းစဉ်နှင့်နှိုင်းယှဉ်၍ ကြည့်ရှုနိုင်ရန် ရှေးရခိုင် မဟာရာဇဝင်တော်ကြီးမှ အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြလိုက်ပေသည်။

## ရပ်ကွက်စာတိုင်နှင့် အချုပ်လူကြီးများ

အချုပ်လူကြီးမင်းတို့သည် မိမိတို့၏ခရိုင်မင်းပိုင်ဆိုင်သော ရပ်ရွာအသီးသီးသို့ သွားရောက်ကြပြီးလျှင် လယ်ယာမြေလုပ်ကိုင်သောသူတို့အား စစ်ဆေးမေးမြန်းလျက် ၎င်းရပ်ကွက်စာတိုင်တို့နှင့်တကွ လယ်သမားတို့အား စောင့်ရှောက်ရလေသည်။

ထိုအခါ လယ်မြေလုပ်ကိုင်သော လူတို့သည်လယ်ယာမြေလုပ်ကိုင်သောအချိန်၌ ကောင်းမွန်စွာ စပါး၊ ဝါဂွမ်းတို့ကို စိုက်ပျိုးပြီးလျှင် သီးပွင့်သောအချိန်၌ ၎င်းစပါး၊ ဝါဂွမ်းတို့ကို စုပုံပြီးထားရလေသည်။

ထိုအခါ ခရိုင်မင်းတို့ကလွှဲအပ်သော အချုပ်လူကြီးတို့သည် မိမိတို့အပိုင်လုပ်ကိုင်လျက်ရှိသော လယ်သမားတို့ထံသို့ သွားရောက်ကြပြီးလျှင် ဆိုင်ရာရပ်ကွက်စာတိုင်တို့နှင့်တကွ ရရှိသော စပါး၊ ဝါဂွမ်းတို့ကို တောင်းချိန်၊ မောင်းချိန်တို့ဖြင့် ခြင်ချိန်ပြီးလျှင် အသီးသီး ခွဲဝေကြလေသည်။

ခွဲဝေပုံမှာ ရှေးဦးစွာ ဘုရင်မင်းမြတ်၏ ဘဏ္ဍာတော် ဆယ်ခိုင်ကြေးကို ထုတ်နုတ်ရလေသည်။ ၎င်းနောက် လုပ်ကိုင်သော လယ်သမားတို့၌ သုံးစွဲစားသောက်ရန် မျိုးစေ့များတို့ကို လုံခြုံစွာ ထုတ်နုတ်ပေးအပ်ရလေသည်။ ၎င်းကြွေးကျန်သမျှသော စပါး၊ ဝါဂွမ်းတို့ကို စာရင်းပြုလုပ်လျက် မိမိတို့ခရိုင်မင်းထံသို့ တင်သွင်းရလေသည်။

ထို့နောက် ဘုရင်မင်းမြတ်ဆယ်ခိုင်ကြေး ဘဏ္ဍာတော်ပစ္စည်းများကို အသီးသီး မြို့တော်သို့ တင်ဆောင်ကြပြီးလျှင် ဘုရင်မင်း၌ဆောက်လုပ်ထားသော ကျီတော်တွင်းသို့ ဆက်သွင်းရလေသည်။

ခရိုင်မင်းတို့မှာလည်း အချုပ်လူကြီးတို့ကတင်သွင်းသည့် အရပ်ရပ်စပါး၊ ဝါဂွမ်း စာရင်းများကို မြို့တော်၌ ဗာပူစာရပြည်စိုးကြီးထံသို့ ဆောင်ပို့တင်သွင်းကြလေသည်။

## ဈေးနှုန်းသတ်မှတ်ခြင်း

ထိုအခါ နိုင်ငံတော်၌ လုပ်ကိုင်ရရှိသော စပါး၊ ဝါဂွမ်းတို့ကို ရောင်းချရန်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်လိုသဖြင့် နိုင်ငံတော်အတွင်း၌ ခန့်ထားသော ခရိုင်မင်းတို့နှင့်တကွ အချုပ်လူကြီးတို့ကို 'ဗာပူစာရ' ပြည်စိုးကြီးလွှတ်တော်ကဆင့်ခေါ်လျက် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ကြလေသည်။ ၎င်းအစည်းအဝေး၌ နိုင်ငံတော်တွင် လုပ်ကိုင်လျက် ရရှိသောစပါး၊ ဝါဂွမ်းတို့၏ တန်ဖိုးတို့ကို ရောင်းဝယ်နိုင်ရန်ဖြစ်သည့် အားလျော်စွာ

အများသဘောတူညီချက်အရ ဈေးနှုန်းကို သတ်မှတ်ကြပြီး နိုင်ငံတော်ကသာ လူအများတို့အား ကြားသိစေခြင်းငှာ ဈေးကိုထုတ်ဖော်ကြေညာတော်မူလေသည်။

## ရောင်းဝယ်ခြင်း

ထိုသို့ကြေညာတော်မူ၍ ဈေးနှုန်းကိုသိကြပြီးမှ တိုင်းရင်းသားကုန်သည်များနှင့် နိုင်ငံခြားမှ လာရောက်သောကုန်သည်များတို့သည် ပြည်သူတို့က ဆုံးဖြတ်ချက်ချမှတ်ထားသော ဈေးနှုန်းအတိုင်း ဝယ်ယူရလေသည်။ ထိုအခါ ကုန်သည်များတို့က မိမိတို့ဝယ်ယူလိုသော စပါး၊ ဝါဂွမ်းတို့ကို စာရင်းပြုလုပ်လျက် ဗာပူစာရပြည်စိုးကြီး လွှတ်တော်သို့ တင်သွင်းရလေသည်။

ထိုအခါ ဗာပူစာရပြည်စိုးကြီးသည် ကုန်သည်တို့တင်သွင်းသောစာရင်းကို ရရှိလေလျှင် နိုင်ငံတော်အကျိုးတော်ဆောင် ဒိုင်းကျီအစိုးရက ထိုသူကြီးထံသို့ ပြုလုပ်ထုပ်ပိုး သိုမှီးထားသော ဝါဂွမ်းတို့ကို ဒိုင်းကျီအမိန့်အာဏာက ဆင့်ဆိုတော်မူသည်မှာ ကျေးရွာတို့၌ သိုမှီးထားသော ဝါဂွမ်းတို့ကို ဒိုင်းကျီအလုပ်သမားတို့နှင့် လှေလောင်းစုံလင်စွာယူပြီးလျှင် ၎င်းစပါး၊ ဝါဂွမ်းတို့ကို တင်ဆောင်၍ မြို့တော်အနီးဈေးကြီး၌ ကောင်းမွန်စွာထားရမည်ဟု ဆင့်ဆိုတော်မူလိုက်လေသည်။ ၎င်းအမိန့်အတိုင်း ဒိုင်းကျီအစိုးကို ထိုသူကြီးက ဒိုင်းကျီအလုပ်သမားကူလီများတို့နှင့် ကျေးရွာသို့သွားရောက်ပြီးလျှင် သိုမှီးလျက်ရှိသော စပါး၊ ဝါဂွမ်းတို့ကို ကောင်းစွာ တင်ဆောင်၍ထားရလေသည်။

ထိုအခါ စပါးရှင်နှင့်တကွ ရပ်ကွက် ဗာပူစာရလွှတ်တော်၌ရှိသော သဘော်စာကိုင်သို့ တင်သွင်းရလေသည်။ ၎င်းသဘော်စာကိုင်သည် စာရင်းအရ ရောင်းဝယ်သော ကုန်များ၏ ဈေးနှုန်းအတိုင်း သင့်ငွေများကို တွက်စစ်၍ ပြည်ကျိုးတော်ဆောင် အကောက်တော်ငွေများကို စပါးတစ်ရာလျှင် နှစ်သပြာကျနှုန်းဖြင့်လည်းကောင်း၊ ဝါဂွမ်း အသပြာတစ်ရာ တန်ဖိုးရှိလျှင် သုံးသပြာကျနှုန်းဖြင့်လည်းကောင်း တွက်စစ်၍စာရင်းပြုလုပ်ပြီးလျှင် ၎င်းစာရင်းနှင့်တကွ စပါး၊ ဝါဂွမ်းများကို သဘော်သို့ရောက်အောင် ပေးပို့ဆောင်ရွက်သော ဒိုင်းကျီအလုပ်သမားတို့၏ လုပ်အားခငွေကိုပါ ကုန်သည်တို့က စုံလင်စွာတင်သွင်းရန် စာရင်းပြုလုပ်လျက် ဗာပူစာရပြည်စိုးကြီးလွှတ်တော်သို့ တင်သွင်းရလေသည်။

## ကုန်သည်များ ကျသင့်ငွေစာရင်း တင်ခြင်း

ထိုအခါ စပါး၊ ဝါဂွမ်းများကို လက်ရောက်ရရှိသော ကုန်သည်များတို့သည် စာရင်းတွင် ဖော်ပြလျက်ပါရှိသောငွေများကို ဗာပူစာရပြည်စိုးကြီး လွှတ်တော်၌ တင်သွင်းရလေသည်။ ဗာပူစာရပြည်စိုးကြီးသည် အရပ်ရပ်အသပြာငွေတို့ကို ပြေငြိမ်းအောင် ရရှိကြောင်းတံဆိပ် လက်မှတ် ရေးထိုးပြီးလျှင် ၎င်းကုန်သည်တို့အား ပေးအပ်တော်မူသည်။

ကုန်သည်တို့သည် ၎င်းလက်မှတ်ကိုယူဆောင်လျက် နိုင်ငံခြားလှေသင်္ဘောတို့ကို စောင့်ရှောက်နေသော ရေတံခါးမင်းထံ၌ ၎င်းလက်မှတ်ကို တင်သွင်းပြီး မိမိတို့တိုင်းပြည်သို့ ထွက်သွားရန် အမိန့်အာဏာတော်ကို ခံယူရလေသည်။

ထိုအခါ ရေတံခါးမင်းက မိမိတိုင်းပြည်မှဝယ်ယူသော စပါး၊ ဝါဂွမ်းတို့၏တန်ဖိုး ရသင့်သောကြေးငွေများကို ပြေငြိမ်းအောင်သွင်းခဲ့ကြောင်းသိရလျှင် ထွက်သွားစေရန် အမိန့်အာဏာချမှတ်တော်မူလေသည်။ အာဏာရရှိကုန်သော ကုန်သည်တို့သည် ကြိုက်သည့်အချိန်၌ မိမိတိုင်းပြည်သို့ ထွက်သွားနိုင်လေသည်။

ခရီးအကြား၌ သုံးဆောင်စားသောက်ရန် ရေမိုးလုံခြုံစွာ တင်ယူဆောင်လိုလျှင် သင်္ဘောဆိပ်ကမ်း၌ ဒိုင်းကျိုကသူကြီးအား ပြောရလေသည်။ ထိုအခါ ဒိုင်းကျို၌ နိုင်ငံခြားကုန်သည်တို့အလို့ငှာ ဘုရင်မင်းမြတ်က စီမံပြုလုပ်ထားသော ကန်တော်ကြီးမှ ဒိုင်းကျိုအလုပ်သမားတို့သည် ရေများကိုလုံခြုံအောင် တင်ဆောင်ပို့ရလေသည်။ ရေတင်ဆောင်ပို့သော အလုပ်သမားလုပ်ခငွေတို့ကို ဒိုင်းကျိုကသူကြီးထံ၌ ၎င်းကုန်သည်တို့က ထိုက်သည့်အားလျော်စွာ ပေးအပ်ရလေသည်။

## လွှတ်တော်မှ ငွေရှင်းခြင်း

ထိုသို့ရောင်းဝယ်ရေးကိစ္စပြီးဆုံးလျှင် ဗာပူစာရပြည်စိုးကြီးသည် ရောင်းဝယ်လျက်ရရှိသော အသပြာငွေများကို ပေးဆောင်ရန် ဆိုင်ရာရပ်ကွက်စာကိုင်တို့နှင့်တကွ လယ်သမားတို့အားဆင့်ခေါ်တော်မူပြီးလျှင် လယ်သမားတို့၌ လုပ်ကိုင်ရေးအတွက် ထောက်ပံ့လျက်ရှိသော ပြည်ကျိုးဆောင် ဘဏ္ဍာတော်ငွေများကိုဖြတ်ယူ၍ ကျန်ကြွင်းသော ငွေများ၌လည်း အသပြာတစ်ရာလျှင် ပြည်ကျိုးတော်ဆောင်ရွက်ရန် ငါးသပြာကျနှုန်းဖြင့် သိမ်းပိုက်၍ ကျန်ကြွင်းသောငွေများကို ရောင်းဝယ်ရရှိသည့်ဈေးနှုန်းအတိုင်း မယုတ်မလျော့စေဘဲ လယ်သမားတို့အား ထုတ်ပေးတော်မူလေသည်။

ထိုနောက် အကောက်တော်ငွေ အရပ်ရပ်များတို့နှင့် တစ်နှစ်အတွက် လယ်သမားတို့က ပေးဆပ်ခဲ့သော ငွေတော်ကိုလည်းကောင်း၊ ငွေသပြာတစ်ရာလျှင် ငါးသပြာကျ သိမ်းပိုက်ထားသော ငွေကိုလည်းကောင်း ပြည်သူ့ဘဏ္ဍာတော်တိုက်သို့ သွင်းရလေသည်။

ထိုနောက် ဘုရင်မင်းမြတ်အား တောင်သူလယ်သမားတို့က ဆယ်ခိုင်ကျေးဆက်သွင်းလျက်ရှိသော စပါး၊ ဝါဂွမ်းတို့ကို ဗာပူစာရပြည်စိုးကြီးကယူဆောင်၍ ဓမ္မသတ်တော်အတိုင်း အကောက်တော်နှင့်တကွရောင်းပြီးလျှင် အကောက်တော်ငွေများကို ပြည်ဘဏ္ဍာတော်တိုက်သို့ သွင်းရလေသည်။

ထိုနောက် ရောင်း၍ရသောငွေတွင်လည်း အသပြာတစ်ရာလျှင် ငါးသပြာကျဖြင့် သာသနဘဏ္ဍာတော်တိုက်သို့ သွင်းရလေသည်။ အလှူတော်သချီမြေမှရသမျှသော အသပြာငွေတို့ကိုလည်း သာသနာဘဏ္ဍာတော်တိုက်သို့ သွင်းရလေသည်။ ထိုမှ ကျန်ကြွင်းသမျှသော အသပြာငွေများကိုရောင်း၍ရရှိသော ဈေးနှုန်းအတိုင်း ဘုရင်မင်း၏ဘဏ္ဍာတော်တိုက်သို့ သွင်းရလေသည်။

## ရောင်းဝယ်ရေးဌာနများနှင့် အရာရှိများ

ထိုအခါ ကူးသန်းရောင်းဝယ်ရေးအရာရှိ ရေတံခါးမင်းနေခဲ့သောကြောင့် ထိုအရပ်ကို ယခုတိုင်အောင် တန်ခိုကျွန်းဟု ခေါ်ကြလေသည်။ တောင်သူလယ်သမားတို့က စပါး၊ ဝါဂွမ်းတို့ကို စုပုံရောင်းချသောနေရာဖြစ်သောကြောင့် ယခုတိုင်အောင် စပါးထားဝါဗိုကျွန်း (စစ်တွေမြို့နယ်)ဟု ခေါ်ကြသည်။

နိုင်ငံခြားမှလာရောက်သော လှေသင်္ဘောတို့ကိုစောင့်ရှောက်ရန် တပ်ဖွဲ့စည်းထားသောနေရာကို ယခုတိုင်အောင် တပ်မော်(ပေါက်တောမြို့နယ်)ဟု ခေါ်ကြသည်။

နိုင်ငံခြားကုန်သည်များနှင့် တိုင်းရင်းသားကုန်သည်တို့ လမ်းခရီး၌သုံးစွဲရန် လုံလောက်တင်ယူရန်အတွက် ဘုရင်မင်းမြတ်ကစီမံ၍ ကန်တူးထားသောကျွန်းကို မင်းကန်ကျွန်း (စစ်တွေမြို့နယ်)ဟု ယခုတိုင်အောင် ခေါ်ကြသည်။

မြောက်ဦးမြို့တော်၌လည်း ဗာပူစာရပြည်စိုးကြီးနေခဲ့သောအရပ်ကို ယခုတိုင် ဗာပူတောင်အရပ်ဟူ၍ ခေါ်ကြလေသည်။ မြို့တော်ဆိပ်ကမ်းတွင် ရောင်းဝယ်ရေးပြုသောနေရာကို ယခုတိုင်အောင် ဈေးကြီး၊ တံခါးဝဈေး၊ စပါးဈေးဆိပ်ဟု ခေါ်ကြလေသည်။

နိုင်ငံခြားသင်္ဘောတို့ကိုစောင့်ရှောက်ရန် တပ်ဖွဲ့ထားသောနေရာကို ယခုတိုင်အောင်

အောင်တပ်ဟု ခေါ်ကြလေသည်။ ၎င်းတပ်၌ အကြီးအမှူးဖြစ်သောရေတံခါး မင်းနေရာကို ယခုတိုင်အောင် ရေတံခါးအရပ်ဟု ခေါ်ကြလေသည်။

ပြည်ကျိုးဆောင် ဒိုင်းကျီအလုပ်သမားနေသောအရပ်ကို ယခုတိုင်အောင် ဒိုင်းကျီကျွန်းဟု ခေါ်ကြလေသည်။ ပြည်ကျိုးဆောင် ရက်ကန်းတော်အလုပ်သမားများ နေရာအရပ်ကို ယခုတိုင်အောင် ယဉ်သည်ရွာဟု ခေါ်ကြလေသည်။

## ပေါ်တူဂီဘုန်းကြီး မင်းနရိုတ်အမြင်

ထိုစဉ်က မြောက်ဦးမြို့သို့ရောက်ခဲ့သော ပေါ်တူဂီဘုန်းကြီး မင်းနရိုတ်က ၎င်း၏ ခရီးသွားမှတ်တမ်းကြီးတွင် အိန္ဒိယပြည်အား ဆန်တင်ပို့ရောင်းချရခြင်းကြောင့် မြောက်ဦး စည်ကားပုံကို အောက်ပါအတိုင်း ရေးသားထားခဲ့၏။

"ရခိုင်ပြည်နှင့် ဆက်စပ်သော အိန္ဒိယပြည်သည် မိုးခေါင်ရေရှား၊ ငတ်မွတ်ခြင်း ဘေးများနှင့်တွေ့ရသော်လည်း ရခိုင်ပြည်မှာ နှစ်စဉ်နှစ်တိုင်း မိုးရေချိန်လက်မ ၂၀၀-မှ ၃၀၀-ထိ ရွာသွန်းခြင်းကြောင့် ရခိုင်ပြည်၏ကြွယ်ဝခြင်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်၍ သာလာခဲ့ကြောင်း၊ ပိုသောဆန်စပါးများကို အိန္ဒိယပြည်သို့ အမြဲတင်ပို့ရောင်းချ၍ လိုသော ကုန်များကို အိန္ဒိယပြည်မှ တင်သွင်းကြကြောင်း"ဟူ၍ ဘုန်းတော်ကြီး မင်းနရိုတ်က မှတ်တမ်း တင်ခဲ့သည်။

## ဒတ်(ချ်)တို့နှင့် ဆန်ရောင်းဝယ်စဉ်က

ရှေးအခါက ဆန်စပါးများကို အိန္ဒိယ၊ ဘင်္ဂလားပြည်၊ မာဒရပ်ကမ်းခြေ၊ သီဟိုဠ်၊ ပေါ်တူဂီ၊ ဂိုအာ၊ မာလာယု၊ ဒတ်(ချ်) အရှေ့အိန္ဒိယကျွန်းစုများသို့ တင်ပို့ရောင်းချခဲ့ ကြလေ သည်။ ဒတ်(ချ်)မှတ်တမ်းတစ်စောင်၌ အောက်ပါအတိုင်းရေးသားထား၏။

"၁၆၃၁-ခုနှင့် ၁၆၃၄-ခုအကြားတွင် ဘင်္ဂလားပင်လယ်ကမ်းခြေတစ်ဝိုက်၌ ငတ်မွတ် ခေါင်းပါးသောဘေးဆိုက်ရောက်လျက်ရှိသည်။ ဒတ်(ချ်)လူမျိုးများသည် ရခိုင်ပြည်မှ စပါး ဝယ်ရန် သွားကြသည်။ သီရိသုဓမ္မရာဇာ၏သံတမန်များက ဒတ်(ချ်)လူမျိုးများသည် မလက်ကာကျွန်းစုများကို စစ်တိုက်နေကြသဖြင့် ဆန်အမြောက်အမြားလိုနေကြောင်းကို ဘုရင်အားလျှောက်ထားကြလေသည်။

ထို့ကြောင့် ရခိုင်ဘုရင်သည် စပါးများကို ဘုရင့်ပစ္စည်းအဖြစ်သို့ ပြောင်းလဲကာ ဘုရင့်အာဏာဖြင့်သာရောင်းချရန် အမိန့်ထုတ်ဆင့်ထားသောကြောင့် ဒတ်(ချ်)များသည် အထူးမကျေမနပ်ဖြစ်ကြသည်။ ဒတ်(ချ်)တို့သည် စပါးပွဲစားများထံ အခြားလူများထက် ဈေးပိုပေး၍ ဝယ်ယူကြရသဖြင့်လည်း မကျေမနပ်ဖြစ်ကြလေသည်။

သို့သော် ရခိုင်ဘုရင်မှာ သူ့ပြည်ရှိဆန်စပါးများကို စည်းမဲ့ကမ်းမဲ့မထွက်သွားနိုင်အောင် တားဆီးထားနိုင်လေသည်။ ဤအချက်ကိုကြည့်ရှုခြင်းအားဖြင့်ပင်လျှင် ရခိုင်ဘုရင်၏ ကုန်သွယ်ရေးအဆင့်အတန်းမှာ ဒတ်(ချ်)များထက် အောက်မကျဟု သိရှိနိုင်ပေသည်။

သို့သော် စာရင်းစာအုပ်များတွင် မှတ်ထားသည့်ဈေးနှုန်းအရ ဒတ်(ချ်)တို့မှာလည်း မနစ်နာကြချေ။ ဘာတေးဘီးယားတွင် ၁၆၃၃-ခုနှစ်၌ ဆန်(ကာရာ) ၄၄၀-ပေါင်ကို ဒဂါး ၁၈-ဈေး ရှိသည်။ (ဒတ်(ချ်)တစ်ပေါင်သည် အဗိုင်ဒူပိုင် ၁.၀၉-ပေါင်နှင့် ညီမျှသည်။ (၁)ကာရာကို ဘုရင်ဈေးနှုန်းမှာ ၁၀-ကျပ် ဖြစ်သည်။)

ဆန်စပါးရှားပါးချိန် လွတ်မြောက်ခဲ့ပြီးနောက် ဒတ်(ချ်)တို့သည် တစ်ကာရာလျှင် (၅)ကျပ်ကျထိ ဈေးကျအောင်လုပ်နိုင်ခဲ့ကြသည်။ သို့သော် သူတို့အထူးတလည် မကျေနပ်ကြသော အခြားအကြောင်းတစ်ရပ်မှာ ဘုရင်သည်အကြောင်းမျိုးစုံပြပြီး ဘာတေးဘီးယားသို့ ဈေးနှုန်းအခြေအနေကိုစုံစမ်းရန် လူလွှတ်ခြင်းကြောင့် ဖြစ်သည်။

ဒတ်(ချ်)တို့သည် ဘုရင့်အဝယ်တော်များကိုရှောင်လွှဲ၍ စစ်တကောင်းသို့ လူလွှတ်ပြီး ဝယ်ယူရန် ကြံစည်ခဲ့သော်လည်း ၎င်းနှစ်တွင်ပင် တင်ကြို၍ ၎င်းစစ်တကောင်းနယ်မှ စပါးများကို ဘုရင်မှာဝယ်နှင့်ပြီးဖြစ်၍ ကန့်သတ်သောဈေးနှုန်းနှင့်သာ ဝယ်ခဲ့ရလေသည်ဟူ၍ မှတ်တမ်းတင်ထားသည်။

## ဒတ်(ချ်)ရခိုင် ကူးသန်းရေး

ရခိုင်ပြည်နှင့် ဒတ်(ချ်)လူမျိုးတို့ ကုန်ကူးသန်းဆက်ဆံရေးကို မစ္စတာဟော(လ်)က နိုင်ငံခြားသားမှတ်တမ်းများကိုမှီတည်၍ ရေးသားထားသော ၎င်း၏ 'မြန်မာပြည်' စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားရှိလေသည်။

'သီရိသုဓမ္မသည်' ဘာတေးဘီးယား၌ရှိသော ဒတ်(ချ်)လူမျိုးများနှင့် မိတ်ဖွဲ့၍ သူတို့အား မြို့တော်၌စက်ရုံတစ်ခုဖွင့်ရန် တိုက်တွန်းလေ၏။ သူတို့သည် ဆန်များကိုအချိန်မှန်ထောက်ပင့်ရန်လို၏။

ထို့ပြင် သူတို့၏ အင်ဒိုနီးရှား ယာခင်း၊ စိုက်ခင်းတို့၌ အလုပ်ကြမ်းသမားကျွန်များအလွန် လိုနေ၏။ ထိုလိုသော နှစ်ခုစလုံးကို ရခိုင်ပြည်မှ အမြောက်အမြားရနိုင်လေ၏။ ကျွန်များမှာ ဖာရင်ဂီများ ဘင်္ဂလားမှဖမ်းလာသူများ ဖြစ်ကြလေ၏။

သီရိသုဓမ္မနတ်ရွာစံသောအခါ နောက်နန်းတက်သူ နရပတိကြီး (၁၆၃၈-၄၅)နှင့် ဒတ်(ချ်)တို့သည် မသင့်မြတ်ကြချေ။ မြို့ဟောင်းရှိစက်ရုံကိုလည်း နှစ်ပေါင်းအတော်ကြာ ရုပ်သိမ်းထားကြလေသည်။ ထိုစက်ရုံကို စန္ဒသုဓမ္မ (၁၆၅၂-၈၄)မင်း နန်းတက်သည့်တိုင် အောင် မဖွင့်ဘဲထားကြလေ၏။

၁၆၅၃-ခုနှစ်တွင် စန္ဒသုဓမ္မမင်းသည် ဘာတေးဘီးယားနှင့် ကုန်စည်ကူးသန်း ရောင်း ဝယ်ရေး စာချုပ်တစ်ခု ချုပ်လုပ်လေရာ ထိုစာချုပ်ပါ အချက်အတိုင်း မြို့ဟောင်းရှိ ဒတ်(ချ်) ကုန်သည်တို့သည် နှစ်ပေါင်းများစွာ လိုက်နာကြကုန်၏။

စန္ဒသုဓမ္မမင်းသည် ရခိုင်ရာဇဝင်တွင် အမြင့်မားဆုံး ဘုရင်တစ်ပါးဟု ကျော်စော ထင်ရှားလေ၏။ သူ၏ရှည်သော နန်းစံကာလအတွင်းတွင် သူသည်ဥရောပတိုက်သား ကုန်သည်များနှင့် ဆက်ဆံရေးကိစ္စတွင် ပွင့်လင်းသော ဉာဏ်အမြော်အမြင်နှင့် များစွာပြည့်စုံ ပေ၏။

အိမ်နီးချင်း မြန်မာမင်းပြုကျင့်သည်ထက် ပိုမိုနီးကြားသောဝါဒရှိလေသည်။ မြန်မာပြည် ကဲ့သို့မဟုတ်ဘဲ ရခိုင်ပြည်သည် ပုံသွင်းဒင်္ဂါးများကိုသုံး၏။ ကျပ်သုံးဒင်္ဂါး၏ ရှေ့ပြေး မဂိုဘုရင် တို့၏ တန်ဂ (     )ခေါ် ပိုက်ဆံကို သဘော်ဆိပ်မြို့များ၌ သုံး၍ ၁၆၆၀-ခုနှစ်လောက်ကစ၍ အိန္ဒိယဒင်္ဂါးများကိုအတုခိုးပြီး ရခိုင်ဒင်္ဂါးများ ပုံသွင်းကြလေ၏။

ဈေးနာဝယ်ရန် အသေးအဖွဲ့ကိစ္စများအတွက် ကြေခွေများကိုသုံးကြ၏။ ကြေခွေများကို မာလဒိတ်ကျွန်းများမှ (      )ဒတ်(ချ်)သဘော်များက မကြာမကြာယူဆောင်လာကြပြီး ရခိုင်ပြည်တွင် ၄၀-ပိဿာကို တစ်ကျပ်နှင့် ရောင်းချလေ၏။

တိုင်းပြည်အတွင်းသို့ ဒတ်(ချ်)များသွင်းသောကုန်များမှာ ယင်းခေတ်အမွှေးအကြိုင်နှင့် ဂျပန်သဲများကို ဘာတေးဘီးယားမှ ယူဆောင်လာ၏။ အထည်အလိပ်များကို အိန္ဒိယပြည် ကိုရိုမန်ဒယ်ပင်လယ်ကမ်းရိုးတန်းရှိ စက်ရုံများမှတင်လာကြ၏။

ဘာတေးဘီးယားမြို့ရှိ ဒတ်(ချ်)တို့ ကုန်ရောင်းကုန်ဝယ် စာရင်းစာအုပ်ထဲတွင် "ဘင်္ဂလား အော်အတွင်း ဒတ်(ချ်)တို့ ကုန်စည်ကူးသန်းရောင်းဝယ်သော ဌာနများအနက် ရခိုင်ပြည်သည် အရေးပါသော တစ်နေရာဖြစ်လေ၏ဟု ဖော်ပြထား၏"ဟူ၍ ရေးသားထားသည်။

## နိုင်ငံခြားနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေး

ဓညဝတီ၊ ဝေသာလီနှင့် မြောက်ဦးမြို့တော်များထွန်းကားခဲ့စဉ်အခါက နိုင်ငံခြားသား ပင်လယ်ကူးသင်္ဘောကြီးများသည် မြို့တော်ဆိပ်ကမ်း၌ အမြဲတမ်းဆိုက်ကပ်လျက် ရှိခဲ့လေသည်။

နိုင်ငံခြားသား ခရီးသည်ကြီးတစ်ဦးက ကုလားတန်မြစ်အထက် မိုင်-၅၀ကျော်မျှ ဆန်တက်မိသောအခါ အလွန်ကြီးကျယ်သော ဆိပ်ကမ်းမြို့ကြီးတစ်မြို့ကိုတွေ့ရှိရသည်ဟု ဆိုထားရာ ဝေသာလီမြို့တော်ကိုဆိုလိုခြင်းဖြစ်သည်ဟု ယူဆကြလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုခရီးသည်ကြီးရောက်လာခဲ့သော ခုနှစ်သက္ကရာဇ်ကို တွက်ဆကြည့်ရှုသောအခါ ဝေသာလီမြို့တော်ခေတ်အတွင်း၌ပင် ဖြစ်နေလေသည်။ ဝေသာလီခေတ်အကြောင်းကို စုံစုံလင်လင်သိရသောအခါ ပိုမိုထင်ရှားလာပေလိမ့်မည်။

မြို့ဟောင်းခေတ်တွင် နိုင်ငံခြားသားများနှင့် ဘယ်ပုံကုန်စည်ကူးသန်းရောင်းဝယ်ရေး ပြုလုပ်ခဲ့သည်ကိုကား ရခိုင်ရာဇဝင်များနှင့် နိုင်ငံခြားသား အထူးသဖြင့်ပေါ်တူဂီ၊ ဒတ်(ချ်)တို့၏ မှတ်တမ်းများတွင် အတော်သင့်ဖတ်ရှုသိရှိကြရပေသည်။

ရှေးအခါက ရခိုင်ပြည်နှင့် ကုန်စည်ကူးသန်းရောင်းဝယ် ဆက်သွယ်ကြသောနိုင်ငံများမှာ အိန္ဒိယ အထူးသဖြင့်ဘင်္ဂလားပြည်၊ မဒရပ်ကမ်းခြေနှင့် သီဟိုဠ်တို့ဖြစ်ကြလေသည်။

အိန္ဒိယအနောက်တောင်ကမ်းခြေ ဂိုဝါနယ်၌ ကြီးစိုးနေခဲ့ကြသော ပေါ်တူဂီတို့သည် ရခိုင်ဘုရင်ခွင့်ပြုချက်ကြောင့် မြောက်ဦးမြို့တော် ဒိုင်းကျီဘက်အရပ်၌ စခန်းချခဲ့ကြ၏။

၎င်းတို့သည် ဆန်ဒွစ်ကျွန်းနှင့် စစ်တကောင်းတစ်ဖက်ကမ်းရှိ ဒယင်းဂါးဆိုသော အရပ်တို့၌ တပ်စခန်းချကြကာ ရခိုင်ဘုရင် လက်အောက်ခံ ဘင်္ဂလားအရှေ့မြောက်ဒေသကိုကူညီစောင့်ရှောက်ပေးကြလေသည်။

ဤပေါ်တူဂီတို့သည် ၎င်းတို့နေရင်းဒေသဖြစ်သော ဂိုဝါနှင့်ကုန်စည်ကူးသန်း ရောင်းဝယ်ရေးတို့ကို အထောက်အပံ့ပေးခဲ့ကြလေသည်။ ဤသို့ကူညီခဲ့ရာမှ ၎င်းတို့သည် ရခိုင်ပြည်ကို သိမ်းပိုက်ရန် ကြံစည်ခဲ့ကြသော်လည်း ရခိုင်ရေတပ်၊ ကုန်းတပ်တို့၏ သတ္တိကြောင့်လည်းကောင်း၊ ဘုရင်၏ နည်းပရိယာယ်ကောင်းခြင်းကြောင့် လည်းကောင်း မအောင်မြင်ခဲ့ကြချေ။

သို့သော် ရခိုင်ဘုရင်သည် နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးနှင့် ရခိုင်ပြည်အတွက် ကာကွယ်ရေးတို့အတွက်လည်းကောင်း ပေါ်တူဂီတို့အား ကောင်းစွာအသုံးပြုနိုင်ခဲ့လေသည်။

ပေါ်တူဂီတို့နှင့် အဆက်ပြတ်ခါနီးတွင် အရှေ့တောင် ဒတ်(ချ်)အိန္ဒိယကျွန်းစု၊ ဘာတေး ဘီးယားမြို့ရှိ ဒတ်(ချ်)တို့နှင့် ဆက်သွယ်ခဲ့လေသည်။ ဤဒတ်(ချ်)တို့၏ ကုန်လှောင်ရုံး ( )များကို မြို့ဟောင်းအနားရှိ ဘောင်းဒွက်အရပ်၌ ဖွင့်လှစ်ခဲ့ကြ၏။

ယနေ့တိုင် ၎င်းတို့ကို ပျက်စီးယိုယွင်းလျက် တွေ့နိုင်ကြပေသေးသည်။ ရခိုင်ပြည်နှင့် ဒတ်(ချ်)တို့၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေးမှာ အတော်ကြီးကျယ်ခဲ့ကြောင်းများနှင့် ရခိုင်ဘုရင်သည် နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးတွင် ဒတ်(ချ်)တို့ထက် မညံ့လှကြောင်းကို မှတ်တမ်းတင်ထားခဲ့ကြပေသေးသည်။

## သွင်းကုန်ထွက်ကုန်များ

ရခိုင်ပြည်မှ နိုင်ငံခြားသို့ တင်ပို့သောကုန်များမှာ ဆန်စပါး၊ ဝါဂွမ်း၊ ဆင်၊ ကျေးကျွန်များ၊ ငွေထည်များ၊ ဆင်စွယ်များ၊ ချည်ထည်များ၊ မဲနယ်၊ ချိပ်၊ ယွန်းထည်များဖြစ်ကြ၏။

ဝင်ကုန်များမှာ ကောက်ရိုးခေါ် ကြွေစေ့ (ကြွေစေ့များ)၊ ဆေးများ၊ အမွှေးအကြိုင်၊ တွင်းထွက်ပစ္စည်းများ၊ ပိုးထည်များ၊ ဟင်းမွှေးမဆလာ၊ အကျော်၊ ကရမက်၊ ကော်ဇော၊ သတ္တုထည်၊ ပန်းကန်ခွက်ယောက်အစရှိသော အသုံးအဆောင်ပစ္စည်းအမျိုးမျိုး ဖြစ်ကြလေသည်။

## မှတ်တမ်းများ

ပေါ်တူဂီဘုန်းကြီး မန်နရိတ်သည် သီရိသုဓမ္မရာဇာဘိသိက်ပွဲနှင့် ကြုံကြိုက်ခဲ့ရာ မြောက်ဦးမြို့တော်၌အရပ်ရပ်မှ ကုန်သည်များရောက်ရှိလာခဲ့ကြပြီး စည်ကားလှသည့် အကြောင်းကို အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့လေသည်။ ၎င်းပြင် စကောက်တန် အမည်ရှိသော ဒတ်(ချ်)ခရီးသည်ကလည်း အောက်ပါအတိုင်း မြောက်ဦးမြို့ချမ်းသာကြွယ်ဝပုံကို ရေးသားထားခဲ့ပြန်သေးသည်။ ဤကောက်နုတ်ချက်များကို ဖတ်ရှုရခြင်းဖြင့် မြောက်ဦးမြို့၏ နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းနှင့် မြောက်ဦးစည်ကားလှပုံတို့ကို ပေါ်လွင်စွာ သိရှိနိုင်ကြလေသည်။

'မြို့တော် (မြောက်ဦး)၌ အရပ်ရပ်အနယ်နယ်မှ လာရောက်သည့် ဧည့်သည်များနှင့် ပြည့်နှက်နေ၏။ ဘင်္ဂလားပင်လယ်အော်ကမ်းခြေရှိ ယိုးဒယားပြည်၊ မြန်မာပြည်၊ အိန္ဒိယပြည်နှင့် စပိုက်( )ကျွန်းခေါ် ဟင်းခပ်အမွှေးအကြိုင်ထွက်ရာ ကျွန်းများက နိုင်ငံခြားသားကုန်သည်မျိုးစုံတို့လည်း ဈေးကွက်ရှာရန်လာရောက် လေ့လာကြသည်။ ဆိုက်ရောက်နေသော

နိုင်ငံခြားသင်္ဘောများတွင်လည်း စားနပ်ရိက္ခာများ၊ ဆေးဝါး၊ အမွှေးနံ့သာတုံး၊ ဓာတ်သတ္တုအမျိုးမျိုး၊ ပိုးထည်၊ ကော်ဇော၊ သတ္တုအိုးခွက်နှင့် ကြွေထည်စသော ရောင်းကုန်ပစ္စည်းများ ပါလာကြလေသည်။ ထိုကုန်များအပေါ်တွင် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားသဖြင့် လမ်းမကြီးတစ်လျှောက်မှာ ဈေးတန်းကြီးသဖွယ် ဖြစ်နေပြီးလျှင် အထက်ဆိုခဲ့သော ကုန်ပစ္စည်းများနှင့်ပြည့်လျက် ဆိုင်ခင်းရောင်းချနေကြလေသည်။ ထို့ပြင်လည်း အဖိုးတန်ကျောက်မျက်ရတနာများ၊ အလွန်ရှားပါးသော ငါးကြီးအန်ဖတ်၊ ကတိုး၊ ပြဒါး၊ ချိပ်၊ ဟင်္သပြဒါး၊ ဘိန်း၊ ပန်းပေါင်းစသည်တို့ကိုလည်း ဝယ်ယူရရှိနိုင်ပေသည်။ မြောက်ဦးမြို့တော်သည် ကြီးမားထည်ဝါသော အဆောက်အအုံများနည်းပါးသော်လည်း အရွယ်ပမာဏနှင့် ပစ္စည်းဥစ္စာပေါများကြွယ်ဝပုံကို အမ်စတာဒမ်၊ လန်ဒန်အစရှိသော အနောက်နိုင်ငံကထင်ရှားသော မြို့များနှင့်ပင် နှိုင်းစာလောက်ပေသည်။

ဦးဘစံ

* M.S Collis, The Land of the Great Image. P.211, Faber & Faber Ltd., London, 1945.

**ကျမ်းကိုးစာရင်း**


၁။ ရခိုင်မဟာရာဇဝင် (ပေမူ)

၂။ The Land of the Great Image. M.S Collis

၃။ Burma, D.G.E Hall.
Arakan's Place in the Civilization of the Bay, M.S. Collis and U San Shwe Bu, J B R S, Vol X, Part I.

# ကစ္ဆပနဒီ

လူ့ယဉ်ကျေးမှုသမိုင်းကို လေ့လာရသောအခါ ကမ္ဘာတိုင်းပြည်အတည်တည်၏ မြစ်ဝှမ်းကြီးများသည် အရေးပါအရာရောက်လှသည်ကိုတွေ့မြင်ရမည် ဖြစ်ပါသည်။

အီဂျစ်ယဉ်ကျေးမှုကိုထူထောင်ခဲ့သော နိုင်းမြစ်၊ အင်ဒိုအာရိယံယဉ်ကျေးမှုကို ထူထောင်ခဲ့သော ဂင်္ဂါမြစ်၊ တရုတ်ယဉ်ကျေးမှုကို ပျိုးထောင်ခဲ့သော ဟိုဝှန်ဟိုမြစ်တို့နှင့်အတူ ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုအစုစုကို မြေတောင်မြှောက်ပေးခဲ့သော ကစ္ဆပနဒီခေါ် ကုလားတန်မြစ်ကြီး အကြောင်းကို မှတ်တမ်းတင်ထားရန် အလွန်လျော်ကန်သင့် မြတ်လှသည်ကို ထင်မြင်မိပေသည်။

မေ့ပျောက်ထားခြင်းကိုခံရရှာသော အကျွန်ုပ်တို့၏ 'ကစ္ဆပနဒီ'မြစ်မဟီသည်ကား ရှေးနှစ်ပေါင်းများစွာကကဲ့သို့ပင် စီးသွင်သွင်ကျဆင်းလျက် ရှိပါသေးသည်။ ရာဇဝင်တစ်ခေတ်ပြောင်းခဲ့ပြီဖြစ်သော်လည်း ကစ္ဆပနဒီမြစ်ကြီးကား သွားမြဲတိုင်းသွားလျက်ပါပေ။

'နဝဒတ်ရိကျ၊ ငါးရာရသား၊ ကစ္ဆပနဒီ'ဟု မော်ကတော်အေးချင်း၌ စတင်ဖွဲ့နွဲ့သီကုံးထားသည့်အတိုင်း ရခိုင်ပြည်၏ ကစ္ဆပနဒီမြစ်ကြီးသည် အနော်ဒတ်အိုင်မင်းမှ စတင်မြစ်ဖျားခံသည်ဟု ဆိုထားပါသည်။

တစ်နည်းကား ဟိမဝန္တာတောင်ခြေမှ စတင်စီးဆင်းလာသည်ဟု ဆိုရပါမည်။ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတွင်အကျုံးဝင်သော သိုက်သမိုင်းလာမြစ်ကြီးလည်းဖြစ်ပေသည်။

မြစ်လက်တက်ငါးရာဖြင့် ခက်မတွေမြိုင်မြိုင်ဖြာပြီးလျှင် မဏိဇောတိရပတ္တမြားကဲ့သို့ လိုတိုင်းဖြည့်စွမ်းနိုင်သောသတ္တိရှိခြင်းကြောင့် ကစ္ဆပနဒီဟု ခေါ်တွင်ကြသည်။ တစ်နည်းကား လိပ်ကျောက်ကုန်းကဲ့သို့သော ကျောက်တုံးကြီးများဖြင့် တန်ဆာဆင်ထားသော မြစ်ဖြစ်ခြင်းကြောင့် ကစ္ဆပနဒီဟု ခေါ်ကြသည်။

ကစ္ဆပနဒီမြစ်ကြီးသည် ရခိုင်ပြည်ရှိမလ္လာယုခေါ် မယုမြစ်နှင့် အဥ္စနနဒီခေါ် လေးမြို့မြစ်များ၏ နောင်တော်ညီတော်မင်းသုံးဖော်တို့သည် ရခိုင်ပြည်၏ မြေအပြင်ကို စိမ်းစိုချမ်းမြ သာယာစိုပြည်ခဲ့စေသည် မဟုတ်ပါလော။

သို့သော် 'ကစ္ဆပနဒီ' မြစ်ကြီးသည်ကား ထူးခြားလှ၏။ ရှေးနှစ်ပေါင်းများစွာက 'ကစ္ဆပနဒီ ကပ်မှီမကင်းပဉ္စောင်ရင်းသို့ လျှင်ပြင်းရသေ့ ရောက်သတည်း'ဟု ရာဇဝင် လင်္ကာ၌ သီကုံးထားသည့်အတိုင်း ကပ္ပိလမှ အဇ္ဈုနရှင်ရသေ့သည် ကစ္ဆပနဒီမြစ်ညာ၌ တစ်ခုသော ပဉ္စောင်ပင်ရင်းသို့ ကြွရောက်ခဲ့လေသည်။

ကစ္ဆပနဒီမြစ်ညာ၌ အဇ္ဈုနရှင်ရသေ့သည် အိန္ဒမာရယုခေါ် သက်ကျမင်းသမီးနှင့် အကြောင်းပါခဲ့လေသည်။ တစ်နေ့သောအခါ မြောက်ဘက်ရပ်မှ ဟိမဝန္တာ၌ ရေသာညိုမြ ပစ္စုန္နမှန်၊ မိုးရွာသွန်၍၊ ယည်ထံသီးသီး၊ ထုတ်ထုတ်စီးလျက်လာလေ၏။ အိန္ဒမာရယုသည် မြစ်ရေ၌မျော၍ သစ်ပင်သစ်တုံးကို လက်တင်ကူးလာရလေသည်။ ဤသည်ကို အကြောင်းပြု၍ ကစ္ဆပနဒီမြစ်ကို ကုလားတန်ဟုခေါ်တွင်ခဲ့ပြန်သည်။

အိန္ဒမာရယု၏ သားတော်မာရယုသည် ဝေသာလီမြို့တော်၌ဝင်စားနေသော ရက္ခဘီလူးများကိုခွင်း၍ ရခိုင်နန်းဆက်ကို မပျက်ရအောင် ထိန်းသိမ်းသွားဖူးလေသည်။ ထိုကြောင့် လည်း ရက္ခိုင်ပြည်အမည်တွင်သည်ဟု ရာဇဝင်လင်္ကာ၌ ဤသို့ဆိုထားပါသေး၏။

> **"တေဇာကြီးထု၊ မာရယုကား၊ စစ်ပြုဆိုင်တိုက်၊ ရေကိုဂုက်ဟု၊ ဝန်လိုက် နေငြား၊ ဘီလူးများကို၊ ထွားထွားညက်ညက်၊ အကုန်ဖျက်မှ၊ အောင်ချက်ဌာန၊ ထိုကစ၍၊ တွင်ထအမည်၊ ရက္ခိုင်ပြည်ဟု၊ ပတ်လည်နံ့သီ၊ ကျော်စောဘိ၏"**

ရခိုင်လူမျိုးတို့သည် ဤသို့လျှင် ကစ္ဆပနဒီမြစ်ညာဆီမှဝင်လာခဲ့ကြကာ ဤသို့နန်းဆက်များထူပြီး မြို့ရွာတည်ခဲ့ကြလေသည်။ ကစ္ဆပနဒီမြစ်လက်ဝဲလက်ယာတွင် ကိုးဆယ့်ကိုးမြို့စီ တည်ထောင်ခဲ့သည်ဟု ရာဇဝင်တွင်စာတင်ရှိပေသည်။

ဝေသာလီ၊ ကျောက်ပန်းတောင်း၊ နီလာပန်းတောင်း၊ ဝေလာပန်းတောင်း၊ မညဝတီ၊ မြောက်ဦးအစရှိသော မြို့တော်များသည်ကား ထင်ရှားဘိ၏။ ထူးခြားချက်တစ်ရပ်မှာ ကစ္ဆပ

နဒီမြစ် အရှေ့ဘက်ကမ်း ကျောက်တော်တောင်ထိပ်သို့ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်ပြီး ရခိုင်ပြည်ကို ဗျာဒိတ်ပေးခဲ့လေသည်။

ဤမြစ်ကြီးနှင့် ဤတိုင်းပြည်သည် မြတ်စွာဘုရားဗျာဒိတ်ရ တိုင်းပြည်နှင့် မြစ်မကြီးပင် မဟုတ်ပါလော။ ကစ္ဆပနဒီမြစ်အရှေ့ဘက်ကမ်း၌ ထွန်းကားခဲ့သော ဓညဝတီ၊ ဝေသာလီနှင့် ရွှေမြောက်ဦးမြို့တော်တို့သည်ကား အလွန်ပင်တင့်ထွန်းဆန်းပြားခဲ့သော မြို့တော်များ ဖြစ်ပါသည်။

ထို့ကြောင့် မောက်တော်အေးချင်း၌ မြောက်ဦးမြို့တော်ကို ဤသို့ဖွဲ့နွဲ့သီကုံးထား ပြန်၏။

"ငါးထောက်ထောင်တာ၊ သာသနာထွန်း၊ ငါးစင်းအမြတ်၊ နဝဒတ်ရီကျ၊ ငါးရာရသား၊ ကစ္ဆပနဒီ၊ ဤသည်ညာမွန်၊ ယဉ်တန်တဘက်၊ ပင်လယ်ထွက်မှ၊ နှစ်ဖက်ကမ်းပြီ၊ ဖြားရေမှီဝယ်ရှေ့ဆီဖြူဗွာ၊ အာကာမှီခိုင်း၊ တောင်ပြိုင်းပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရက္ခိုင်ညွန့်ဖူး၊ မွန်ကြယ်မြူးသို့၊ မြောက်ဦးရွှိနန်း၊ တည်လတ်ထွန်းသည်၊ ဤကျွန်းဇမ္ဗူ ထူးတည့်လေ"။

ဤသို့လျှင် ရာဇဝင်၌ ကမ္ဘာကျော်မြို့တော်ကြီးများသည် ကစ္ဆပနဒီကမ်း၌ တည်ထွန်းခဲ့၏။ ထို့ပြင် 'ဓညဝတီ ဘုံတိစည်သား'ဟူ၍ လည်းကောင်း၊ ဓညဝတီ ပြည်သိဂီဟု၊ ကျူးချီ လျောက်ပတ်၊ ထိုပြည်မြတ်ကား၊ ငတ်မွတ်ရိန်၊ တရံမဟိ၊ နတ်ဘုံရှိလျှင်၊ သာယိသာယာ၊ ဝပြောစွာ၏၊ ရရစေ့ကြီး၊ ရွှေငွေမိုးလည်း အဖြိုးဖြိုးသွန်းချ၊ ရွာနေကျ ကြောင့်၊ သုံးဝကပ်ဖီး မကပ်ဝီးသည်၊ ချမ်းအီးမဏ္ဍိုင်၊ ရခိုင်သာယောင်၊ သာယာစွလေ"ဟူ၍ ဖွဲ့နွဲ့ထားခဲ့ကြသည်။ 'ဓညဝတီ'ဟူသော အမည်နာမ ဘွဲ့တံဆိပ်ခတ်နှိပ်ခံရသည့်အတိုင်း ငတ်မွတ်ခြင်း ဘေးရန် ကင်းရှင်းပြီး ဝပြောသာယာလှပါပေသည်။

ထူးခြားသောမြတ်စွာဘုရား၏ ကိုယ်စားတော် မဟာမြတ်မုနိမှာလည်း ကစ္ဆပနဒီ အရှေ့ဘက်ကမ်း သီရိဂုတ်တောင်တော်၌ နှစ်ပေါင်းများစွာ တည်ရှိလာခဲ့သဖြင့် သာသနာ့ မဏ္ဍိုင် ဖြစ်ခဲ့ပေတော့သည်။

ဤသို့လျှင် ရှေးယခင် အတိတ်ဘဝ၌ ကစ္ဆပနဒီမြစ်လက်ယာလက်ဝဲကမ်းများတွင် ကြီးကျယ်ခဲ့ညားမှု အဖုံဖုံတို့နှင့် ပြည့်စုံကုံလုံခဲ့ပေသည်။ ပစ္စုပ္ပန်ကာလတွင်ကား ထိုကြီး ကျယ်မှုတို့မှာ ဆိတ်သုဉ်းလျက် ရှိခဲ့တော့၏။ ရွှေမြို့တော်အဖြစ်သည်ကား---

"ရက္ခမှန်ဖူး၊ မြို့မြောက်ဦး၌၊ သံကျူးသံရှည်၊ အိမ်ရှင်စည်တည်း၊ မြောက်စည်ခြွံခြွံ၊ နာရီသံနှင့်၊ ရွှန်းသံလည်းတိတ်၊ လူသံဆိတ်၏၊ နေရိတ်မှိုင်းသည်၊

မှောင်မည်းမည်းနှင့်၊ ပုစည်းညံ့ည်၊ ဆည်းကြဲကြဲနှင့်၊ မြိုင်ယံတောလား၊ မထူးပြား တည်း"

ဟူ၍ပင် ဖြစ်တော့သည်။ သို့သော် ကစ္ဆပနဒီမြစ်ကြီးသည်ကား သဘာဝအားဖြင့် ပြောင်းလဲခြင်းမရှိ သွားမြဲတိုင်းသွားနေတော့၏။ ယခုခေတ် ပထဝီဆရာများက ကစ္ဆပနဒီမြစ် သည် ဟိမဝန္တာ၏ အစွယ်အပွားဖြစ်သော ယာဟိုချင်းတောင်များမှ စီးဆင်းလာခဲ့သည်ဟု ဆိုကြသည်။ ၎င်းမြစ်ဖျား၌ ဘွိုင်နုမြစ်ဟု ခေါ်တွင်ပြီး ရခိုင်ပြည်၌ ကစ္ဆပနဒီ သို့မဟုတ် ကုလားတန်ဟု ခေါ်တွင်လေသည်။ တောင်ဘက်သို့ စီးဆင်းလာပြီး တစ်ဖန်အနောက်ဘက် သို့ကွေ့၍ အထက်သို့ ပြန်တက်ကာ လူရှေတောင်တန်းများကိုဖြတ်ကျော်ပြီး တောင်ဘက်သို့ စီးဆင်းလျက် ရခိုင်ပြည်မြောက်ပိုင်းသို့ ထိုးဝင်လေသည်။ ရခိုင်ပြည် အနောက်ဘက်ကိုကပ်၍ ဆင်းလာပြီး ပလက်ဝနယ်သို့ ရောက်ရှိလာလေသည်။ နောက်ဆုံးတွင် စစ်တွေခရိုင်နယ်ပြန့် ဒေသများကိုဖြတ်ကျော်၍ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သွားလေသည်။ ကစ္ဆပနဒီ မြစ်သည် မိုင်ပေါင်းသုံးရာကျော် ရှည်လျားသည်ဟု ဆိုထားပါသည်။ ယခုခေတ်အနေနှင့် ကစ္ဆပနဒီမြစ်ကြီးကို မြစ်ဖျားမှ အဝသို့စုန်ဆင်းလာခဲ့လျှင် သဘာဝရှုမျှော်ခင်းမျိုးစုံကို တွေ့မြင်ကြရပါမည်။ ခေတ်အလျောက် ဖြစ်ပွားခဲ့သော အဖြစ်အပျက်ကလေးများကိုလည်း ထိုက်သင့်စွာ သိရှိကြရပေလိမ့်မည်။

သစ်တော၊ ဝါးတောများအကြားမှ ခွေပတ်လည်ကာ တသွင်သွင်စီးဆင်းလာသော ကစ္ဆပနဒီမြစ်ဖျား၌ မင်းလွင်မြူခိုးတို့သည် အုံ့မှိုင်းဆင်းလျက် ရှိပါပေသည်။ ကျေးငှက်စုံ တို့သည် တေးသံကိုပေးလျက် ရှိကြသည်။ လူသူမနီး တောတောင်စိမ့်မြိုင်ကြီးဝယ် ဂနိုင်သာမေ ဖွယ်တို့ကိုတွေ့ရပေမည်။ ရေတံခွန်အထပ်ထပ်ဖြင့် မရပ်မနားကျဆင်းနေ သော ကစ္ဆပနဒီမြစ်ရေအလျဉ်တို့သည် လျှင်မြန်ဖျတ်လတ်အသံပဲ့တင်ထပ်မှုဖြစ်လေသည်။ လူရှေလူမျိုးတို့၏နေရာ လူရှေတောင်တန်းရှိမြောင်ကြားမှ တစ်ဖန်ဆင်းလာပြီး ရခိုင် နယ်စပ်သို့ ကျော်နင်းမိလေတော့သည်။ ခေါင်စို၊ ရှမ်းဒူး၊ လူဘွယ်၊ မရှာအစရှိသော တောင်ပေါ်သားတို့၏ဒေသ ဖြစ်လေတော့သည်။ လိမ္မော်ခင်း ဝါဝါဝင်းနှင့် ဆေးခင်းများကို တသွယ်တတန်းကြီး စီးနင်းမြင်ကြရလေပြီ။ တောင်ပေါ်သားတို့၏ ဝါးအိမ်မြင့်ကလေးများ ကား ကစ္ဆပနဒီမြစ်ကမ်းကို တန်ဆာဆင်ထားဘိသည်။ ကျူပင် ဝါးပင်၊ သစ်ပင်ကြီးငယ်တို့ကို လည်း အုပ်ဆိုင်းစိုပြည်လျက် ရှုမြင်ရပါ၏။ ကွီမ်၊ ရဲလက်ဝ၊ ပလက်ဝစခန်းများသို့ တဖြည်းဖြည်းဆင်းမိလျှင်ပင် ချင်း၊ မြို၊ ခမွေး အစရှိသော တောင်ပေါ်သားများနှင့်

ချောင်းသားခေါ် ရခိုင်အနွယ်တော်တို့ကို တွေ့ရလေတော့သည်။ ရှေးရာဇဝင်ခေတ်၊ ဘုရင်နရအဘယရာဇာ လက်ထက်တော်က လက်ယာမြန်ဂူတာအား ကုလားတန်မြစ်ဖျားသို့ စေလွှတ်ရာတွင် ဒေသ၏သဘာဝကို မည်သို့တွေ့ မြင်ရှုမျှော်ရမည့်အကြောင်း ဤသို့ဖွဲ့နွဲ့ထား၏။

'တောင်စွန်ညာက၊ မိန့်တော်ချသည်
ပိုင်သခွန်ပို့၊ ညာမြို့ရပ်ခွန်
ကုလားတန်ဝယ်၊ ခိုက်ရန်မပြု
ခိုးသူမှုဒိန်း၊ ရန်စစ်ငြိမ်းစေ
တပ်တည်ချေဟု၊ သပြေတံခွန်
ဘုန်းသန်လှ့ဘ၊ ဝါကျွတ်လဝယ်
စကရက်ကြွင်း ၊ ဆောင်းတလင်း၌
လမင်းတန်ဆောင်၊ တပြောင်ပြောင်လျှင်
တောင်သို့လှည့်သွား၊ ငွေရထားဖြင့်
လျှင်လျှားသိုသို၊ နှင်းစိုစိုဝယ်
လေချိုပျံ့သင်း၊ အချမ်းပြင်း၍
မိမင်းတူပင်၊ မျိုးတွင်ထိပ်ဝန်
မတ်ကောင်းကျွန်ကို၊ အလွန်ရက်ရှည်
ကြာမတည်အောင်၊ လေးမည်ငါးဖြာ
ငါးရာမြစ်မ၊ ကစ္ဆပဟု
စီးကျဝှန်တက်၊ နှစ်ဖက်သို့နှော
တောင်နှင့်တောဝယ်၊ မြကြောရှက်ခိုင်
ခက်ချင်းဆိုင်၍၊ သံပြိုင်ရင့်ရွ
ငြိုးကြူကျေးငှက်၊ ဆက်ရက်ဥဒေါင်း
တသောင်းသောင်းသည်၊ လမ်းကြောင်းလမ်းစဉ်
မြည်လိမ့်သော်---'

ဤသို့လျှင် ကစ္ဆပနဒီမြစ်ညာ၌ သာယာလှ၏။ ထူးခြားသော ရှေးရာဇဝင်၊ သိုက်သမိုင်းဝင် ရခိုင်နွယ်များ၊ ချောင်းသားများသည် ထောင်ဖွဲ့၍နေကြ၏။ ကျောက်မသာထောင်၊ ကျောက်ဖျာထောင်၊ ဒက်ဆွဲထောင်၊ ရွှံ့ပဆွဲထောင်၊ လောဟိတ်သားထောင်၊ မိန်းသား၊ ရုပ်သား၊ ရကြည်သားထောင် အစရှိသဖြင့် ထောင်ပေါင်းဆယ့်နှစ်ထောင်ရှိသည်ဟု သိရလေသည်။ ထိုအထဲတွင် ကျောက်မသာကား အထူးခြားဆုံးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရှေးရခိုင်မင်းများနှင့် အနီးကပ်ဆုံးနေခဲ့ရသောသူများဖြစ်ခြင်း ကြောင့်ပင်တည်း။

'ခေါင်းပေါင်းနဂရစ်၊ မင်းချစ်မျက်နှာ၊ ကျောက်မသာ'ဟု အဆိုရှိလေသည်။ ကူဝတစ်ဖက်ကမ်းသို့ လှမ်းမျှော်လိုက်လေလျှင် ဥသာလင်းစေတီတော်ကို ငွားငွားစွင့်စွင့် ဖူးမြင်ရ၏။ ကလက်ချောင်း၊ ချင်းလက်ချောင်းတို့သည်ကား ကစ္ဆပနဒီမြစ်အနောက်ဘက်သို့ စီးဝင်လျက် ရှိကြသည်။ ဤလမ်းမှ ဂျပန်ခေတ်တုန်းက တက်ဘုန်းကြီး သိန်းဖေမြင့်တို့သည် ဘင်္ဂလားသို့ လျှို့ဝှက်စွာကူးသန်းခဲ့ကြသည် မဟုတ်ပါလော။ ထိုမှ တစ်စခန်း စုန်ဆင်းကြလျှင် အရှေ့ဘက်ကမ်းမှ မှိုင်းမှိုင်းဝေဝေဖြစ်နေသော ကျောက်ပန်းတောင်းကို မြင်တွေ့ရ၏။ 'တိမ်နီ၊ မိုယ်း၊ ဆောင်း၊ ကျောက်ပန်းတောင်း၊ ခြောက်ရောင်မောင်း'ဟု ဖွဲ့နွဲ့ထားခဲ့ကြသည့် အတိုင်းပင်။ တရွှန်အိုင်နှင့်ဒလက်မေသို့ တစ်ဖန်ဆင်းလာသောအခါ ကစ္ဆပနဒီအနောက်ဘက်ကမ်း၌ မင်းကြီးတောင်၊ ပင့်ကူ တောင်နှင့် ပန်းနီလာတောင်တန်းကြီးများကို ပြိုင်းရရိုင်းနှင့် တွေ့မြင်ရ၏။ ထိုမှသည် ကုန်းတော်သို့ ရောက်လာသည်။ ကုန်းတော် စေတီတော်ကို ကစ္ဆပနဒီအရှေ့ဘက်ကမ်းတွင် အာသောကမင်းတည်ခဲ့ပြီးနောက် ဘဝသျှင်မင်းဘားကြီး ပြုပြင်ခဲ့သည်။ ကစ္ဆပနဒီမြစ်ကမ်းပါး တစ်ဖက်တစ်ချက်တို့တွင် ဝါဂွမ်းပင်၊ ဆေးပင်များနှင့် ဥယျာဉ်များ စုံလင်လှသည့်ပြင် တောင်ယာပျိုးခင်းများကိုလည်း ရှုချင်စဖွယ် တွေ့မြင်ရ၏။ ထို့ကြောင့် ဥက္ကာပျံ ဆယ့်နှစ်ရာသီရတုတွင် အောက်ပါအတိုင်း ဖွဲ့နွဲ့ထားလေသည်။

> "ဝါခေါင်ကုန်လျှင်၊ တော်သလင်းလည်း၊ ထွန်းဝင်းလှာ၊ မိုယ်းကြွင်းရွာပါချေမူ၊ တောင်မြင့်ခေါင်ခေါင်၊ ခဖောင်ဖောင်သည်၊ ယာတောင်လုပ်သောသူတို့ကြည့်ချေမူ လွမ်းဖွေတည်း၊ ကျေးငှက်နှင်သည်၊ ယာစင်တောင်ကိုင်းရှိခဲ့၊ ကိုင်းတစ်ခွင်လယ်လုပ်သား၊ အသီးကောက်ပင်၊ မွန်းဖျင်သားမယားနှင့်"

ဤသို့ ဒေသသာယာပုံနှင့် ကစ္ဆပနဒီ၏ ရှုမျှော်ခင်းတို့သည် မြင်ရသူတို့အဖို့ ကြည်နူးဖွယ်ပင် ဖြစ်တော့သည်။ ဤဒေသမှ ခင်းလက်ချောင်း ဒလက်ချောင်းတို့ဖြင့် ရခိုင်အနွယ်

တော်များ အခြားခြားသော ထောင်များဖွဲ့၍ နေထိုင်ကြသော ဗိုလ်မင်းထောင်၊ သက်ထောင်၊ ဖလံထောင်၊ မြို့ထောင်တို့ကို ပေါက်ရောက်နိုင်ပေသည်။

ကျောက်မသာ၊ ကျောက်ဖျာလမ်းသည်ကား စစ်တကောင်းနယ်သို့သွားရာလမ်းဖြစ်ပြီး ရာဇဝင်တွင် ထင်ရှားခဲ့ပေသည်။ ကုန်းတော်မှ တဖန်ဆင်းလာလေလျှင် နွံးတူးမောင်နမ၊ ကျလယ်တေက်၊ နွားရှာ၊ ကွမ်းထုတ်အစရှိသောရွာများကို တွေ့မြင်ရလေသည်။

ကစ္ဆပနဒီ ရေယာဉ်တို့သည် တသွင်သွင်ကျဆင်းနေ၏။ ကမ်းပါးတစ်ဖက် တစ်ချက်တို့သည် မြင့်မားလျက်ရှိနေသည်။ ရုပ်ဝစခန်းတို့သည် ဂျပန်ခေတ်တုန်းက ရခိုင်မျိုးချစ်တို့၏ အုပ်ချုပ်ရေးဌာနတစ်ခု ဖြစ်ခဲ့လေသည်။

ကမ်းပါးမြင့်၌ဌာန၊ တဲစခန်းကိုမြင့်မားစွာပင် အဝေးမှမြင်နိုင်ပေတော့သည်။ ထိုမှသည် ပလက်ဝသို့ ရောက်လာလေသည်။ ပလက်ဝကား ရခိုင်ပြည်အပါအဝင် တောင်ပေါ်ဒေသ စခန်းမြို့ကြီးတစ်ခုပင် ဖြစ်ခဲ့ပေတော့သည်။

မိုးတွင်းအခါသမယ၌ မီးသဘောကလေးများသည် ပလက်ဝဆိပ်တွင် တိုက်ရိုက်ဆိုက်ကပ်နိုင်ကြပါသည်။ နွေအခါ၌မူကား ပလက်ဝအောက်၌ရှိသော လောင်းကဒူးအထိသာ ရောက်ရှိကြလေသည်။

သို့သော် မြစ်ညာသို့ လှေလောင်းများဖြင့် အချိန်ကာလမရွေး သွားလာနိုင်ကြပါသည်။

ထိုမှတဆင့် စုံဆင်းခဲ့သည်ရှိသော် မီးဝစခန်းသို့ ရောက်လာပေမည်။ အရှေ့ဘက်မှ ဆင်းလာသော မီးချောင်းကလေးကို တွေ့မြင်ရပါမည်။ ဤမီးချောင်းဖြင့် ဆန်တက်လေလျှင် သမိန်းသို့ရောက်ပြီး ထိုမှတဆင့် ရိုးမတောင်ကို ဖြတ်ကျော်နိုင်လေသည်။

ရာဇဝင်၌ ထင်ရှားခဲ့သော ကျောက်ပန်းတောင်ကား ဤမီးချောင်းကလေး၏ အညာ၌ တည်ရှိတော့သည်။ အနောက်ဘက်သို့ လှမ်းမျှော်လေသော် အာကာတောင်နှင့် ပီတောင်တန်းကြီးသို့ သွယ်တန်းလျက် ဆို့ဆို့ဆိုင်းဆိုင်းမြင်ရပါသည်။ ပီချောင်းကို တွေ့ဆုံရပြီးနောက် ကျောက်တော်မြို့သို့ ရောက်လာရပေသည်။

ကျောက်တော်ဘုရားသည် အဓိကဘုရားဖြစ်ပါသည်။ ကျောက်တော်တောင်သို့ မြတ်စွာဘုရားကိုယ်တော်တိုင် ရင်ငွေ့ပေးခဲ့သော ရုပ်ရှင်တော်မဟာမြတ်မုနိ ကိုန်းတော်မူရာ မဟာမြတ်မုနိဒေသသည် ကျောက်တော်မြို့တစ်ဖက်ကမ်းမှ ဆယ်မိုင်စခန်းပင် ဖြစ်သည်။

အကျွန်တို့သည် တကယ့် 'ဓညဝတီ' သို့ ရောက်လာလေပြီ။ ဆန်ရေစပါးပေါများ၍ ငတ်မွတ်ခြင်းဘေးရန် ကင်းရှင်းသောဒေသရင်း ဓညဝတီကား ဤဒေသကို အကြောင်းပြု၍

ခေါ်တွင်ခြင်းပင် မဟုတ်ပါလော။ ကစ္ဆပနဒီမြစ်ဝှမ်းသည် ဤနေရာ၌ ကျယ်ပြန့်လှလေသည်။ စပါးလယ်ကွက်တို့သည်ကား ကြည့်မဆုံး၊ မြင်မဆုံးပါပေ။ ကြိန်သီး၊ လက်ရုံးနှင့် ငါးရာဘိုး အစရှိသော အကောင်းဆုံးသော ရခိုင်ဆန်စပါးများသည် ဤနေရာမှ ထွက်လေသည်။

လမုတပင်၊ သဝင်ကိုင်း၊ တောပန်ဖင်း၊ အပေါက်ဝစသော ဆိပ်ကမ်းရွာများကို တွေ့လာကြရသောအခါ ၁၉၄၃-ခု စစ်ကြီးအတွင်းကအဖြစ်အပျက်များကို သတိရစေပါသည်။ အပေါက်ဝအနီးတစ်ဝိုက်၌ ဗြိတိသျှတို့ စစ်စခန်းတစ်ခုချခဲ့သည်။

လေယာဉ်ပျံကွင်းများ အကြီးအကျယ်ဆောက်လုပ်ခဲ့ပြီး အရှေ့ဖျားဆိုင်ရာ စစ်ဗိုလ်ကြီး ဂျင်နရယ်ဝေဘယ်ကိုယ်တိုင်ပင် ရောက်ရှိခဲ့ဖူးလေသည်။ သို့သော် ရခိုင်မျိုးချစ်များနှင့် ဂျပန်တပ်သားတို့ တိုက်ထုတ်လိုက်ကြသဖြင့် ထိုစခန်းကြီး မရှုမလှပျက်ပြုသွားခဲ့သော အဖြစ်အပျက်ကိုကား ယနေ့တိုင်ပင် မြင်ယောင်ယောင် ရှိနေပါသေးသည်။

သရမဒီချောင်း သရေချောင်း၊ ရမ်းချောင်းနှင့် ရမ်းဝချောင်းတို့သည် ကစ္ဆပနဒီ အရှေ့ဘက်မှ စီးဝင်ကြလေသည်။ တစ်ဖက်ကမ်း၌ကား ကင်းစွန်းချောင်းနှင့်အုတ်တောင် ပြင်ကို ရှုမျှော်ရပေသည်။ ကစ္ဆပနဒီ၏ မြစ်ရေသည် အတက်အကျရှိသည်ကို ထင်ရှားစွာ တွေ့မြင်လာရ၏။ ရေတို့သည်လည်း အင်ဘက်သို့ ကူးလာလေတော့သည်။

ပင်လယ်ဇီးပင်၊ လမုပင်၊ ဆလိန်ပင်၊ ဖက်ရုံပင်၊ လမ်ပင်၊ ရေအုံးပင်၊ ကျီးကန်းပင်တို့ကို စတင်တွေ့လာရ၏။ ဆောင်းနွေအခါတို့၌ မြူနှိုးတွေဆိုင်းလျက် သောင်ပြင်ကမ်းစပ်ဝယ် ကျေးငှက်တို့တဘာသာ ပျော်မြူးနေကြသောဖြစ်အင်နှင့် ရှုမျှော်ခင်းမှာ အထူးကြည်နူးစရာ ကောင်းပေ၏။ ရေတက်ရေကျချိန်ရောက်ပြီဆိုသောခါ ဘုတ်ငှက်မြည်သံသည်ကား တမျိုးတမည် နားဝင်ချိုလှလေသည်။ ထို့ကြောင့် "ဥပုတ်လည်းတွဲ၊ ပင်လယ်မြစ်မှာ၊ ဖြားရေလျှံလို့၊ ဖြားလည်းတက်လျှံ၊ သီဒါမြစ်မှာ ဗုံးဗုံးဝှံလို့"ဟု စပ်ဆိုထားခဲ့လေသည်။

ထိုမှတဆင့် စုန်ဆင်းလာလေသော်၊ အနောက်ဘက်ကမ်း၌ ဘေးငါးရာတောင် တန်းကြီး နှင့်တကွ ကြန်ခြင်းတောင်၊ ယိုးငူတောင်၊ သရက်ချိုတောင်နှင့် ပန်းနီလာတောင်တန်းများကို ဝေဆိုင်းလျက် ရှုမြင်ရပါသည်။ အရှေ့ဘက်ကမ်း၌ ကုလားမုန်းကျွန်းကြီးကို အုံ့ဆိုင်းလျက် မြင်ရပါသည်။ သရက်ချိုစေတီကို အဝေးမှ ဖူးမြော်ရပြီးနောက် ယိုးချောင်းကို လွန်လာလေသည်။

ထပ်တောင်နှင့် ကူဝစေတီကို ကန်တော့ရပြီးသောအခါ ပုဏ္ဏားကျွန်းသို့ ဆိုက်ကပ် လာပေတော့သည်။ ပုဏ္ဏားကျွန်းအဝသည်ကား ပြောင်းပြာ၊ ဟင်းခရော်မြစ်တို့ ဆုံရာ ဒေသ

ဖြစ်သည်။ မိုးယံဥတုအခါ ဤနေရာ၌ လှိုင်းထန်လေကြီးပြီး ကစ္ဆပနဒီမြစ်ကြီးသည် ဆူပွတ်လှုပ်ရှားနေလေသည်။

ပုဏ္ဏားကျွန်းချောင်းဝရှိ မင်းမဆယ်ကျောက်ဆောင်ကျွန်းကြီးကို တွေ့မြင်ရသည်။ ဦးရာဇ်တောင်စေတီတော်ကိုကား အဝေးမှပင် ဖူးမြင်ရပါသည်။ "ဝရစ်တောင်စေတီ၊ လုံးပတ်ညီ၊ လုံးလီပွတ်တိုက်၊ အများရှေ့မှာ ရွှေခဲရစ်လို့"ဟု ဆိုလေ့ရှိပါသည်။ ဤဦးရာဇ်တောင် စေတီတော်မှာ ရခိုင်ပြည်၏ အဓိကရ စေတီတစ်ဆူပင်တကား။

ပုဏ္ဏားကျွန်း တစ်ဖက်ကမ်းရှိ ဦးရာဇ်တောင်စေတီရင်ပြင်တော်မှ အရှေ့ဘက်သို့ မှန်းမျှော်လိုက်လေလျှင် တစ်ဖက်ကမ်းရှိ ကြိမ်ခုန်မော်၊ တပ်မော်တောင်တန်းများနှင့် တောင်ညိုတောင်းဖူးတို့ကို သွယ်တန်း၍ မြင်ရပါသည်။ လက်ပန်ပြား၊ မနော်သီရိ၊ တပ်မော်၊ ကြိမ်ခုန်မော်၊ တောင်းဖူးရွာတို့ကိုလည်း အဆင့်ဆင့်မြင်ရပါသည်။ မြစ်လယ်၌ ထွန်းပေါ် နေသော ငပြေကျွန်းကြီးကိုလည်း အတိုင်းသားမြင်ရပါသည်။ ဤအပိုင်းတွင် မြစ်မကြီးသည် လေးမိုင်မျှ ကျယ်ဝန်းလာလေသည်။

ကောက်စိုက်ရိုင်းခေါ် ပေဒါပင်တို့သည် မြုပ်တုံပေါ်တုံနှင့် လှိုင်းကစားကာ ကခုန်မြူးထူး နေကြသည်။ ရေသား တံငါစီးပွားရှာတို့၏ လှေလောင်းကလေးများနှင့် ပိုက်ထောင်၊ မြှုံအစရှိ သည့် တန်ဆာတို့ကိုလည်း တွေ့မြင်လာရပေသည်။ အလွန်တရာ ကြည်လင် အေးမြလှပ သော ပင်လယ်တို့သည် ကစ္ဆပနဒီမြစ်ဝဆီမှ တသုန်သုန်တိုက်ခတ်လာလေသည်။ အရှေ့ဘက် ကမ်းရှိ နိုင်ငံတော်တန်ခိုးတောင်ကုန်းများကို ကျော်လွန်ခဲ့လျှင် စစ်တွေမြို့ကိုဝင်သော တံခါး တစ်ခုဖြစ်သည့် ဆတ်ရိုးကျချောင်းငယ်သို့ ရောက်ရှိလာလေသည်။

မီးခိုးမဆုံ၊ မိုးမဆုံး သွယ်တန်းနေသော ဆန်စက်ကြီးများသည် စစ်တွေမြို့ကို တန်ဆာ ဆင်ထား၏။ တစ်ဖက်ကမ်းမှ တောင်းဖူး၊ ပွဲကြည့်တောင်၊ ဝဖြီးချပ်တောင်၊ လေးရှဉ်းတောင် တို့မှာ ကစ္ဆပနဒီတစ်ဖက်ကမ်းကို တန်ဆာဆင်ယင်ထားဘိသည်။ အကျွန်တို့ကား အင်းပေါက်ဝခေါ် ကစ္ဆပနဒီမြစ်ဝသို့ ရောက်ရှိလာလေပြီ။ ကစ္ဆပနဒီမြစ်ဝသည် ခြောက်မိုင်မျှ ကျယ်ဝန်းပြီး ပင်လယ်ကူးသင်္ဘောကြီးများ ခိုလှုံရာဆိပ်ကမ်းသာတစ်ခုပင် ဖြစ်တော့သည်။

ကစ္ဆပနဒီမြစ်ကြီးတံခါးဝ၌ စစ်တွေမြို့ကြီးသည် ပန်ရလှပေသည်။ နှစ်ပေါင်းရှစ်ဆယ် ကျော်လောက်က ကိုယ့်ပြည်ကိုယ့်မျိုးလွတ်လပ်ရေးကို မျှော်ရှု၍ကြိုးပမ်းခဲ့ရှာသော မြို့သူကြီးဦးအောင်ကျော်ဇံသည် ဘင်္ဂလားသို့ တကျွန်းပို့ခံရပြီးနောက် လွတ်မြောက်လာသော အခါ ပင်လယ်ခရီးဖြင့် မိမိဒေသစစ်တွေမြို့သို့ ပြန်လာခဲ့၏။ လှေလောင်းဖြင့် ပြန်လာရာတွင် ကစ္ဆပနဒီမြစ်ဝကို ဤသို့တွေ့မြင်ရလေတော့သည်။

'ရက္ခသာစည်၊ ရခိုင်ပြည်သို့၊ ပြန်လေသွားကြခါလျှင်၊ လွန်ဝမ်းသာ ရှင်အားရ၊ အလှမောင်သာ၊ လှေနာဝါ၌၊ လျင်စွာစီးတက်ကြ၍၊ ကြူးသံမြပေါင်း ခရာ၊ ဗုံသာလင်းခွင်း၊ စည်မောင်းညွှင်းသည်၊ သာခြင်းကေဗျာနှင့်၊ တီးမှုတ်ကာ တသောသော ကျယ်လှကြီးစွာ၊ မြစ်ဂင်္ဂါကို၊ နောက်မှာ ပယ်လွှတ်၍၊ ရှင်ပျော်ပါး သောအခါ၊ ကြော်ငြာဟစ်ဟဲ၊ တသဲသဲသည်၊ အောင်ပွဲခံကာကာနှင့်၊ ဖြားသင့်ကာ လီသင့်လိုက်၊ သမုဒ္ဒရာ၊ ယမုံနာသည်၊ သီတာပင်လယ်မြစ်ကို၊ ရွက်ဖြူတိုက် ကူးခတ်ကာ၊ လှိုင်းယက်လေဟူ၊ ရေမျှားဆူ၍ ဦးပြူဆောင်း ကာကာတည်း၊ တောင်ပမာလှိုင်းကြီးထ၊ ကမ်းကိုမမြင်၊ ကျယ်ဝန်းကျင်သည်၊ မြစ်ခွင် ပင်လယ်ဝ၌၊ ခိုတင်ကစားစွာ၊ မဲနယ်ဟုဆို၊ စိမ်းစိမ်းညိုသည်၊ မြစ်ကိုမဲနက်ပါ၏၊ ကြည့်ချေသော် ကြောက်ဖွယ်တည်း၊ ငါးကြီးငါးဆင်၊ ငါးမန်းကျင်လည်း၊ မျှားဖျင်အပုံရှိနှင့်၊ လွှင့်တုံပြီးလာကြခါ၊ ရက္ခာပူရ၊ မြို့ဧည၏၊ ဒေသနယ်ဝင်လှာက၊ ရိုးရိုးမှာ မြူဆွဲဆွဲ ဆီးနှင်းစုံစီ၊ မှိုင်းဝီဝီသည်၊ တောင်ခြီကမ်းနားစကို၊ မြင်လတ်ကြတုံသောခါ၊ ဝမ်းသာအားရ စားသောက်ကြ၍၊ လျင်စွာခတ်လာပါက၊ မြေငုံမှာဆံတော်ဓာတ်၊ အဝီးကပင်၊ မှိုင်းမှိုင်းမြင်သော်၊ ကျွန်းလျှင်ရှိခညွှတ်၍၊ ပူဇော်မှတ်တုံသောခါ၊ သောင်းသောင်းထိမ့်ဆူ၊ ဖွေးဖွေးဖြူသည်၊ နတ်လူသာစုခေါ်၏၊ ဖျားဆီပေါ် ရွက်ဖြန့်တိုက်၊ မြေငူဟုခေါ်၊ ထိုကျွန်းမော်ကို၊ ဟစ်ကြော်လီသင့်တိုက်၍၊ ပတ်ကာ ရစ်ခတ်ကြခါ၊ အင်းပေါက်ဟုတုံ၊ ထိုသဲခုံကို၊ ဖျားဆုံးဝင်ကြပါ၍၊ ခုံဝမှာကျွန်းအလွတ်၊ နာမခေါ်ဆောင်၊ လေးရှဉ်းတောင်ကို၊ နံမျှောင်ပယ်ခဲ့လျက်၊ ကြော်ငြာကြပ်ခတ် လာခါ၊ ရှုကာပျော်လျက်၊ လက်ဝဲဘက်ကို၊ တစ်ချက်ကြည့်ချေပါက၊ မြို့စစ်တွေမှာ အစိမှတ်၊ အာကျုပ်တော်လျှင်၊ ငါးမည်စင်သည်၊ သျှင်ပင် ဘုရားဓာတ်နှင့်၊ ဗုဒ္ဓေါနတ် တို့ကိုသာ၊ အဆင်းရွှေရောင် ဝင်းဝင်းပြောင်သည်၊ မယ်မောင် မြင်ပါလတ်က၊ ဦးနှိမ့်ချရှို့ ညွှတ်ခါ၊ ဝဖြီးချပ်ခေါ်ဆောင်၊ ပွဲကြည့်တောင်ဟု-မြင့်ခေါင် ပဗ္ဗတ၊ ဗွေထိပ် အလယ်ပေါ်၊ မုတ်ဆိတ်တော်ဓာတ်၊ သျှင်တော်မြတ်ကို၊ တန့်ရပ်ရှေ့ဝယ် မျှော်က၊ ရှိပူဇော်ရှိညွှတ်တွား လက်ဝဲဘက်မှာ၊ မြို့ချမ်းသာကို၊ မျှော်ကာကြည့် လတ်ငြားက၊ ကျောင်းဘုရားစေတီသာ၊ ဇင်းခါယူမှန်း၊ ဈေးကြောင်းလမ်းနှင့် ဆိပ်ကမ်းတံတားမှာလည်း၊ အံ့ဘွယ်သာရေမရ၊ ဆိုင်နှင့်ဒုက္ကံ၊ အိမ်ဗိမာန်လည်း၊ ကြက်ပျံပင်မကျတည်း၊ ရောင်းဝယ်ကြများလူရှင်၊ ဖွေးဖွေးဖြူသည်၊ ပြည်သူများ

ဗိုလ်ပါနှင့်၊ ကျွန်ုပ်သာ စိုက်ပျိုးပြား၊ ကွမ်းသီးအုန်းပင်၊ ပိန္နဲပင်ဟု၊ ထန်းပင်သရက်များ နှင့်၊ လွန်ဆန်းပြားသစ်တကာ၊ ဖိမာန်သာတော၊ ဥယျာဉ်တောကို၊ ထင်ရှားမြင်လတ် ပါက၊ ရွှင်ဝမ်းသာလွန်အားရ ဌာနရပ်ရွာ၊ မြို့ချမ်းသာသည်၊ အိမ်မှာဆိုက်ရောက် ကြ၏။"

ဤသို့လျှင် မြို့သူကြီး ဦးအောင်ကျော်ဇံသည် ကစ္ဆပနဒီမြစ်ဝမှ လှေလောင်းဖြင့် စစ်တွေသို့ ဝင်လာသောအခါ မြင်ရတွေ့ရသော ရှုမျှော်ခင်းအဝဝတို့ကို စေ့စုအောင် ရှုန်းလိုက်ရတုသွားဖြင့် ဖွဲ့နွဲ့သီကုံးထားခြင်းဖြစ်ပါသည်။ 'ကစ္ဆပနဒီ၊ မဟီကမ်းပေမို့၊ သာချင်းငယ်ချီ'ဟူ၍ လည်းကောင်း၊ 'တဖြုဖြုဖြု၊ ကစ္ဆပ'ဟူ၍လည်းကောင်း၊ 'ရေသာစိမ်းမြ၊ ကစ္ဆပ'ဟူ၍ ထွေထူးဆန်းပြားလှသည့် ဤမြစ်ကြီးမြစ်ဝှမ်းတွင် ရာဇဝင်အမျိုးမျိုး ပြောင်းလဲခဲ့ပြီဖြစ်သော်လည်း ကစ္ဆပနဒီ၏ သဘာဝအခြေကား ယနေ့တိုင်ပြောင်းလဲခြင်း မရှိသေးသည်ကို တွေ့ရပါသည်။

မညစံ

မှတ်ချက်။ ။ ၁၉၆၀-၆၁ခု၊ ရခိုင်တန်ဆောင်မဂ္ဂဇင်း၌ ဖော်ပြဖူးပါသည်။

# မောင်းဆွဲစခန်း

မောင်းဆွဲရွာကလေးသည် မြို့ဟောင်းအရှေ့တောင်ဘက်တွင် ၇-မိုင်ကွာလှမ်းလျက် တည်ရှိသည်။ စစ်တွေမှ မီးသဘော်နှင့်တက်လာသော် မြို့ဟောင်းဘက်ဆီမှ ထိုးထွက်လာသော တောင်တန်းအဆုံးထိပ်တွင် စေတီတစ်ဆူကို အဝေးမှပင် မြင်ကြရပေလိမ့်မည်။ ထိုစေတီကား မောင်းဆွဲစေတီပင် ဖြစ်သည်။

မောင်းဆွဲရွာကလေးသည် ထိုမောင်းဆွဲစေတီ၏ အရိပ်အာဝါသကို ခိုလှုံလျက် တောင်ခြေရင်း၌ တည်နေ၏။ တစ်ဖက်၌ကား ရခိုင်ပြည်တွင် အကွေ့အကောက်အများဆုံးဖြစ်သော 'ငါးရာကောက်'ချောင်းငယ်ကလေးဖြင့် ကာရံလျက်ရှိနေသည်။

ထိုငါးရာကောက်ချောင်းငယ်လေးတစ်ဖက်ကမ်းမှာ ဆောင်းနွေအခါတို့၌ ဟင်းသီးဟင်းရွက်အမျိုးစုံသည့် ဥယျာဉ်တို့ဖြင့်ပြည့်ဖြိုးလျက်ရှိနေသည်။ ကျေးငှက်သာရကာတွန်သံသာနှင့် ဥသြ ဥသြ မြိုင်သံနှောလျက်၊ လွမ်းဆွတ်ကြည်နူးစရာတို့နှင့် ရောပွမ်းကာ ရပ်သူရပ်သားအပေါင်းတို့မှာ ဘဝင်မြူးလျက်ရှိကြကုန်၏။

တောင်ခြေရင်း၌ ကပ်လျက်ရှိနေသော တောတန်းကလေး၌ ရေအိုင်တစ်ခုရှိ၏။ ထိုရေအိုင်သို့ ထိုတောတန်းကို အမှီပြုကာ အိုးအိမ်ထူထောင်နေကြသော သမင်၊ ဒရယ်၊ ချေငယ်တို့သည် အခါခါကြောက်တလန့်လန့်နှင့် ရေသောက်ဆင်းကြသည်ကို ထင်ရှားစွာ တွေ့မြင်ပေ၏။

တောလမ်းကလေးဖြင့် မောင်းဆွဲစေတီသို့ ရှေးရှုတက်ရောက်၍ ရင်ပြင်တော်မှ အနောက်သို့ လည်းကောင်း၊ အနောက်မြောက်ဘက်သို့ လည်းကောင်း မျှော်မှန်းလိုက်သော် အလွန်တရာကြည်နူးဖွယ်ကောင်းသော ကစ္ဆပနဒီ မြစ်နဒီ၏ ရေအလျဉ်တို့သည် အညာဆီမှ တသွင်သွင်စီးဆင်းလျက်ရှိသည်ကို တွေ့မြင်ရပေ၏။ ညို့ညို့ ဆိုင်းဆိုင်း၊ မှိုင်းမှိုင်း မှိုင်းမှိုင်း ဖြစ်နေသော ဘဲငါးရာတောင်တန်းကြီးသည်ကား ထိုကစ္ဆပနဒီမြစ်ကြီးကို တန်ဆာဆင်လျက် ရှိနေသည်။ မောင်းဆွဲရွာကလေး၊ မောင်းဆွဲစေတီ ဤမြစ်မကြီး၊ ဤတောင်တန်းကြီးတို့သည် အကျွန်ုပ်၏စိတ်ဓာတ်ထဲမှ အမြဲစွဲငြိလျက်ရှိခဲ့လေသည်။

မောင်းဆွဲရွာကလေးကား အညတရမဟုတ်၊ မြို့ဟောင်းနယ် နိုင်ငံရေးခေါင်းဆောင် ဦးမောင်ဖံ၏ ချက်မြှုပ်ရွာကလေးပင်ဖြစ်သည်။ ထိုစဉ်အခါ ဦးမောင်ဖံကွယ်လွန်ခဲ့သော်လည်း ၎င်းပုဂ္ဂိုလ်၏ စဉ်ဆက်နွယ်လာတို့မှာကား ၎င်း၏ခြေရာကို နင်းလျက်ရှိကြသည်။

အလွန်မျိုးချစ်စိတ်ထက်သန်သော သူကြီးဦးစိန်ထွန်းဖြူ ဥက္ကဌဦးသာဒိုးတို့သည် ၎င်း၏ အဆက်အနွယ်များပင် မဟုတ်ပါလော။ ထိုအခါ စည်းစိမ်ယစ်မူးနေကြသော ခေါင်းဆောင် အချို့မှတစ်ပါး ကျန်အားလုံးတို့မှာ တညီတညွတ်တည်း ရှိကြ၏။ ထို့ကြောင့်လည်း ဂျပန်ကို တော်လှန်ခဲ့ရာ၌ အထမြောက်အောင်မြင်ခဲ့သည် မဟုတ်ပါလော။

မောင်းဆွဲရွာကလေး၏ ဗဟိုကျနေရာတစ်ခု၌ ပျဉ်စီပျဉ်ထောင်အိမ်တစ်ဆောင်ရှိ၏။ ၎င်းအိမ်ကား သူကြီးဦးစိန်ထွန်းအောင်၏အိမ် ဖြစ်သည်။ ၎င်းအိမ်လှေကား တံခါးဝတွင် ‘ဒို့ဗမာဆင်းရဲသား အစည်းအရုံးဌာနချုပ်’ဟူ၍လည်းကောင်း၊ ခရိုင်ခေါင်းဆောင် ဦးဘစံ၊ ခရိုင်မှူး ဦးစံတင့်ဟူ၍လည်းကောင်း စာကပ်ထားသည်ကို တွေ့ကြရပေလိမ့်မည်။

ရှေးက တိုင်းရင်းသားအစည်းအရုံး ခေါင်းဆောင်တို့သည် ထိုစဉ်အခါ ဒို့ဗမာဆင်းရဲသား အစည်းအရုံးဝင်များ ဖြစ်လာကြသည်။ ထိုမောင်းဆွဲစခန်းသို့ ရခိုင်ခေါင်းဆောင်ဟူသရွေ့ လာရောက်ကြ၏။ ထိုစခန်း၌ လက်နက်ကိုင်ကာကွယ်ရေးတပ်သားများကို တွေ့မြင်ကြရပေ လိမ့်မည်။

၎င်းတို့ကား ထိုစဉ်အခါ တကယ့်ကာကွယ်စောင့်ရှောက်ရေးကို ဆောင်ရွက်ခဲ့ကြ ပေသည်။ ထိုစဉ်အခါ သွားလာဝင်ထွက်နေကြသော ရခိုင်ပြည်ခေါင်းဆောင်ဟူသရွေ့ကို မောင်းဆွဲစခန်း၌ တွေ့မြင်လိုက်ရ၏။ ဘယ်ခေါင်းဆောင်က ဘယ်လိုဆိုသည်ကို မောင်းဆွဲ စခန်းသည် အသိဆုံး။ ယခုအခါ အချို့သော ခေါင်းဆောင်သူတို့ပြောဆိုပြုမူ ပုံတွေကို ကြားရမြင်ရသော မောင်းဆွဲရွာကလေးသည် ပြုံးရယ်မိမှာ မလွဲပေ။

မောင်းဆွဲရွာသို့ ရောက်လာကြသော ခေါင်းဆောင်များအနက် ဦးညိုထွန်း အကြောင်းကို အနည်းငယ် ဖော်ပြလို၏။ အမေရိကန်သို့ မြန်မာလူငယ်အဖွဲ့ဒုတိယ ခေါင်းဆောင်အဖြစ် သွားလာခဲ့ကြသော ဦးညိုထွန်းကို အကျွန်ုပ်သည် မကြာသေးမီက စစ်တွေလေယာဉ်ပျံကွင်း၌ တွေ့လိုက်ရ၏။ ကြာရှည်ပြောနေဖို့ မရလိုက်။ သူလည်း အလုပ်တွေရှုပ်လို့ပါပဲ။ သူ့ကိုမြင်လိုက်တော့ အကျွန်ုပ်အလွန်ပင် ကျေနပ်မိသည်။

ရခိုင်ပြည်အတွက် ဂုဏ်ယူရမည့် ပုဂ္ဂိုလ်တစ်ပါးပါတကားဟု အောက်မေ့မိသည်။ ဤဦးညိုထွန်းလည်း မောင်းဆွဲနှင့်မကင်း။ တစ်နေ့၌ မြို့ဟောင်းဘက်ဆီမှ မောင်းဆွဲဆီသို့ စက်ဘီးစီး၍ ရှေးရှုလာနေသူတစ်ဦးကို မြင်ရပါ၏။ ဘယ်သူများပါလိမ့်မဟု စစ်ဆေးကြည့်ရှုမိ၏။ မနီးမဝေးရောက်ခဲ့လျှင်ပင် ဦးညိုထွန်းကို မှတ်မိလေ၏။ အတော်အံ့ဩသွား၏။

သူရောက်လျှင်ပင် ချက်ချင်းကျွန်ုပ်အား လူသူမနီးသော နေရာတစ်ခုကိုခေါ်သွား၏။ ဘာလဲ ကိုညိုထွန်းရယ်၊ ထူးဆန်းပါတကားလို့ မေးလိုက်တော့ အသာနေစမ်းပါဦး၊ ဤစကားကို ဘယ်သူ့ကိုမှ မပြောနှင့်နော်ဆိုပြီး အကျွန်ုပ်သည် ရန်ကုန်မှ ရိုးမကိုဖြတ်ကျော်၍ ဝချောင်းမှနေပြီး အမ်(မ်)အယ်(လ်)ခေါ် စစ်သင်္ဘောကလေးနှင့် တိတ်တဆိတ် အိန္ဒိယသို့ သွားရောက်တယ်။ သူ့အရင်တုန်းက စီစဉ်ထားသည့်အတိုင်း ဟန်ကျခဲ့ပြီ။

သခင်ဘိုးလှ၊ သခင်စိန်ထွန်းနှင့် အော်ပရေတာတစ်ယောက် လေးမြို့ချောင်းမှာ ကျန်ခဲ့သေးတယ် အစရှိသဖြင့် အကြောင်းဥသုံအလုံးစုံကို ဖွင့်ပြောခဲ့လေသည်။ အကျွန်ုပ်မှာ ရုတ်တရက်အံ့ဩမိသလို ဖြစ်နေမိသည်။

ဂျပန်တက်စ ဗမာ့လွတ်လပ်ရေးတပ်မတော် ရုတ်သိမ်းခါနီးတွင် ရခိုင်ပြည်သို့ ဂျပန်တော်လှန်ရေးကိစ္စနှင့် လျှို့ဝှက်စွာရောက်လာကြသော တက်ဘုန်းကြီး ဦးသိန်းဖေ၊ ကိုတင်ရွှေ၊ သခင်စိုး၊ ဗိုလ်တင်မြတို့ကို ပြေး၍သတိရပြန်၏။ တက်ဘုန်းကြီး ဦးသိန်းဖေနှင့် ကိုတင်ရွှေတို့ကို ကွယ်လွန်သူ ခေါင်းဆောင်ကြီး ဦးအောင်ထွန်းဦးတို့၏ အကူအညီ ဖြင့် အိန္ဒိယသို့ ပလက်ဝမှ ပို့လိုက်သောအခါ ဦးကျော်မြင့်နှင့် ဦးမောင်နီတို့အား ဂျပန်နှင့် ပူးပေါင်းစေပြီး ပလက်ဝနယ်ကို အရသိမ်းယူစေခဲ့သောအစီအစဉ်များမှာ ခရီးတွင်လျက်လာခဲ့သဖြင့် အထူးကျေနပ်မိလေသည်။

ဤအစီအစဉ်များသည် နောက်ဆုံးဂျပန်ကို လက်နက်ကိုင်၍ ဂျပန်ကိုတော်လှန်ခဲ့ရာ၌ အထူးခရီးရောက်ခဲ့သည်များကို မည်သူသည် ငြင်းဆန်ပါမည်နည်း။ ဤကဲ့သို့ မောင်းဆွဲစခန်း၌ တွေ့ဆုံပြီး ညနေလွန်မြောက်၍ အမှောင်ရောက်သောအခါ အသင့်စီမံထားသော

လှေလောင်းကလေးဖြင့် ငါးရာကောက် ချောင်းငယ်ကလေးကိုစုန်လျက် ကွယ်ပျောက်သွားကြတော့သည်။

မောင်းဆွဲစခန်း အကျွန်ုပ်အား မေ့လျော့နေဘိ၏။ ရက်စက်လှစွာတကား။ ရခိုင်ပြည်၏ ညီညွတ်ရေးကို တွေ့မြင်လိုက်ရသည့် မောင်းဆွဲစခန်း၊ ခေါင်းဆောင် အမျိုးမျိုး၊ လုပ်ငန်း အမျိုးမျိုးကို တွေ့မြင်လိုက်ရသည့် မောင်းဆွဲစခန်း၊ သာယာကြည်နူး၊ ဘဝင်မြူးစရာတွေနှင့် ပြည့်လျှမ်းသည့် မောင်းဆွဲစခန်း၊ လွမ်းဆွတ်ဖွယ်ရာ အဖြာဖြာတို့ကို ဖန်တီးခဲ့သော မောင်းဆွဲစခန်းကို ကျွန်ုပ်အဘယ်မှာလျှင် မေ့နိုင်ဖွယ်ရာရှိအံ့နည်း။ ။

**ဘစံ**

**(ရခိုင်မဂ္ဂဇင်း အမှတ်-၁၀)**

# ရခိုင်ပြည်တော်လှန်ရေး

(ခေညစံ)

## ၁၆–ကြိမ်မြောက် ၁၉၆၁–ခု၊ မတ်လ၊ ၂၇ရက်နေ့

## တော်လှန်ရေး

ယနေ့ (၁၆)ကြိမ်မြောက် တော်လှန်ရေးနေ့ကြီးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး သတိရကြရန်ဖြစ်သည်။

ဂျပန်တော်လှန်ရေးကို သရုပ်ဖော်ရာတွင် ရခိုင်အမျိုးသားတို့၏ တော်လှန်ခဲ့ကြပုံကို သီးသီးခြားခြားဖော်ပြခဲ့လျှင် အချို့ချို့သောပုဂ္ဂိုလ်များ အမြင်ကျဉ်းသည်၊ လူမျိုးရေး စိတ်ဓာတ်ဆန်သည်ဟု စွပ်စွဲကြမည်ဖြစ်သော်လည်း တော်လှန်ရေးနှင့်ပတ်သက်၍ ရခိုင် အမျိုးသားတို့ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ပုံကို ဖော်မပြလျှင်မဖြစ်ဟု စိတ်ထား မြင့်မြတ် သော မြန်မာ့အမျိုးသား မျိုးချစ်ပုဂ္ဂိုလ်များက ထင်မြင်ကြမည် မလွဲပေ။

## ရခိုင်မျိုးချစ်တော်လှန်ရေးသမားများ

မြန်မာ့ရာဇဝင်တွင် တော်လှန်ကြသည့် ဗမာ့မျိုးချစ်တို့ကဲ့သို့ ရခိုင်ရာဇဝင်တွင်လည်း မိမိတိုင်းပြည်နှင့် မိမိတို့အမျိုးအတွက် တော်လှန်ခဲ့ကြပါသည်။

ဘုရင်မင်းဗာကြီး၊ မဟာပညာကျော်တို့၏ စွမ်းရည်သတ္တိမှာ အနောက်ဘင်္ဂလား (၁၂)မြို့ကို စိုးပိုင်လာသော သူရတန်ဘုရင်အား တော်လှန်ခဲ့ခြင်းဖြစ်ပါသည်။ ထိုနည်းအတူ ဘုရင့်နောင် တပင်ရွှေထီးတို့ ရခိုင်ပြည်သို့ ကျူးကျော်ခဲ့စဉ်ကလည်း မင်းဗာကြီး၊ မင်းဖလောင်းနှင့် အပေါင်းပါပညာကျော်တို့ တော်လှန်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။

## ရခိုင်ရေတပ်သားတို့ စွမ်းရည်

ပေါ်တူဂီနယ်ချဲ့သမားတို့သည် ရခိုင်နယ်သို့ကျူးကျော်ခဲ့ကြစဉ်က ရခိုင်ရေတပ်သားများသည် အဆိုပါပေါ်တူဂီတို့အား သူရဲကောင်းပီပီ တွန်းလှန်ခဲ့ကြပါသည်။

ဗိုလ်မှူးချုပ် မျက်တောင်ရှည်၊ လက်ရုံးပေါ်၊ ဗိုလ်ချင်းပုံ၊ ငပေါ်လုံး၊ ငခွက်ပေါက်၊ ကျွဲတကောင်နိုင်စသော ပုဂ္ဂိုလ်တို့သည် ရခိုင်တော်လှန်ရေးသမားများအဖြစ် မှတ်တမ်းများ အထင်အရှား ရှိနေပါသည်။ ဤပုဂ္ဂိုလ်တို့သည် မဟာလူမျိုးကြီးဝါဒဖြစ်သော ဖိနှိပ်ကျူးကျော်ခြင်းကို ချေမှုန်းတွန်းလှန်ခဲ့ကြသူများ ဖြစ်ပါသည်။

## အင်္ဂလိပ်ကို တော်လှန်ခဲ့ပုံ

ဗြိတိသျှနယ်ချဲ့သမားတို့ အိန္ဒိယမှ ရခိုင်သို့ ချီတက်တိုက်ခိုက်စဉ်က ရခိုင်သူရဲကောင်းတို့ အနေဖြင့် ဒေးဝန်းကြီး ဦးအောင်ကျော်ရွှီ မင်းသားကြီး ဦးရွှေဗန်းတို့၏ တော်လှန်ခဲ့ပုံတို့သည် ရာဇဝင်မှတ်တမ်း နောင်လာနောက်သားတို့ အမှတ်တရဖြစ်စေခြင်းငှာ ၎င်းတို့လက်မောင်းမှ ထိုးဆွရရှိသော သွေးများဖြင့် စာတမ်းကြီးများ ရေးထိုး တော်လှန်ခဲ့ကြသူများ ဖြစ်ကြပါသည်။

မင်းလောင်း မောင်ဖော်အောင်၊ ဦးလာဘတို့၏ မြင့်မြတ်သော တော်လှန်ရေး စိတ်ဓာတ်များသည် ယနေ့တိုင် ရခိုင်နယ်ဘက်၌ ပြောမဆုံးနိုင်အောင်ရှိကြသည် မဟုတ်ပါလား။

## အင်္ဂလိပ်ကို တော်လှန်ခဲ့သူ

ရခိုင်နှင့် ဗမာအင်အားချင်းမမျှ၍ ဗြိတိသျှအင်္ဂလိပ်လက်အောင် ကျွန်သဘောက် ဘဝဖြင့် ရောက်ခဲ့စဉ်က အင်္ဂလိပ်တို့၏အပြုအမူကို ဘယ်လိုနည်းဖြင့် တော်လှန်ရပါ မည်နည်း ဟူသော အမိဋ္ဌာန်ဖြင့် ဗြိတိသျှနယ်ချဲ့ကိုစတင်၍ တော်လှန်ခဲ့သူ စစ်တွေမြို့ ရှုပရပ်မှ ဦးဥတ္တမပင်ဖြစ်ကြောင်း၊ ဗမာ့လွတ်လပ်ရေးလင်းရောင်ခြည်ကို စတင်ပေးသူမှာ ဦးဥတ္တမပင် ဖြစ်၍ တော်လှန်ရေးမှတ်တမ်းရာဇဝင်ကို ရေးကြသည့်အခါ ဦးဥတ္တမလိုပုဂ္ဂိုလ်မပါရှိ၊ မထည့်သွင်းက မဖြစ်နိုင်မဟုတ်ပါလား။

## သိကြသေးရဲ့လား

ဆရာဦးအောင်ထွန်းဦး၊ ဦးပညာသီဟ၊ ဦးစိန္ဒာ၊ ဗိုလ်လက်ရုံး၊ ဦးစံရွှေ၊ ဦးဘစံ၊ ဦးညိုထွန်း၊ ဦးကျော်မြ၊ ဘုံပေါက်သာကျော်တို့အနေဖြင့် ဗမာ့တော်လှန်ရေးသမားများ ဖြစ်ခဲ့ကြသည်။ သခင်လေးမောင်၊ သခင်မြ၊ သခင်စိုးတို့နှင့်ပူးတွဲ၍ တော်လှန်ခဲ့ကြသည်မှာ ခပ်နုနု ခပ်ကြမ်းကြမ်း ဖြစ်ခဲ့ကြပါသည်။

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံတွင် ရခိုင်ကျောင်းသားများ ရှေ့တန်းမှ ခေါင်းဆောင်၍ တိုက်ခိုက်ခဲ့ကြသည်ကို ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့တော်လှန်ရေး ခေါင်းဆောင်များလည်း အသိပင်ဖြစ်ပါသည်။ အင်္ဂလိပ်တို့ ဩဇာလွှမ်းမိုး စိုးမိုးအုပ်ချုပ် နေသည့်အချိန် အင်္ဂလိပ်ကိုမောင်းထုတ်ရန် တော်လှန်သည့်အခန်းတွင် ရခိုင်ပြည်မှ တော်လှန်ရေးပုဂ္ဂိုလ်တို့မပါလျှင်မပြီးဟုဆိုလင့်ကစား ယနေ့အဖို့ ဤပုဂ္ဂိုလ်များအတွက် သတိရကြမည်ကား မလွဲချေ။

၁၉၄၂-ခုနှစ်၊ ဩဂုတ်လတွင်းက တက်ဘုန်းကြီး သိန်းဖေ (ယနေ့သိန်းဖေမြင့်)၊ သခင်စိုး၊ ဗိုလ်တင်ရွှေ၊ ဗိုလ်တင်မြတို့ အင်္ဂလိပ်ကို ခံချတွန်းလှန်ရေးနှင့်ပတ်သက်၍ စစ်တွေခရိုင် မင်းပြားမြို့ အနောက်ဘက်ထီးနန်းတွင် အထပ်ထပ်ဆွေးနွေးလျက် တော်လှန်ရေးအောင်မြင် ရေးအတွက် စီမံကိန်းချခဲ့ကြခြင်း ဖြစ်ပါသည်။

## မမေ့အပ်သော သာဓက

မြန်မာနှင့်ရခိုင်မင်းတို့အား မလိမ့်တပတ်နှင့်အပိုင်စီးသော ဂျပန်ဖက်ဆစ်တို့၏ ဘေးရန်ကို မည်သို့တော်လှန်ရမည်နည်းဟု ကြိုးစားဆောင်ရွက်ရာ၌ တော်လှန်ရေးအစ ရခိုင်ပြည်ကပင် ဖြစ်ပါသည်။

တက်ဘုန်းကြီး သိန်းဖေမြင့်၊ ဗိုလ်တင်ရွှေတို့အား ကုလားတန်မြစ်ရိုးတန်းတစ်လျှောက်မှ ဆောင်ကြဉ်း၍ ပို့လိုက်သူများမှာ ရခိုင်မျိုးချစ်တော်လှန်ရေးသမားများ၏ သက်စွန့်ကြိုးစားမှု ဖြစ်ကြောင်း မမေ့အပ်သောသာဓကတစ်ခု ဖြစ်ပါသည်။

## အင်္ဂလိပ်တပ် ၁၃၆

အင်္ဂလိပ်တပ်မဟာ အမှတ် (၁၃၆)နှင့် ဆက်သွယ်၍ ပြတေးစခန်း၊ မောင်းဆွဲစခန်း၊ ရှုပ်ဝစခန်းများသည်ကား ရခိုင်တော်လှန်ရေးသမားများ၏ အခြေခံစခန်းများနှင့်

စစ်သင်တန်းတက်ရန် စခန်းမှူးများ ဖြစ်ကြပါသည်။ ရခိုင်လူငယ်များအား အင်္ဂလိပ်နယ်ပယ်တွင်းသို့ ဤကုလားတန်မြစ်မှ ပုန်းလျှိုးပုန်းဝှက် ပို့ဆောင်ခဲ့ကြရပါသည်။

## လေထီးအစ ရခိုင်တော်လှန်ရေးက

၁၉၄၄-ခုနှစ်လယ်လောက်တွင် ဂျပန်ကိုစတင်တော်လှန်ရေးနှင့်ပတ်သက်၍ မြန်မာပြည်တွင်းသို့ လေထီးဖြင့်ဆင်းလာခဲ့ကြသူများမှာ ရခိုင်အမျိုးသားတော်လှန်ရေး သမားတို့သာလျှင် ပါဝင်ခဲ့ကြသည်ဟုဆိုပါက ဆိုနိုင်ပါသည်။

ဗိုလ်ညိုထွန်း၊ ဗိုလ်ကြီးကြာလှအောင်၊ ဗိုလ်ထပ်တင်မောင်၊ ဗိုလ်အောင်ထူး၊ ဗိုလ်စံသာကျော်၊ ဗိုလ်စောဦး၊ ဗိုလ်သာကျော်အစရှိသော ပုဂ္ဂိုလ်များနှင့် ဦးပညာသီဟ၊ ဦးစိန္တာ၊ ဦးကျော်မြ၊ ဦးဘစံ၊ ဦးမောင်နီ၊ ဘုံဘောက်သာကျော်၊ ဦးထွန်းဝင်း၊ ဦးထွန်းလှိုင်တို့၏ ကြိုးပမ်းမှု၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးတို့တွင် ရှေ့တန်းမှ စတင်ဆောင်ရွက်ခဲ့ကြသူများ ဖြစ်ကြပါသည်။

အင်္ဂလိပ်တပ်ဖွဲ့အမှတ်(၁၃၆)ကရှးကပ္ပတိန်တော့နှင့် ခြသေ့်အမည်ခံပုဂ္ဂိုလ်များ ကြိုးကြိုးစားစားပူးတွဲ၍ ဂျပန်အားတော်လှန်ခဲ့ကြသည်။ အသေးစိတ်ရာဇဝင်ရေးရမည်ဆိုလျှင် အချုပ်အခြာအာဏာပိုင် ဗမာ့လွတ်လပ်ရေးအသက် မသေသရွေ့ကျန်ရှိနေကြသော အဆိုပါပုဂ္ဂိုလ်တို့၏ အမွေနှစ်ပါဝင်ပါသည်ဟု ဆိုခဲ့ပြောခဲ့သော် မည်သူမျှမေ့နိုင်လိမ့်မည်မထင်နိုင်ပေ။

ပြည်ထောင်စုကြီးတည်မြဲရေး ပြည်ထောင်စုစိတ်ဓာတ် ပြင်းပြရေးတို့တွင် ကျပ်ပြည့်တင်းပြည့်ရှိကြသော ရခိုင်မျိုးချစ်တို့ ထိုပုဂ္ဂိုလ်တို့အား ဤနေ့ဤအခါတွင် မမေ့အပ်ကြောင်းဤသတင်းစာမှရေးခြင်း ပြုလိုက်ပါသတည်း။

**ဓညစံ**

မှတ်ချက်။ ။ အမျိုးသားသတင်းစာ ၁၆ကြိမ်မြောက် (၁၉၆၁၊ မတ်လ၂၇ရက် ထုတ်၌ 'စစ်တွေမောင်' အမည်ဖြင့် ဖော်ပြဖူးပါသည်။)

# နွယ်ချိုဖိုခေါင်-ရိုးမတောင်

ဤဆောင်းပါးကလေးသည် အကျွန်ုပ်ဒိုင်ယာရီမှ ကောက်နုတ်ချက်တစ်ခုပင်ဖြစ်၏။ ဂျပန်တို့စိုးမိုးခဲ့သည့်ကာလအတွင်းက အကျွန်ုပ်သည် မိမိတွေ့ကြုံဆုံစည်းခဲ့ရသမျှကို နေ့စဉ်လိုလိုပင် မှတ်တမ်းတင်ထားခဲ့ပါသည်။ ဤမှတ်တမ်း ဒိုင်ယာရီစာအုပ်များသည် စစ်ပြီးကာလက ပျောက်ဆုံးသွားရာ မကြာသေးမီက အကျွန်ုပ်သူငယ်ချင်းတစ်ဦးထံမှ တစ်စိတ်တစ်ဒေသကို ပြန်လည်ရရှိခဲ့ပါသည်။ ရက္ခိုင်ကျောင်းသားလူငယ်များအတွက် တန်ဖိုးရှိလိမ့်မည်ဟု ယူဆသဖြင့် ရက္ခိုင်ရိုးမတောင်ကို တောင်ကုတ်လမ်းမှ ဖြတ်ကျော်ခဲ့သည့် ခရီးစဉ်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

အကျွန်ုပ်ဒိုင်ယာရီ ရိုးမလမ်းခရီးစဉ်နှင့်ပတ်သက်သောအပိုင်းတွင် ဤသို့စတင် ဖော်ပြထားပါသည်။ ၁၉၄၃-ခု၊ ဇူလိုင်လ (၁)ရက်နေ့ အကျွန်ုပ်တို့လူစုသည် ရွှေတောင်မြို့နှင့် မျက်နှာချင်းဆိုင် ဧရာဝတီတစ်ဖက်ကမ်းရှိ ပန်းတောင်းမြို့ကလေးသို့ ရောက်ရှိ နေကြသည်မှာ (၈)ရက်ကျော်မျှ ရှိလေပြီ။ မိုးသည်းထန်စွာ ရွာသွန်းနေခြင်းကြောင့် ရိုးမတောင်ကို ဖြတ်ကျော်သွားနိုင်ရန် မဖြစ်နိုင်သေးသဖြင့် ပန်းတောင်းမြို့ကလေးမှာပင် ခေတ္တနားလျက် ရှိနေကြခြင်း ဖြစ်ပါသည်။

လွန်ခဲ့သည့်တစ်လကျော်လောက်ကပင် ကျွန်တော်သည် ရန်ကုန်မြို့သို့ စစ်တွေမှ နိပ္ပွန်လေယာဉ်ပျံဖြင့် ဦးသာဇံလှတို့နှင့်အတူ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ ခေါင်းဆောင်

ခရိုင်ဝန် ဦးအောင်ထွန်းဦး၊ အင်္ဂလိပ်လေယာဉ်ပျံ ဗုံးဒဏ်ကြောင့် ကွယ်လွန်ခဲ့ရာမှ စစ်တွေခရိုင်အုပ်ချုပ်ရေးအစီအစဉ်ပြုလုပ်ရန်အတွက် လာရောက်ခြင်းဖြစ်သည်။ ဦးသာဇံလှမှာမူ ဗမာပြည်လွတ်လပ်မှု စီစဉ်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်ရင်း ရောဂါကို ဆေးကုရန်ပင် ဖြစ်သည်။ ဦးသာဇံလှအား ပြည်သူ့ဆေးရုံကြီးတွင် အနိစ္စရောက်ခဲ့ပြန်သဖြင့် ရက္ခိုင်ပြည်မြောက်ပိုင်းရှိ ခေါင်းဆောင်ကြီးနှစ်ဦး ဆုံးရှုံးခဲ့ကြ ရလေသည်။ ကျွန်တော်သည် မြန်မာပြည်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဗိုလ်ချုပ် အောင်ဆန်းနှင့်တွေ့ဆုံကာ စစ်တွေခရိုင်အုပ်ချုပ်ရေး အစီအစဉ်များ ပြုလုပ်ခဲ့ပြီး ကုန်းကြောင်း ပြန်လာခဲ့ခြင်းဖြစ်ပါသည်။ အကျွန်နှင့်အတူ ဦးထွန်းဝင်း၊ ကိုစောလှနှင့် ကိုဖသထော်တို့ ပါလာကြပါသည်။ ခရိုင်မှူးသခင်စံတင့်မှာမူ ရန်ကုန်၌ ကျန်ရှိနေခဲ့ပါသည်။ အကျွန်ကား စစ်တွေခရိုင်ခေါင်းဆောင်ဖြစ်ပြီး အိမ်တွင်းကာကွယ်ရေးအပျော်တမ်းတပ်ဖွဲ့ခေါင်းဆောင်ဖြစ်သဖြင့် စစ်တွေခရိုင်အုပ်ချုပ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေးတို့ကိုဆောင်ရွက်ရန် ရောက်ရှိလာခြင်းဖြစ်၏။

အကျွန်တို့သည် ရန်ကုန်မှမီးရထားဖြင့် ထွက်ခွာလာခဲ့ရာ လမ်း၌တစ်ညအိပ်ပြီး နောက် ပြည်မြို့သို့ ရောက်ရှိခဲ့ပါသည်။ ပြည်မြို့မှ ရွှေတောင်ကိုသွားကြရန် ရွှေတောင်ဆိပ်မှ ဂျပန်မော်တော်ဘုတ်ဖြင့် ဧရာဝတီတစ်ဖက်ကမ်း 'ဆင်တဲ'ရွာသို့ ကူးရပါသည်။ ဆင်တဲမှ တစ်ဖန်ဂျပန်ကားဖြင့် (၁၅)မိုင်မျှသွားမိလျှင် ပန်းတောင်းမြို့ကလေးကို ရောက်ရှိပါသည်။ ပန်းတောင်းမြို့သည် ဂျပန်စစ်တပ်များ စခန်းတစ်ခုဖြစ်ပြီး ရိုးမတောင်ကျော်ရာ စခန်းလည်း ဖြစ်နေ၏။ မြို့သူမြို့သားတို့သည် စစ်တပ်ကိုအမှီပြု၍ စီးပွားဖြောင့်နေကြလေသည်။ ပန်းတောင်းမြို့ကလေး၌ လမ်းရှည်ကြီးတစ်ခု ရှိသည်။ ထိုလမ်းတစ်လျှောက်တွင် ဆိုင်များရှိကြသည်။ ၎င်းဆိုင်များမှ မိန်းကလေးများသည် 'အိုချာနော မုနာဆိုင်'၊ 'အိုကာကီနိုင်ဆိုင်' စသော 'လက်ဖက်ရည်သောက်ပါဦး၊ လာပါ၊ ထိုင်ပါဦး'ဟူ၍ အဓိပ္ပာယ်ရသည့် ဂျပန်စကားများကို သွက်လက်စွာ တတ်ကျွမ်းနေကြပြီကို တွေ့ ရှိရပါသည်။ ဆိုင်တိုင်းလိုလိုမှာ ဂျပန်စစ်သားများကို တွေ့ရပါသည်။ ဆိုင်ရှင်ကလည်း တပြုံးပြုံး၊ ဧည့်သည်ကလည်း ပြုံးလျက်သားပင် တွေ့ရပါသည်။ ပန်းတောင်းမြို့ကလေးသည် အလွန်သာယာလှသော မြို့ကလေးဖြစ်၏။ စစ်အတွင်းဖြစ်နေသော်လည်း အတော်ပင် စိုပြည်လှပါသည်။

အကျွန်တို့သည် ဂျပန်စစ်ရုံးကြီး၏ အကူအညီကိုယူ၍ ဂျပန်စစ်မော်တော်ကားဖြင့် ပန်းတောင်းမြို့မှ ဝါဆိုလဆန်း (၁၄)ရက်နေ့၊ နံနက် (၆)နာရီအချိန်တွင် ထွက်ခွာကြပါသည်။ ဂျပန်မော်တော်ကား အစီးပေါင်း (၆၀)မျှ ရှိမည် ထင်ရပါသည်။ ကျွန်တော်တို့

အတွက် သီးခြားနေရာစီစဉ်ပေးထားပါသည်။ အချိန်မှာ နံနက်စောစော ရောင်နီလာချိန် ဖြစ်ခဲ့သော်လည်း ကမ္ဘာလောကတစ်ခုလုံးသည် အုံ့ဆိုင်းညှိမှိုင်းလျက် ရှိနေပါသည်။ နှင်းတွေဝေနေသကဲ့သို့ မိုးဖွဲများတဖြောက်ဖြောက်ကျဆင်းလျက် ရှိနေပါသည်။ မိုးတွင်း ခေါင်ခေါင် ရိုးမတောင်ကို ဖြတ်ကျော်ရမည့်ခရီးစဉ်ကို အကျွန်ုပ်တွေးမိလျက် စိုးရိမ်မိခဲ့ပါသည်။ သို့သော် ထိုအချိန်အခါ၌ စွန့်စားလိုသည့်စိတ်ဓာတ်တို့သည် စိုးရိမ်မှုဟူသမျှကို ဖုံးလွှမ်းလျက်သာ သွားပါတော့သည်။ တောင်တက်ရမည့်စခန်းဖြစ်သော 'ညောင်ဦးတောက်'စခန်းသို့ ဦးစွာရောက်ရှိကြပါသည်။ ထိုမှအနည်းငယ်သွားမိလျှင် 'စန်းပက်လက်'ကို ရောက်ရှိကြပါသည်။ ဤသို့လျှင် ရိုးမတောင်စွယ်ကလေးများကို တဖြည်းဖြည်း တက်ရောက်ကျော်နင်းလာခဲ့ကြလေသည်။ အကျွန်ုပ်တို့ရှေ့မှသွားကြသော ကားကြီးများ တောင်ကမ်းပါးယံကို လိုမ့်၍ ထိုးတက်လျက်နေကြရပါသည်။

တောင်ချောက် တောင်စောက်ကြီးများကို အတိုင်းသားတွေ့မြင်လာကြရပေပြီ။ 'ဆင်လန့်လေတော'စခန်းသို့ ရောက်ရှိလာသောအခါ ရိုးမတောင်ပေါ်သို့ရောက်ရှိ နေကြပြီဟု သိနိုင်ကြလေသည်။ မိုးပေါက်တို့သည် မစဲတမ်းတဖြောက်ဖြောက်ကျဆင်းလျက်နေကြပြီး ပတ်ဝန်းကျင်တစ်ခုလုံးသည် စွတ်စိုထိုင်းမှိုင်းလျက်ရှိပါ၏။ သို့သော် ရိုးမတောင်၏ ကမ်းပါးယံတို့သည်ကား စိမ်းလန်းစိုပြည်သော အသွေးကိုဆောင်လျက် ရှိပါပေသည်။ တစ်မိနစ် တစ်နာရီဆိုသလို ခရီးပေါက်ရောက်လာတိုင်း ရကျိုင်ပြည်နှင့် နီးကပ်လာခဲ့ပြီဟု ဝမ်းသာမိ၏။ စိတ်စောမိ၏။ ဂျပန်ထရက်စ်မော်တော်ကားကြီးများကို ဤမျှကျဉ်းမြောင်း ကျပ်တည်းလှသော လမ်းကြမ်းကြီးများမှ ဆောင်ယူခဲ့သော ဂျပန်မော်တော်ကား ဒရိုင်ဘာတို့ကို အကျွန်ုပ်သည် အလွန်ချီးမွမ်းမိ၏။

သို့သော် အကျွန်ုပ်တို့ရှေ့မှသွားနေသော မော်တော်ကားကြီးတစ်စီးသည် ရုတ်တရက် တောင်ကမ်းပါးယံချောက်သို့ ကျဆင်းသွားလေသည်။ ကံကောင်းထောက်မ၍ သစ်ပင်ကြီး တစ်ပင်နှစ်ပင်က ထောက်ခံထားသဖြင့် ချောက်ထဲသို့မကျဆင်းဘဲ ကျန်ရှိနေခဲ့လေသည်။ မော်တော်ကာပေါ်မှာပါသွားသော ဂျပန်စစ်သားများကား အသက်ချမ်းသာကြလေသည်။ မော်တော်ကားကို ဂျပန်တို့ကြိုးနှင့်ဆွဲတင်ကြသော်လည်းမရသဖြင့် ဤအတိုင်း ပစ်ထားခဲ့ကြသည်ကို တွေ့ရလေသည်။ အချို့နေရာများတွင် မိုးရေတို့သည် ဒလဟောစီးဆင်းလာကြပြီး လမ်းများကို ပြိုကွဲပျက်စီးစေလေသည်။ ဂျပန်လမ်းပြင်သမားတို့သည် ချက်ချင်းလမ်းများကို ပြင်ဆင်ကြရလေသည်။ သစ်ပင်ကြီးများကိုချိုးလှဲ၍ လမ်းခင်းကြသည်တို့ကိုလည်း တွေ့ရပေ

သည်။ ရိုးမတောင် သဲနုသဲပျို့များသည် ဤသို့ ပြင်းထန်စွာ တိုက်ခတ်ဆော်သွန်းနေသော အနောက်တောင်မုတ်သုံလေနှင့်အတူ ပါလာသော မိုးရေမိုးပေါက်တို့ကို အသို့လျှင်ခံနိုင်ပါမည်နည်း။

ကျွန်တော်တို့သည် ညောင်ကျိုးစခန်းသို့ ရောက်ရှိကြပြီးနောက် 'မိုးထိတောင်'ကို တမြေ့မြေ့ တရွေ့ရွေ့နှင့် တက်ရောက်မိကြပါသည်။ မိုးထိတောင်သို့ ရောက်သောအခါ ကမ္ဘာ၏ထိပ်ဖျားအိမ်မိုးခေါင်သို့ ရောက်နေသလားဟု ထင်မြင်မိပါသည်။ နွယ်ချို ဖိုးခေါင် ရိုးမတောင်ကြီး၏ တောင်တန်းတောင်ထိပ်တို့သည် သွယ်တန်းလျက်ရှိသည်ကို တွေ့ရ၏။ မိုးလိပ်၊ မိုးသားတို့သည် ရိုးမတောင်ကမ်းပါးယံမှ တရွေ့ရွေ့လှုပ်ရှားသွားလာလျက် ရှိကြ၏။

ထိုအချိန်၌ မိုးရေမိုးပေါက်တို့သည် တောင်ခုလတ်မှ သာယာစွာကျဆင်းလျက် ရှိနေသည်ဟု ထင်ရလေသည်။ စိမ်းစို၊ ညိုမှိုင်းပြိုင်းရရိုင်းနှင့် ဆိုင်းဆိုင်းဆို့ဆို့မြင်နေရသော ရိုးမတောင်တန်းကြီး၏ ရှုခင်းသည်ကား အထူးသာယာကြည်နူးဖွယ်ကောင်း လှပါပေသည်။ ဤရှုမျှော်ခင်းနှင့်ရောနှောလျက် တောငှက်သံတို့ကို အခါခါကြားရပြန်လေလျှင် လွမ်းစရာ ဆွေးစရာတို့မှာ ဖုံးဖိ၍မရနိုင်လောက်အောင်ရုန်းကန်၍ပေါ်ထွက် လာခဲ့ရလေတော့သည်။ ကြမ်းတမ်းသော စိတ်ဓာတ်တို့သည် သိမ်မွေ့လာခဲ့ရလေသည်။ မိုးထိတောင်ကား ရိုးမတောင် တန်းကြီးတွင် အမြင့်ဆုံးတောင်ဖြစ်၏။ ထိုတောင်၌ရှိသော 'ကျွဲကြီး၊ ကျွဲကလေး' စခန်းများသို့ ရောက်ရှိခဲ့၏။ ထိုစခန်း၌ ညနေစာထမင်းစားရန် မော်တော်ကားအနားယူလေသည်။

ဤစခန်း၌ တဲများကိုတွေ့ရပြီး ဗမာ့ကာကွယ်ရေးတပ်မတော် တပ်စုတစ်စုကို တွေ့ရသည်။ ဆီးနှင်းများဖုံးအုပ်သလို မိုးပွင့်ဝတ်မှုန်များဖုံးအုပ်ကာ အုံ့မှိုင်းလျက် ရှိလေသည်။ ကျွန်ုပ်တို့အား တပ်မတော်ဗိုလ်တစ်ဦးက ထမင်းကျွေးလိုက်လေသည်။ ကျွန်ုပ်တို့သည် ဤစခန်း၌မအိပ်ကြ။ ဂျပန်တို့သည် ဤစခန်း၌ အဘယ့်ကြောင့် အိပ်ကြပါသနည်း။ ဤအရပ်တွင် ကျားဆွဲခြင်းခံရသဖြင့် 'ကျွဲနှင့်သပြေ မအိပ်လေနှင့်၊ အိပ်သော အိပ်လေ မပျော်လေနှင့်' ဟု အဆိုရှိ၏။ သို့သော် ဂျပန်တို့ကား ဤအဆိုကို ယုံကြည်ကြမည့်သူများ မဟုတ်ပါပေ။ ညနေချိန်ရောက်လာရာမှ အလင်းပျောက်၍ အမှောင်သို့ရောက်လာခဲ့လေသည်။

'သပြေ'စခန်းကို ကျော်လွန်လာရာ မော်တော်ကားများအပြင်းနှင်နေသည်ကို တွေ့ရလေသည်။ ညအချိန်ဖြစ်သဖြင့် နက်ရှိုင်းလှသော ချောက်များ၊ လျှိုမြောင်ကြီးများကို မမြင်ရတော့ချေ။ ည(၉)နာရီခွဲ အချိန်လောက်တွင် 'မြယာစခန်း'သို့ ရောက်ရှိကြ လေသည်။ ဤစခန်း၌ ကားများရပ်ထားပြီး တစ်ညလုံးအိပ်ကြလေသည်။ နံနက်စောစော ရောင်ဖြူလာ

သောအခါ ဆက်လက်ခရီးသွားကြရာ နံနက်(၉)နာရီလောက်တွင် 'ရေဘော်ကြီး'စခန်းသို့ ဆိုက်ရောက်ခဲ့ကြလေသည်။ သန့်ရှင်းအေးမြသောလေတို့သည် အကျွန်ုပ်တို့အား တိုက်ခတ်လာလေသည်။ သစ်ပင်ကြီးငယ်တို့နှင့် တောတောင်အခြေအနေ တစ်ခုလုံးသည် လွန်ခဲ့သည့်နေ့နှင့် လုံးဝမတူ တစ်မူခြားနေသည်ကို တွေ့ရလေတော့သည်။ အကျွန်ုပ်တို့ကား ရက္ခိုင်ပြည်နယ်နိမိတ်ကို ဝင်ရောက်မိကြသည်မှာ ထင်ရှားလှ၏။

နွယ်ချိုဖိုးခေါင်ရိုးမတောင်ထိပ်မှ သစ်ပင်တို့သည် မတ်မတ်ထောင်လျက်ရှိကြ၏။ အရှေ့ဘက်၌ရှိသော သစ်ပင်တို့သည် အရှေ့သို့ ယိမ်းယိုင်လျက်ရှိကြပြီး အနောက် ကမ်းပါးယံ၌ ပေါက်ရောက်နေကြသော သစ်ပင်ကြီးငယ်တို့သည် အနောက်ဘက်သို့ ကိုင်းလျက်ရှိကြလေသည်။ နွယ်ချိုဖိုးခေါင်-ရိုးမတောင်ထိပ်သည်ကား ရက္ခိုင်ပြည်နှင့် မြန်မာပြည်မကို ခွဲခြားထားသော နယ်နိမိတ်ဖြစ်သည်ဟု သက္ကရာဇ် ၇၉၂-ခုနှစ်က ရက္ခိုင်ဘုရင် နရမိတ်လှ (မင်းစောမွန်)ကို တွေ့ကြစဉ်က အာလီခန်မင်းနှင့် မြန်မာဘုရင်နရပတိတို့ ထိုနွယ်ချိုဖိုးခေါင်ရိုးမတောင်၌ တွေ့ကြစဉ်ကကန့်သတ်ခဲ့ကြသည်မဟုတ်ပါလော။

အကျွန်ုပ်တို့သည် တရွေ့ရွေ့နှင့်ဆင်းလာခဲ့ရာ လမ်း၌လမ်းလုပ်ချွေးတပ်သားများကို တွေ့လာရ၏။ ရမ်းဗြဲ၊ မာန်အောင်၊ တောင်ကုတ်၊ သံတွဲမှ အလုပ်သမားများကို တွေ့လာရ၏။ ၎င်းတို့၏ ပြောကြားသောစကားသံများသည် သာယာနာပျော်ဖွယ် ကောင်းသည်ဟု အကျွန်ုပ်ထင်မိ၏။ မိုးသည် အခါခါသည်းထန်လှစွာ ရွာသွန်းလျက်ရှိသော်လည်း ရက္ခိုင်မိုးဖြစ်သဖြင့် အထူးနှစ်ခြိုက်ကြပေသည်။ စာဆိုတော် ဥက္ကာပျံ၏တောင့်တသော မိုးပင်မဟုတ်လော။ တရွေ့ရွေ့နှင့် အနောက်ဘက်သို့ ဆင်းသက်လာခဲ့ရာ 'နေပူတောင်'ကို ဖြတ်ကျော်၍ 'စလူ' စခန်းသို့ ရောက်ရှိလာကြပြန်လေသည်။ ထိုနောက် 'လေးအိမ်စုတန်းလျားကြီး၊ ကျောက်တံခါး' စသောစခန်းများကို ကျော်လွန်ခဲ့ပြီးနောက် မွန်းလွဲတစ်နာရီအချိန်တွင် တောင်ကုတ်မြို့သို့ ဆိုက်ရောက်လာခဲ့ကြပေတော့သည်။

လူမျိုးနှင့်တိုင်းပြည်အခြေအနေတို့သည် မည်သို့ပင်ပြောင်းလဲလျက် ရှိစေကာမူလည်း နွယ်ချိုဖိုးခေါင် ရိုးမတောင်၏ သဘာဝသည် မပြောင်းမလဲ သွားမြဲတိုင်းပင်။

**မှတ်ချက်။ ။ ၁၉၅၈-၅၉ခုနှစ်တွင် ရခိုင်တန်ဆောင်မဂ္ဂဇင်း အတွဲ-၁၊ အမှတ်(၇)တွင် ဖော်ပြဖူးပါသည်။**

# မြို့ဟောင်းခေတ် စီးပွားရေးရာ

ရခိုင်ရာဇဝင်စာပေများနှင့် နိုင်ငံခြားသား၏ မှတ်တမ်းများကို ဖတ်ရှုရခြင်းအားဖြင့် ရခိုင်ပြည်မြို့ဟောင်းခေတ် စီးပွားရေးအခြေအနေကို ကောင်းစွာသိရှိနိုင်ပေသည်။ မြန်မာပြည်တွင် ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်အစရှိသောခေတ်များ ထွန်းကားခဲ့သကဲ့သို့ ရခိုင်ပြည်တွင်လည်း ဓညဝတီခေတ်၊ မြို့ဟောင်းခေတ်ဟူ၍ ထွန်းကားခဲ့လေသည်။ ခရစ်သက္ကရာဇ် ၁၄၃၂-ခုနှစ်လောက်ကစ၍ မြို့ဟောင်းမြို့သည် ရခိုင်ဘုရင်၏မြို့တော်ဖြစ်ခဲ့လေသည်။ သက္ကရာဇ် ၁၆၈၄-ခု စန္ဒသုဓမ္မမင်းလက်ထက်အထိ ထွန်းကား ကျော်ကြားခဲ့သော ခေတ်ကို'မြို့ဟောင်း'ဟူ၍ပင် ယူဆရသည်။

ထိုခေတ်တွင် ရခိုင်ပြည်သည် အရှေ့အာရှတွင် နိုင်ငံခြားသားတို့၏ ကိုယ်တွေ့မျက်မြင်အရ အထူးထင်ရှားခဲ့သော တိုင်းပြည်တစ်ပြည် ဖြစ်ခဲ့လေသည်။ နှစ်ပေါင်း နှစ်ရာကျော်မျှ အဆက်မပြတ်ဘဲ ငြိမ်းချမ်းရာ စီးပွားရေးရာများသည် အထူးတလည် တိုးတက်လျက် ရှိခဲ့ပေသည်။ ပင်လယ်ကမ်းခြေဒေသဖြစ်နေသဖြင့်လည်း နိုင်ငံခြားသားများနှင့် ကူးလူးဆက်ဆံနိုင်ခဲ့ကာ နိုင်ငံခြားစီးပွားကုန်သွယ်ရေးများ ပြုလုပ်ခဲ့ကြသည်မှာ အထူးစိတ်ဝင်စားဖွယ်ကောင်းပေသည်။ ထိုစဉ်ကဆက်ဆံခဲ့ကြသော နိုင်ငံခြားသားများမှာ အထူးသဖြင့် ပေါ်တူဂီလူမျိုးများနှင့် ဒတ်(ချ)လူမျိုးများ ဖြစ်ပေသည်။ ထိုခေတ်တွင် အရှေ့နိုင်ငံဒေသများ၌ ပေါ်တူဂီလူမျိုးတို့သည် အိန္ဒိယဂိုဝါနယ်ကိုအခြေပြု၍ ဆက်ဆံကြ၏။ ဒတ်(ချ်)လူမျိုးများမှာကား အရှေ့အိန္ဒိယကျွန်းစု၊ ဘာတေးဘီးယားမြို့ ကို အခြေပြု၍ ဆက်ဆံကြလေသည်။

ရခိုင်ပြည်သို့ ထိုလူမျိုးနှစ်ရပ်လုံးပင် လာရောက်ဆက်သွယ်ကြ၏။ ထိုတွင်မကသေး၊ ဘင်္ဂလားပြည်၊ မဒရပ်၊ သီဟိုဠ်အစရှိသော နိုင်ငံများနှင့်လည်း ဆက်ဆံခဲ့ပေသေးသည်။ ထိုစဉ်က ရွက်သင်္ဘောကြီးများဖြင့် ကုန်စည်းကူးသန်းသွားလာကြသည်။ မြို့ဟောင်းအထိ ထိုသင်္ဘောများ ထွက်ဝင်နိုင်ကြ၏။ ရခိုင်ရေတပ်ဗိုလ်ချုပ်ကြီးစခန်းချသော ဦးရာဇ် တောင်နှင့် မျက်နှာချင်းဆိုင် ကုလားတန်မြစ်တစ်ဖက်ကမ်း၌ 'ဒိုဘာဈေး' အရပ်ရှိပေသည်။ ၎င်းအရပ်တွင် နိုင်ငံခြားသားကုန်သည်များ စခန်းချကြ၏။ အထူးသဖြင့် အိန္ဒိယအရပ်ရပ်မှ လာရောက်ကြသောကုန်သည်များဖြစ်ကြသည်။

မြို့ဟောင်းမြို့ပတ်ဝန်းကျင်၌ ဈေးများရှိသည်။ ယခုတိုင် ညောင်ပင်ဈေး၊ လက်ကောက်ဈေး၊ ပြင်ဈေးအစရှိသဖြင့် ခေါ်တွင်လျက်ရှိသေးသည်။ မြို့ဟောင်းဆင်ခြေဖုံး ဘောင်းဒွတ်အရပ်၌ အကောက်ဌာနများ၊ ဒတ်(ချ)လူမျိုးများ၏အလုပ်ရုံများကို တည်ထောင်ခဲ့ကြလေသည်။ ယခုတိုင် ထိုအရပ်၌ ဒတ်(ချ)လူမျိုးများ၏ အလုပ်ရုံအကြွင်း အကျန်များကို တွေ့ရှိနိုင်ပါသေးသည်။

မြို့ဟောင်းမြို့တော်ကြီးမှာ အထူးစည်ကားလှ၏။ မြို့ဟောင်းဆင်ခြေဖုံးဘောင်းဒွတ်အရပ်မှာပင် အထူးစည်ကားနေသဖြင့် နယ်မှတက်လာကြသော သူတို့သည် ဘောင်းဒွတ်ကိုပင် မြို့တော်မှတ်ပြီး မြို့တော်တွင်းသို့ မရောက်ခဲ့ကြဘဲ ပြန်သွားခဲ့ကြဖူးသည်ဟု ဆိုကြသည်။ ထို့ကြောင့် 'အစွန်းမပေါက် မြို့မရောက်ဘဲ ဘောင်းဒွတ်အဆီ၊ ပြန်လတ်စီ'ဟူ၍ ပြောဆိုလေ့ရှိကြသည်။

မြို့ဟောင်းမြို့ ချောင်းတစ်ဖက်၌ ပေါ်တူဂီလူမျိုးများ နေထိုင်ကြသည်။ ထိုဒိုင်းကျီအရပ်တွင် ရေတွင်း၊ ရေကန်ကောင်းများ ရေသုံးလို့မကုန်နိုင်လောက်အောင်ရှိ၏။ ဘားဘူအမည်ရှိသော အရပ်တွင်ကား စပါးများသိုလှောင်ကြ။ ထို့ကြောင့် 'ဒိုင်းကျီရှိ ယင့်၊ ရီရှိယင့်။ ဘားဘူရှိယင့်၊ ဆန်ရှိယင့်'ဟု ဆိုကြလေ့ရှိသည်။

မြို့ဟောင်းမြို့ရေဆိပ်၌ အကောက်ရုံးများ ရှိကြသည်။ အကောက်အရာရှိကြီးငယ်တို့ကို ခန့်အပ်ထားပြီး ထွက်ကုန်ဝင်ကုန်တို့အပေါ် အကောက်ကောက်ယူခြင်း ဖြစ်ပေသည်။ ခုနှစ်သက္ကရာဇ်နှင့် ဘုရင့်အမည်များတပ်၍ ငွေဒင်္ဂါးဖြင့် ဝယ်ယူသုံးစွဲကြသည်။ ဤကဲ့သို့ ဒင်္ဂါးသုံးစွဲသောအလေ့အထမှာ သက္ကရာဇ်တစ်ရာစုလောက်ကပင် ရှိခဲ့လေသည်။ စန္ဒသူရိယမင်းတံဆိပ်များဖြင့် ငွေဒင်္ဂါးများရှိခဲ့ကြောင်းကိုလည်း တွေ့ရှိခဲ့ရပေသည်။ ထိုခေတ်ကား 'ဓညဝတီခေတ်'ဖြစ်၏။ ဓညဝတီခေတ် ယဉ်ကျေးမှုအစုစုတို့မှာ မြို့ဟောင်းခေတ်သို့ ဆက်လက်သွားခဲ့ခြင်း ဖြစ်ပေသည်။

၁၆၃၀လောက်က ရခိုင်ငွေဒင်္ဂါးတစ်ကျပ်မှာ ပေါ်တူဂီဒင်္ဂါး (ရီလ်စ်)လေးကျပ်နှင့် ညီမျှသည်။ ရခိုင်ဒင်္ဂါးတစ်ကျပ်ပေးလျှင် ကြက်အကောင် (၃၀)ရ၏။ (စပဲ)ဖြင့် ကြက်ဥ တစ်ရာ ဝယ်နိုင်သည်။ ထိုစဉ်က ရခိုင်ငွေဒင်္ဂါးတစ်ကျပ်သည် ယခုအင်္ဂလိပ် (၇)ပေါင် (၁၀)သျှီလင်နှင့်ညီမျှပြီး ယခုမြန်မာဒင်္ဂါး (၁၀၅)ကျပ်လောက်နှင့် ညီမျှသည်။ ၁၆၆၃ခုနှစ် လောက်က ရခိုင်ဒင်္ဂါးတစ်ကျပ်သည် ဒတ်(ချ)ဆောဟ်(၂၅)ကျပ်နှင့် ညီမျှသည်။ ရခိုင် ဒင်္ဂါးတစ်ကျပ်လျှင် အကြေကောက်ရီ (၂၆၆၀)ရှိသည်။

နိုင်ငံခြားသားများ ရခိုင်ပြည်မှ အရေးတကြီးဝယ်ယူကြသောပစ္စည်းများမှာ ဆန်စပါး ပင် ဖြစ်သည်။ ထို့နောက် ဆင်များ၊ ကျွဲများ၊ မဲနယ်၊ ချိတ်၊ ယွန်းထည်၊ ချည်ထည်များ၊ တီပါရမှရက်လုပ်သော အပေါ်စားအထည်ကြမ်းတို့ကိုလည်း ဝယ်ယူကြသေးသည်။ များသော အားဖြင့် ဒတ်(ချ)လူမျိုးများသည် အရှေ့ဒတ်(ချ)ကျွန်းစု ဘာတေးဘီးယားမှ ထွက်သော အမွှေးအကြိုင်မဆလာမျိုးစုံတို့ကို သယ်ဆောင်လာကြသည်။

ကောက်ရီခေါ် ကြေစေ့များကို ကိုရိုမန်ဒယ်(လ်)ကမ်းခြေမှ ယူဆောင်လာကြ၏။ ရခိုင်ပြည်၏ ဒင်္ဂါးအကြေသုံးရာ၌ အသုံးချကြလေသည်။ ၎င်းတို့ကို ပိဿာချိန်ဖြင့် ရောင်းကြ သည်။ ၎င်း ၁၄၈-ပိဿာကို တစ်ကျပ်ဈေးရှိသည်။ တစ်ခါတစ်ရံဆေးများကို ယူဆောင်ခဲ့ ကြလေသည်။ ၎င်းကုန်သည်တို့သည် ဆင်များကိုဝယ်ယူရာ၌ ဆင်တစ်ကောင်ကို (၁၃၀၀)ကျပ်မှ (၁၄၀၀)ကျပ်အထိ ပေးဝယ်၍ ကိုရိုမန်ဒယ်ကမ်းခြေ၌ လေးဆလောက် ဈေးတင်ရောင်းကြသည်။ ဆန်စပါးဝယ်ယူခြင်းများမှာ အကြီးကျယ်ဆုံး ဖြစ်သည်။ ဆန်စပါး ရောင်းဝယ်ရေးနှင့်ပတ်သက်၍ နိုင်ငံခြားခရီးသည်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်းတစ်စောင် တွင် အောက်ပါအတိုင်း ဖော်ပြထားရှိလေသည်။

၁၆၃၁-ခုနှစ် ၁၆၃၄-ခုအကြာတွင် ဘင်္ဂလားပင်လယ်ကမ်းခြေတစ်ဝိုက်၌ ငတ်မွတ် ခေါင်းပါးသောဘေး ဆိုက်ရောက်လျက်ရှိသည်။ ဒတ်(ချ)လူမျိုးများသည် ရခိုင်ပြည်မှ စပါး ဝယ်ရန်သွားကြသည်။ သီရိသုဓမ္မဘုရင်၏သံများက ဒတ်(ချ)လူမျိုးများသည် မလက္ကာကျွန်းစု ကို စစ်တိုက်နေကြသဖြင့် ဆန်အမြောက်အမြားလိုနေကြောင်း ဘုရင်အား လျှောက်ထား လေသည်။ ထို့ကြောင့် ဘုရင်သည် စပါးကို ဘုရင့်စပါးအဖြစ်သို့ ပြောင်းလဲကာ ဘုရင့် အာဏာဖြင့်သာ ရောင်းချရန်အမိန့်ချမှတ်ထားသောကြောင့် ဒတ်(ချ)များသည် အထူး မကျေနပ်ကြပေ။ ဒတ်(ချ)တို့သည် စပါးပွဲစားများကို အခြားလူများထက် ဈေးပိုပေး၍ဝယ်ယူ ကြခြင်းကြောင့်တစ်ကြောင်း မကျေမနပ်ဖြစ်ပေသေးသည်။ သို့သော် ရခိုင်ဘုရင်မှာ သူ့ပြည်၏ဆန်စပါးများကို အရမ်းမထွက်နိုင်အောင် ဆီးတားနိုင်ခဲ့လေသည်။ ဤအချက်၌ပင် လျှင် ရခိုင်ဘုရင်၏ ကုန်သွယ်ရေး အဆင့်အတန်းမှာ ဒတ်(ချ)တို့ထက် အောက်မကျဟု သိရှိနိုင်ပေသည်။

သို့သော် စာရင်းစာအုပ်များတင်မှတ်ထားသည့် ဈေးနှုန်းအရ ဒတ်(ချ်)တို့မှာလည်း မနစ်နာကြချေ။ ဘာတေးဘီးယားတွင် ၁၆၃၃-ခုနှစ်၌ ဆန်(ကာရာ) (၄၄၀)ပေါင်ကို ဒင်္ဂါး (၁၈)ကျပ်ဈေးရှိသည်။ ဒတ်(ချ်)တစ်ပေါင်သည် (၁း၀၉)ပေါင်နှင့်ညီသည်။ တစ်ကာရာကို ဘုရင်ဈေးနှုန်းမှာ (၁၅)ကျပ်ထိ ဈေးကျအောင်လုပ်နိုင်ခဲ့ကြသည်။

သူတို့အထူးမကျေနပ်ကြသော အခြားအကြောင်းတစ်ရပ်မှာ ဘုရင်သည်အကြောင်းမျိုးစုံ ပြပြီး ဘာတေးဘီးယားသို့ ဈေးနှုန်းအခြေအနေကို စုံစမ်းရန်လူလွှတ် ခြင်းကြောင့်ဖြစ်သည်။ ဒတ်(ချ်)တို့သည် ဘုရင့်အဝယ်တော်များထံမှလွှတ်ရန်အကြံနှင့် စစ်တကောင်းသို့ လူလွှတ်၍ ဝယ်ယူရန်ကြံသော်လည်း ၎င်းနယ်မှစပါးကို ဘုရင်အားလုံးဝယ်ယူနှင့်ပြီး ကန့်သတ်သည့် ဈေးနှုန်းနှင့် ရောင်းခဲ့လေသည်။

ယခုခေတ်အခါ အစိုးရက ဆန်စပါးရောင်းဝယ်ရေးကို တိုက်ရိုက်ဆောင်ရွက်ခြင်းမျိုးပင် ဖြစ်ပေသည်။ ထိုခေတ်ကပင် ဆန်စပါးရောင်းဝယ်ရေး၌ ရခိုင်အမျိုးသားတို့သည် မည်မျှ ကျွမ်းကျင်သည်ကို နားလည်နိုင်ကြပေလိမ့်မည်။

ထို့နောက် အထူးစိတ်ဝင်စားဖွယ်တစ်ခုမှာ ကျွန်အရောင်းအဝယ်ပြုလုပ်ခြင်းပင် ဖြစ်သည်။ ထိုခေတ်အခါ၌ ယဉ်ကျေးသောအနောက်နိုင်ငံစီးပွားရေးရာများတွင် ကျွန် အရောင်းအဝယ်ပြုလုပ်လျက် ရှိကြသည်။ ထိုခေတ်၌ ရခိုင်ပြည်တွင် ကျွန်အရောင်းအဝယ် ပြုလုပ်သည်မှာ မထူးဆန်းလှပေ။ ကျွန်အရောင်းအဝယ်ကို ပေါ်တူဂီလူမျိုးများနှင့် ဒတ်(ချ်) လူမျိုးများနှစ်ဦးစလုံးပင် ပြုလုပ်ကြလေသည်။ ဤအကြောင်းနှင့်ပတ်သက်၍ မှတ်တမ်းတစ်ခု တွင် အောက်ပါအတိုင်း ရေးသားထားသည်။

'သူတို့ သယ်ယူသွားကြသော ကုန်များမှာများသောအားဖြင့် ဆန်နှင့်ကျွန်များပင် ဖြစ်သည်။ ရွက်လှေတစ်စင်းတွင် ကျွန် ၂၁၀၊ အခြားတစ်စင်းတွင် ၃၂၅ ယောက်၊ နောက် တစ်စင်းတွင် ၁၄၅ ယောက်ပင် ဖြစ်လေသည်။ ဦးရေကို ပျမ်းမျှခြင်းအားဖြင့် တွက်ရန် အတော်ခက်ပေသည်။ ကုန်သွယ်ရေးတိုးတက်သောနှစ်တွင်မူ အနည်းဆုံး သင်္ဘောလေးစင်း မျှ ဘာတေးဘီးယားသို့ ထွက်လေသည်။ ထို့ကြောင့် တစ်နှစ်တွင် ကျွန်ဦးရေတစ်ထောင်ထက် လျော့မည်မဟုတ်။ အဖိုးလည်း အတော်ပင်ကွာခြားလေသည်။ တချို့တလေကို (၁၀) ဖလော်ရင် (၁ ဖလော်ရင်-၁သျှိလင် ၈ပဲနီ ဖြစ်သည်)နှင့်ရပြီး ဈေးအကြီးဆုံးမှာ (၃၀) ဖလော်ရင် တန်ဖိုးရှိလေသည်။

၁၆၄၁-ခုနှစ်တွင် ရခိုင်အစိုးရသည် နိုင်ငံပြင်ပသို့ ထုတ်သွားသော ကျွန်များ အပေါ်တွင် တစ်ဦးလျှင် တစ်ဆယ့်ကျပ်မျှ အခွန်ကောက်လေသည်။ ၎င်းကို ဒတ်(ချ်)တို့က ကန့်ကွက်ခဲ့ကြသော်လည်း အရာမထင်ခဲ့၊ လက်မှုပညာတတ်မြောက်သော ကျွန်များကိုမူ ဒတ်(ချ်)တို့အား ယူဆောင်ခြင်း မပြုခဲ့ချေ။

ဤကဲ့သို့ ကျွန်အရောင်းအဝယ် ပြုလုပ်ရာ၌ ကျွန်များသည် အဘယ်မှရရှိကြသနည်း၊ အဘယ်လူမျိုးများ ဖြစ်ကြသနည်း။ ထိုစဉ်ရခိုင်ဘုရင်သည် မဂိုတို့ရန်ကို ကာကွယ်ရန် အတွက် ပေါ်တူဂီလူမျိုးများအား စစ်တကောင်းအောက်နားက ဒိုင်းနက်နယ်တွင် နေထိုင်၍ တပ်စခန်းချပေးထားလေသည်။ ထိုပေါ်တူဂီများသည် မိမိစီးပွားရေးအတွက် ဘင်္ဂလားနယ် တစ်ဝိုက် ဩရိသာနှင့် ဘင်္ဂလားပင်လယ်ကမ်းခြေများ ရခိုင်ပြည် ဒတ်(ချ်)စခန်းများတွင် ရောင်းကြခြင်းဖြစ်လေသည်။

မြို့ဟောင်းခေတ် စီးပွားရေးရာများတွင် ခေတ်နှင့်စာသော် အထူးအထက်တန်း ကျခဲ့ သည်ဟု ဆိုနိုင်ပေသည်၊ ရခိုင်လူမျိုးများသည် ထိုစဉ်က ရေဘက်တွင် အထူးကျွမ်းကျင်ပြီး နိုင်ငံခြားအရပ်ရပ်သို့ ကုန်သွယ်ရန် သွားရောက်ခဲ့ကြလေသည်၊ ဤမြို့ဟောင်းခေတ် ပြည်တွင်းစီးပွားရေးစနစ် ထူးချွန်သည့်အကြောင်းကိုမူ နောက်အခွင့်ရက ရေးသား ဖော်ပြမည် ဖြစ်ပါသည်။

**ဘစံ**

**ရခိုင်တန်ဆောင်အတွဲ ၁၊ အမှတ် ၁။**

# ရခိုင်တူရိယာနှင့် ရခိုင်အသံ

'အစွန်းမပေါက်၊ မြို့မရောက်၊ ဘောင်းဒွတ်အဆီ၊ ပြန်လတ်စီ'ဟူ၍ ပြောဆိုလေ့ရှိခဲ့ကြပါသည်။ ရှေးခေတ်အခါက ရခိုင်ပြည်၏ ရွှေမြို့တော်ဖြစ်ခဲ့သော မြောက်ဦးမြို့သည် အလွန်ခန့်ညားစည်ကားခဲ့၏။ အခြားမြို့နယ်ဒေသတို့မှ မြောက်ဦးရွှေမြို့တော်သို့ လာရောက်ကြသူတို့သည် ကြီးကျယ်စည်ကားသော မြောက်ဦးမြို့သို့ပင် ရောက်နိုင်စွမ်းမရှိဘဲ မြို့စွန်မြို့နားဖြစ်သည့် ဘောင်းဒွတ်ရပ်မှ ပြန်လှည့်လာခဲ့ကြသည်။

အချို့လည်း ဘောင်းဒတ်ရောက်ရုံနှင့် မြို့တော်ကို ရောက်ပြီထင်မှတ်ကာ ပြန်လှည့်ခဲ့ကြဖူးသည်ဟု ပြောကြားခဲ့ကြပါသည်။ ပဲခူးမြို့တော်နှင့်လည်းကောင်း၊ အာယုဒီယ မြို့တော်နှင့်လည်းကောင်း၊ အနောက်နိုင်ငံမှ အမ်စတာဒန်နှင့် လန်ဒန်မြို့တော်များနှင့်လည်းကောင်း နှိုင်းစာသော် ဤမြောက်ဦးမြို့တော်ကား ထိုခေတ်ထိုအခါ ၎င်းတို့ထက် ကြီးကျယ်ခန့်ညားကြသေးသည်ဟု အနောက်နိုင်ငံသားခရီးသည်များ၏ မှတ်တမ်းများတွင် မှတ်တမ်းတင်ထားခဲ့သည်။ ဖတ်ရှုရသည်။ ရခိုင်ယဉ်ကျေးမှုအဆင့်အတန်း မည်မျှလောက် မြင့်သည်ကို မြောက်ဦးမြို့တော်က သက်သေပြမည်မှာ မလွဲပါပေ။ ကျွန်ုပ်တို့သည် ယနေ့ရခိုင်ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် ရခိုင်တူရိယာနှင့်ရခိုင်အသံကို ခက်ခဲစွာရှာဖွေဖော်ထုတ်နေရ၏။ ရခိုင်ယဉ်ကျေးမှုလက်ရာတို့သည် ရာဇဝင်မှာ တစ်မူထင်ရှားခဲ့သော်လည်း ယနေ့လွယ်ကူစွာ

ရှာမရလောက်အောင် ပျောက်လုနီးပါးဖြစ်ရ သည်မှာ အလွန်ကြေကွဲစရာကောင်းသော အပြစ်ပင် မဟုတ်ပါလော။ ထို့ကြောင့် ရခိုင်အသံကို ရှာဖွေဖော်ထုတ်ရန်အတွက် မြောက်ဦး ခေတ်ကို ရှာဖွေစုံစမ်းလေ့လာဖို့ လိုအပ်လာပေသည်။ ရာဇဝင်မှတ်တမ်းများကို လေ့လာသော အခါ ဤအဖြစ်အပျက်ကလေးကို စတင်တွေ့လာရပါတော့သည်။

သက္ကရာဇ် ၉၉၁ ခုက ဖြစ်ပါသည်။ မြောက်ဦးရွှေမြို့တော်၌ ကြီးကျယ်ခမ်းနားသော ပွဲတော်ကြီးတစ်ခုကို ဆင်ယင်ကျင်းပနေသော အခါသမယ ဖြစ်ပါသည်။ ရွှေမြို့တော်ကြီး၏ ပတ်လည်တွင် ဈေးဆိုင်ကြီးများ ဖွင့်လှစ်ထားသည်ကို တွေ့မြင်ရပါသည်။ ပေါ်တူဂီ၊ ဒတ်(ချ) အစရှိသော နိုင်ငံခြားသားများ၊ ဘင်္ဂလားပင်လယ်အော် ကမ်းခြေတစ်လျှောက်ရှိ နိုင်ငံခြား သားများ ပသျှူး၊ ယိုးဒယား၊ အိန္ဒိယ၊ သီဟိုဠ်၊ အာချင်(ခေါ်) ဂျာဗားတိုင်းပြည်သားများနှင့် ရခိုင်ပြည်အပိုင် ဘင်္ဂါဆယ့်နှစ်မြို့ ရခိုင်အမျိုးသမီး အမျိုးသား မျိုးနွယ်များဖြစ်ကြသော သက်ထောင်၊ ဖလန်ထောင်၊ မြုံထောင်၊ ဗိုလ်မင်းထောင်မှ အမျိုးသားများ၊ ရခိုင်ပြည်မ၊ ဝတီလေးရပ်ရှိ ဆယ့်နှစ်နယ်မှ အရေးပါသော ပုဂ္ဂိုလ်များ၊ မြို့စားနယ်စားအားလုံးတို့စုရုံး နေသော အချိန်ကာလပင် ဖြစ်တော့သည်။ တိုင်းရင်းဖြစ် ဝါဂွမ်းထည်၊ ငွေထည်၊ ဆင်စွယ် ယပ်၊ ဖျာ၊ ကြွေထည်ပစ္စည်း၊ ဝါးထည်အမျိုးမျိုး၊ ကျောက်သံပတ္တမြားအစရှိသည်တို့နှင့် နိုင်ငံခြားဖြစ် သံသတ္တုပစ္စည်း၊ ကျောက်သံ ပတ္တမြား၊ ပိုးထည်၊ ဆေး၊ သစ်မွှေး၊ ကြွေပန်းကန် ခွက်ယောက်၊ ကော်ဇော အစရှိသည့်ပစ္စည်းများကို ဈေးဆိုင်များ၌ တွေ့ရပါသည်။

ဤအချိန်အခါမှာ ရခိုင်တူရိယာသံများ ထူးခြားစွာကြားရပါတော့သည်။ ရခိုင်တူရိယာ သံနှင့် ရခိုင်အသံကို သိလိုကြားလိုမူ ဤအချိန်ဤကာလသို့ သွားရောက်စုံစမ်းလေ့လာ ကြရန်သာရှိတော့သည်။ ဤအချိန်အခါသမယကား ရခိုင်ပြည့်ရှင် ဘုရင်သီရိ သုဓမ္မရာဇာ၏ ဘိသိက်ပွဲတော်ကြီးပင်တည်း။ အကျွန်ုပ်တို့သည် ရခိုင်တူရိယာနှင့် ရခိုင်အသံကိုလေ့လာလိုက် သောအခါ ရှေးဦးဓညဝတီ၊ ဝေသာလီခေတ်ကို ချန်လှပ်ထား၍ မဖြစ်နိုင်ပေ။ သို့သော်လည်း ယခုလောလောဆယ်အနေဖြင့် မြောက်ဦးခေတ်ကို ရွေးချယ်လိုက်လေသည်။

ဘိသိက်ပွဲတော်ကို နိုင်ငံခြားသားများ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်၏။ ရခိုင်တူရိယာနှင့် ရခိုင်အသံကို နိုင်ငံခြားသားများ ကြားရသောအခါကာလဖြစ်ပြီး ၎င်းတို့၏ မှတ်တမ်းများကို ယနေ့တွေ့မြင်ဖတ်ရှုနိုင်ခြင်းကြောင့် ဖြစ်ပေသည်။ ထိုစဉ်က မြောက်ဦးမြို့တော်ကိုရောက်ရှိ နေသော ပေါ်တူဂီဘုန်းတော်ကြီးမန်နရိတ်၏မှတ်တမ်းကို စတင်လေ့လာနိုင်အောင် အောက်ပါအတိုင်း ဖော်ပြလိုပါသည်။ မန်နရိတ်က ဘုရင့်ဘိသိက်ပွဲမစမီ ဦးရာဇ်တောင်

မြို့စားကို စတင်ဘိသိက်သွန်းသည့်အခမ်းအနားမှာ တူရိယာအတီးအမှုတ်၊ အကအခုန်နှင့်ပတ်သက်၍ ဤသို့ဖော်ပြထား၏။

"The Proceedin opened with a concert and a ballet. Classical songs were sung, and twentyfour dancers dressed in green and white, with high crowns like siamese dancers, some carrying musical instruments, danced in two lines which intermingled, separated, ebbing and flowing gracefully, a dance which is reminiscent both of the Burmese yein and the Balinese redjang."

ဦးရာဇ်တော်စားကို ဘိသိက်သွန်းပြီးသောအခါ ဆိုသံ၊ မှုတ်သံတို့ကို ဤသို့ကြားရပြန်၏။

"There was a buzz of carversation, sound of songs and flutes filled the air, and troupes of dancing girls and acrobats perturbed or leaped, sang and made fun."

"The prince moved off. The crowd was very thick in the palace Courtyards. There were shouting and songs, more music and dancing."

"When all were in their Proper stations, the processions started, the cavalry in front, the war elephants second, the nobility third, and the prince last with his personal attendants, the forty handsome youths who had accom panied him to the palace. Manrique and the Captain rode among the nobility. It was splendid train, immensely long.

There is no animal which better graces a parade then and elephants each decked till it was a pageant and itself, an ambling treasury of colour and magnicficence. The howdahs were so various. Each nobleman strove to make him the most noble. Some were gilt, some lacquered, they were carved with reliefs of monstars, serpents, flying spirits their canopies were of all shades, and embroidered or woven, tapestried, of a applique work, their fringer strings of pearls. It seems that between the elephants as they came on two by two, were musicians. With them were several troupes of dancers, the girls who had performed in the palace and others. Richly and gaily dressed, with garlands of flowers on their heads, they danced and sang like bright birds gliding in and out among the ranks, passing even beneath the trunks of the war-elephants, taping them with their fans and carrying out their names resounding names which they wove in to

their reciative, the Vietorious, the Master of Thunder, the Van Lord."

ဤသို့ စိတန်းလာ၍ မြို့စားအိမ်တော်သို့ ရောက်သောအခါ လသာဆောင်ဝရံတာတို့မှ စောင်းသံများနှင့်အတူ ဆိုသံကိုကြားရ၏။

"From the galleries came the sound of voice singing to harp."

မြို့စားအိမ်တော်၌ ထမင်းကျွေးပွဲကျင်းပပြီးနောက် လူပျိုလူရွယ်တို့အား ပျော်တော်ဆက်ကပွဲသဘင် ဆင်ယင်ကျင်းပကြောင်းများကို ဖော်ပြထားလေသည်။ မန်နရိတ်မျက်မြင်ကိုယ်တွေ့များကို ရေးသားထားသောစာအုပ်မှ ထုတ်နုတ်၍ မော်ရစ်ကော်လစ်က တစ်ဖန်တင်ပြထားချက်များ ဖြစ်ပေသည်။

ရေးသားထားရာ၌ ပဒေသာအကများ၊ ဘဲလေးအကများ၊ ရှေးဟောင်းရိုးရာအဆိုများ၊ တူရိယာများကို ဖော်ပြထား၏။ ခရာ၊ ဘောမှုတ်ခြင်း၊ တယောထိုးခြင်း၊ စောင်းတီးခြင်းများကိုလည်း ဖော်ပြထား၏။ ဤသည်တို့ကို ဖတ်ရှုခြင်းအားဖြင့် ရခိုင်သုခုမအနုပညာအဆင့်အတန်းကို သိသာနိုင်သည်။

၎င်းနောက် သက်သေအထောက်အထားတစ်ခုကို ရှာဖွေလိုက်သောအခါ မြို့ဟောင်းမြို့ သက္ကရာဇ် ၈၅၃-ခုလောက်က မင်းဘာဘုရင် တည်ထောင်ခဲ့သောရန် အောင်ဇေယျ ပုထိုးတော်ကြီးခေါ် ရှစ်သောင်းဘုရားအတွင်းနံရံတွင် ထွင်းထားသော ကျောက်ရုပ်များအထဲမှာ ရခိုင်တူရိယာအစုံကို တီးမှုတ်ကြသော ရခိုင်တူရိယာသမားများ၏ ရုပ်ပုံများကို တွေ့ရ မည်ဖြစ်ပါသည်။ ရခိုင်တူရိယာမှာ အတော်ပင်စုံလင်လျက်ရှိနေပြီကို သိသာနိုင်၏။ ဗုံအမျိုးမျိုး၊ ခရာကောက်၊ ခရာမြွာလက်တန်တို၊ လက်တန်ရှည်၊ ပန်းတျာ၊ ဘော၊ တယော၊ နှဲ၊ လက်ခတ်၊ စောင်းအစုံအလင်ပင် ဖြစ်ပေတော့သည်။

ထိုမှတဖန် ရှာဖွေခဲ့ရာတွင် ရခိုင်ပြည်မှ မြန်မာပြည်သို့ ဘိုးတော်ဘုရားလက်ထက် ယူဆောင်သွားသော ရခိုင်တူရိယာများအကြောင်းနှင့်ပတ်သက်၍ ရာဇဝင်လက်ာ၌ ဤသို့ဖွဲ့နွဲ့ထားသည်ကို ဖတ်ရှုရပြန်ပါသည်။

'သာကြေညင်းညင်း၊ အေးသီခြင်းနှင့် ညုံ့နုသာခြင်း၊ စောင်းနှင့်ညင်းလျှင်၊
သံချင်းနှော်ငြား၊ ပတ္တလားက၊ မခြားတူထ၊ တရောစသည်၊ ခေါ်ထနာမ၊ သူသိရနှင့်၊
ပဥ္စမည်သာ၊ ဒူရိယာက၊ ခရာတန်ကောက်၊ နှဲပြွေမြောက်၍၊ အစောက်ရှည်ငြား၊
ပန်းတျာနှင့်၊ ပန်းကျားပတ်ဝန်း၊ ပတ်ဆိုင်းထန်းဖြင့်၊ ကြိုးတန်းလျှောက်သွား၊
ကခြေများနှင့် တီးငြားရိုက်မည်၊ စည်ငါးမည်တည်း'။

ဤသို့သော အကိုးအကားမျိုးကို ရခိုင်ရာဇဝင်စာပေများ၌ အများအပြားပင်တွေ့ရပါသည်။ ဥက္ကာပျံအစရှိသော စာဆိုပညာရှိများ ဖွဲ့နွဲ့သီကုံးခဲ့ကြသော ကဗျာ၊ လင်္ကာ၊ ရတု၊ အေန်၊ ရကန်၊ သာခြင်းများ၌လည်း များစွာတွေ့ရပေသည်။ ထို့ကြောင့် ရခိုင်အမျိုးသားများမှာ တူရိယာစုံရှိခဲ့သည်။ အကမျိုးစုံသည် ဆိုသောအချက်ကို ယုံမှားသံသယဖြစ်စရာ မရှိပါပေ။

သို့သော် ယခုကာလအနေနှင့် ဤတူရိယာ၊ ဤအဆို၊ ဤအကတို့ကို တွေ့လိုမြင်လိုကြားလိုကြ၏။ မည်သို့ထုတ်ဖော်ပြရမည်ဆိုသောအချက်သာလျှင် အရေးကြီးနေပေတော့သည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့ခေတ်ကာလ၌ ရခိုင်အမျိုးသားတို့၏ မူရင်းရိုးရာအဆို အက အတီး အမှတ်များက ဖုံးလွှမ်းသွားခဲ့ခြင်းတို့ကြောင့် ဖြစ်ပေသည်။ အရိုးကိုအရှက်ဖုံးနေလေပြီ။ သို့သော် ရခိုင်အမျိုးသားသုတေသီတို့က ရှာဖွေလေ့လာခဲ့ကြသဖြင့် အစအနပြန်လည်ရရှိလာကြပေပြီ။ ဆက်လက်၍ထိရောက်စွာ သုတေသနပြုလုပ်ခြင်းဖြင့် ရိုးရာအသံနှင့်တူရိယာမှာ မူရင်းမပျက် ပြန်လည်တိုးတက်လာမည်မှာ မလွဲပါပေ။

ဘီစီ-၅၀၀၀ ကျော်ကပင် ထွန်းကားလာခဲ့သော တရုတ်ယဉ်ကျေးမှု သုခုမပညာတို့သည် နှစ်ပေါင်းများစွာ ပျောက်ကွယ်သွားခဲ့ရာက တရုတ်သုတေသီတို့ ပြန်လည်ရှာ ဖွေခဲ့ရာ တူရိယာကျောက်ရုပ်များကို တွေ့လာခဲ့ရလေသည်။ ဤအရုပ်များမှအစပြု၍ တရုတ်အမျိုးသား တူရိယာနှင့်အသံကို ဖော်ထုတ်နိုင်ခဲ့ကြဖူးလေသည်။ ထို့အတူ အကျွန်တို့သည် အားမလျှော့ဘဲ ကြိုးစားကြပါက မလွဲကေန်၊ စစ်မှန်သော ရခိုင်တူရိယာပညာနှင့်အသံကို ရရှိလာကြမည်မှာ မလွဲပေ။

ရခိုင်တူရိယာ စာရင်းပြုစု၍ ပြရမည်ဆိုလျှင် အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

စည်မျိုးငါးပါး၊ အပြားနှစ်ဆယ်ကျော်၊ ပုံရှည်ပန်းတျား၊ မြွေ၊ နွံ၊ တောင်မြွေ၊ ခင်ပလွေ၊ ညှင်း၊ ဒြီခေါင်း၊ ပတ္တလား၊ ခွက်ခွင်း၊ ဒုံမင်း၊ စည်းစုပ်၊ ပတ်သာ၊ ခရာကောက်၊ ခရာမြှား၊ ခရာရှည်(ဘော)မောင်းကြေးနင်း၊ ခရုသင်း၊ စောင်း၊ တယော၊ မီးကျောင်းများ ဖြစ်ကြပါသည်။ ပတ်ဆိုင်းဆိုသောတူရိယာကိုလည်း တွေ့ရလေသည်။

ရခိုင်စည်များနှင့်ပတ်သက်၍ ရေးရမည်ဆိုလျှင် ရေး၍ကုန်နိုင်မည် မဟုတ်ပါ၊ ရခိုင်အမျိုးသားတို့ အခင်းအကျင်းအခမ်းအနား ပွဲလမ်းသဘင် မင်္ဂလာပွဲဟူသမျှတို့၌ သူ့နေရာနှင့်သူ့နေရာ စည်ကိုတီးကြ၏။ စည်အမျိုးမျိုးရှိသည့်အလျောက် စည်သံလည်း အမျိုးမျိုးရှိလေသည်။

မင်္ဂလာဆောင် ပန်းတျာင်း၊ အလှူပွဲဗျောစည်၊ ကျင်စည်၊ နတ်ပတ်စည် အစရှိသည်တို့ကို မကြာသေးသောနှစ်များက ကြားနေရသေး၏။ မှတ်ရသော တူရိယာထဲတွင်ပလွေ၊ ညှင်းတို့ကို တောလက်ကျေးရွာတို့၌ ကြားရတုန်းပင် ရှိသေးသည်။ ပတ္တလားကိုကား မြန်မာတူရိယာကဲ့သို့ တီးနေကျဖြစ်သည်။ ရခိုင်တယောနှင့် မီးချောင်းကိုမူ ကျေးရွာများ၌ အခုအသုံးချတုန်း ရှိသေးသည်။ ရခိုင်မီးချောင်း တူရိယာနှင့်ပတ်သက်၍ ပိုးဝါဘွဲ့တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

'ဆယ်ရီးရံခါ၊ စိတ်ကိုဖျော်ကော၊ တီးစရာလေ၊ ပိုးခြည်နှစ်ပင်၊ ကြိုးတစ်ပင်ကော၊ စွေရှင်လေးချောင်း၊ စိတ်ကိုဖျော်ရေ၊ ရွှေမီးကျောင်းကို၊ တီးစရာလည်း၊ မင်းသားလူပျို၊ ဆရာကျောင်းမှာ စောင်းနှင့်ပျော်ရေ၊ ပိုးခြည်နှစ်ပင်၊ ကြေးတပင်ကော၊ စွေရှင်လေး ချောင်း၊ စိတ်ကိုဖျော်ရေ၊ ရွှေမီးကျောင်းကို၊ ကြောင်းတည့်ရင်ခွင်၊ အသာတည်တင်ပြီး၊ သုံးပင်ကြိုးကို၊ ညီအောင်ညှိရေ၊ ထုံးကိုကင်း၊ ကျားကိုသင်ကော၊ မှန်ကြိုးကိုခေတ်လို့ လက်သန်း လက်လယ် လက်ကြွယ် လက်မ မီးချောင်း ဆယ်စိတ်မှာ၊ လျှောက်လို့ချရေ၊ ဘယ်ဘက်က လက်ညှိုး မီးကျောင်းလည်မှာ၊ စီးလို့ထိုးရေ၊ ခြင်းမျိုးလည်းဖော် ဆရာကျောင်းမှာ တီးလတ်တေကား'။

ဤသို့ မီးကျောင်းတူရိယာနှင့် ရခိုင်အသံပေါ်လွင်စေခဲ့ကြသည်ကို သိရှိနိုင်ကြပေသည်။ ထို့နောက် ဆရာထွန်း၏ တိုက်သာခြင်း၊ တယောအကြောင်းနှင့် ဖော်ပြထားချက်မှာ ဤသို့ဖြစ်သည်။

'တယောတစ်လုံး၊ အများသုံးဆောင်၊ အုန်းသီးခွံနီကြောင်ရီကိုကြက် တယောတန်ကို ဟန်အောင်ထိုးကော၊ ကျိုးရှပ်ငှက်နှင်'။

ဤသို့ ရခိုင်တယောကို သိစေနိုင်ပါသည်။ ရခိုင်အသံလည်း တယောသံနှင့်အတူ ထွက်ခဲ့မည်ကိုကား တွေ့မြင်နိုင်ပါသည်။ ၎င်းနောက် မိုးပန်းဝေသာခြင်းတွင် စောင်း အကြောင်းနှင့် ဤသို့ဖွဲ့ထားသည်ကို တွေ့ရပါသည်။

'ဆရာမောင်ထွီး၊ လက်ကောက်စျီးမှာ ထွင်းလုပ်ပါသည်၊ လှရာစိတ်ကြိုက်၊ ပြားနံ့နှစ်ကို ထုလုပ်သည်ကား၊ ဝိညာဏ်ဝင်ဗျာ၊ အရှင်တွားသို့၊ ပိုးသားတစ်ပင်၊ ခြည်လျှင် တစ်မျိုး၊ နောက်ထပ်ပါသည့်ကြေးဝါကြိုးနှင့်၊ လှမိုးငယ်ကြင်၊ ရင်ခွင်တင်ကော၊ ညှိကျင်သည်ပ၊ ဟတ္ထလကျာ၊ လက်ညှိုးမှာကို၊ စီကာစပ်မြဲ၊ လက်ဝဲကိုသိတ်၊ ခလုတ်ခေါ်ရာ၊ စောင်းစီမှာလျှင်၊ ကြွကာနှိုက်ကော၊ စိတ်မြင့်အရ၊ အစတည်ရေ၊ စမ်းသည်ကပင်၊ လောကမန်အောင်၊ ကျောင်းတော် သာမှာ၊ ဗျာရထန်သို့'။

အကျွန်ုပ်တို့ တောလက်ကျေးရွာ၌ နေထိုင်ကြသော အမျိုးသားအမျိုးသမီးများသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုကြသော ဖမ်းစကားဆိုသော ကဗျာစကားနှင့် ပြောဆိုလေ့ရှိကြ၏။ ထို့အတူ တူရိယာတစ်မျိုးကို အသုံးပြုကြလေသည်။ ၎င်းတူရိယာကား ခြိုခါင်းတူရိယာပင် ဖြစ်သည်။ ခြိုခါင်းကို ပါးစပ်နှင့်ကိုက်ပြီးလက်နှင့် တီးခတ်ပေးရလေသည်။ ခြိုခါင်းကို အသုံးချပုံကို မိုးပန်းဝေသာခြင်း၌ ဤသို့ဖော်ပြထား၏။

'မိုးမေနတ်ရုပ်၊ အလွမ်းပြေအောင်၊ ခြိုးခေါင်းမှုတ်ဟု၊ ထုတ်၍ပေးခါ၊ လက်သန္တာနှင့်၊ အသာယူလို့၊ ပါးစပ်သငယ်၊ သွားတင့်တယ်မှာ၊ ပြုံးရယ်တည့်မှုတ်၊ လက်ဆက်ကိုင်ဗျာ၊ ပိုင်ချောညက်မှာ၊ သာလက်ခပ်ကော၊ မြည်လတ်တေကား၊ လောကမန်အောင်၊ ဘုန်းခေါင်ဇာတီ၊ ရွှေစင်စိုက်စိုက်ကျောင်းတော်ထိုက်မှာ၊ ထင်ပေါ်အခေါင်၊ ဖခင်နီရေဆီသည်တန်းမှာ၊ မိုးပန်းမောင်ရေ၊ ခားမြှောင်လက်စွဲ၊ ညဥ့်သန်းခေါင်မှာ၊ မှောင်မိုက်ထဲက၊ ရာငဲ့မေရင်၊ ဝင်လည်မောင်ဖွား၊ ခြိုးခေါင်းသံကို၊ ရွှေကျင်တိုက်က၊ မကြားလာလေ၊ သီးများ ညွှတ်ဆိုင်၊ လက်သံကောင်းနှင့် ကျီးယောင်ပိုင်ဟု---'။

မိုးပန်းဝေက ချစ်သူထွန်းအောင်ကျော် ကြားအောင် ခြိုခါင်းမှုတ်၍ ပြောသောစကားဖြစ်ပေသည်။ ဤကား ရခိုင်တူရိယာအကြောင်း အကျဉ်းမျှဖြစ်ပေသည်။ ရခိုင်အသံအကြောင်းကို ဆက်လက်ဖော်ပြလိုပါသေးသည်။

ရခိုင့်အသံကို တစ်နေ့တွင် အကျွန်ုပ်တို့ မြန်မာ့အသံ၏ ရခိုင်အမျိုးသား အစီအစဉ်မှ စတင်အသံလွှင့်လျက် ရှိနေပေပြီ။ ဤရိုးရာအသံကို အကျွန်ုပ်တို့သည် ၁၉၄၈-ခု ယဉ်ကျေးမှုဝန်ကြီး ဦးမောင်ကျော်ဇံလက်ထက်က စတင်အသံလွှင့်ခဲ့ကြပါသည်။ မြို့ဟောင်းမြို့မှ ပဏ္ဍိတ်ဆရာဦးသာထွန်း ကိုယ်တိုင်စီစဉ်ထုတ်ဖော်ပေးခဲ့လေသည်။

ရှေးဟောင်းရိုးရာ ရခိုင်တေးသံတို့သည်ကား အေးခြင်း၊ သာခြင်းတွဲ၊ ရွှဲ ရတုလက်ာ၊ သံချပ်ကြီး၊ ဒုံးခြင်း၊ ပင့်ကူ၊ ဗျာ၊ သဘာဝတေးကဗျာ၊ ကလေးချော့အစရှိသဖြင့် ရှိကြလေသည်။ သီခြင်းအနေနှင့် သိုင်းသီခြင်း၊ ဒုံးယိမ်းသီခြင်း အစရှိသည်တို့ကို တွေ့ရပေမည်။ ဤရိုးရာတေးသံများကို မှုမှန်သီဆိုနိုင်ရန်အတွက် သုတေသနလုပ်ကြပေပြီ။

၎င်းတို့ကို ယနေ့ပင် အချို့ဒေသများ၌ သီဆိုနေကြတုန်းပင် ဖြစ်ပေသည်။ ထို့ကြောင့် လေလှိုင်းမှ လွှင့်နိုင်ကြပေသည်။ ဤရိုးရာတေးသံမှ ကာလပေါ်တေးသံ သီချင်းများလည်း ရှိကြရာ အကျွန်ုပ်တို့၏ ယနေ့ကာလပေါ်မှာ မြန်မာကာလပေါ်များ လွှမ်းမိုးလျက်သာ ရှိနေသည်ကို တွေ့နေရပေသည်။

နှစ်ပေါင်းနှစ်ရာမျှ နောက်ကျလျက် အဆက်ပြတ်နေသော ရခိုင်အသံကို ရခိုင်မူမှန်ကာလပေါ်သို့ ပြောင်းလဲတိုးတက်အောင် ကြံဆောင်ရမည့်လုပ်ငန်းမှာ လွယ်ကူသော လုပ်ငန်းရပ် မဟုတ်ပါပေ။ အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန်သာ ရှိပေတော့သည်။

ရခိုင်တူရိယာကား အခြေခံရှိပါ၏။ ရခိုင်အသံသည်လည်း ၎င်းတို့နှင့်အတူ အခြေခံရှိပြီးသား ဖြစ်သည်။ ပြန်လည်မူမှန်ပေါ်လွင်လာပြီး ခေတ်အလျောက်တိုးတက်အောင် ကြံဆောင်ရေးမှာ ယနေ့ရခိုင်အမျိုးသား အမျိုးသမီးတို့၏ တာဝန်သာ ဖြစ်ပေတော့သည်။

မညစံ

**မှတ်ချက်။** ။ ၁၉၆၁-၆၂ ခု၊ နှစ်လည်မဂ္ဂဇင်း၊ ရခိုင်တန်ဆောင် အမှတ် (၁၀)တွင် ဖော်ပြထားပြီး ဖြစ်ပါသည်။

# ကျောင်းသားလူငယ်ဘဝ အောင်ဆန်း

## အလှအပ ဟန်ပန် ဟိတ်ဟန် အလွန်များရသော ခေတ်တွင် လူငယ်အောင်ဆန်း ဘယ့်ကြောင့် သူများနှင့်မတူ ခဲ့လေသနည်း။

၁၉၇၀-ခု၊ ဇူလိုင်လ (၁၉)ရက်နေ့သည်ကား ၂၄-ကြိမ်မြောက် အာဇာနည်နေ့ ဖြစ်ပေသည်။ မမေ့နိုင်သော ဤနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရဲဘက်တော် ခေါင်းဆောင်ကြီး အပေါင်းတို့အား ဤဆောင်းပါးဖြင့် ဦးညွှတ်အလေးပြုပါ၏။

နှစ်စဉ်နှစ်တိုင်း ဤနေ့မျိုးတွင် 'ဗိုလ်ချုပ်နှင့်ကျွန်တော်၊ ဗိုလ်ချုပ်နှင့်တွေ့ခဲ့စဉ်က' စသည့် ဆောင်းပါးတို့ကို ဖတ်ရှုခဲ့ရပေပြီ။ ကျွန်တော်သည် ဗိုလ်ချုပ်အောင်နှင့်တက္ကသိုလ်ကျောင်းသားဘဝက ရင်းနှီးစွာဆက်ဆံခဲ့ရသူတစ်ဦး ဖြစ်ပါသည်။

သို့ရာတွင် စိတ်နေစိတ်ထား၊ အလေ့အထနှင့် လုပ်ငန်းလုပ်ရပ်များကို ကျွန်တော့်အနေနှင့် ဘယ်လိုသိရှိနားလည်ခဲ့သည်။ နိုင်ငံရေးသမားဘဝတွင် မြန်မာပြည်လွတ်လပ်ရေးအတွက် သူနှင့်ရင်းနှီးစွာ ဘယ်လိုဆက်ဆံလုပ်ဆောင်ခဲ့သည့်အကြောင်းတို့ကို ယနေ့တိုင် မရေးသားခဲ့ဖူးပေ။

ယခုအခါ ကျွန်တော်သည်လည်း အသက်အရွယ် ကြီးပြင်းလာခဲ့ပြီဖြစ်၍ ဤ(၂၄) ကြိမ်မြောက် အာဇာနည်နေ့တွင် ကျွန်တော်သိရှိခဲ့သော ကိုအောင်ဆန်း၊ နောက် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို တင်ပြလိုပါသည်။

၁၉၃၄-ခုနှစ်တွင် ကိုအောင်ဆန်းကို ရန်ကုန်တက္ကသိုလ်တွင် စတင်တွေ့ခဲ့ပါသည်။ ကျွန်တော်က အိုင်အေအထက်တန်းတွင်ဖြစ်ပြီး ကိုအောင်ဆန်းက ဘီအေအောက်တန်းတွင် ဖြစ်ပါသည်။ ကျွန်တော်သည် စစ်တွေမှဖြစ်ပြီး၊ ကိုအောင်ဆန်းက အထက်မြန်မာပြည် နတ်မောက်မှ ဖြစ်၏။ တက္ကသိုလ်တွင် အတန်းချင်းမတူလျှင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ပေါင်းသင်းမိရန် ခဲယဉ်းလှပေသည်။ အတန်းချင်းတူပင်တူငြားသော်လည်း တစ်ဦးနှင့်တစ်ဦး ဆက်ဆံမိရန် ခဲယဉ်းပြန်လေသည်။

ကိုအောင်ဆန်းနှင့် ကျွန်တော်မှာ ပဲခူးဆောင်တွင် အတူနေကြသူများ ဖြစ်ကြပါသည်။ တစ်ခါတစ်ရံ ကျောင်းဆောင်တစ်ခုတည်းတွင် နေကြသူများပင်ဖြစ်သော်လည်း ရင်းနှီးစွာ ဆက်ဆံမိရန် ခဲယဉ်းလှပြန်ပါသည်။ ကိုအောင်ဆန်းက ပဲခူးကျောင်းဆောင် အပေါ်ဆုံး ထပ်တွင်နေရ၍ ကျွန်တော်မှာ အလယ်ထပ်တွင်နေရသူ ဖြစ်ပါသည်။

သို့သော် ကိုအောင်ဆန်းနှင့် ကျွန်တော်သည် ‘သက်သက်လွတ်စားကြရာမှ ဗဟို ထမင်းစားခန်းမကြီးရှိ ထမင်းစားပွဲတစ်ခုတည်းတွင် စတင်ဆုံမိခဲ့ကြလေသည်။ ထို့နောက် ပဲခူးကျောင်းဆောင် အပေါ်ဆုံးထပ်တွင် အခန်းချင်းကပ်လျက် နေခဲ့ကြပါသည်။ ထိုစဉ်က စ၍ ရက်ဆက်ဆိုသလို အချိန်များစွာ သူနှင့်ဆုံစည်းမိခဲ့ကြပါသည်။ သူနှင့် အထူးပင်ရင်းနှီး ခဲ့ရပါသည်။

ကိုအောင်ဆန်း၏ တက္ကသိုလ်ကျောင်းသားဘဝမှ နိုင်ငံရေးကို ခြေစုံပစ်ဝင်သွားသည် အထိ ကာလအတွင်း သူနှင့်ဆက်ဆံခဲ့ရပုံ၊ သူ၏အကြောင်းများကို ယခုတင်ပြပါမည်။

ထိုစဉ်အခါက တက္ကသိုလ်ကျောင်းသားများသည် ပြည်သူ့မျက်ရှုသဖွယ် ဖြစ်ကြ၏။ သွားလေရာရာ မျက်နှာပွင့်ပြီး လူအများ၏ဂရုပြုခြင်း၊ အခွင့်ထူးပေးခြင်းများကိုခံကြရသူများ ဖြစ်ကြပါသည်။ အဝတ်အစားဆိုလျှင်လည်း ပြောစရာမရှိ ခေတ်ဖက်ရှင်များပင်ဟုဆိုရ ပေမည်။ တက္ကသိုလ်ဆိုလျှင် ကျောင်းသားတို့အတွက် ဂုဏ်တက်စရာ၊ ကြွားဝါစရာ၊ ပျော်စရာ အတိပြီးသော ဒေသတစ်ခုဟု အများကယူဆကြပေသည်။

သို့သော် ကိုအောင်ဆန်းမှာ တက္ကသိုလ်ကျောင်းသားဘဝအဖြစ် ပျော်ပိုက်ပုံမရသည်မှာ ထူးဆန်းချက်တစ်ခုလို ဖြစ်နေပါသည်။ သူသည် တစ်စုံတစ်ခုကို မကျေနပ်သူဖြစ်ကြောင်း သူ၏အမူအရာက သက်သေပြလျက် ရှိပေတော့သည်။

ကိုအောင်ဆန်းသည် ထိုစဉ်က တက္ကသိုလ်ကျောင်းသားများ၏ အဝတ်အစား၊ အနေအထိုင်၊ အလေ့အထ၊ အတွေးအခေါ်၊ အပြောအဆိုတို့နှင့် ထိပ်တိုက်ဆန့်ကျင်နေ

သူတစ်ဦးဖြစ်ကြောင်းကိုတွေ့ရှိရသဖြင့် အချို့အချို့သောကျောင်းသားများက ကိုအောင်ဆန်းကို ပြောင်လှောင်သရော်လိုကြသည်ကိုပင် တွေ့ရပေသည်။ သူကား အခြားကျောင်းသားများကဲ့သို့ လက်ရှိအခြေအနေဘဝကို ကျေနပ်လက်ခံနေသူ မဟုတ်ကြောင်း ထင်ရှားလှပါသည်။

ကိုအောင်ဆန်းသည် တစ်နေ့မှ နံနက်စောစော အိပ်ရာမှ ထလေ့မရှိ။ အကြောင်းကို စုံစမ်းကြည့်သောအခါ ညတိုင်းလျှင်ညဉ့်နက်လှအောင် စာဖတ်လေ့ရှိသည်ကို တွေ့ရပါသည်။ သူ့အခန်းထဲ၌ကြည့်လိုက်လျှင် စာအုပ်တွေမှာ ခေါင်းရင်း၌ တစ်အုပ်၊ ခြေရင်း၌ တစ်အုပ်၊ ခုတင်အောက်၌ တစ်အုပ်ဆိုသလို တစ်ခန်းလုံး ပြန့်ကျဲရှုပ်ပွလျက် ရှိသည်ကိုသာ တွေ့ရပါသည်။ သူကား စာကြိုးစားသူတစ်ဦးလည်း ဖြစ်ပေသည်။


သူ၏စာအုပ်များကို ကြည့်လိုက်လျှင် များသောအားဖြင့်ဗြိတိသျှလက်ဝဲစာအုပ်ကလပ်မှ ထုတ်ဝေသော နိုင်ငံရေးစာအုပ်များ၊ အိုင်အယ်ပီမှ ထုတ်ဝေသော စာတမ်းများနှင့် ကမ္ဘာ့ကျောင်းသားများ လှုပ်ရှားမှုစာအုပ်စာတမ်းများကို တွေ့ရှိရပါသည်။

သို့ရာတွင် အတန်းစာအုပ်များကိုလည်း ထူးထူးဆန်းဆန်း အော်ကျယ်အော်ကျယ်နှင့် ဖတ်လေ့ရှိပြန်ပါသည်။ နိုင်ငံရေးစာအုပ်များကို ဖတ်သလောက် အတန်းစာကိုလည်း ပစ်မထားသူ ဖြစ်၏။ သူသည် ဘီအေစာမေးပွဲကို 'စင်နာတိုရီးယန်း'ခေါ် တက္ကသိုလ်ဆေးရုံမှနေ၍ သွားရောက်ဖြေဆိုရာ နှစ်ချင်းပေါက် အောင်မြင်သွားပါသည်။ ထိုနှစ် ၁၉၃၆-ခု တက္ကသိုလ်ပညာရေးသပိတ်မှောက်ပြီးသည့်နှစ် ဖြစ်ပေသည်။

ကျွန်တော်မှ ကိုအောင်ဆန်းနှင့် ဆက်သွယ်မိသဖြင့် ၁၉၃၆-ခုနှစ် သပိတ်ခေါင်းဆောင်တစ်ဦးအဖြစ်သို့ ရောက်ရှိသွားပါသည်။ တက္ကသိုလ်သပိတ်ကြီး၏ ခေါင်းဆောင် ကောင်စီအဖွဲ့ဝင် (၃၀)အနက် ကျွန်တော်လည်းပဲခူးကျောင်းဆောင် ကိုယ်စားလှယ်အဖြစ် ပါဝင်သွားခဲ့ပါသည်။ နောက်တွင် မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အမှုဆောင် ဖြစ်လာခဲ့ပါသည်။

ကိုအောင်ဆန်းသည် အလွန်ပင်ရိုးသားဖြောင့်မတ်ပြီး စကားကို တဲ့ထိုးပြောတတ်သူဖြစ်သဖြင့် ကျွန်တော်သည် သူ့အားအလွန်သဘောကျခဲ့မိလေသည်။ တစ်ခါတစ်ခါ ဘုမှုတ်သဖြင့် အတော်အခံရခက်ပါသည်။ သို့ရာတွင် သူ၏ရိုးဖြောင့်မှုက သက်သာရာရစေခဲ့၏။ သူလည်း ကျွန်တော့်အား အတော်ပင်ခင်မင်ခဲ့၏။ ဘာကြောင့် ခင်မင်သည်ကို ကျွန်တော် မပြောတတ်ပါ။

ကိုအောင်ဆန်းသည် ကိုလိုနီပညာရေးစနစ်ကို ဖြိုဖျက်ရန်မှာ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုဖြင့်သာ အောင်မြင်နိုင်မည်ဟု ယုံကြည်နေသူတစ်ဦးဖြစ်ကြောင်း တွေ့ခဲ့ရပေသည်။ 'ကျောင်းကထွက်ရင် နိုင်ငံရေးနယ်ထဲ ခြေစုံပစ်ဝင်မှဖြစ်မှာပဲ၊ ဒီလိုမလုပ်ရင် ရမှာမဟုတ်ဘူး' ဟု ကျွန်တော့အား အခါခါပြောဖူးပါသည်။



**ကျောင်းသားလူငယ်ဘဝတွင် လူငယ်အောင်ဆန်း၏ လက်ရေးစာမူတခု**
**(မော်ကွန်းတင်မှတ်တမ်းဝင်လက်ရေးမူ)**

ကိုအောင်ဆန်းသည် အလွန်မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး မဟုတ်မခံတတ်သူ တစ်ဦးဖြစ်ကြောင်းကို အမြဲတမ်းတွေ့နေရပေသည်။ ၁၉၃၆-ခု သပိတ်တွင် ကျွန်တော်နှင့်အတူ ရွှေတိဂုံဘုရား မော်လမြိုင်ဇရပ်ထက်၌ သပိတ်လှန်ရန်ဆုံးဖြတ်ခဲ့စဉ်က ကိုခင်မောင်ကလေး (ယခင်ဝန်ကြီးဟောင်း)က ကိုအောင်ဆန်းနှင့် ကိုထွန်းအုံးတို့ မူးမေ့လဲသွားကြသည်ကို တွေ့ခဲ့ရပါသည်။ မျိုးချစ်မပီသလေခြင်းဟု တွေးတောမိဟန် ရှိပေသည်။ မိမိက လမ်းမှန်လုပ်နေလျက် ဤကဲ့သို့ ပြောရက်ပလေတယ်ဟု စိတ်ထိခိုက်ခြင်းဖြစ်သည်ကို ဤသို့တွေ့ခဲ့ရပါသည်။

ဒုတိယအကြိမ်မြောက် ကျောင်းသားသမဂ္ဂညီလာခံကို မန္တလေး၌ ကျင်းပခဲ့စဉ်က ကိုအောင်ဆန်းသည် ညီလာခံသဘာပတိ ဖြစ်ခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်နှင့်တကွ စစ်တွေမှ ရဲဘော်ကျောင်းသားတစ်စုသည် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ကြပါသည်။ ထိုအချိန်ကား အိန္ဒိယခေါင်းဆောင် နေရူးရောက်နေသည့်အချိန်ပင် ဖြစ်သည်။

ကိုအောင်ဆန်းနှင့်အတူ ကျောင်းသားခေါင်းဆောင်တို့သည် နေရူးနှင့်တွေ့ဆုံခွင့် ကြုံခဲ့ကြပါသည်။ နေရူးသည် ထိုညီလာခံ၌တရားဟောခဲ့ပြီး ကိုအောင်ဆန်းအား ချီးကျူးခဲ့သည်ကို တွေ့ရပါသည်။ ကိုအောင်ဆန်းသည် ရခိုင်ပြည်မှ အပင်ပန်းခံ၍တက်ရောက်ခဲ့ကြသော ကျွန်တော်တို့တစ်စုအား အထူးဂရုတစိုက် ပြုလုပ်ခဲ့ပေသည်။

၁၉၃၉-ခုနှစ်၊ ဒုတိယအကြိမ်မြောက် သပိတ်မှောက်ကြစဉ်က ကျွန်တော်သည် ကိုလှရွှေ ကိုသိန်းအောင်၊ ကိုထွန်းရှိန်တို့နှင့်အတူတူ ပါဝင်ခဲ့ပါသည်။ ကျွန်တော်လည်း ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ဗိုလ်အောင်ကျော် ကျဆုံးခဲ့သောအခါက ဖြစ်ပါသည်။ ထိုစဉ်အခါက ကိုအောင်ဆန်း၊ သခင်နု၊ ကိုသိန်းဖေတို့ အမြဲတမ်းပါဝင် အကြံဉာဏ်ပေးခဲ့ကြသည်။ ကိုအောင်ဆန်း အဖမ်းခံခဲ့ရသည်။

ကိုအောင်ဆန်းကျောင်းမှထွက်ပြီး ဒို့ဗမာအစည်းအရုံးသို့ ခြေစုံပစ်ဝင်သွားချိန်မှ ကျဆုံးသည့်အချိန်ထိ ဆက်ခံခဲ့ပုံအကြောင်းကို ဆက်လက်တင်ပြလိုပြန်ပါသည်။ ကိုအောင်ဆန်းသည် တက္ကသိုလ်မှထွက်ပြီး သခင်အောင်ဆန်းဖြစ်နေချိန်၌ ကျွန်တော့်ထံ မကြာခဏအလည်လာပါသည်။ ကျွန်တော်နှင့် နိုင်ငံရေးကြောင်း အကြိမ်ကြိမ်ဆွေးနွေးဖူးပါသည်။

၁၉၃၉-ခု၊ နိုဝင်ဘာလ ၁၂-ရက်နေ့က ကျွန်တော်နှင့်ရခိုင်ပြည်အကြောင်း ဆွေးနွေးရန် ကျွန်တော့်အခန်းသို့လာရောက်စဉ်က ကျွန်တော့်အားမတွေ့သဖြင့် ထပ်မံချိန်းဆိုသော ကိုအောင်ဆန်း၏ အင်္ဂလိပ်ဘာသာဖြင့်ရေးသားသော လက်ရေးစာကို ဤနေရာတွင် အမှတ်တရ တင်ပြအပ်ပါသည်။

၁၉၃၉-၄၀ခုနှစ်၊ ကျွန်တော် အိုးဝေမဂ္ဂဇင်း၌ အင်္ဂလိပ်စာအယ်ဒီတာဖြစ်ခဲ့စဉ်က ကိုအောင်ဆန်းထံမှ ဆောင်းပါးများ ရရှိခဲ့ပါသည်။ ကိုအောင်ဆန်းသည် သူ့အင်္ဂလိပ်ဘာသာဖြင့်ရေးသားသော မြန်မာနိုင်ငံရေး လှုပ်ရှားမှုသမိုင်းဆောင်းပါးကို ကျွန်တော့်အား ပေးခဲ့ပြီး ကျွန်တော်၏အမည်ကို အတိုကောက် ဘီအက်စ်ဟူ၍တပ်လျက် အိုးဝေမဂ္ဂဇင်းတွင် အထည့်ခိုင်းခဲ့ပါသည်။

သူရေးသည့်ဆောင်းပါးကို ဖတ်ရှုလိုပါက ၁၉၄၁-ခုနှစ်၊ ဖေဖော်ဝါရီလထုတ် အိုးဝေမဂ္ဂဇင်း အတွဲ-၈၊ အမှတ်-၁ အင်္ဂလိပ်ကဏ္ဍ စာမျက်နှာ (၆)တွင် ဖတ်ရှုနိုင်ပါသည်။ ဤဆောင်းပါးမှာ သမိုင်းဝင်ဆောင်းပါးတစ်စောင်ပင် ဖြစ်ပါတော့သည်။ ဤဆောင်းပါးကို အစိုးရက ဖြတ်တောက်ခြင်း ပြုခဲ့ပါသည်။

ဂျပန်ခေတ်က ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်သည် ကိုညိုထွန်း၊ ကိုကျော်မြ၊ ဗိုလ်ရန်အောင်တို့နှင့်အတူ အင်းလျားကန် တစ်ထပ်အိမ်ကလေး၌ တွေ့ခဲ့ပါသည်။ ကျွန်တော်တို့သည် ထိုစဉ်ဗမာ့လွတ်လပ်ရေးတပ်မတော် ရခိုင်စစ်ကြောင်းချီတက်လာခဲ့သော ဗိုလ်မှူးရန်အောင်နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ဆုံရန် အခြားနိုင်ငံရေးကိစ္စများအတွက် ရခိုင်မှရန်ကုန်သို့ ကုန်းကြောင်းလာခဲ့ကြခြင်းဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော်တို့ကိုတွေ့မြင်ရသဖြင့် အထူးဝမ်းမြောက်ခဲ့ပါသည်။ သို့ရာတွင် သူ့အားအကဲခတ်ကြည့်ရာ၌ စိတ်အတော်ပျက်နေပုံကို တွေ့မြင်ရသည်။ ကျွန်တော်နှင့် ဦးညိုထွန်းတို့သည် နောက်တစ်နေ့၌လည်း ဗိုလ်ချုပ်ထံသွားပြီး ထမင်းစားရင်း ကိစ္စများ ဆွေးနွေးခဲ့ပါသည်။ ဂျပန်ကိုတော်လှန်ရပေဦးမည်ဆိုသည့် အရိပ်အယောင်များ ထွက်လာခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။

ဂျပန်ကိုတော်လှန်ကြပြီးနောက် အင်္ဂလိပ်ပြန်ဝင်လာစအခါမှာ နိုင်ငံရေးခေါင်းဆောင်များအတွက် အထူးရှုပ်ထွေး၍ အခံရခက်လှသောအခြေအနေ ကျရောက်နေပေသည်။

ထိုစဉ်အခါက ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်သည် စစ်တွေကျေးလက်ကြက်ကိုင်တန်းရွာတွင် တွေ့ခဲ့ရပါသည်။ လွတ်လပ်ရေးမရလျှင် တိုက်မည်ဆိုသည့် အဓိပ္ပာယ်မျိုးပေါ်လွင်သော နိုင်ငံရေးတရားကို ထိုအရပ်၌ဟောကြားခဲ့ပါသည်။ ထိုနေ့ပင် ကိုအောင်ဆန်းသည် သခင်မြ၊ ဦးအောင်ဇံဝေအစရှိသော ခေါင်းဆောင်များနှင့်အတူ ကျွန်တော်တို့ တဲအိမ်သို့လာရောက်ပြီး လက်ဖက်ရည်သောက်ရင်း နိုင်ငံရေးအခြေအနေကို ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်းကို ရန်ကုန်၌တစ်ဖန် တွေ့ဆုံခဲ့ပါသည်။ ထိုစဉ်က ဗိုလ်ချုပ်သည် ဖဆပလဥက္ကဋ္ဌအနေနှင့် အရေးတကြီးခေါင်းဆောင်များ အစည်းအဝေးတစ်ခုသို့ ကျွန်တော်တို့အား ဖိတ်ခေါ်သဖြင့် တက်ရောက်ခဲ့ရာတွင် တွေ့ရှိခဲ့ရခြင်းဖြစ်ပါသည်။ ထိုစဉ်ကလည်း ဗိုလ်ချုပ်ထံမှ မကျေမနပ်သံများ ကြားခဲ့ရဖူးပါသည်။

ထို့နောက် ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရသောသတင်းကို ကျောက်ဖြူမြို့မှနေ၍ ကြားခဲ့ရပါသည်။ အလွန်ကြေကွဲဝမ်းနည်းမိခဲ့ပါသည်။ နောက်ဆုံးအကြိမ်တွေ့ချိန်မှာကား ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကိုသာ ဂျူဘလီဟောလ်သို့ သွားရောက်ပြီး လှိုက်လှဲဝမ်းနည်းခြင်းကြီးစွာဖြင့် အလေးပြုခဲ့ရသောအချိန် ဖြစ်ပါတော့သည်။

ဘစံ
(မော်ကွန်းဝင်)

# ရခိုင်မျိုးချစ်များ တော်လှန်ခဲ့စဉ်က

၁၉၄၂-ခုနှစ်ကဖြစ်ပါသည်။ ရခိုင်မျိုးချစ်လူငယ်တို့သည် ဒီပါရုံ၊ အမြင့်ကျွန်း၊ ကျောက်တန်းတို့ကိုဖြတ်ကျော်၍ မယူလမ်းမကြီးကို သိမ်းပိုက်ခဲ့ကြပါသည်။ မယူလမ်းမကြီးရှိ ဆိပ်တိုက်ညောင်ပင်စခန်းတွင် ဗြိတိသျှတပ်နှင့် ရင်ဆိုင်တိုက်ကြသည်။

ထရပ်ကားကြီးများနှင့် ချီတက်လာကြသော ဗြိတိသျှတပ်သားတို့သည် လက်နက်အင်အားကြီးမားသော်လည်း စိတ်ဓာတ်ကျဆင်းနေကြသဖြင့် နောက်ဆုတ်ထွက်ပြေးကြသည်ကို တွေ့ရပါသည်။ ရခိုင်မျိုးချစ်တပ်သားတို့သည် စစ်တွေမြို့ကို ဗြိတိသျှတို့လက်ထဲမှ အတင်းပြန်ယူရန်အတွက် ရခိုင်စစ်ကြောင်းချီတက်လာခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်မှူးရန်အောင်တို့နှင့်အတူ လိုက်ပါလာကြခြင်းဖြစ်သည်။

စစ်တွေမြို့၏ အဝင်ဝတံခါးဖြစ်သည့် ဆိပ်တိုက်ညောင်ပင်စခန်း၌ ခေတ္တအနားယူကြပါသည်။ ဤဆိပ်တိုက်ညောင်ပင်စခန်းကား ရှေးနှစ်ပေါင်း ၅၀၀-ကျော်လောက်က အကျာမြို့ ၏ ပင်လယ်ဆိပ်ကမ်းတစ်ခုပင်ဖြစ်၏။ အာကျပ်တော်ကုန်းရှိ လက်ဝဲသလုံးတော်စေတီ၏ အရိပ်အာဝါသကို ခိုလှုံလျက်လာခဲ့ခြင်းဖြစ်သည်။

ဤဆိပ်တိုက်ညောင်ပင်စခန်း၌ နှစ်ပေါင်း ၁၀၀-ကျော်က ရခိုင်မျိုးချစ်ကြီးများဖြစ်သည့် မင်းသားကြီး ဦးရွှေဘန်း၊ ဒေးဝန်ကြီး ဦးအောင်ကျော်ရွှီနှင့် မြို့သူကြီး ဦးအောင်ကျော်ဇံတို့

ဗြိတိသျှတော်လှန်ရေး စီစဉ်ခဲ့သော လျှို့ဝှက်စခန်းတစ်ခုလည်း ဖြစ်ခဲ့သည် မဟုတ်ပါလော။

ရခိုင်မျိုးချစ်တပ်သားများသည် စစ်တွေမြို့ကို အတင်းထိုးဝင်မိကြရာ ဗြိတိသျှတပ်နောက်ဆွယ်တပ်တို့သည် ဖရိုဖရဲထွက်ပြေးကြလေတော့သည်။ ရခိုင်မျိုးချစ်များ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်သားများတို့သည် စစ်တွေကိုသိမ်းပိုက်ကြပြီးမှ နီပွန်ရှေ့ပြေးတပ်သားတို့ ဝင်လာကြသည်ကို တွေ့ရတော့သည်။

ရခိုင်မျိုးချစ်လူငယ်တို့ ဤသို့တော်လှန်ခဲ့ကြသော အဖြစ်အပျက်များကို ရာဇဝင်၌များစွာပင် တွေ့ရပါသည်။ ရခိုင်မြေကား အာဇာနည်တို့၏မြေပင် ဖြစ်သည်ကို ရာဇဝင်အဖြစ်အပျက်များက သက်သေထူလျက် ရှိပါသေးသည်။

ရှေးနှစ်ပေါင်းများစွာက ကစ္ဆပနဒီခေါ် ကုလားတန်မြစ်ဖျားမှ ဆင်းလာသော အဖွဲ့နမင်း၏ သားတော်မာရယုမင်းသားသည် ရက္ခပူရတိုင်း ဝေသာလီမြို့တော်ကို ဝင်ရောက်ဖြိုဖျက်နေသော လူသားစားတို့၏ ရန်စွယ်ကို ခုခံကာကွယ်လျက် ရခိုင်မျိုးရိုးကို စောင့်ရှောက်ပေးခဲ့သည် မဟုတ်ပါလော။

ရာဇဝင်၌ အာဇာနည် ဘုရင်မင်းဗားကြီးသည် သတ္တိခဲ ရခိုင်အာဇာနည်၊ မဟာပညာကျော် ဆရာကြီး ဦးမြဝါတို့နှင့် ရခိုင်ပြည်ပိုင်ဆိုင်သော ဘင်္ဂါ ၁၂-မြို့ကို အလွန်အင်အားကြီးမားသော မဂိုဘုရင်လက်ခုပ်တွင်းမှ ကယ်ယူခဲ့ဖူးသည် မဟုတ်ပါလော။

ဘဝရှင်မင်းဖလောင်းကြီးသည် အလွန်ပရိယာယ်များလှပြီး လက်နက်အင်အား ကြီးမားသော ပေါ်တူဂီတို့၏ရန်ကို ရခိုင်ရေတပ်အင်အားဖြင့် ခုခံတိုက်ထုတ် အောင်မြင်ခဲ့ဖူးသည် မဟုတ်ပါလော။

မင်းခမောင်းကြီး၊ စာဆိုဥက္ကာပျံနှင့် သက်မင်းကောင်းလှဖြူတို့သည် မြန်မာပြည်သို့ ဝင်ရောက်တိုက်ခိုက်လာသော ယိုးဒယားစစ်သည်တို့အား တိုက်ထုတ်ခဲ့ဖူးသည် မဟုတ်ပါလော။ မတရားကျူးကျော်စော်ကား ဖိနှိပ်မှုမှန်သမျှကို ဤသို့ ရခိုင်အာဇာနည်များ တော်လှန်ခဲ့ဖူးပေသည်။

ရခိုင်ပြည် ပျက်ကိန်းကြုံ၍ အကွဲကွဲအပြားပြားဖြစ်နေသော အချိန်အခါ၌ ဘိုးတော်နယ်ချဲ့သမားတို့သည် အတင်းဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ရခိုင်ပြည်ကို အမျိုးမျိုးကြေမွအောင် ဖျက်ဆီးခဲ့ကြသည်။ ရက္ခိုင်အာဇာနည် နန္ဒိသေနဗန္ဓုလဘွဲ့ခံ ဗိုလ်မှူးချုပ်မျက်တောင်ရှည်နှင့် ချင်းပျံလက်ရုံးပေါ်တို့သည် ကိုယ့်ပြည်ကိုယ့်လူမျိုးအတွက် အကြိမ်ကြိမ်တော်လှန်ခဲ့ကြဖူးလေသည်။

တစ်ကြိမ်တုန်းက ရခိုင်ပြည်အလုံးမှာ ဒင်းတို့လက်ဝယ်သို့ ပြန်လည်ရောက်ရှိခဲ့ဖူးသည်။ ရခိုင်အမှန်နှင့် တွေ့ကြုံရလေသည်။ နယ်ချဲ့တစ်ဦးကိုနှင်လို၍ မျိုးချစ်လူငယ်တို့သည် ကိုယ့်ပြည်ကို နယ်ချဲ့လက်မှ ပြန်လည်ရရှိလိုသောဆန္ဒဖြင့် ဘင်္ဂလားနယ်တွင်း၌ ရခိုင်မျိုးချစ်တော်လှန်ရေးအဖွဲ့ကို ဗြိတိသျှအကူအညီဖြင့် ဖွဲ့စည်းခဲ့ကြလေသည်။ ရခိုင်ပြည်တွင်းသို့ ဗြိတိသျှတပ်များနှင့်အတူ ဝင်ရောက်ခဲ့ကြသည်။

မြောက်ဦးမြို့တော်ကို ပြန်လည်သိမ်းပိုက်စဉ်က ရခိုင်မျိုးချစ်လူငယ်များသည် ရှေ့တန်းမှ ပါဝင်ခဲ့ကြလေသည်။ သို့သော် နယ်ချဲ့ဟူသမျှတို့သည် အသွေးအရောင်ကွဲပြား စေကာမူလည်း သဘောဆန္ဒမှာတူညီကြ၏။ ဗြိတိသျှနယ်ချဲ့သမားသည် ရခိုင်မျိုးချစ်တို့အား ပေးခဲ့သောကတိကို အလွယ်တကူဖောက်ဖျက်လိုက်ကြတော့သည်။ ရခိုင်ပြည်ကား နယ်ချဲ့တစ်ဦးလက်မှ အခြားနယ်ချဲ့တစ်ဦးလက်သို့ ကူးပြောင်းခဲ့ရတော့သည်။

မျိုးချစ်အာဇာနည် မင်းသားကြီး ရွှေဘန်း၊ ဒေဝန်ကြီး ဦးအောင်ကျော်ရွှီနှင့် မြို့သူကြီး ဦးအောင်ကျော်ဇံတို့ ဦးဆောင်သော ဗြိတိသျှနယ်ချဲ့တော်လှန်ရေး ရခိုင်အာဇာနည် မျိုးချစ်တပ်ဖွဲ့များသည် ဗြိတိသျှအုပ်စိုးပြီး၍ နှစ်နှစ်မျှမကြာခင် တစ်ပြည်လုံးမှ ထကြွခဲ့ကြပြန်လေသည်။ ၁၈၂၇-ခုမှ ၁၈၃၆-ခုနှစ်အထိ တော်လှန်ခဲ့ကြသည်။

ဤသို့လှုပ်ရှားမှုကြီးသည် နှစ်အနည်းငယ် ငြိမ်းအေးသွားသည်ဟုထင်ရသော်လည်း ရခိုင်လူမျိုးတို့အနေဖြင့် လွတ်လပ်ရေးဆုံးရှုံးပြီး သူတစ်ပါးလက်အောက်သို့ ရောက်ရသည့်အဖြစ်ကို မည်သို့မျှလက်ခံနိုင်ကြသည် မဟုတ်ပါပေ။

ဗြိတိသျှအုပ်ချုပ်မှုလက်အောက်တွင် နှစ်ပေါင်းများစွာ ပြည်ရွာမငြိမ်မသက်မှုမှာ ငြိမ်းအေးစပြုလာသလိုလိုတွေ့ရပြီး စီးပွားရေးတိုးတက်လာမှုတို့ကို မြင်ကြရလေသည်။

ရခိုင်လူမျိုးတို့သည် အင်္ဂလိပ်နှင့်တွေ့ဆုံရခြင်းဖြင့် အနောက်နိုင်ငံယဉ်ကျေးမှုတို့ကို ဦးစွာရရှိလာကြသည်။ သို့သော်လည်း သူတစ်ပါးအောက် ကျွန်သဘောက်ဘဝကိုကား အဘယ်လျှင် လက်သင့်ခံ၍ ရောင့်ရဲတင်းတိမ်မှု ရှိကြပါမည်နည်း။

၁၈၇၀-ခုလောက်တွင် ဗိုလ်ဦးဖြူသည်လည်းကောင်း၊ ၁၈၈၀-ခုတွင် ဗိုလ်မောင်ပိုင်နှင့် ဗိုလ်ငတာတို့သည် လည်းကောင်း၊ ၁၈၉၀-ခုတွင် ဗိုလ်ကြာထွန်း၊ ဗိုလ်ရွှေလှနှင့် ဗိုလ်လာဘတို့သည် လည်းကောင်း ဆင့်ကာဆင့်ကာ တော်လှန်ခဲ့ကြလေသည်။ ၁၈၉၂-ခုနှစ်တွင် မယူမြစ် မင်္ဂလာကြီးတောင်ကိုအခြေပြု၍ ချင်းဗိုလ်နှင့် ဗိုလ်ဖော်အောင်တို့သည် လက်နက်ကိုင်တော်လှန်ရေးကြီးကို ဖန်တီးခဲ့ကြပြန်သည်။

ရခိုင်ပြည်နှင့်ရခိုင်လူမျိုးတို့၏လွတ်လပ်ရေးကို အသက်တမျှ ချစ်ခင်မြတ်နိုးကြသော ရခိုင်အမျိုးချစ် အာဇာနည်တို့၏ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်မှာ အခြေအနေအရ မအောင်မြင်ခဲ့သည့်အတွက် စည်းရုံးမှု ညီညွတ်မှုကိုရယူပြီး ဥပဒေအတွင်း ဆောင်ရွက်သော လမ်းစဉ်သို့ ကူးပြောင်းခဲ့ကြလေသည်။

ဗြိတိသျှလက်အောက်သို့ အတူတူကျရောက်နေကြသော ရှမ်း၊ ကရင်၊ ဗမာ၊ ကချင်၊ ချင်း၊ မွန် အစရှိသော ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး၏ သွေးစည်းလှုပ်ရှားမှုကို ရခိုင်အမျိုးချစ် ကိုယ်တော် ဦးဥတ္တမသည် စတင်ဆောင်ရွက်ခဲ့လေသည်။

ရခိုင်မျိုးချစ်များဖြစ်သော ဦးမဲအောင်၊ ဦးစိန်လှအောင်တို့၏ နိုင်ငံရေးစွမ်းဆောင်မှုကို မှတ်တမ်းများ၌များစွာပင် ဖတ်ရှုကြရ၏။ စာရေးဆရာတစ်ဦးက ဦးစိန်လှအောင်ကို ရန်သူဖြစ်သော ဗြိတိသျှလက်ပါးစေတို့က အဆိပ်ပင်ခတ်ကျွေးခဲ့ကြသည်ဟု ရေးသားထားလေသည်။

ဦးမြထွန်း၊ ဦးထွန်းအောင်၊ ဦးရွှေသာ၊ ဦးသာဇံလှ၊ ဦးအောင်ထွန်းဦး၊ ဦးစံရွှေဘုတို့သည် ရခိုင်ခေါင်းဆောင်ကြီးများ ဖြစ်ခဲ့ကြသည်။ ရခိုင်ပြည်အသင်း၊ လူငယ်နိုးကြားရေးအသင်း၊ ရခိုင်အမျိုးသား ကွန်ဂရက်အသင်းကြီးတို့သည် ရခိုင်ပြည်မှ ဗြိတိသျှ ဆန့်ကျင်ရေး အဖွဲ့အစည်းများ ဖြစ်ခဲ့ကြလေသည်။

ဆရာတော်ဦးစိန္တာနှင့် ဆရာတော် ဦးပညာသီဟတို့၏ ဦးဆောင်မှုများကိုကား လူတိုင်းသိရှိထားပြီးသားပင် ဖြစ်ပါသည်။ ရခိုင်လူငယ်တို့ ဂျပန်တော်လှန်ရေးလှုပ်ရှားမှုများကို မှတ်တမ်းတင်၍ ထားသင့်ကြပေသည်။ ဤဆောင်းပါး၌ အကျဉ်းမျှ ဖော်ပြလိုပါ၏။

ဤဆောင်းပါးအစတွင် ရခိုင်မျိုးချစ်များ စစ်တွေမြို့ကို အင်္ဂလိပ်လက်အောက်မှ ကယ်တင်ခဲ့ပုံကို ရေးသားဖော်ပြပြီးဖြစ်၏။ ဂျပန်နှင့်ပူးပေါင်း၍ ဗြိတိသျှနယ်ချဲ့ကို တော်လှန်ခဲ့ကြရာ၌ နယ်ချဲ့လက်ခုပ်တွင်းမှ လွတ်မြောက်သွားသည်ဟု ဆိုရမည်ဖြစ်သော်လည်း ဖက်ဆစ်ကြီးဖဝါးအောက်သို့ သက်လျှောရသည့်အဖြစ်သည်ကား အလွန်ကြေကွဲစရာကောင်းသောအဖြစ် မဟုတ်ပါလော။

နိုင်ငံရေးခေါင်းဆောင်တို့သည် ကိုယ့်ပြည်ကိုယ့်မျိုး လွတ်လပ်ရေးအတွက် နည်းလမ်းအမျိုးမျိုးကို အသုံးပြုခဲ့ကြပေသည်။ တစ်ခါတစ်ရံအမှားနှင့် တွေ့ကြုံရ၏။ တစ်ခါတစ်ရံမှု အခြားနယ်ချဲ့တစ်ဦးနှင့်ပေါင်းစည်းရသော လမ်းစဉ်သည်ကား အလွန်မသေချာလှသော လမ်းစဉ်၊ စွန့်စားသောလမ်းစဉ်ပင် မဟုတ်ပါလော။

အင်္ဂလိပ်တို့သည် နတ်မြစ်ကိုဖြတ်ကျော်၍ ဘင်္ဂလားသို့ ဆုတ်ခွာကြသောအချိန်အခါ၌ အနောက်တံခါးဝဖြစ်သည့် စစ်တွေခရိုင်ကို တိုင်းရင်းသားခေါင်းဆောင်များ အုပ်ချုပ်လျက် ရှိကြလေသည်။ တစ်ဖက်မှာ အင်္ဂလိပ်စစ်တပ်များ ထိုးဖောက်ဝင်ရောက်လာသည်ကို တွန်းလှန်လျက် နောက်တစ်ဖက်မှာ ဖက်ဆစ်တော်လှန်ရေးကို စီစဉ်ကြလေသည်။

လက်နက်အပြည့်ဖြည့်ကာ ကုလားတန်မြစ်ဖျားသို့ တိတ်တဆိတ် ခုတ်မောင်းသွားသော မော်တော်ဘုတ်နှစ်စင်းကို ဂျပန်စစ်တပ်တွေက သိမ်းပိုက်သည်ကို မကြာခင်ပင် တွေ့မြင်လိုက်ရပါသည်။ မယူကမ်းခြေသို့တက်သွားကြသော ဗိုလ်လှထွန်းကျော်၊ ဗိုလ်နီထွန်း၊ ဗိုလ်သာထွန်းအောင်၊ ဗိုလ်ရွှေသာတို့သည် လည်းကောင်း၊ ကုလားတန်မြစ်ဖျား ပလက်ဝနယ်ကို လက်ရသိမ်းပိုက်ကြသော ဦးကျော်မြ၊ ဦးမောင်နီ၊ ဗိုလ်စောဦး၊ ဦးထွန်းဝင်းနှင့် ဗိုလ်ကြာလှအောင်တို့သည် လည်းကောင်း၊ မောင်းဆွဲစခန်း၌ ဌာနချုပ်ဖွင့်လှစ်ကြသော ခရိုင်ခေါင်းဆောင် ဦးဘစိန်နှင့် ခရိုင်မှူး ဦးစံတင်တို့သည်လည်းကောင်း၊ ပြတေားစခန်း၌ လှုံ့ဆော်နေသော ဆရာတော်ဦးပညာသီဟသည် လည်းကောင်း ဤလျှို့ဝှက်သော လှုပ်ရှားမှုတွင် အလွန်အရေးကြီးပါဝင်ကြလေသည်။

မညစံ